
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာအုပ်အမည် | - | လူပျို့ဖူးစာ ဆန်းသဇာ |
| စာရေးဆရာအမည် | - | ကြူမွှေး |
| စာမူခွင့်ပြုချက် | - | ၅၄၁/၂၀၀၄(၅) |
| အဖုံးခွင့်ပြုချက် | - | ၇၄၁/၂၀၀၄(၇) |
| အကြိမ် | - | ဒုတိယအကြိမ် |
| ထုတ်ဝေသူ | - | ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း ၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | - | ဦးဇော်မင်း w!zard ၁၉၈၊ ၃၃ လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက် (၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာအဖုံးပန်းချီ | - | မင်းမြင့်ခိုင် |
| ထုတ်ဝေသည့်လ | - | စက်တင်ဘာ၊ |
| အုပ်ရေ | - | ၅၀၀ |
| စာအုပ်ချုပ် | - | ပပဲစိုး |
| တန်ဖိုး | - | ၅၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# ကြူမွေး

## လူပျို့ဖူးတာ ဆန်းသဗျာ

www.burmeseclassic.com

www.burmeseclassic.com

“ဤဝတ္ထုသည် ကျွန်တော်၏ ကိုယ်ပိုင်ဇာတ်လမ်း ဖြစ်ပါသည်။ ကျွန်တော်၏ သဘောတူညီချက် မရဘဲ ရုပ်ရှင်ရိုက်ကူးခြင်း၊ ပြဇာတ်ကပြခြင်းနှင့် ရုပ်ပြဇာတ်လမ်းတွင် သုံးစွဲခြင်းများကို ဇာတ်လမ်းအပြည့်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လုံးဝခွင့်ပြုလိမ့်မည် မဟုတ်ပါ။

တိတ်တဆိတ် သုံးစွဲထားခြင်းကိုသိလျှင် တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းကို ကြိုတင်၍ သတိပေးပါသည်။

ၑင်းပြင် ဤဝတ္ထုသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေရန် မရည်ရွယ်ပါ။ အကယ်၍ ဤဝတ္ထုတွင်ပါရှိသော အမည်နာမများနှင့် အဖြစ်အပျက်တို့မှာ အသက်ထင်ရှားရှိသူများကိုဖြစ်စေ၊ ကွယ်လွန်သွားကြသူများအားဖြစ်စေ၊ ထိခိုက်နစ်နာနိုင်သော အကြောင်းအချက်များပါရှိပါက မတော်တဆ တိုက်ဆိုင်သွားခြင်းဖြစ်၍ ခွင့်လွှတ်ကြပါရန် ကြိုတင် ပန်ကြားအပ်ပါသည် ခင်ဗျား”

ကြူမွေး

www.burmeseclassic.com

www.burmeseclassic.com

## 'နှစ်သစ်မင်္ဂလာ ခွန်းဆက်လွှာ'

လေးစားချစ်ခင်ရပါသော…

ချစ်စွာသော စာဖတ်သူများခင်ဗျား…

နှစ်ဟောင်းလွန်ကျူး၍ နှစ်သစ်သို့ ကူးပြောင်းခဲ့ရပြန်ပါပြီ။ ကျွန်တော့်အနေဖြင့် လွန်ခဲ့သောနှစ်က ထုတ်ဝေခဲ့သော စာအုပ်များထဲတွင် အမှာစာများ လုံးဝမရေးဘဲ နေခဲ့ပါသည်။

အမှာစာ မရေးခဲ့မိ၍ စာဖတ်သူများနှင့် အဆက်အသွယ်ပြတ်ပြပ်နေသလို ဖြစ်နေပါသည်။

အမှန်တော့ ကျွန်တော့်အနေဖြင့်အမှာစာများကို ရေးလိုလျက်နှင့် အချိန်မရ၍ မရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

စာဖတ်သူများထံမှတော့ ကျွန်တော့်ထံသို့ တစ်လလျှင် ဗျမ်းမျှငါးစောင်ခန့်တော့ မှန်မှန်လာနေပါသည်။

ထိုလာသမျှစာများကို သူကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် အောက်ပါအတိုင်းမေးမြန်းထားချက်များကိုတွေ့ပါသည်။

(တစ်) ဆရာကြူမွှေးရဲ့ဝတ္ထုတွေ အထွက်နည်းနေပါသည်။ ဘာဖြစ်လို့လဲ။ ဘောလုံးပွဲတွေချည်း ကြည့်နေလို့လား။ ဒါမှမဟုတ် အရက်တွေ သိပ်သောက်နေလို့ စာမရေးနိုင်တာလား…

(နှစ်) စာပေစိစစ်ရေးအဖွဲ့က စာမူတွေ ချမပေးလို့လား…

(သုံး) ကုန်သွယ်ရေးက စက္ကူတွေ မပေးလို့လား… နှင့်..

(လေး) ကျန်းမာရေး မကောင်းတော့လို့လားဟူ၍ မေးခွန်းများဖြစ်ကြပါသည်။

မေးခွန်းတစ်နှင့် ပတ်သက်၍ဖြေရလျှင် 'ဘောလုံးပွဲတွေကြည့်နေလို့ စာမရေးနိုင်တာလား' ဟူသော မေးခွန်းမှာ မှန်သင့်သ

www.burmeseclassic.com

www.burmeseclassic.com

လောက် မှန်နေသော်လည်း အရက်တွေ သိပ်သောက်နေလို့ စာမရေးနိုင်တာလားဟူသော မေးခွန်းကတော့ မမှန်ပါ။

ကျွန်တော်ကြူမွေးသည် အရက်ဆို၍ လုံးဝမသောက်တတ်ပါ။ အရက်သေစာနှင့်ပတ်သက်၍ ရှောင်ကြဉ်ထားသူ တီတိုးတဲလား (Teetotaller)တစ်ဦး ဖြစ်ပါသည်။

မေးခွန်းနှစ်တွင် ဖော်ပြထားသော စာပေစိစစ်ရေးအဖွဲ့က စာမူတွေ ချမပေးလို့လားဟူသည်မှာလည်း မဟုတ်ပါ။

သူတို့တစ်တွေမှာ လူကနည်းနည်း ဖတ်ရသည့်စာမူတွေက အဆမတန် များပြားနေသော်လည်း အတတ်နိုင်ဆုံး ကြိုးစား၍မြန်မြန်ဖတ်ကာ စာမူများကို ပြန်လည်ချပေးနေပါသည်။

တစ်ဖန် မေးခွန်းသုံးတွင် ဖော်ပြသလို ကုန်သွယ်ရေးက စက္ကူတွေ ချမပေးလို့လားဟူသည်မှာလည်း မမှန်ပါ။ ကုန်သွယ်ရေးက စက္ကူများကို အလိုရှိသလောက် ချပေးနေပါသည်။

နောက်ဆုံး မေးခွန်းဖြစ်သော ကျန်းမာရေးမကောင်းလို့လားဟူသည်မှာလည်း မဟုတ်ပါ။

ကျွန်တော် ကြူမွေးမှာ အသက်ကသိပ်မကြီးသေး၍ မည်သည့်ရောဂါမှ မရှိပါ။

အဲ... အမျိုးသမီး ချောချောလှလှ တောင့်တောင့်ကလေး မြင်လျှင် ငမ်းတတ်သော ရောဂါသာ ရှိပါသည်ခင်ဗျား... ဟဲဟဲဟဲ။

ဒါဖြင့်... အဘယ်ကြောင့် ဝတ္ထုရေး နည်းရသနည်း။

ဝတ္ထုရေးနည်းရခြင်းမှာ ကျွန်တော့်တွင် မိုက်ဆံမရသော ဗာဟီရအိမ်တွင်းကိစ္စတွေကို ဆောင်ရွက်နေရသောကြောင့်က တစ်ကြောင်း၊ ကြူမွေးဆိုလျှင် ရယ်ရမှကြိုက်ကြသော စာဖတ်သူများအား ရယ်ရသောဝတ္ထုကိုမရေးနိုင်လျှင် မထုတ်ဝံ့[illegible]ကတစ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကိုယ်၌ကလည်း ဝတ္ထုရေးလျှင်ခပ်နှေးနှေးသာလျှင်ရေးတတ်သောကြောင့် ကျွန်တော့်ဝတ္ထုတွေ အထွက်နည်းနေရခြင်း ဖြစ်ပါသည်။

မည်မျှ အထွက်နည်းသနည်းဆိုသော် လွန်ခဲ့သော ၁၉၇၈-ခုနှစ် တစ်နှစ်လုံးတွင် ကျွန်တော့် လုံးချင်းဝတ္ထုများမှာ စုစုပေါင်းလေးအုပ်သာလျှင် ထွက်နိုင်ခဲ့ပါသည်။

၄င်းဝတ္ထုများမှာ တစ်… 'ရွှေအိမ်စံနှင့် ကျေးတောသား' နှစ်… 'ဆန်းလည်းဆန်းတဲ့ ယောက္ခမကြီး' သုံး… 'ငြိမ်ငြိမ်ကလေး ထိုင်နေပါ' နှင့် လေး… 'ကျွန်တော့်ရည်းစား ပြန်ပေးပါ' တို့ဖြစ်ကြပါသည်။

ယခု ၁၉၇၉-ခုနှစ်တွင်တော့ လုံးချင်းဝတ္ထု ခြောက်အုပ်ခန့် ထွက်ပေါ်လာနိုင်အောင် ကြိုးစားရေးပါမည်။

စာဖတ်သူအချို့ ဆန္ဒရှိကြသလို တစ်လ၊ တစ်အုပ်တော့ ကျွန်တော် မရေးနိုင်ပါ။

ကျွန်တော်က ကိုယ်တိုင်ရေး ကိုယ်တိုင်ထုတ်စာရေးဆရာ ဖြစ်ပါသည်။ စာရေးဆရာ အမည်သာခံပြီး နောက်ကွယ်က ရေးပေးနေသူ မရှိပါ။

ရှိလျှင်လည်း ကျွန်တော် ကြျုမွေးက လက်ခံမည်မဟုတ်ပါ။

အစစ်အမှန်မဟုတ်ဘဲ အယောင်ဆောင် စာရေးဆရာဘဝကို မခံယူချင်ပါ။ စာဖတ်သူများသိသွားလျှင် အလွန်ရှက်စရာကောင်းလှပါသည်။

သို့သော်… ယနေ့ ကျွန်တော်တို့စာပေလောကတွင် အမည်ခံစာရေးဆရာတွေ အလွန်ပေါ်နေပါသည်။

ဒါကို တချို့သော စာဖတ်သူများ သိရှိကြမည်ဖြစ်ပါသည်။

ထား မှါတော့… ဒါက ကျွန်တော်နှင့်မဆိုင်ပါ။

ကျွန်တော်နှင့်ဆိုင်သော ကိစ္စကိုသာ ရေးပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

အခြားတော့ မဟုတ်ပါ။

ယခုဝတ္ထုနှင့် ပတ်သက်၍ တင်ပြလိုပါသည်။

ဤဝတ္ထု ရေးရခြင်းမှာ ကျွန်တော်၏စာဖတ်သူများ နှစ်အတန်ကြာကပင် တိုက်တွန်းထားကြသောကြောင့် ဖြစ်ပါသည်။

သူတို့က 'အလွဲလွဲအချော်ချော်'နှင့် 'ပုံမှားရိုက်တဲ့ကိုကို'လို ဝတ္ထုမျိုးရေးပါဦးဟူ၍ ကျွန်တော့်ထံသို့ စာရေးကာ ပူဆာကြပါသည်။

ကျွန်တော့်အနေဖြင့် သူတို့၏ဆန္ဒကို ဖြည့်စွက်လိုပါသော်လည်း ဇာတ်လမ်းက စဉ်းစားမရဖြစ်နေပါသည်။ တစ်ဖန် စဉ်းစား၍ ပြန်ပါသော်လည်း ဇာတ်လမ်းက ဆင်တူရိုးမှား ဖြစ်နေသည်။

ကျွန်တော့်အနေဖြင့် ရေးပြီးသားဝတ္ထုများနှင့် ဆင်တူရိုးမှား ဖြစ်မည့် ဇာတ်လမ်းမှန်လျှင် မည်မျှပင်ကောင်းကောင်း ရှောင်ပါသည်။

မရှောင်ဘဲနှင့်ရေးမိလျှင် စာဖတ်သူများ၏ စိတ်ထဲတွင် အဟောင်းကို အသစ်ပုံစံပြောင်း၍ ရီဟက်ရှ် Rehash လုပ်ကာရေးခြင်းဟု အထင်မှားမည်ကို စိုးပါသည်။

ကျွန်တော်သည် မည်သည့်အခါမှ အဟောင်းကို အသစ်ပုံစံပြောင်းကာ ရီဟက်ရှ်အဖြစ် ရေးမည်မဟုတ်ပါ။

ထိုသို့ မရေးခဲ့၍လည်း ကျွန်တော်၏ လုံးချင်းဝတ္ထုများမှာ ၁၉၆၅-ခုနှစ်မှ ယခု ၁၉၇၉-ခုနှစ်အထိ ၁၄-နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း စာဖတ်သူများ၏ အားပေးမှုကို ယနေ့တိုင် ခံနေရခြင်းဖြစ်ပါသည်။

ထိုသို့မဟုတ်ပါက ကျွန်တော် ကြူမွေးတစ်ယောက် လုံးချင်းဝတ္ထုလောကမှ ပျောက်ကွယ်နေသည်မှာ ကြာမြင့်နေမည်ဟု ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော် ရေးရမည်ဆိုလျှင် ဤ'ရှုပ်ပို့ဒုံးစာ ဆန်းသဗျာ'ဝတ္ထုသည် စာဖတ်သူများ နှစ်အတန်ကြာက

www.burmeseclassic.com

www.burmeseclassic.com

တောင်းဆိုထားခဲ့သော 'အလွဲလွဲအချော်ချော်' နှင့် 'ပုံမှားရိုက်တဲ့ ကို
ကို' ဝတ္ထုမျိုးကဲ့သို့ နှစ်ကိုယ်ခွဲဝတ္ထုဇာတ်လမ်း ဖြစ်ပါသည်။

နှစ်ကိုယ်ခွဲ ဇာတ်လမ်းပင်ဖြစ်သော်လည်း အထက်ဖော်ပြ
ပါ ဝတ္ထုများနှင့် လုံးဝမတူညီပါ။

ဇာတ်အိမ်ဖွဲ့ထားပုံခြင်း ခြားနားပါသည်။

ဤဝတ္ထု ဖတ်ရှုပြီးနောက် စာဖတ်သူများအနေဖြင့် အကြ
ဉာဏ်နှင့် ဝေဖန်စာများ ကျွန်တော့်ထံသို့ ပေးပို့ကြမည်ဆိုလျှင် ကျေးဇူး
တင်စွာဖြင့် လက်ခံပါမည်ဟု မှာကြားရင်း ဤကျွန်တော်၏ 'နှ
သစ်မင်္ဂလာ ခွန်းဆက်လွှာ' ကို အပြုံးထပ်၍ အဆုံးသတ်လိုက်ရပ
သည် ခင်ဗျား...

'ချစ်စွာသော စာဖတ်သူများအားလုံး မင်္ဂလာအပေါင်းနှ
ပြည့်ဝကြပါစေ...'

၁၅-၉-၇၉

www.burmeseclassic.com

www.burmeseclassic.com

## (တစ်)

### တိုးတက်ကြီးပွားလိုသူ

မန္တလေးဘူတာကြီးမှထွက်ခွာလာခဲ့သော စာပို့ရထားကြီးမှာ ပျဉ်းမနားဘူတာသို့ရောက်လျှင် အရှိန်သတ်ကာ ရပ်နားနေတော့သည်။

ရထားကြီးရပ်လိုက်လျှင် ဘူတာပလက်ဖောင်းပေါ်တွင် ရှိနေကြသော ခေါင်းရွက်ဈေးသည်ကလေးများ၏ အော်ဟစ်ရောင်းချသံတို့မှာ ဆူညံစွာ ပေါ်ထွက်လာကြသည်။

'ဗယာကြော်ရမယ်၊ ဗယာကြော်...'ဟူသော အသံကတစ်မျိုး...

'စာကလေးကြော်... ကြက်ကြော်နဲ့ဆီထမင်းရမယ်'ဟူသည့် အော်သံကတစ်ဖုံ...

တစ်ဖန်.. ဘူတာရုံတွင်းတွင် ဖွင့်လှစ်ကာထားကြသော ထမင်းဆိုင်နှင့် စားသောက်ဆိုင်များမှ လွှတ်ထားကြသော လူများ၏ အသံတွေကလည်း ညံနေသည်။

'လက်ဖက်ရည်ရမယ်... ကော်ဖီရမယ်... ဘိလပ်ရည်ရမယ်... ဘိလပ်ရည်'

www.burmeseclassic.com

www.burmeseclassic.com



ရထားပေါ်ရှိ ခရီးသည်များကလည်း စားကြသောက်ကြရန် အတွက် ဈေးသည်များအား လှမ်းခေါ်သူက ခေါ်နေကြသလို…

ဆူသံညံသံတွေကို ဗေလုဝနတ်စောင်းသံ အလား… နား ဝယ်ထားရင်း အိပ်ပျော်နေကြသော ခရီးသည်များလည်း ရှိကြသည်။

အချိန်မှာ ည(၁၁)နာရီကျော်ခန့် ရှိနေပြီဖြစ်သည်။

အချို့သောခရီးသည်တွေမှာ ရထားပေါ်မှမှာယူမစားသောက် ကြဘဲ အောက်သို့ဆင်းကာ ဆိုင်များတွင် သွားစားကြသလို အချို့ သော ခရီးသည်များမှာတော့ မိမိတို့လိုရာ ဘူတာသို့ ရောက်နေပြီဖြ ရထားပေါ်မှ အထုပ်အပိုးတွေ ကိုယ်စီဖြင့် ဆင်းနေကြသူများကို လည်း တွေ့မြင်နိုင်သည်။

ဆင်းသူတွေ ရှိနေကြသလို တက်နေကြသော ခရီးသည်တွေ ကလည်းရှိနေသည်။

သို့ဖြစ်၍… မီးရထားတွဲများတစ်ပိုက်တွင် ဆင်းသူ- တက် သူတို့နှင့် ပျားပန်းခတ်မျှ ရှုပ်ထွေးနေကြတော့သည်။

ထိုအထဲ… ‘ရေရမယ်… ရေ… ရေ… ရေရမယ်… ရေယူကြဦးမလား’ဟူ၍ အော်ဟစ်ကာ ရေရောင်းနေကြသော မူလ တန်းကျောင်းသား ကျောင်းသူအရွယ် ကလေးများ၏ အသံကိုလည်း အဆက်မပြတ် ကြားနေကြရသည်။

တစ်လမ်းလုံး မီးရထားပေါ်တွင် အိပ်၍ လိုက်ပါလာသော ကောင်းမြတ်သူ… ပျဉ်းမနားဘူတာသို့ မီးရထားအဆိုက်တွင် နိုးလာ သည်။ မနိုး၍လည်း မရပေ။

ဈေးသည်များ၏အသံနှင့် ရေရောင်းနေကြသောကလေးများ ၏အသံများမှာ သူ၏နားတွင်းသို့ ဗူးဗူးဝါးဝါးဝင်လာသောကြောင့်ပင်။

ကောင်းမြတ်သူ အိပ်ရာမှနိုးလျှင်နိုးချင်း ဝါး…ခနဲ အပျင်း ဆန့်ကာ သမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သမ်းရင်းမှ သူ၏ကိုယ်ကြီးကိုပါ ဆန့်တန်းလိုက်မိသည်။

ခေတ္တအကြာတွင် သူသည် စီးလာသော ရိုးရိုးတန်းတွဲရှိ ပြတင်းပေါက်မှ အပြင်သို့ ခေါင်းကိုပြူ၍ကာ လှမ်းကြည့်သည်။

၁၀-နှစ်သား အရွယ်ခန့်ရှိ ကလေးငယ်တစ်ဦး ရေအိုးကလေး ခေါင်းပေါ်ရွက်ကာ ရေအော်ရောင်းနေသည်ကို တွေ့မြင်ရသည်။

'ဟေး… ကလေး… လာပါဦးကွ'

ကောင်းမြတ်သူ လှမ်းခေါ်သည်။

ခေါ်သံကြောင့် ရေရောင်းသူကလေးမှာ ပျာပျာသလဲ ခဲပြေးလာသည်။

'ရေယူမလို့လား အစ်ကိုကြီး'

ရေရောင်းသူကလေးက သွက်လက်စွာ လှမ်းမေးသည်။

'အေးကွ… ရေတစ်ခွက် ဘယ်လောက်ပေးရမလဲ'

'စေတနာရှိသလောက်ပေးပါ အစ်ကိုကြီး'

ရေရောင်းသူကလေး၏ အပြောကြောင့် ကောင်းမြတ်သူ ပြုံးမိသည်။

'ဒီလိုဆို… ပေးစမ်းပါကွာ'

ကောင်းမြတ်သူ၏ စကားအတိုင်း ရေရောင်းသော ချာတိတ်ကလေးက ခေါင်းပေါ်တွင် ရွက်ထားသောရေအိုးကို လှမ်းပေးသည်။ ကောင်းမြတ်သူ ရေအိုးထဲမှရေများကို စိတ်တိုင်းကျခပ်ကာ မျက်နှာသစ်၊ ပလုတ်ကျင်း လုပ်နေသည်။

ချာတိတ်ကလေးကတော့ ဘေးမှရပ်ကာ ကြည့်နေသည်။

'ရော့ဟော့… မင့် ရေအိုး'

ကောင်းမြတ်သူသည် ယူထားသော ရေအိုးကို ချာတိတ်ကလေးထံ ပြန်ပေးသည်။ နောက် အိတ်တွင်းမှ ပိုက်ဆံအကြွေပြားငါးဆယ်စေ့ကို ထုတ်ယူကာ ချာတိတ်ကလေးအား လှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

ချာတိတ်ကလေး ကျေးဇူးတင်စကားပြောကြားရင်း ပြား ငါးဆယ်စေ့ကို လှမ်းယူသည်။ ပြားငါးဆယ်စေ့ကို အိတ်တွင်းသို့ ထည့်ပြီးနောက် ချာတိတ်ကလေးသည် ရေအိုးကိုခေါင်းပေါ်ပြန်ရွက် ကာ 'ရေ ယူကြဦးမလား၊ ရေ ရေ...' နှင့်အော်ကာ ထွက်သွားသည်။

ကောင်းမြတ်သူသည် မီးရထားအတွင်းသို့ ပြန်ဝင်ကာ ရေ တွေစိုရွှဲကာနေသော သူ၏မျက်နှာကို သုတ်ရန်အတွက် သူ့သားရေ အိတ်တွင်းမှ မျက်နှာသုတ်ပဝါကို ထုတ်ယူသည်။

မျက်နှာသုတ်အပြီးတွင် သူသည် လက်တွင်ပတ်ထားသော စီကိုနာရီကို လှမ်းကြည့်မိသည်။ ညှ (၁၁)နာရီနှင့် မိနစ် ၂၀ခန့်။

သူလိုက်ပါလာခဲ့သော မီးရထားကြီးမှာ မန္တလေးဘူတာရုံမှ ညနေဘက်တွင် ထွက်လာခဲ့သည်။

မန္တလေးဘူတာမှ စီးလာခဲ့သော်လည်း သူသည် မန္တလေး မြို့တွင် နေထိုင်သူတော့ မဟုတ်ပေ။ မိုးညှင်းမြို့ဇာတိဖြစ်သည်။

ကောင်းမြတ်သူမှာ မြစ်ကြီးနားကောလိပ်ထွက် ဖြစ်သည်။ အရပ်မှာ ငါးပေခြောက်လက်မခန့်ရှိသည်။ အသားက ဖြူဖြူ၊ နှာတံ ပေါ်ပေါ်၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းကြံ့ခိုင်သည်။ အသက် မှာ ၂၅နှစ်ခန့်သာရှိသေးသည်။

သူ့တွင် ဖခင်မရှိတော့ပေ။ မိခင်အိုကြီးသာလျှင်ရှိသည်။ မိခင်ဖြစ်သူမှာမိုးညှင်းမြို့ရှိဈေးထဲတွင်ကုန်စိမ်းများကို ရောင်းနေသည်။

ယခု ကောင်းမြတ်သူ ရန်ကုန်မြို့သို့ လာခဲ့ခြင်းမှာ အလုပ် လုပ်ရန်အတွက် ဖြစ်သည်။

မိုးညှင်းမြို့တွင် မိခင်ဖြစ်သူနှင့်အတူနေထိုင်ကာ အလုပ်လုပ် ချင်သော်လည်း သူတို့မြို့တွင် အလုပ်အကိုင်က ရှားပါးနေသည်။

သူသည် မိခင်ကြီးထံတွင် အနူးအညွတ်ကန်တော့ပြီးနောက်ကာ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



မြို့သို့ ထွက်လာခဲ့ရခြင်းဖြစ်သည်။ သူ့မိခင် ဒေါ်လှသူကတော့ တစ်ဦးတည်းသော သားအားတစ်မြို့တစ်ရွာသို့ မလွှတ်လိုပေ။ မျက်စိအောက်၌သာ ထားလိုသည်။

သားဖြစ်သူ သွားမည့်နေရာကလည်း ရန်ကုန်မြို့ကြီးဆိုတော့ မိခင်ကြီးမှာ ပိုမို၍ စိတ်မချဖြစ်နေရှာသည်။

'သားရယ်… ဒီမြို့မှာပဲ အမေနဲ့အတူ ဈေးရောင်းပြီး စားကြတာပေါ့ကွယ်၊ ရန်ကုန်ကိုတော့ သွားမနေပါနဲ့'

မိခင်ဖြစ်သူ ဒေါ်လှသူက တားသည်။

'အာ… မေမေကလည်းဗျာ၊ ဒီမှာ ဈေးရောင်းလို့ ဘယ်မှာကြီးပွားပါ့မလဲ၊ ကျွန်တော် သင်ထားရတဲ့ ပညာနဲ့လည်း တခြားစီဖြစ်နေတယ်၊ သားက အင်မတန်မှကြီးပွားချမ်းသာချင်တာ၊ ပြီးတော့ မေမေလည်း အသက်ကြီးနေပါပြီ၊ အခုလို ဈေးရောင်းနေတာကို သား မကြည့်ချင်ဘူး၊ လောကီကိစ္စတွေကို စွန့်လွှတ်ပြီး မေမေ့အတွက် ဘဝကူးကောင်းမယ့် လောကုတ္တရာတရားတွေကို အားထုတ်ပြီးနေစေချင်ပါတယ်၊ အဲလို မေမေ တရားအားထုတ်ပြီး ချမ်းချမ်းသာသာနေနိုင်အောင် သားက စွမ်းဆောင်ပြချင်လို့ပါ မေမေရယ်'

ကောင်းမြတ်သူကသူ၏ရည်ရွယ်ချက်များကိုပြောပြနေသည်။

'ဒါပေမဲ့… သား အခုသွားရမှာက ရန်ကုန်မြို့ကြီးဆိုတော့ မေမေ စိတ်မချဘူး'

'ဘာကို စိတ်မချရတာလဲ မေမေ'

'ဩော်… ရန်ကုန်မြို့ကြီးဆိုတာက အင်မတန်မှ ရှုပ်တာကလား၊ ပြီးတော့ ဘိန်းဖြူဆိုတာတွေလည်း ပေါနေလို့ ငါ့သားဟာ ဘိန်းဖြူစွဲသွားမှာကို စိုးရိမ်လို့ပါ'

မိခင်ဖြစ်သူ၏စကားကြောင့်ကောင်းမြတ်သူမှာရယ်နေမိသည်။

'ဟား…ဟား…ဟား…ဟား… မေမေကတော့ လုပ်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အလကား စိတ်မပူသင့်တာတွေကို ပူနေတာကိုး၊ ဘိန်းဖြူဆိုတာမျိုးက ရန်ကုန်တစ်မြို့တည်းတင်ရှိတာမှ မဟုတ်ဘဲ၊ သားတို့မြို့မှာရော၊ တခြားမြို့တွေမှာပါ ရှိနေပါတယ်၊ ဒါပေမဲ့.. အဲဒီကိစ္စကို နိုင်ငံတော် အစိုးရက အမျိုးသားတာဝန်တစ်ရပ်အနေနဲ့ အစွမ်းကုန် ဆောင်ရွက်နေ တာမို့ အခုဆိုရင် အတော်အသင့်ပပျောက်နေပါပြီ။ ပြီးတော့ သား အကြောင်းလည်း မေမေ အသိသားပဲ၊ သားဟာ စီးကရက်လည်း မသောက်တတ်ဘူး၊ အရက်ဆိုတာလည်း ဝေးရော၊ ဒီတော့ ဘိန်းဖြူ သောက်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းပါတယ်၊ သားအတွက် စိတ်ချ ပါ၊ မေမေ့သား လိမ္မာပါတယ်၊ မေမေ့အတွက်ရော နိုင်ငံနဲ့လူမျိုး အတွက်ပါ အကျိုးမပြုတဲ့ သားဆိုးသားမိုက်ဘဝကို အရောက်မခံပါ ဘူးလေ...၊ သားလှသားလိမ္မာလေး အဖြစ်နဲ့သာနေပြမယ်ဆိုတာ ရဲရဲကြီးကတိပေးပါတယ်မေမေရယ်၊ ဒီတော့သားကိုသွားခွင့်ပြုပါနော်'

ကောင်းမြတ်သူက မိခင်ကြီးအား ရှင်းလင်းပြောပြနေသည်။ မိခင်ဖြစ်သူလည်း ကျေနပ်သွားသည်။

'နို့.. နေပါဦး၊ ရန်ကုန်မှာက သားအသိရှိလို့လား'

'ရှိတယ်လေ... သားနဲ့ကျောင်းနေဖက်သူငယ်ချင်း စိုးသိန်း ဆိုတာပေါ့'

'ဘယ်က စိုးသိန်းလဲ၊ တို့မြို့ကလား'

'မဟုတ်ဘူး မေမေ၊ သူက မြစ်ကြီးနားကပါ၊ သားနဲ့ ကောလိပ်မှာ တစ်ခန်းတည်းအတူတူနေလာကြတဲ့ သူငယ်ချင်းလေ၊ သား ကျောင်းနေတုန်းက နွေရာသီကျောင်းပိတ်တဲ့အခါတိုင်း သားနဲ့ အတူ ဒီကိုလိုက်လာပြီး အိမ်မှာ တစ်ပတ်လောက်နေသွားတဲ့သူလေ၊ မေမေ မမှတ်မိဘူးလား'

ကောင်းမြတ်သူ ပြောပြမှ ဒေါ်လှသူ သတိရသွားသည်။

'ဩော်.. ဩော်... အေး.. အေး... မှတ်မိပြီ၊ ဟို

www.burmeseclassic.com

www.burmeseclassic.com



ဈေးကိုပြောင်စပ်စပ်နဲ့ကောင်လေး မဟုတ်လား'

'ဟုတ်ကဲ့ အလွန်ဟုတ်၊ သိပ်ဟုတ်ပေါ့ မမေ'

'သားက သူ့ဆီမှာ နေမှာလား'

'ဟုတ်ကဲ့… သူ့ဆီမှာ နေရမှာပေါ့၊ အလုပ်ကလည်း သူက ပဲ ရှာပေးမယ့်ဟာ'

'အယ်… ဖြစ်ပါ့မလားသားရယ်'

'ဘာကြောင့် မဖြစ်ရမှာလဲ မမေရဲ့'

'အဲဒီကောင်လေးဟာ ပြောင်စပ်စပ်နဲ့မို့ မမေတော့ သူ့ကို သိပ်မယုံဘူး'

'မမေကလည်းဗျာ… ပြောင်တတ် နောက်တတ်တာက သူ့ဝါသနာပါ၊ အခု သားကိုခေါ်တဲ့ကိစ္စကတော့ အတည်ပါ၊ သူဟာ ရန်ကုန်မှာ ကြီးပွားနေတယ်၊ ပြီးတော့ မိန်းမတောင်ရနေပြီတဲ့၊ သူရေး လိုက်တဲ့စာကို မမေသိချင်ရင် သားဖတ်ပြမယ်လေ'

'အိန်း… ကောင်းသားပဲ၊ ဖတ်စမ်း'

မိခင်က သဘောတူသည်။ ကောင်းမြတ်သူ အိတ်ထဲတွင် အသင့်ထည့်ထားသော စိုးသိန်းထံမှ စာကိုထုတ်သည်။ ပြီးတော့ မိခင်ဖြစ်သူအား အောက်ပါအတိုင်းဖတ်ပြသည်။

*'နှစ်တစ်ရာမယွင်းအောင် အပြစ်အနာကင်းတဲ့*

*ချစ်စရာသူငယ်ချင်း ကောင်းမြတ်သူ…'*

*မင်းဆီကစာကိုရလို့ ငါတော်တော် စိတ်ညစ်သွားတယ် သူငယ်ချင်း၊ အဲ… ဟုတ်ပါဘူး၊ သိပ်ကိုပျော်သွားပါတယ်၊ ပျော်တာမှ အပျိုချောချောကလေးခြောက်ယောက်ကို တစ်ပြိုင်တည်းမ လာဆောင်လိုက်ရတဲ့ လူလိုပါပဲ ဟီး…ဟီး…ဟီး*

*မင်းနဲ့ငါ လူချင်းရော စာချင်းပါ အဆက်အသွယ်ပြတ်သွား လိုက်တာ သုံးနှစ်သုံးမိုးတောင် ကြာခဲ့ပြီနော်၊ လူချင်းကွဲကွာနေကြ*

www.burmeseclassic.com

www.burmeseclassic.com



တာကတော့ ကိုယ့်အခြေအနေအရမို့ ပြောစရာမရှိပေမယ့် စာချင်း အဆက်အသွယ် ပြတ်လပ်တာကတော့ ငါ့မှာ တာဝန်မကင်းသလို ဖြစ်နေတယ်၊ ဘာဖြုလို့လဲဆိုတော့ ငါ အခုနေထိုင်နေတဲ့ လိပ်စာကို မင်းကမှ မသိဘဲကိုး…

အဲ… ငါကတော့ မင်းလိပ်စာကိုသိလျက်နဲ့ အဆက်အသွယ် မလုပ်ခဲ့မိဘူး၊ ဒီတော့ ငါ့အပြစ်ဖြစ်နေတယ်။

စာမရေးဖြစ်ပေမယ့် မင်းကိုတော့ ငါဟာ ငါ့ငယ်ရည်းစား ကလေးတစ်ယောက်လို ထာဝရအမြဲသတိရနေပါတယ်ကွာ… ဟဲဟဲ။

မင်းဆီက စာရောက်လာတော့ ငါဟာ သိပ်ကို အံ့သြသွား မိတယ်။ ဘယ်လိုလုပ်ပြီး ဒီကောင်ဟာ ငါနေတဲ့လိပ်စာကို သိနေပါ လိမ့်လို့ပေါ့၊ နောက် မင်းဆီကစာကိုဖတ်ရမှ မင်းဟာ ငါ့ဦးလေးဦးဘ တူနဲ့တွေ့ပြီး ငါ့သတင်းကိုမေးရာက သိခဲ့ရတယ်ဆိုတာ သိရတာကိုး။

'အိမ်း… မင်းဆီက စာအရဆိုရင် မင်းဟာ အလုပ်မရှိ တစ်ရာကိုးဘာဝရောက်နေတယ်ဆိုတာ သိရလို့ ဂုဏ်ယူမိပါတယ်ကွာ၊ အဲ… ဟုတ်ပေါင် စိတ်မကောင်းပါဘူးကွာ'

စိတ်မကောင်းလို့ တံတားကလေးက စိတ်ရောဂါကုဆေးရုံ ကို ပြကြည့်မလားလို့ အပြီး… အလကားနောက်တာပါကွာ။

မင်းဆီက စာအရ မင်းဟာ အလုပ် လုပ်ချင်နေတယ်ဆိုတာ သိရလို့ ငါ ကူညီပါ့မယ်။ ငါလည်း ကိုယ်ပိုင်အလုပ်တစ်ခု လုပ်နေပါ ပြီ၊ ငါ့အလုပ်က ရောင်စုံပုံနှိပ်စက်တစ်လုံးထောင်ပြီး တောက်တိုမယ်ရ ပုတ်ပြတ်အလုပ်ကလေးတွေ လုပ်နေတယ်၊ အင်္ဂလိပ်လိုဆိုရင် ဂျော့ဘ် အလုပ်၊ ငါတို့ ပုံနှိပ်လောက,က အင်္ဂလိပ်လို မတတ်တဲ့လူတွေ မပီကလာပီကလာနဲ့ခေါ်တဲ့စကားနဲ့ ပြောရမယ်ဆိုရင် ဂျောက်အလုပ် ပေါ့ကွာ။

ဂျောက်အလုပ်ဆိုတဲ့အတိုင်း တစ်ခါတစ်ခါ တာကယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



ချောက်ပေါက်နဲ့တိုးခဲ့တာတွေလည်း ရှိတယ်ကွ…ဟဲဟဲ။

ပြီးတော့ ငါ့မှာ ကုသိုလ်ကံ ကောင်းချင်လို့လား၊ ဆိုးချင်လို့လားမသိဘူး၊ မိန်းမလည်းရနေပြီ။ ငါ့မိန်းမက ရုပ်ချောသလောက် သိပ်ပြီး ကောင်းတာကွ၊ သဘောသကာယကို ပြောတာနော ဟီးဟီး။

ဒါပေမဲ့ စိတ်ကတော့ သိပ်တိုတယ်ဟေ့။

ဒါက ထားပါတော့ကွာ၊ တကယ်လို့ မင်း အလုပ်လုပ်ချင်တယ်ဆိုရင် ငါရှိရာ ရန်ကုန်ရဲ့မြို့သစ်တစ်ခုဖြစ်တဲ့ 'ကညာတွေလှတဲ့သာကေတကို အညာမြေက ကြွခဲ့ပါလို့' မင်းကို ဖိတ်ခေါ်လိုက်ပါတယ်။ မင်းအတွက် အနေအထိုင်အစားအသောက်ကအစ၊ အားလုံးကို ငါ တာဝန်ယူတယ်။

အဲ… ဘာအလုပ်ကို လုပ်သင့်တယ်ဆိုတာကိုတော့ မင်းရောက်လာမှ ငါတို့တစ်တွေ တိုင်ပင်ကြတာပေါ့။ ဒီတော့ မပျက်မကွက် ဆက်ဆက်ကလေးလာခဲ့ပါ။ မင်းလာမယ်ဆိုတဲ့နေ့ကို အတိအကျ စာရေးလိုက်ပါ၊ ငါ တခြားကို ရှောင်နေမယ်၊ အဲလေ ငါ လာကြိုပါ့မယ်၊ ငါ့မိန်းမနဲ့အတူ စုံတွဲလာကြိုမယ်ကွာ။

ငါတို့နေတဲ့နေရာက သာကေတဘက်မှာဆိုတော့ မင်းလို ရန်ကုန်မြို့ကို တစ်ခေါက်နှစ်ခေါက်လောက်သာ ရောက်ဖူးတဲ့သူအတွက် ရှာလို့လွယ်မှာ မဟုတ်ဘူး၊ ဒီတော့ တကယ်လာမယ့်ရက်ကို အတိအကျစာရေးပါ။

ငါမှာချင်တာကတော့ ဒါပါပဲကွာ။ မင်း မားသားကြီးကိုလည်း ငါက သတိရကြောင်းနဲ့ ဒီစာနဲ့အတူ ကန်တော့လိုက်ကြောင်းကို တစ်ဆင့်ပြောပြလိုက်ပါ။

တော်သေးပြီ။

မင်းတို့သားအမိ ကျန်းမာပျော်ရွှင်နိုင်ကြပါစေ။

ကိုသိထွန်း။

www.burmeseclassic.com

www.burmeseclassic.com



'စိုးသိဏ်း'ဟူ၍ ထိုးထားသောလက်မှတ်တွင် ရေးရိုး
စဉ်သိန်းကို နငယ်သတ်ဖြင့် ရေးမထားပေ။ သူများထက်ထူး နှ
ဟဝှာပေါက်ဆိုရအောင် ဏကြီးသတ်ဖြင့် ထိုးထားသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကလည်း သူ၏ သတ်ပုံသ
ညွှန်းအတိုင်း ဏကြီးသတ်ဖြင့်သာ 'စိုးသိဏ်း'ဟူ၍ စာလုံးပေါ
ကာ ရှေ့လာမည့်အခန်းများတွင် ရေးသားသွားပါမည်။

စာရွက်၏နောက်ကျောတွင် စိုးသိဏ်းက သူနေထိုင်ရာနေ
အတိအကျကို လိပ်စာရေးပေးထားသည်။

| |
|---|
| မောင်စိုးသိဏ်း |
| 'ငွေပင်စံ' ရောင်စုံပုံနှိပ်လုပ်ငန်း၊ |
| မာန်ပြေလမ်း၊ သာကေတမြို့။ |

ကောင်းမြတ်သူ စာဖတ်၍ အပြီးတွင် မိခင်ကြီး၏မျက်နှာ
လှမ်းကြည့်သည်။

'မင်း သူငယ်ချင်းရေးထားတဲ့အထဲမှာ မင်းလုပ်ရမယ့်အလုပ်
အကိုင်အကြောင်းလည်း မပါပါလား သားရဲ့...'

ဒေါ်လှသူ မှတ်ချက်ချသည်။

'ဟွန်း.. မေမေကလည်း ဟိုကျမှ သားနဲ့တိုင်ပင်ပြီး သင့်
တာကို လုပ်ကိုင်ကြရမှာပေါ့၊ သားလို လုံ့လဝီရိယရှိတဲ့လူအတွက်
ဘာအလုပ်ပဲလုပ်လုပ် ကြီးပွားမှာပါ မေမေရယ်'

ကောင်းမြတ်သူ ရဲရဲကြီး အာမခံပေးနေသည်။

'အဲဒီလိုဆိုရင်လည်း မေမေနဲ့အတူနေပြီး လုပ်ပါလား သား
ရဲ့၊ ဘာဖြစ်လို့ ရန်ကုန်မြို့ကြီးကို သွားချင်နေရတာတုန်း'

မိခင်၏စကားကြောင့်ကောင်းမြတ်သူမျက်ပိုးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အန်…မေမေနယ်၊ သားတို့မြို့မှာ လုပ်တာထက် မျက်စိကြီး နားကြီးဖြစ်တဲ့ ရန်ကုန်မြို့မှာ သွားလုပ်တာက ပိုပြီး ကြီးပွားနိုင်လို့ပေါ့၊ မေမေကလည်းဗျာ.. အလကား စိတ်မပူသင့်တာတွေကို ပူနေတာကိုး၊ သားအတွက် စိတ်ချစမ်းပါ'

'ချနိုင်ပါဘူး၊ ဆွေမရှိ မျိုးမရှိ၊ ပြီးတော့ အသိအကျွမ်းလည်း မရှိတဲ့ ရန်ကုန်မြို့ကြီးကို လွှတ်ရမှာမို့ ဘယ်လိုလုပ် စိတ်ချနိုင်ပါ့မလဲ၊ ပြီးတော့ မေမေ့မှာ သားဆိုလို့ များများစားစားရှိတာ မဟုတ်ပါဘူး၊ သားတစ်ယောက်တည်းပဲ ရှိတဲ့ဟာ'

'အဲဒါ ဘာဖြစ်သလဲ မေမေရယ်၊ တစ်သက်လုံးခွဲနေရမှာ ကျနေတာပဲ၊ သားကလည်း မေမေ့ကို ကြာကြာခွဲမထားပါဘူး၊ ရန်ကုန်မှာ အလုပ်အကိုင် ဟန်ကျလို့ရှိရင် မေမေ့ကိုလာခေါ်ပါ့မယ်၊ အဲ.. ဟန်မကျရင်တော့ သား ပြန်လာခဲ့မှာပေါ့၊ ကျေနပ်ပြီလား'

'ကောင်းပြီ မင်း စကားနဲ့မင်းပဲ၊ ဟန်မကျရင် ပြန်လာခဲ့၊ ပြီးတော့ မေမေ့ဆီကိုလည်း စာ မကြာ,မကြာရေး၊ အခု ဒီကသွားလို့ ရန်ကုန်ကို ရောက်တယ်ဆိုတာနဲ့ မေမေ စိတ်အေးရအောင် ချက်ချင်း စာရေးလိုက်၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ ရေးပါ့မယ်၊ ဒီလိုဆို သား ရန်ကုန်ကို သွားမယ်နော် မေမေ'

နောက်ဆုံးတွင်တော့ မိခင်ဖြစ်သူ ဒေါ်လှသူမှာ သား၏ဆန္ဒကို စိတ်မပါ့တပါဖြင့် လိုက်လျောလိုက်ရရှာသည်။ မိခင်ဖြစ်သူ၏ လိုက်လျောချက်ကိုရလျှင် ကောင်းမြတ်သူမှာ သာကေတတွင်ရှိ သူငယ်ချင်းဖြစ်သူ စိုးသိဏ်းထံသို့စာရေးကာ အကြောင်းကြားရသည်။

မိုးညှင်းမြို့မှမထွက်ခွာမီ တစ်ရက်အလိုတွင်လည်း စိုးသိဏ်းထံသို့လှမ်း၍ သံကြိုးရိုက်ကာ သူရောက်မည့်နေ့နှင့် စီးလာမည့် မီးရထားကိုပါ အကြောင်းကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့သို့ရောက်လျှင် သူ့မှာ အမြန်ရထားကိုစီးရန် လက်မှတ်မရတော့ပေ။အမြန်ရထားလက်မှတ်မှာကုန်သွားပြီဖြစ်သည်။

ညနေပိုင်းတွင်ထွက်မည့် စာပို့ရထားဖြင့်သာ သူ့မှာလိုက်ရန် လက်မှတ်ရသည်။

ကောင်းမြတ်သူခမျာ ကြေးနန်းရုံးသို့ အမြန်ပြေးရပြန်သည်။ မန္တလေးမြို့ရှိ ကြေးနန်းရုံးသို့အရောက်တွင် သူသည် အမြန်ရထား လက်မှတ်မရ၍ မလိုက်ဖြစ်တော့ကြောင်း ညနေပိုင်းထွက်မည့် စာပို့ ရထားကြီးဖြင့်သာလိုက်တော့မည်မို့ ရန်ကုန်ဘူတာကြီးတွင်စာပို့ရထား ဆိုက်ချိန်၌ လာရောက်၍ ကြိုဆိုရန် နောက်ထပ် သံကြိုးစာတစ်စောင် ကို ရိုက်ရပြန်သည်။ ပင်ပန်းလိုက်သည့် ကောင်းမြတ်သူ။

ထို့နောက် သူသည် ညနေပိုင်းတွင် မန္တလေးဘူတာရုံကြီးမှ ရန်ကုန်သို့ထွက်ခွာသည့် စာပို့မီးရထားဖြင့် လိုက်ပါလာခဲ့တော့သည်။

အထက်ပါတို့မှာ ကောင်းမြတ်သူတစ်ယောက် မိုးညှင်းမြို့မှ နေ၍ ရန်ကုန်မြို့သို့ ကြီးပွားတိုးတက်လိုစိတ်ဖြင့် လာခဲ့ရသော အကြောင်းတို့ပင်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (နှစ်)

## ပထမအကြိမ် လူမှားခံရခြင်း

ပျဉ်းမနားဘူတာတွင် စာပို့မီးရထားကြီးမှာ တော်တော်နှင့်
တ်နိုင်ဖြစ်နေသည်။ အမှန်တော့ ဘူတာတွင် အကြာဆုံးရပ်နား
ှာ (၁၅)မိနစ်ခန့်သာကြာသည်။

ယနေ့ညတွင်တော့ ကုန်တင်ကုန်ချပစ္စည်းတွေ များပြားနေ
င် ၁၅-မိနစ်ကျော်လွန်နေသည့်တိုင်အောင် ရထားကြီးမှာ ဘူတာ
ထွက်ခွာနိုင်သေးပေ။

ကောင်းမြတ်သူမှာ ရထားကြီးမထွက်နိုင်သဖြင့် အညောင်း
ာပြေ ဆင်းလျှောက်ရင်း ဘူတာရုံအတွင်းရှိ လက်ဖက်ရည်ဆိုင်
် လက်ဖက်ရည်တစ်ခွက်ကို မှာယူကာ သောက်နေသည်။

သူအောက်သို့ဆင်းခိုက် သူ၏သားရေအိတ်နှင့် အိပ်ရာလိပ်
သူနှင့် မျက်နှာချင်းဆိုင်နေရာမှ အဒေါ်ကြီးတစ်ဦးအား ကြည့်ရှု
ပါရန် အပ်ထားခဲ့သည်။

ရိုးရိုးတန်း ခရီးသွားများအဖို့ ယခုလိုပင် တစ်ဦးကိုတစ်ဦး
ည်းများပျောက်ရှခြင်းမရှိစေရန် အပ်နှံထားကြရလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အပ်နှံခြင်းမပြုဘဲ အောက်သို့ဆင်းသွားပါက ဝေါ့များလ
တွင်းသို့ သက်ဆင်းကာ မိမိတို့၏ပစ္စည်းများ ရှုံးဆုံးကာသွားနိုင်သည်

ခရီးသွားအချင်းချင်းကလည်း သိပ် ယုံကြည်ကြရသ
တော့ မဟုတ်ပေ။ တစ်ဦးကိုတစ်ဦး ခရီးသွားအစစ် ဟုတ်မဟု
အကဲခတ်ကာ ကြည့်ရသေးသည်။

တချို့က ခရီးသွားဟန်ဆောင်ကာ ခရီးသည်အစစ်များ
ပစ္စည်းများကို အလုပ်သစ်ဖြင့် အလစ်သုတ်တတ်ကြသည်။ တက
ခရီးသွား အစစ်များကတော့ တစ်ဦးကိုတစ်ဦး သစ္စာရှိစွာဖြင့် အ
အညီပေးတတ်ကြပါသည်။

ကောင်းမြတ်သူမှာ မီးရထားဖြင့် မကြာခဏ ခရီးသွား
သူတော့ မဟုတ်ပေ။ မသွားဖူးသော်လည်း သူ၏ရိုးရိုးတန်းတွဲရှိထိုင်
များမှာ အသက်အရွယ်ကြီးရင့်သူတွေ ဖြစ်နေသည်ကတစ်ကြောင်
သူ့ကိုလည်းပစ္စည်းများကို အပြင်မှလှမ်းဆွဲနိုင်သော နေ
တွင် မထားဘဲ ဘေးကင်းရာနေရာသို့ ရွှေ့ထားရန် သတိပေးထ
ကြသဖြင့် ကောင်းမြတ်သူမှာထိုသူများအားယုံကြည်စိတ်ချနေခြင်းပ

ကောင်းမြတ်သူသည် လက်ဖက်ရည်သောက်ပြီးနောက် 
စီးလာခဲ့သော တွဲရှိရာသို့ ပြန်လာသည်။

မီးရထားကြီးကတော့ မထွက်သေးပေ။

ကောင်းမြတ်သူမှာ ဗထမတွင် သူစီးလာသော ရထား
ပေါ်သို့တက်ရန် ပြင်သည်။ နောက်စိတ်ကူးတစ်မျိုး ပေါက်သွားသည်

သူ့အနေဖြင့် မည်သည့်အတွက် မီးရထားကြီး မထွက်
သည်ကို စုံစမ်းကြည့်လိုသည်။

ထိုစိတ်ကူးဖြင့် သူသည် မီးရထားကြီး၏ နောက်ပိုင်းတွ
ရှိ ဂတ်မိုလ်တွဲသို့ လျှောက်သွားသည်။

ယင်းအခိုက်...

www.burmeseclassic.com

www.burmeseclassic.com



'ဟေး… ဆရာလွင်ကိုကို'

သူ၏ ဘယ်ဘက်နောက်ဘက်ဆီမှ ခေါ်လိုက်သံတစ်သံ။

အသံကိုကြားရသော်လည်းကောင်းမြတ်သူလှည့်မကြည့်ပေ။ လှည့်ကြည့်ရန်လည်း မလိုပါ။ ခေါ်နေသည်က လွင်ကိုကို၊ သူ၏ အမည်သည် လွင်ကိုကို မဟုတ်။ ကောင်းမြတ်သူ မဟုတ်လော။ သည်တော့ အသံရှင်ကို လှည့်ကြည့်နေစရာ မလိုပေ။ ဂတ်ဗိုလ်ရှိရာ နောက်ဆုံးတွဲဆီသို့သာ ဆက်၍ လျှောက်သွားနေသည်။

'ဆရာ ဆရာလွင်ကိုကို'

သည်အကြိမ်တွင်တော့ အသံသာမဟုတ်တော့ပေ။ သူ၏ လက်ကို နောက်ဘက်မှ ဆတ်ခနဲဆွဲကာခေါ်နေသည်။ ခက်နေပြီ ပေါ့။ ကောင်းမြတ်သူသည် သူ၏လက်ကို ဆွဲကိုင်ကာခေါ်နေသူ ၏မျက်နှာကို ကြောင်စီစီဖြင့်အသာလှည့်ကြည့်မိသည်။

ခေါ်သူမှာ သူ့အရွယ်လောက်ပင် ရှိပါသေးသည်။ အသား ညိုညိုယယ်ညိုပြီး မျက်နှာပေါ်၌ ကျောက်ပေါက်ရာသဲ့သဲ့ရှိသည်။

'ဆရာ လွင်ကိုကို'

ဟော ထိုသူက ခေါ်နေပြန်ပါပြီ။ စိတ်ရှုပ်စရာပါတကား။

'ဒီ… ဒီမှာ မိတ်ဆွေ ခင်ဗျား လူမှားနေပြီ၊ ကျွန်တော် လွင်ကိုကို မဟုတ်ဘူး'

ကောင်းမြတ်သူ တည်ကြည်သောမျက်နှာဖြင့် ပြန်လည်ရှင်း လင်းပြသည်။ မရပေ။

'ဟား ဟား ဟား ဆရာကလည်းဗျာ၊ မမြင်ဖူးမတွေ့ဖူး ကြတဲ့လူတွေ ကျနေတာပဲ၊ ခပ်တည်တည်နဲ့ လိမ့်နေလိုက်တာ၊ အဟဲ ဒီလို အကြောင်ရိုက်လို့ ရရိုးလားဗျာ၊ ဟားဟားဟား'

ထိုလူကပြောပြီးရယ်နေသည်။ကောင်းမြတ်သူကတော့မရယ် ဆ။ စိတ်တိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အာ...ခင်ဗျား ဘယ်လိုလူလဲဗျ၊ အပြောရ ကျုပ်လှ
လား၊ ကျုပ် လွင်ကိုကို မဟုတ်လို့ မဟုတ်ဘူးပြောနေတဲ့ဟာ၊ ခင်ဗျာ
ကို အကြောင်းရှိက်နေတာ မဟုတ်ပါဘူး။ မှတ်ထား ကျုပ်နာမည်က
ကောင်းမြတ်သူတဲ့ သိပြီလား'

ကောင်းမြတ်သူ ရှင်းလင်းပြောပြနေသည်။ တစ်ဖက်လူက
တော့ ယုံကြည်ပုံမပေါ်ပေ။

'တော်ပါ ဆရာရယ်၊ ဒီပြင်လူကိုသာ ဖြီးလို့ရမယ်၊ ကျွ
တော့်ကိုတော့ မရဘူး၊ ကျွန်တော်ဟာ ဆရာနဲ့အတူ တောင်ကြီးမှာ
တစ်နှစ်လုံးနေလာခဲ့တဲ့ ဘသိုက်လေ.. ဟဲဟဲ'

'ရော... ခက်နေပါပြီ၊ ခင်ဗျား အခုပြောနေတာတွေ ကျွ
တော်တစ်ခုမှ မသိဘူး၊ ကျွန်တော်လည်း တောင်ကြီးဝေးလို့ တောင်
ပေါက်စတောင် ရောက်ဖူးတာမဟုတ်ဘူး၊ ဒီတော့ ကျွန်တော့်စိတ်ကို
လာပြီး အနှောင့်အယှက် မလုပ်စမ်းပါနဲ့ဗျာ'

ကောင်းမြတ်သူ စိတ်တိုသံဖြင့် ပြောရင်း ဘသိုက်အနီးမှ
ထွက်လာသည်။ စောစောပိုင်းက ဂတ်ဗိုလ်တွဲသို့သွားရန် စိတ်ကူး
ထားခြင်းကိုလည်း ဖျက်သိမ်းကာ သူ၏တွဲဆီသို့ ပြန်လှည့်လာသည်။

'ဆရာ... ဆရာ ဒီလိုတော့ မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်
တော်ပြောပြတာကို နားထောင်ပါဦး၊ ကျွန်တော်ဟာ ဆရာ့မိန်းမနဲ့
ယောက္ခမကခိုင်းလို့ ဆရာ့ကိုနှစ်နှစ်ကျော်ကျော် လိုက်ရှာနေတဲ့သူပါ။
ဆရာ့အတွက် ဆရာ့ယောက္ခမတွေနဲ့ ဇနီးမှာလည်း စိတ်ထိခိုက်နေကြ
ပါတယ်၊ ဒီတော့ သူတို့ဆီကို ဆရာပြန်ပါလား'

ဘသိုက် နောက်မှ အတင်းလိုက်ပြောနေသည်။

ကောင်းမြတ်သူ ရှုးချင်စိတ်ပေါက်ကာသွားသည်။ ဒေါသ
လည်း ထွက်လာမိသည်။ ဒေါသကြောင့် သူ့မျက်နှာမှာ နီရဲလာသည်။

'ဟေ့လူ... ခင်ဗျား တခြားကို ထွက်သွားရင် ကောင်းလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျုပ် လွင်ကိုကို မဟုတ်ပါဘူးလို့ ဘယ်နှခါပြောနေရမှာလဲ၊ ပြီးတော့… ကျုပ်ဟာ လူပျိုစစ်စစ်တစ်ယောက်ပါဗျ၊ ယောက္ခမဝေး သို့ ရည်းစားတောင်ရှိသေးတာ မဟုတ်ဘူး၊ ဒီတော့ ဆက်ပြီး မနှောင့် ယှက်ရင် ကောင်းလိမ့်မယ်'

ကောင်းမြတ်သူ၏အသံမှာဒေါသကြောင့် တုန်ယင်နေသည်။ သူ၏လက်သီးနှစ်ဖက်ကိုလည်းကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်မိသည်။

သူ၏အပြုအမူကြောင့် လူမှားခေါ်မိသော ဘသိုက်မှာ တွန့် ခနဲဖြစ်သွားသည်။ ကောင်းမြတ်သူအားလည်း အံ့သြခြင်း၊ ထိတ်လန့် ခြင်းနှင့် ဝမ်းနည်းခြင်းစသည်တို့ ပေါင်းစပ်ကာထားသော မျက်နှာ ဖြင့် ငေးကြည့်နေမိသည်။

'တူ… တူ… တူ… တူ'

ကောင်းမြတ်သူ ရထားပေါ်သို့ တက်အသွားတွင် မီးရထား ခေါင်းတွဲကြီးဆီမှ ဥသြသံများကို ကြားလိုက်ရသည်။ ဘသိုက်က တော့ ကောင်းမြတ်သူ၏နောက်သို့ ဆက်မလိုက်ဝံ့တော့ပေ။

ကောင်းမြတ်သူ တက်သွားရာ မီးရထားကြီးဆီသို့ မတုန် လှုပ်ဖြင့်ရပ်ကာ ငေးကြည့်နေသည်။ သူငေးကြည့်နေခိုက်မှာပင်…

မီးရထားကြီးသည် ပျဉ်းမနားဘူတာကြီးမှ တရွေ့ရွေ့ဖြင့် တောင်ကာ ထွက်ခွာနေတော့သည်။ မီးရထားကြီး ထွက်ခွာသွားသော် သည်း ဘသိုက်ကတော့ ရပ်နေရာမှ တစ်လက်မမျှပင် မရွေ့ပေ။ ကျောက်တိုင်ကြီးအလား မားမားကြီးရပ်ရင်း သူ့ကိုသာ ငေးကြည့်နေ သည်။

ကောင်းမြတ်သူကလည်း ရထားတွင်းရှိ သူ၏ ထိုင်ခုံမှနေ၍ ဘသိုက်ဘက်သို့ ပြန်လည်ကာ ကြည့်နေမိသည်။ ကြည့်နေရင်းမှ စိတ်ထဲတွင်လည်း သနားသလိုလို ဖြစ်လာမိသည်။

'ဒီလူဟာ ဘာသဘောနဲ့ ငါ့ကို လွင်ကိုကိုလို့ အတင်းစွပ်စွဲ

www.burmeseclassic.com

www.burmeseclassic.com


နေရတာလဲ၊ သူပြောပုံဆိုပုံကြည့်ရတာ လွင်ကိုကိုဆိုတဲ့လူနဲ့ တော်တော်ရင်းနှီးပုံရတယ်၊ ငါကလည်း လွင်ကိုကို မဟုတ်တော့ ခက်သားပဲ၊ နို့... ငါကကော လွင်ကိုကိုဆိုတဲ့လူနဲ့ ရုပ်ချင်းများ ချွတ်စွပ်တူနေလို့လား၊ အေးလေ.. လောကကြီးမယ် လူတူမရှားအမည်တူမရှားဆိုတာ ရှိသားပဲ၊ ဒါကြောင့် ဒီလူဟာ လွင်ကိုကိုနဲ့မှားပြီးခေါ်တာဖြစ်မှာပေါ့'

ကောင်းမြတ်သူသည် စိတ်တွင်းမှ ပြောဆိုနေခြင်းဖြစ်သည်။

မီးရထားကြီးမှာလည်း ပျဉ်းမနားဘူတာကြီးမှ ထွက်ခွာလာခဲ့ပြီမို့ ဘသိုက်ကို မမြင်ရတော့ပေ။ ကောင်းမြတ်သူမှာလည်း ဘသိုက်ကို သူ၏စိတ်အာရုံအတွင်းမှ အတင်းပင် ပယ်ဖျောက်ပစ်နေသည်။

မီးရထားကြီးမှာ တစ်စ တစ်စဖြင့် အရှိန်နှုန်းကို တိုးမြှင့်ကာ ရန်ကုန်ဘက်သို့ ဦးတည်ကာ မောင်းနှင်နေတော့သည်။

သို့သော်... ပျဉ်းမနားဘူတာရုံကြီးတွင် ကောင်းမြတ်သူနှင့် ဘသိုက်တို့ အချီအချ ပြောဆိုနေကြခိုက် သူတို့နှင့် မလှမ်းမကမ်းတွင် အမျိုးသမီး ချောချောကလေးတစ်ဦး နားစိုက်ထောင်နေသည်ကိုတော့ သူတို့နှစ်ဦးစလုံး သတိမပြုမိကြပေ။

တစ်ဖန်... ကောင်းမြတ်သူ၏ မျက်နှာကို ထိုအမျိုးသမီးချောချောကလေးက စူးစူးစိုက်စိုက် ကြည့်နေသည်ကိုလည်း ကောင်းမြတ်သူ သတိမထားမိ။

မီးရထားကြီး ထွက်ခွာစပြုတော့မှ ထို အမျိုးသမီးချောကလေးမှာ သူမ လိုက်ပါလာခဲ့သော အထက်တန်းအိပ်ခန်းတွဲသို့ အမြန် ပြေးတက်သွားသည်။

အဘယ်ကြောင့် ဤ မိန်းမချောကလေးသည် ကောင်းမြတ်သူအား စိတ်ဝင်စားစွာ ကြည့်နေရပါသနည်း...

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (သုံး)

## ဒုတိယအကြိမ် လူမှားသွားပြန်ခြင်း

နောက်တစ်နေ့ နံနက် (၈)နာရီကျော်အချိန်တွင် ကောင်းမြတ်သူ လိုက်ပါလာခဲ့သော မီးရထားကြီးမှာ ရန်ကုန်ဘူတာကြီးသို့ ဝင်ရောက်လာသည်။

ဘူတာရုံအတွင်းသို့ မီးရထားကြီး ဝင်လာသည်နှင့်တစ်ပြိုင်နက် ကောင်းမြတ်သူမှာ မီးရထားတွဲကြီး၏ ပြတင်းပေါက်မှနေ၍ ဘူတာစင်္ကြံလမ်းပေါ်သို့ ခေါင်းပြူကာ လှမ်းကြည့်နေသည်။ သူကြည့်နေခြင်းမှာ အခြားကြောင့်မဟုတ်ပေ။

သူ၏သူငယ်ချင်း စိုးသိဏ်းလာကြိုပါက သူ့ကို မြင်တွေ့နိုင်စေရန် ဖြစ်သည်။

မီးရထားကြီးသာ အရှိန်သေကာ ရပ်တန့်သွားသည်။

ကောင်းမြတ်သူ မျှော်လင့်နေသော စိုးသိဏ်းကိုတော့ အရိပ်အယောင်မျှပင် မတွေ့ရပေ။ ကောင်းမြတ်သူ စိတ်မောသွားရှာသည်။

'တောက်.. ဂန်းမသား၊ ငါ သေသေချာချာ ဂရုစိုက်ပြီး သံကြိုးရိုက်ထားတာတောင် လာကြိုဖော်မရဘူး၊ တော်တော်စိတ်ချရတဲ့ကောင်ပဲ ဟွန်း'

www.burmeseclassic.com

www.burmeseclassic.com



စိုးသိဏ်းကို မတွေ့ရ၍ ကောင်းမြတ်သူ စိတ်တွင်းမှရေရွတ်နေသည်။

'အင်း‥ ဒီအတိုင်းသာဆိုရင်တော့ ဒီကောင့်အိမ်ကို ငါဟာ ရှာပုံတော် ဖွင့်ရဦးမှာပါကလား'

ကောင်းမြတ်သူသည် တိုးတိုးမှာလေး ညည်းတွားရင်း သူ၏ သားရေအိတ်နှင့် အိပ်ရာလိပ်ကို ဆွဲယူသည်။ သူနှင့်အတူ စီးလာကြသော ခရီးသွားဖော်တွေမှာ သူ့အရင် ရထားတွဲပေါ်မှ ဆင်းသွားနှင့်ကြလေပြီ။ ကောင်းမြတ်သူသည် သူ၏ပစ္စည်းများကို ဆွဲယူပြီးနောက် ရထားတွဲအဝသို့လျှောက်လာသည်။ ရထားတွဲအဝသို့အရောက်တွင် တွဲပေါ်မှနေ၍စိုးသိဏ်းကို တွေ့ရလိုတွေ့ရငြားလှမ်းကြည့်နေမိသေးသည်။

စိုးသိဏ်း၏ အရိပ်အယောင်ကို မမြင်ရမှ သူသည် ရထားတွဲပေါ်မှ အောက်သို့ ဆင်းလိုက်တော့သည်။

'ဟော‥‥ ဟိုမှာ ဟိုမှာ'

အမျိုးသမီးတစ်ဦး၏ အသံကို အမှတ်မထင် ကောင်းမြတ်သူ ကြားမိသည်။ အသံကြောင့်သူသည်ယောင်ယမ်းကာလှမ်းကြည့်သည်။

အသက် (၂၀)ကျော်ခန့်သာရှိသေးသော အလွန်တစ်ရာ ရုပ်ရည်ချောမောလှပသော အမျိုးသမီးကလေးတစ်ဦး။

သူ၏နောက်ဘက်တွင် အသက် (၅၀)ကျော်အရွယ် အရပ်ထောင်ထောင်မောင်းမောင်း တိုက်ပုံနှင့် ခေါင်းရှည်ပုဆိုးဝတ်ထားသော လူကြီးတစ်ဦး။ ထိုလူကြီးနှင့်ယှဉ်လျက်တွင် အသက် (၅၀)ခန့်ရှိအသား ဖြူဖြူဝဝနှင့် မိန်းမကြီးတစ်ဦး။ ကောင်းမြတ်သူသည် တစ်ချက်လှမ်း ကြည့်ပြီးနောက် ရှေ့ဆက်သွားရန် ပြင်သည်။

'ဟော သွားတော့မယ်၊ ကိုကို ကိုကို နေဦးလေ၊ ဒါဘယ်ကိုလဲ၊ သွယ့်ကို မသနားတော့ဘူးလား ကိုကိုရယ်'

အမျိုးသမီးချောလေးသည်ငိုသံပါကလေးနှင့်လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူ ပါးစပ်ကြီးအဟောင်းသားဖြင့် မိန်းမချော ကလေးကို ငေးကြည့်နေသည်။ သူ ကြည့်နေခိုက်မှာပင် မိန်းမချော လေး သူ့အနီး အပြေးကလေး ရောက်လာသည်။ သူ့အနီးသို့ရောက် လျှင် ရောက်ချင်း သူ့ကိုယ်ကို ပြေးဖက်တော့သည်။

'ဟိုက်… သောက်ပလုတ်တုတ်တုတ်'

ကောင်းမြတ်သူ ယောင်ယမ်းကာ အော်လိုက်မိသည်။

မိန်းမဆို၍ သူ့မိခင်ကြီးမှလွဲ၍ မည်သည့်မိန်းမမျိုးနှင့်မှ ထိတွေ့မိခဲ့ခြင်း မရှိခဲ့သော ကောင်းမြတ်သူမှာ တစ်ကိုယ်လုံး လျှပ်စစ် လိုက်သူလို တုန်ယင်ကာသွားသည်။

မိန်းမပျိုကတော့ သူ့ကို ဖက်ထားဆဲ။ မိန်းမပျို၏ဖက်ထား မှုကြောင့် ကောင်းမြတ်သူ လက်ထဲတွင် ကိုင်ထားသောအိပ်ရာလိပ် နှင့်သားရေသေတ္တာတို့မှာ လွတ်ကျကုန်သည်။

'အာ… အာ ဒီ… ဒီလို မလုပ်နဲ့လေ၊ ငရဲကြီးတတ်တယ်၊ အဲ.. ဟုတ်ပါဘူး၊ ကျွန် ကျွန်တော် မနေတတ်ဘူးဗျ လွှတ်ပါ'

ကောင်းမြတ်သူ ငှက်ဖျားတက်သံကြီးဖြင့် မိန်းမချောကလေး ကို ပြောနေသည်။ ကောင်းမြတ်သူ ပြောခါမှ ပိုဆိုးသွားသည်။

'ဟင့်အင်း… ဟင့်အင်း လွှတ်ဘူး၊ သွယ်တို့နဲ့အတူ ပြန် လိုက်ခဲ့မှလွှတ်မယ်'

မိန်းမပျိုချောကလေးသည် ပြောရင်း စောစောကထက် ပိုမို တင်းကျပ်စွာဖြင့် ကောင်းမြတ်သူကို ဖက်ထားတော့သည်။ ကောင်း မြတ်သူ၏ တစ်ကိုယ်လုံးမှာ မိန်းမချောကလေး၏ ရင်ခွင်ထဲသို့ရောက် နေရှာသည်။

သူ၏ ကျယ်ပြန့်သော ရင်ဘတ်ကြီးမှာ မိန်းမချောကလေး၏ ရင်သားစိုင်ကြီးနှင့် ထိတွေ့နေရသည်။ ကောင်းမြတ်သူ၏ နှာပုံးတွေ မှာလည်း အမေရိကန်နိုင်ငံမှ လွှတ်တင်လိုက်သော ဒုံးကျည်းအာကာသ

www.burmeseclassic.com



ယာဥ်ကြီးလို အရှိန်နှုန်းကောင်းကောင်းဖြင့် တုန်လှုပ်နေတော့သည်။

'ဟာဗျာ… ခင်ဗျားနှယ် ပြောရတယ်ခက်ပါကလား၊ ကျွန်တော့်ကို မဖက်ပါနဲ့ဗျ၊ အသက်ရှုရကျပ်လွန်းလို့ဗါ'

ကောင်းမြတ်သူ ပြောရင်း မိန်းမချောကလေး၏ လက်တွင်းမှ အတင်းရုန်းထွက်နေတော့သည်။ သူတို့၏ အသံဗလံတွေကြောင့် ပတ်ဝန်းကျင်ရှိ ခရီးသည်တချို့မှာ သွားလက်စ ခရီးကိုရပ်ကာ ငေးကြည့်နေကြသည်။

ကောင်းမြတ်သူ ရုန်းနေခိုက် မိန်းမချောကလေး၏ မိဘများဖြစ်ပုံရကြသော လူကြီးတွေလည်း အနီးသို့ရောက်လာခဲ့ကြသည်။

ကောင်းမြတ်သူမှာ လူကြီးတွေရောက်လာလျှင် အသနားခံသော မျက်နှာဖြင့် လှမ်းကြည့်ရင်း အကူအညီတောင်းသည်။

'ဒီမှာ ခင်ဗျ၊ ကျွန်တော့်ကိုကယ်ပါဦး၊ ဦးလေးတို့သမီး လူမှားပြီး ကျွန်တော့်ကို အတင်းဖက်ထားတယ် ခင်ဗျ'

ကောင်းမြတ်သူ၏ စကားအဆုံးတွင် လူကြီးနှုတ်ဖျားမှ စကားသံပေါ်ထွက်လာသည်။

'လူမှားတာ မဟုတ်ပါဘူး မောင်လွင်ကိုကိုရယ်၊ မင်းက သာ ဦးလေးတို့ကို တမင် အကြောင်းရိုက်နေတာပါ'

'ဟိုက်…'

ကောင်းမြတ်သူ၏နှုတ်ဖျားမှပေါ်ထွက်လာသောအာမေဋိတ်သံ။ သူ့အဖို့တော့ ရှေ့နေဗွားမှ ထောင်လုံးလုံးကျ ဆိုတာမျိုးလို့…မိန်းမချောကလေး၏ဖခင်ထံအကူအညီတောင်းမိမှ ချောက်ဒုက္ခဖြစ်ရလေပြီကော။

မိန်းမချောကလေး၏ မိခင်နှုတ်ဖျားမှလည်း စကားသံများ ထွက်ပေါ်လာပြန်သည်။

'ငါ့တူရယ်၊ နှစ်နှစ်လုံးလုံး မင်းဟာ ကိုယ်ရောင်ပျောက်နေခဲ့တာ အခုလောက်ဆိုရင် ကျေနပ်ရောပေါ့ကွယ်၊ ဒေါ်ဒေါ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



မသနားရင်တောင်မှ ဟောဒီက မင်းဇနီးအေးမြင့်သွယ်ကိုတော့ သနား ဖို့ကောင်းပါတယ် သားရယ်'

'အယ်... လုပ်လိုက်ကွ'

အဒေါ်ကြီး၏စကားသံအဆုံး၌ ပေါ်ထွက်လာသော ကောင်းမြတ်သူ၏အသံ။

အေးမြင့်သွယ် အမည်ရှိ မိန်းမချောကလေးကတော့ သူ့ကို တင်းကျပ်စွာ ဖက်ထားဆဲ။ သူ့မှာလည်း ရုန်းထွက်ဖို့ပင် မေ့ကာ အံ့ဩခြင်းစိတ်တွေက လွှမ်းကဲနေတော့သည်။

တစ်ဆက်တည်းမှာပင် ပျဉ်းမနားဘူတာရုံ၌ သူ့အား 'လွင်ကိုကို' ဟူ၍ အတင်းစွပ်စွဲကာ နှုတ်ဆက်ခဲ့သော 'ဘသိုက်' ကိုပါ ပြေး၍ သတိရမိတော့သည်။

'ဒါက ဘယ်လိုဖြစ်နေကြရတာလဲ၊ ပျဉ်းမနားတုန်းကလည်း တစ်ကြိမ်၊ အခုလည်းတစ်ကြိမ်၊ ငါ့ကို လွင်ကိုကိုဆိုပြီး မှားပြီးစွပ်စွဲနေကြတယ်၊ ငါနဲ့ လွင်ကိုကိုဟာ ဒီလောက်ပဲ ရုပ်ချင်းတူနေသလား၊ ငါနဲ့လွင်ကိုကိုဟာ အမြွှာညီအစ်ကိုမို့လား၊ အာ... ဒါလည်း မဖြစ်နိုင်ဘူး၊ မေမေဟာ ငါ့တစ်ယောက်တည်းကိုသာ မွေးခဲ့တာပဲ၊ ငါ့မှာ အမြွှာမွေးညီအစ်ကိုရှိတယ်လို့ တစ်ခါမှ မပြောခဲ့ဖူးဘူး၊ ငါ့အဖေကလည်း ဒီအတိုင်းပဲ၊ ရှိရင်လည်း ငါသိရမှာပဲ၊ ဒီတော့ ငါ ဘယ်လို လုပ်ရပါ့မလဲ'

ကောင်းမြတ်သူ စိတ်တွင်းမှတွေးရင်း ဦးနှောက်ချောက်နေတော့သည်။ သူဦးနှောက်ချောက်နေခိုက်မှာပင် အေးမြင့်သွယ်ထံမှ ငိုသံပါကလေးဖြင့် ပြောသံမှာ ပေါ်လာပြန်သည်။

'ကိုကိုရယ်၊ သွယ်တို့မှာဘာအပြစ်တွေများရှိနေလို့ဒီလောက် စိမ်းကားခဲ့ရတာလဲဟင်၊ ဒါမှမဟုတ် ကိုကို့မှာ ချစ်ခင်ရွယ်တာစရာ မိန်းမများရနေလို့လား၊ အဲဒီလိုဆိုရင်လည်း သွယ့်ကို ရှင်းရှင်းဖွင့်ပြော

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ ကိုကိုရယ်'

ကောင်းမြတ်သူမှာတော့ ထိုအမေးပုစ္ဆာကို မည်သို့ပြန်ဖြေရမည်မသိ ဖြစ်နေသည်။

သူ့အဖို့ ရှက်လည်း အလွန်ရှက်နေမိသည်။ သူ တစ်ကြိမ်တစ်ခါမှ တွေ့ဖူး သိဖူးခြင်းမရှိသော မိန်းမပျိုကလေးက သူ့အား ဖက်ထားခံရ၍ ရှက်သည်က တစ်မျိုး။ ပတ်ဝန်းကျင်ရှိလူများက သူတို့ကို အထူးအဆန်းသဖွယ် ဝိုင်းဝန်းကာကြည့်ရှုနေကြသည့်အတွက် ရှက်ရသည်က တစ်ဖုံ။

မိန်းမ မပြောနှင့် ရည်းစားပင် သူ့တစ်သက်တွင် ထားဖူးခဲ့ခြင်း မရှိခဲ့သော သူ့မှာ နေရင်းထိုင်ရင်း မိန်းမရနေ၍ ရှက်နေသည်ကတစ်ကြောင်း၊ သူ့ခမျာ အော်ဟစ်ကာ ငိုပစ်ချင်စိတ်ပေါက်နေရှာတော့သည်။

'ထိုင်နေ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ'ဟူသော စကားလို သူ့မှာလည်း မိုးညှင်းမြို့တွင်နေလျှင် အကောင်းသား၊ ရန်ကုန်မြို့သို့ ခြေရှည်ကာထွက်လာမိ၍ သူ့မှာတစ်ကြိမ်တစ်ခါမှ မြင်တွေ့ဖူးခြင်းမရှိသော မိန်းမကို ရနေလေပြီ။

'ဟာမလေးလေး… ငါ ဘယ်လိုကြံရပါ့မလဲ'

ကောင်းမြတ်သူ အခက်ကြီး ခက်နေရလေပြီ။

ကိုင်း… မောင်လွင်ကိုကို၊ ဆက်ပြီးတော့ ဦးလေးတို့ကို ဒုက္ခ မပေးပါနဲ့တော့ကွယ်၊ အိမ်ကိုသာလိုက်ခဲ့ပါ ဟုတ်ပြီလား'

အေးမြင့်သွယ်၏ ဖခင်ထံမှ စကားသံပေးလာပြန်သည်။

'ဟုတ်ကဲ့ အယ် ဟုတ်ပါဘူး၊ ကျွန်တော်က ဘာဆိုင်လို့ လိုက်ရမှာလဲ၊ ဦးလေးတို့တစ်တွေ လူမှားနေကြပြီ'

ကောင်းမြတ်သူ၏ စကားကြောင့် အေးမြင့်သွယ်အပါအဝင် သူ့မိဘများမှာ ကွက်ခနဲ မျက်စိမျက်နှာပျက်ကုန်ကြသည်။

'ကိုကိုရယ် ဒီလိုတော့ အကြောင်းမရှိက်စေပါနဲ့၊ ကိုကိုဟာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကိုကိုအစစ်ပါ၊ သွယ်တို့ ဘယ်နည်းနဲ့မှမမှားနိုင်ပါဘူး၊ ကိုကိုသာ သွယ်တို့အပေါ်မှာ တမင်စိမ်းကားနေတာ၊ ဒီတော့ သွယ်တို့နဲ့ အိမ်ကို လိုက်ခဲ့ပါ၊ ကိုကိုဟာ ဘာဖြစ်လို့ သွယ်တို့နဲ့နှစ်နှစ်ကျော်ကျော် အဆက် ဖြတ်ခဲ့ရတယ်ဆိုတာကိုလည်း သွယ်တို့ သိပ်သိချင်နေတယ် သိလား'

အေးမြင့်သွယ် ငိုသံပါကလေးဖြင့် တောင်းပန်နေသည်။

'ခက်တာပဲဗျာ၊ ကျွန်တော်က အမှန်ကိုအမှန်အတိုင်းရှင်းပြ နေတဲ့ဟာ ခင်ဗျားတို့က မယုံကြဘဲကိုး'

ကောင်းမြတ်သူ ညည်းညည်းညူညူဖြင့် ပြောပြနေသည်။

'ဟာ.. မင်း ရှင်းပြမယ်ဆိုတာက ယုံစရာမှမဟုတ်ဘဲ၊ ဘယ့်နှယ်ကွယ် ကိုယ့်ယောက်ျားတစ်ယောက်လုံးလုံးကို မိန်းမဖြစ်တဲ့ သူက မှားတယ်ဆိုတာ ဖြစ်မှမဖြစ်နိုင်တဲ့ဟာ၊ ဒီတော့ ငါ့တူ ရှင်းပြ နေပါနဲ့၊ မင်းမိန်းမပြောသလို အိမ်ကိုသာ လိုက်ခဲ့ပါကွယ်'

ဤအကြိမ်တွင်တော့ ကောင်းမြတ်သူမှာ စိတ်တိုကာ သွား တော့သည်။သူ၏မျက်နှာပေါ်တွင်လည်း ဒေါသရောင်သန်းလာသည်။

'တောက် ခင်ဗျားတို့ ကောင်းကောင်းပြောနေတာ မရဘူး သားဟင်၊ သွားစမ်းဗျာ၊ ခင်ဗျားကလည်း လူကိုအတင်းပဲ ဖက်ထား တာပဲ'

ကောင်းမြတ်သူပြောရင်း သူ့ကိုဖက်ထားသော အေးမြင့် သွယ်ကို ဆောင့်၍တွန်းပစ်သည်။

ကောင်းမြတ်သူ၏ ရုတ်တရက်အပြုအမူကြောင့် အေးမြင့် သွယ်မှာ 'အမေ့'ဟူ၍ အလန့်တကြားအော်ရင်း ဖင်ထိုင်လျက်လဲကျ သွားသည်။ သူတို့ကို ကြည့်နေကြသော လူတွေကလည်း ရုတ်ရုတ် သဲသဲ ဖြစ်သွားကုန်ကြသည်။

'ဟာ.. ဟိုလူ သူ့မိန်းမကို တွန်းပစ်လိုက်ပြီ၊ စိတ်[illegible] နှံ့ရဲ့ သားမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးသောလူက သူထင်မြင်ရာကို လှမ်းပြောသည်။ တစ်ဦးသောလူကလည်း ဝင်၍ထောက်ခံသည်။

'ဟုတ်လိမ့်မယ်ဗျ၊ ဒီလူ့ကြည့်ရတာ စိတ်နှံ့ပုံမရဘူး၊ ဒါ ထက် ဦးလေးတို့နဲ့ အဲဒီလူက ဘာတော်သလဲ'

'ကျုပ်တို့ သမက်ပါကွယ်'

အေးမြင့်သွယ်ဖခင်ကြီးကစိတ်မချမ်းမြည့်သံဖြင့် ပြန်ပြော သည်။ သူ၏စိတ်ထဲတွင်လည်း ကောင်းမြတ်သူကို စိတ်နောက်နေ သည်ဟု ထင်မှတ်မှားနေသည်။ (မခက်လား)

'ဒီလိုဆို သူ့ကို ဒီအတိုင်းကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဝိုင်းချုပ်ပြီး ခေါ်သွားမှပေါ့'

တစ်ဦးသောလူအုပ်တွင်းမှတစ်ဦးသောလူကအကြံပေးနေသည်။

'ဟုတ်တယ် အဲဒီအကြံ မဆိုးဘူး'

တစ်ဦးက ကန့်ကွက်မဲမရှိဘဲ ထောက်ခံနေသည်။

ကောင်းမြတ်သူမှာတော့ နေရင်းထိုင်ရင်း 'ပတ်ကလား' ဘဝသို့ ရောက်ရတော့မည်မို့ မျက်လုံးကြီးတွေ ပြူလာသည်။ အဲလေ မျက်လုံးကြီးတွေ ပြူးလာသည်။

'ဒုက္ခပါ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ လူတွေက ငါ့ကို အရူးလို့ ထင်ကုန်ကြပြီ၊ ငါတော့ ရန်ကုန်လာမိတာ မှားပြီထင်တယ်၊ ဟို သေနာကျ စိုးသိဏ်းကလည်း ပေါ်မလာဘူး၊ ဒီကောင်လာရင် လည်း ငါဖြေရှင်းပြလို့ရသေးတယ်၊ အခုတော့ ရှင်းလေ ရှုပ်လေဖြစ် နေပြီ၊ မိုးညှင်းမြို့က မေမေရေ သားဒုက္ခကိုလာပြီးကယ်နိုင်ရင် ကယ်စမ်းပါဗျာ'

'ခလုတ်ထိမှအမိတ'ဟူသော စကားအတိုင်း ကောင်းမြတ် သူမှာ ဒုက္ခဖြစ်နေသဖြင့် မိခင်ကြီးကို စိတ်တွင်းမှ တနေမိသည်။

စိတ်လည်းအတော်ပင် ညစ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက ဘယ်လို ဖြစ်ပြီး အခုလို ရှုးသွားရတာလဲ ဦး'
လူအုပ်တွင်းမှ လူတစ်ဦးက စပ်စုနေပြန်သည်။

'အဲဒါတော့ ဦးတို့လည်း မသိပါဘူးကွယ်၊ သူနဲ့ဦးလေးသမီး ဖော ကျောင်းနေကတည်းက ရည်ငံခဲ့ကြတာပါ၊ သူတို့နှစ်ဦးစလုံး ဘတ္တသိုလ်က ဒီဂရီတွေရခဲ့ကြတဲ့အခါကျတော့ ဦးတို့ကရော သူ့ဖခင် ဘပါ သူတို့ကို လက်ထပ်ပေးကြဖို့ သဘောတူကြတယ်၊ အဲ.. လက်ထပ်မယ့်နေ့မှာ ဟောဒီ ဦးရဲ့သမက် မောင်လွင်ကိုကိုဟာ သံ ကြိုးစာတစ်စောင်ကို ရလိုက်တယ်၊ အဲဒီသံကြိုးစာလည်းရရော သူဟာ မင်္ဂလာပွဲကိုပစ်ပြီး ထွက်သွားလိုက်တာ၊ အခုမှပဲ ပြန်တွေ့ရတော့ ဘာပါပဲကွယ်'

အေးမြင့်သွယ်၏ ဖခင်က အတိုချုံးကာ ရှင်းလင်းပြောပြ နေသည်။ ထိုရှင်းလင်းချက်ကို အနီးတွင်ရှိနေသော ကောင်းမြတ်သူပါ ကောင်းကောင်းကြားလိုက်မိသည်။

သို့ဖြစ်၍ သူသည် ဝမ်းသာအားရ ပြန်ပြောတော့သည်။

'အာ.. အဲဒီလိုဆိုရင် ဦးလေးတို့ သိပ်ကိုမှားနေပြီ၊ ကျွန် တော့်နာမည်က ကောင်းမြတ်သူပါ၊ နေတာက မိုးညှင်းမြို့မှာနေပါ တယ်၊ ကျွန်တော့်အမေက ဒေါ်လှသူတဲ့၊ အဲ... ကျွန်တော့်အဖေက တော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကပဲ ဆုံးသွားပါတယ်၊ ကျွန်တော်ဟာ ဘတ္တသိုလ်က ဘာဒီဂရီမှ မရသေးပါဘူး၊ မြစ်ကြီးနားကောလိပ်ထွက် ပါခင်ဗျာ၊ မယုံရင် ကျွန်တော့်မှတ်ပုံတင်ကို ကြည့်ကြပါ ဟုတ်လား'

ကောင်းမြတ်သူပြောသံကြောင့် စပ်စုသောလူက 'ဘယ်လို လဲ' ဟူသောအကြည့်မျိုးဖြင့်အေးမြင့်သွယ်ဖခင်ကြီးကိုလှမ်းကြည့်သည်။

အေးမြင့်သွယ်၏ ဖခင်ကြီးက ခေါင်းကိုအသာရမ်းပြရင်း ပြန်ပြောသည်။

'အိုကွယ် သူကစိတ်နောက်နေလို့ ပြောချင်တာတွေ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတဲ့ဟာ၊ ဒီတော့ သူ့ကိုခေါ်နိုင်အောင် မောင်ရင်တို့က ဝိုင်းကူ
ကြပါကွယ်'

အေးမြင့်သွယ်၏ဖခင်စကားကို ကြားရလျှင် ကောင်းမြတ်သူ
မှာ မြေစီမ်းအပေါ်က်ခံလိုက်ရသူပမာ တစ်ကိုယ်လုံး မွန်ထူကာ သွား
တော့သည်။ အေးမြင့်သွယ်မှာလည်း လဲနေရာမှပြန်ထရင်း ကောင်း
မြတ်သူအား ကရုဏာသက်သော အကြည့်ဖြင့် ငေးကြည့်နေမိသည်။

အေးမြင့်သွယ်၏ဖခင် စကားအတိုင်း ဝိုင်းအုံကာကြည့်နေ
ကြသော လူများထဲမှ ကာယဗလတောင့်တင်းကြံ့ခိုင်သော လူလေးဦး
မှာ ကောင်းမြတ်သူ၏ဝဲယာတွင် နှစ်ဦးစီခွဲကာ ရပ်လိုက်ကြသည်။

ကောင်းမြတ်သူမှာလည်း ဗလခေသူမဟုတ်ပေ။

ထို့အပြင် ယနေ့လူငယ်တိုင်းအနည်းနှင့်အများ တတ်မြောက်
ကာထားကြသော ကိုယ်ခံသိုင်းပညာများကိုလည်း တတ်မြောက်ထား
သူဖြစ်သည်။ ကျောင်းနေခဲ့စဉ်ကလည်း သူသည် လက်ဝှေ့ကျော်တစ်
ဦးလည်းဖြစ်ခဲ့သည်။ သည်တော့ သူ့အား ဝိုင်းရံထားကြသော လူလေး
ဦးကို သူ မမှုပေ။ ပြန်လည်ခုခံနိုင်သော အင်အား သူ့တွင် ရှိသည်။

သို့သော် ယခု သူ့အား ဝိုင်းဝန်းကာ ချုပ်နှောင်ကြမည့်
သူများမှာ သူ့အား ရန်မူလိုစိတ်ရှိကြသူများ မဟုတ်ပေ။

အေးမြင့်သွယ်၏ဖခင် မေတ္တာရပ်ခံချက်အရ သူ့ကိုဝိုင်းဝန်း
ဖမ်းချုပ်ကာ အကူအညီပေးကြမည့်သူများသာ ဖြစ်ကြသည်။ ထိုလူ
များအား သူက ရန်သူပမာ ပြန်လည်ထိုးကြိတ်ခြင်း မပြုလိုပေ။

ထိုးကြိတ်လျှင်လည်း မတရားရာ ကျပေမည်။ သည်တော့
သူ ဘာလုပ်ရမည်နည်း။ **ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်
သူတို့လက်က အလွတ်ပြေးရမည်လော…။**

ထိုသို့ပြေးရန်လည်း မလွယ်ပေ။ လူတွေအားလုံးက သူ့ကို
အရူးဟုထင်မှတ်မှားနေကြ၍ သူ့နောက်သို့ ညာသံပေးကာ ဝိုင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



...ခြည်ကား မလွဲပေ။ သူ့အနေဖြင့် မည်သို့ပြုရမည်နည်း။

ကောင်းမြတ်သူ မတွေးတတ်အောင်ကို ဖြစ်နေသည်။ ဝဲယာ...က်မှ လူတွေကလည်း သူ့အနီးသို့ တဖြည်းဖြည်းတိုးကာ လာနေ...ပြီ၊ ကျန်လူများကလည်း သူတို့တတွေကို စိတ်ဝင်စားကြစွာဖြင့် ...ကြည့်နေကြသည်။

ကောင်းမြတ်သူမှာလည်း အဖမ်းမခံရစေရန် သူ ကျောပေး...ာနေသောမီးရထားတွဲများပေါ်သို့ တက်ပြေးရကောင်းမည်လား။

ဝိုင်းထားသော လူအုပ်ကြီးအား တိုးဖေ့ကာ ထွက်ပြေးရ...င်းမည်လားဟူ၍ တွေးတော စဉ်းစားနေသည်။ သူ စဉ်းစားနေ...မှာပင် စေတနာ့ဝန်ထမ်း လူလေးဦးက တစ်ဖက်တွင်နှစ်ဦးကျဖြင့် ...က်မောင်းနှစ်ဖက်ကို တစ်ပြိုင်နက် ဖမ်းချုပ်ထားလိုက်ကြသည်။

'အား... အား.. ဒါ... ဒါ ဘာလုပ်တာလဲဗျ လွှတ်ပါ'

ကောင်းမြတ်သူ ရုန်းကန်ရင်း ပြန်ပြောသည်။ သူ ရုန်းခါ...သူ့ကို ဖမ်းချုပ်ထားကြသူများက ပိုမို၍ တင်းကျပ်စွာ ဖမ်းချုပ်...ကြသည်။

'အာ အမယ်လေး... အ..အ အနာရှိတယ်ဗျ'

ကောင်းမြတ်သူ ဉာဏ်ဆင်ကာ အော်သည်။ သူ့ကို ဖမ်းချုပ်...ပြိုင်ဆင်ကြသော လူများမှာလည်း တကယ်မှတ်ကာ ယောင်...င်ယမ်းယမ်းဖြင့်ချုပ်ထားသော လက်ကိုလွှတ်ပေးလိုက်ကြသည်။

လူတွေက လွှတ်ပေးလိုက်သည်နှင့် ကောင်းမြတ်သူလည်း ...ကုန်ခံကာ စဉ်းစားမနေတော့ဘဲ သူကျောပေးထားရာ မီးရထား...ပြီးပေါ်သို့ ချာခနဲလှည့်ကာ တက်ပြေးတော့သည်။

'ဟာ... ဟိုမှာ ထွက်ပြေးသွားပြီ၊ လိုက်ကြပါဗျို့'

တစ်ဦးသောလူက အလန့်တကြား လှမ်းအော်ပြောသည်။ ...လည်း ကောင်းမြတ်သူထွက်ပြေးရာသို့ ညာသံပေးကာ လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

'လိုက်ကြဟေ့၊ လိုက်ကြ၊ မလွတ်စေနဲ့'

လူတွေက အော်ကြရင်း ကောင်းမြတ်သူတက်ပြေးရာ
ပေါ်သို့ လိုက်လာကြသည်။ လိုက်လာကြသူများထဲတွင် အေးမြင့်သ
နှင့် သူ့မိဘနှစ်ပါးလည်း ပါလာကြသည်။

ကောင်းမြတ်သူမှာ တွဲပေါ်သို့လူတွေ တက်လိုက်လာ
သည်ကို တွေ့ရလျှင် သူသည် တစ်ဖက်ပေါက်မှဆင်းကာ မီးရထ
သံလမ်းအတိုင်း ဆက်ပြေးသွားတော့သည်။

'ဟေ့.. ဟေ့ ဟိုမှာ ဆင်းပြေးသွားပြီ၊ ဆက်လိုက်ကြ..
တစ်ဦးသောလူက လှမ်းအော်ပြောသည်။

ကျန်သောလူများမှာ ကောင်းမြတ်သူ ဆင်းပြေးရာနောက်
ဆက်လိုက်ကြသည်။

'ဟေ့.. ဟေ့... ဟေ့လူ မပြေးနဲ့၊ ရပ်နေလိုက်၊ ခွေးရူးဗျို့
ခွေးရူး၊ အဲ... ဟုတ်ပါဘူး၊ လူရူးဗျို့ လူရူး ရှေ့ကလူတွေ ဖမ်းထ
လိုက်ကြပါ'

နောက်ဘက်မှ အော်သံတွေ ထွက်ပေါ်လာသည်။ ကော
မြတ်သူတော့ နောက်သို့လှည့်မကြည့်ဘဲ ဝဲယာနှစ်ဖက်တွင် သံဆူး
များကာရံထားသောမီးရထားသံလမ်းအတိုင်းရှေ့သို့ပြေးနေတော့သည

သူပြေးသလိုပင် နောက်မှလိုက်သူများကလည်း လိုက်နေ
သည်။ ထိုအခိုက်မှာပင် ကောင်းမြတ်သူ ပြေးနေသော သံလမ်း
ဘက်တွင် မီးရထားခေါင်းတွဲကြီးမှာ ရှန့်တိန်.. လုပ်ရန် အရှိန်ပြင်း
ဖြင့် မောင်းဝင်လာသည်။

ကောင်းမြတ်သူမှာ မီးရထားကြီးလာနေသည်ကို တွေ့ရ
ပြေးနေရာမှ ရပ်နေသည်။ ရပ်နေရာမှ သူ့နောက်သို့ ဝိုင်းလိုက်လာ
ကြသော လူများဘက်သို့ တစ်ချက်လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေမှာမူ မီးရထားကြီးကို သတိပြုမိဟန် မပေါ်သေးပေ။ ထားကြီးမှာ သံလမ်းပေါ်တွင် လူတွေရှိနေသည်ကို တွေ့ရလျှင် ထားမောင်းသူက 'တူ…'ခနဲ ဥသြသံပေးသည်။ ဥသြသံနှင့် ာ ကောင်းမြတ်သူ၏ အော်သံမှာလည်း ရှေ့ဆင့်နောက်ဆင့် ပေါ် သည်။

'ဟေးလူဟေ့ ပြေးကြဗျို့၊ မီးရထားကြီး လာနေပြီ'

ကောင်းမြတ်သူ၏ အသံကြောင့် သူ့ကိုလိုက်နေကြသော တွေမှာ တုံ့ခနဲရပ်တန့်ကာ သွားကြသည်။ ကောင်းမြတ်သူ ကတော့ ထားကြီးနှင့် မတိုက်မိစေရန် သူတို့ဘက်သို့ ပြန်ပြေးလာသည်။

ထိုအခါတွင် သူ့ကို လိုက်နေကြသောလူတွေမှာလည်း တ်အားလန့်အားဖြင့် လာလမ်းအတိုင်း ခြေကုန်သုတ်ကာ ပြန် ပြေးကြတော့သည်။

'ပြေးကြဗျို့၊ ပြေး… ပြေး ပြေးနိုင်မှ လွတ်မနော်'

ကောင်းမြတ်သူ နောက်ဘက်မှ ညာသံပေးကာ အော်ရင်း သည်။ အခြေအနေမှာ ပြောင်းပြန်တွေဖြစ်ကုန်ကြတော့သည်။ ာက ကောင်းမြတ်သူက ရှေ့မှပြေး၍ လူအုပ်ကြီးက နောက်မှ ကြသည်။

ယခုမူ လူအုပ်ကြီးက ရှေ့မှပြေးကာ ကောင်းမြတ်သူက မှ ပြေးလိုက်နေသည်။ (ရယ်စရာ မကောင်းလား)

မီးရထားကြီးမှာလည်း ဥသြသံတွေပေးကာ နောက်မှ ခုတ် လျက်ပင် ရှိနေသည်။ နောက်ဆုံးတွင်တော့ လူအုပ်ကြီးမှာ ားကြီးအတိုက် မခံကြရစေရန် လွတ်ရာပလက်ဖောင်းသို့ သူ့ ခုန်တက်လိုက်ကြသည်။

လဲသူတွေလဲ ကွဲသူတွေကွဲ လုံချည်တွေ ကွင်းလုံးကျွတ်ကျ ဖြင့် ဆူညံကာသွားသည်။ ကောင်းမြတ်သူမှာလည်း တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းပေါ်သို့ ကျွမ်းထိုးကာ ခုန်တက်လိုက်ရသည်။

သူတို့အားလုံး ပလက်ဖောင်းများပေါ်သို့ ရောက်သွားချိ
တွင် မီးရထားကြီးမှာ တရှူးရှူးတရှဲရှဲဖြင့် သူတို့ကိုဖြတ်ကာ တ
ဖက်သို့ ဆက်၍ မောင်းသွားသည်။

လူအုပ်ကြီးနှင့် ကောင်းမြတ်သူမှာ ပလက်ဖောင်းတစ်ဖ
စီတွင် မျက်နှာချင်းဆိုင် ရောက်နေကြသည်။

'ဗိုး... မောလိုက်တာဗျာ၊ ကံကောင်းလို့ ရထားတို
မသေတယ်'

ကောင်းမြတ်သူ မောဟိုက်သံကြီးဖြင့် တစ်ဖက်ရှိလူအုပ်
လှမ်းပြောနေသည်။

'အေးဗျာ မီးရထားကြီး လာနေတာကို ကျုပ်တို့က မမြ
ဘူး၊ ခင်ဗျားက အော်လိုက်တော့မှ ကျုပ်တို့လည်း သိရတော့တယ်
ဟူး မောလိုက်တာ'

လူအုပ်တွင်းမှ တစ်ဦးကလည်း ပြန်ပြောသည်။ ခေ
ခဏတော့ သူတို့တစ်တွေမှာ ကောင်းမြတ်သူအား လိုက်ဖမ်းသ
ကိစ္စကို မေ့နေကြသည်။

သူတို့မေ့နေကြသလိုပင် ကောင်းမြတ်သူကလည်း အလ
တွင် ထပြေးရန် မေ့နေသည်။ ထိုအခိုက် အေးမြင့်သွယ်၏ ဖခင်အ
မှာ ပေါ်လာသည်။

'ဟေ့.. ဟေ့ မင်းတို့ ငါ့သမက်ကို လိုက်ဖမ်းဖို့ မေ့နေ
ပြီလား'

ထိုအသံကြားမှ လူတွေမှာ သတိရသွားကြတော့သည်။

'ဟာ..ဟ ဟုတ်သားပဲ၊ ဟေ့လူ လာခဲ့ မပြေးနဲ့'

တစ်ဦးက ကောင်းမြတ်သူရှိရာ ပလက်ဖောင်းဘက်သို့ လှ
အော်သည်။ ထိုအသံကြားရလျှင် ကောင်းမြတ်သူမှာလည်း သတိ

www.burmeseclassic.com

www.burmeseclassic.com



ာ ဟဲ့.. ချောက်ချေး ဟူ၍အော်ရင်း ထိုင်နေရာမှ တအားကုန်ထ
ာ တစ်ဖက်သို့ လှည့်ပြေးတော့သည်။

သူပြေးသည်နှင့် အမောဖြေနေကြသော လူအုပ်ကြီးမှာလည်း
ဘသံပေးကာ နောက်မှ ဝိုင်းလိုက်ကြပြန်သည်။

'ဖမ်းလိုက်ကြပါဗျို့၊ အဲဒီလူဟာ စိတ်နောက်နေတယ်၊
လွှတ်ပါစေနဲ့'

နောက်ဘက်မှလူတွေ၏ ဝိုင်းအော်မှုကြောင့် ရှေ့မှပြေးနေ
သော ကောင်းမြတ်သူမှာ မီးရထားလက်မှတ်စစ်တို့၏ ဝိုင်းဝန်းဖမ်း
ဆီးခြင်းကို ခံလိုက်ရရှာတော့သည်။

'ကျွန်တော် မရူးပါဘူးဗျာ၊ သူတို့တစ်တွေသာ ရူးနေကြလို့
ခုလို ကျွန်တော့်ကို လိုက်ဖမ်းနေကြတာပါဗျာ'

ကောင်းမြတ်သူ မောဟိုက်သံကြီးဖြင့် သူ့အားဖမ်းထားကြ
သော မီးရထားလက်မှတ်စစ်များကို ရှင်းလင်းပြောပြနေသည်။

'အာ... အဲဒါ ကျုပ်တို့ မသိဘူး၊ သူတို့လာမှ စစ်ဆေးပေး
မယ်၊ အခုတော့ ခင်ဗျား ငြိမ်ငြိမ်ကလေးနေဦး'

လက်မှတ်စစ်တစ်ဦး၏ စကားကြောင့် ကောင်းမြတ်သူမှာ
ငြိမ်နေရတော့သည်။ မကြာမီ နောက်မှလူအုပ်ကြီးကလည်း သူ့ကို
ရောက်ကြသည်။ အေးမြင့်သွယ်တို့မိသားစုလည်း မောကြီးပန်းကြီးဖြင့်
လူအုပ်ကြီးနှင့်အတူ ပါလာကြသည်။

အေးမြင့်သွယ်သည် ကောင်းမြတ်သူ၏ အနီးသို့အရောက်
တွင် 'ကိုကို... ကိုကို'ဟူ၍ မောဟိုက်သံကြီးဖြင့်ခေါ်ရင်း ပြေးဖက်
ထားပြန်သည်။

'အာ.. ခင်ဗျား လူကို လာဖက်ပြန်ပြီလား၊ တောက်...'

ကောင်းမြတ်သူ ဒေါသသံဖြင့် အေးမြင့်သွယ်ကို ပြောသည်။

'သတိထားပါဦး ကိုကိုရယ်၊ ကိုကို အင်မတန် ချစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ် ခင်ပါတယ်ဆိုတဲ့ ချစ်ဇနီးအေးမြင့်သွယ်လေ'

အေးမြင့်သွယ် ၀ိသံပါကလေးဖြင့် ကောင်းမြတ်သူကို တောင်းပန်နေသည်။ ကောင်းမြတ်သူကို ဖမ်းထားကြသော လက်မှတ်စစ်များကတော့ ပါးစပ်ကြီးတွေ အဟောင်းသားဖြင့် သူတို့ကို ငေး ကြည့်နေကြသည်။

'နေကြပါဦး၊ သူဟာ ခင်ဗျားယောကျ်ားလား'

တစ်ဦးသော လက်မှတ်စစ်က မေးသည်။

'ဟုတ်ပါတယ်ရှင်'

'အာ... မဟုတ်ဘူး၊ သူ အာလူးဖုတ်နေတာဗျ'

ကောင်းမြတ်သူကလည်း ပြန်ပြောသည်။ လက်မှတ်စစ်တွေ မှာ သူတို့နှစ်ဦးကိုကြည့်ကာ ဝေခွဲမရဖြစ်နေကြသည်။

'အခု ဘယ်လိုဖြစ်ကြတာလဲ'

လက်မှတ်စစ်တစ်ဦးက အေးမြင့်သွယ်ကို မေးနေသည်။

'နေဦး... နေဦး၊ ဒီကိစ္စကို ဦးလေးရှင်းပြပါ့မယ်'

အေးမြင့်သွယ်၏ဖခင်က သူတို့ထဲသို့ ဝင်ပြောသည်။

'ခင်ဗျားက ဘယ်သူလဲ၊ သူတို့နဲ့ ဘာတော်သလဲ'

လက်မှတ်စစ်က လှမ်းမေးသည်။

'ကျုပ်က ဟောဒီက သမီးအေးမြင့်သွယ်ရဲ့ ဖခင်ပါ၊ သူက တော့ အေးမြင့်သွယ်ရဲ့ အမေပဲ၊ ကျုပ်တို့နာမည်က ဦးသိန်းမြင့် ကျုပ်ဇနီးနာမည်က ဒေါ်ရီပါ၊ သူကတော့ ကျုပ်တို့သမက် မောင်လွင် ကိုကိုတဲ့'

အေးမြင့်သွယ်၏ဖခင်ဖြစ်သူ ဦးသိန်းမြင့်မှာ စောစောက လူအုပ်ကြီးကို ရှင်းပြခဲ့ရသလို ရှင်းပြနေရပြန်သည်။

'သူတို့နှစ်ဦးစလုံးဟာ ရန်ကုန်တက္ကသိုလ်မှာ နေကြတုန်း တည်းက မေတ္တာရှိခဲ့ကြတာပါ၊ ဒါနဲ့ သူတို့ တက္ကသိုလ်ကဘွဲ့တွေ

www.burmeseclassic.com



ဦးကြတဲ့ နှစ်မှာပဲ မောင်လွင်ကိုကိုရဲ့ ဖခင်ဖြစ်သူနဲ့တိုင်ပင်ပြီး ဦးလေး တို့ အရင်က နေထိုင်ခဲ့ကြတဲ့ တောင်ကြီးမြို့မယ် လက်ထပ်ပေးကြဖို့ စီစဉ်ခဲ့ကြပါတယ်၊ အဲ... လက်ထပ်မယ့်နေ့ မနက်ပိုင်းမှာတော့ ဘာဒီ မောင်လွင်ကိုကိုဆီကို သံကြိုးစာတစ်စောင် ရောက်လာတယ်၊ ဒီစာလည်းရရော မောင်လွင်ကိုကိုဟာ ခဏဆိုပြီးထွက်သွားလိုက်တာ ပေါ်ကို မလာတော့ဘူး...'

'ဒါဖြင့် အခု သူက...'

လက်မှတ်စစ်တစ်ဦးက ဖြတ်မေးရန်ပြင်သည်။

'နေဦးလေ.. ဦးလေး ရှင်းပြပါ့မယ်၊ အဲဒီလို သူပျောက်နေ တာနဲ့ ဦးလေးတို့မှာ သတို့သားမပါသော မင်္ဂလာဆောင်ကို ကျင်းပ ကြရတယ်၊ မကျင်းပလို့လည်း မဖြစ်ဘူးလေ၊ ဖိတ်စာတွေကလည်း ဝေပြီးပြီ၊ စားဖို့သောက်ဖို့ အစီအစဉ်တွေကလည်း လုပ်ပြီးပြီကိုး၊ ဦးလေးတို့စိတ်ထဲမှာတော့ မောင်လွင်ကိုကိုဟာ ခရီးလွန်နေလို့ အချိန် မှီ ပြန်မလာတာပဲ၊ နောက်တစ်နေ့တော့ လာမယ်ထင်နေကြတာကိုး၊ ဒါပေမဲ့ ပေါ်ကိုမလာတော့ဘူး၊ ဦးလေးတို့မှာလည်း သူ့ကို နှစ်နှစ်လုံး လုံး တပည့်တွေလွှတ်ပြီး လိုက်ရှာခိုင်းခဲ့တယ်၊ တောင်ကြီးမှာဆက်ပြီး နေဖို့လည်း ဦးလေးတို့ဟာ ရှက်နေတယ်၊ ဘာပြုလို့လဲဆိုတော့ မောင် လွင်ကိုကိုက ပြန်ကိုမလာလို့ပဲ၊ မိတ်ဆွေတွေကလည်း ဒီကိစ္စကို အခဏလာပြီး မေးမြန်းနေကြတာကိုး၊ ဒါနဲ့ ဦးလေးတို့ဟာ လွန်ခဲ့ တဲ့ ခြောက်လလောက်ကတည်းက ဒီရန်ကုန်ကို ပြောင်းလာခဲ့ကြ တယ်၊ သူ့ကိုတော့ လူလွှတ်ပြီး ရှာမြဲရှာနေတာပါပဲ၊ သတင်းစာတွေ ထဲမှာတော့ မကြာခဏထည့်ပြီး လူပျောက်ကြော်ငြာကို ထည့်ခဲ့ပါ တယ်၊ အဲဒါ မနေ့ညကတော့ ဦးလေးရဲ့တပည့်တစ်ဦးဖြစ်တဲ့ ဘသိက် ဆီက တယ်လီဖုန်းလာတယ်၊ သူက တယ်လီဖုန်းကနေ ဘယ်လို ပြောင်းပေးသလဲဆိုတော့ ဦးလေးရဲ့သမက် မောင်လွင်ကိုကိုဟာ

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးစာပို့ရထားနဲ့ ရန်ကုန်ကို ပါလာလိမ့်မယ်တဲ့ သူနဲ့ပျဉ်းမနား ဘူတာမှာ တွေ့ရတယ်လို့ပြောတယ်၊ နောက် လွင်ကိုကိုဟာ စိတ် ဖောက်ပြန်နေပုံရတယ်တဲ့၊ သူ့ဆီကဆက်လိုက်တဲ့ ဖုန်းကြောင့် ဦးလေး တို့မိသားစုဟာ ဒီကနေ့မနက် မန္တလေးစာပို့ရထားကြီးဆိုက်ချိန်မှာ အခုလို လာခဲ့ကြတာပါကွယ်၊ အဲဒါ သူနဲ့တွေ့တော့ ဦးလေးတို့က ကော သူ့ဇနီးကပါခေါ်တာ သူက မလိုက်ဘူး၊ သူဟာ လွင်ကိုကို မဟုတ်ဘူး၊ ကောင်းမြတ်သူပါလို့ ပြောနေတယ်လေ၊ အဲဒါကြောင့် အနီးမှာရှိကြတဲ့ ခရီးသည်တွေရဲ့ အကူအညီကိုတောင်းပြီး သူ့ကို ဖမ်းခေါ်ဖို့ ကြိုးစားခဲ့ရာမှာ အခုလို သူက ထွက်ပြေးတော့တာပါပဲ မောင်ရင်တို့ရယ်'

ဦးသိန်းမြင့်က လက်မှတ်စစ်များအား ရေလည်စွာ ရှင်းလင်း ပြောပြနေသည်။ လက်မှတ်စစ်များက စိတ်ဝင်စားစွာဖြင့် နားထောင် နေကြသည်။ ကောင်းမြတ်သူကလည်း ဦးသိန်းမြင့်၏စကားအဆုံး ဝင်၍ပြောသည်။

'သူတို့တစ်တွေဟာ ကျွန်တော့်ကို သူတို့သမက် လွင်ကိုကို မှားနေကြတာပါ၊ ကျွန်တော်ဟာ လွင်ကိုကိုမဟုတ်ပါဘူးဗျာ၊ မိုးညှင်း မြို့သား ကောင်းမြတ်သူပါ၊ ကျွန်တော် အခုလာခဲ့တာဟာလည်း မိုးညှင်းမြို့ကပါပဲ၊ ကျွန်တော့်မယ် မိန်းမ မပြောနဲ့ ရည်းစားတောင် မရှိသေးပါဘူး၊ ပြီးတော့ ကျွန်တော့်မှတ်ပုံတင်ကိုလည်း စစ်ကြည့် ကြပါဦး၊ အခုလိုပြောနေတာဟာ ကျွန်တော်ရူးလို့ ပြောနေတာ မဟုတ် ပါဘူး၊ အရှိကိုအရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ပြောပြနေတာပါ သူတို့ကိုလည်း ကျွန်တော့်တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး ခဲ့ပါဘူးဗျာ'

ကောင်းမြတ်သူ ပြောပြနေသည်ကိုလည်း လက်မှတ်စစ်များ က စိတ်ဝင်စားစွာဖြင့်ပင် နားထောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကိုပဲကြည့်တော့ မောင်ရင်တို့ရယ်၊ ဦးလေးသမက်က
နဂိုစိတ်ရင်း လုံးလုံးမရှိတော့ပါဘူး'

ဦးသိန်းမြင့်က စိတ်ထိခိုက်သံဖြင့် ဝင်ပြောသည်။

လက်မှတ်စစ်များမှာလည်း မည်သူကမှန်၍ မည်သူကမှား
ဟု ဆုံးဖြတ်ရန် ခက်နေကြတော့သည်။ အေးမြင့်သွယ်ကတော့
တလေးဖြင့် ကောင်းမြတ်သူကို ပြောနေသည်။

'ကိုကို.. သတိထားပါ ကိုကိုရယ်၊ ဘာတွေလျှောက်ပြော
ာလဲဟင်၊ သွယ်တို့နဲ့လိုက်ခဲ့နော် ကိုကို၊ အချိန်လည်း သိပ်ကုန်
လိုက်ခဲ့နော် ကိုကို'

'အာ.. ဘာဆိုင်လို့ လိုက်ရမှာလဲဗျ၊ ကျုပ်မှ လွှင်ကိုကို
တ်တာ'

ကောင်းမြတ်သူ ခါးခါးသီးသီး ငြင်းနေသည်။

'ဟဲ့.. မောင်ရင်တို့ရယ်၊ ဦးလေးသမက်ကို အိမ်ခေါ်ဖို့
အညီပေးကြပါဦး'

ဦးသိန်းမြင့်ကလက်မှတ်စစ်များထံအကူအညီတောင်းနေသည်။

'ဟုတ်ပါတယ်ရှင်၊ ညီမတို့ကို သနားရင် ညီမယောကျ်ားကို
ရောက်အောင် ပို့ပေးကြပါရှင်'

အေးမြင့်သွယ်ကလည်း အကူအညီတောင်းနေသည်။

'ဟုတ်ကဲ့... ငါ့ညီမပြောသလို အိမ်အရောက်ကူညီဖို့က
မဖြစ်ဘူးခင်ဗျ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာက
တာဝန်ရှိသေးတယ်'

'အိမ်ကိုရောက်အောင် ကူညီဖို့ မလိုပါဘူးရှင်၊ ဒီဘူတာ
ာက်မှာ ညီမတို့အိမ်က ကားပါလာပါတယ်၊ အဲဒီကားပေါ်
ရင် တော်ပါပြီ'

အေးမြင့်သွယ်က ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်... ဩော်... ဒီလောကကတော့ ကျွန်တော်တို့ ကျ
နိုင်ပါတယ်လေ'

လက်မှတ်စစ်တစ်ဦးက ပြန်ပြောသည်။ထိုစကားသံ
ကြောင့် ကောင်းမြတ်သူမှာ တုန်လှုပ်နေတော့သည်။

'အာ.. အာ... ကြည့်လည်းလုပ်ကြပါဦး မိတ်ဆွေတို့ရ
ကျွန်တော်ဟာ လွင်ကိုကို မဟုတ်ပါဘူးလို့ ဘယ်နခါပြောရမှာ

ကောင်းမြတ်သူ အသနားခံသော မျက်နှာကလေးဖြင့်
နေသည်။

လက်မှတ်စစ်များကတော့ ယုံကြည်ပုံမပေါ်ကြပေ။

'အေးလေ... ခင်ဗျားဟာ လွင်ကိုကိုလား ကောင်းမြတ်
လားဆိုတာ နောက်ကျတော့ ပေါ်လာမှာပေါ့။ အခုတော့ သူတို့
ကို အေးအေးဆေးဆေးလိုက်သွားပါဗျာဟုတ်ပြီလား၊ ကဲ...
သွားကြမယ်'

တစ်ဦးသော လက်မှတ်စစ်က စကားအဆုံးတွင် ကော
မြတ်သူ၏ ညာလက်ကို ဆတ်ခနဲ ဖမ်းကိုင်သည်။ ကျန်တစ်ဦ
ဘယ်ဘက်လက်ကို ဖမ်းကိုင်သည်။

ကောင်းမြတ်သူ မငြင်းသာတော့ပေ။ စိတ်ဓာတ်တွေ
တော်တော်ကျသွားတော့သည်။ သူ့အနေဖြင့် ဆက်ငြင်းနေ၍
ရတော့မည် မဟုတ်ကြောင်းကို သိနေသည်။

'ကျွန်တော် ရှင်းပြတာကို နောင်ကြီးတို့မယုံလို့ သူတို့
ထည့်မယ်ဆိုရင်လည်း ထည့်ပေါ့ဗျာ၊ အဲ ဒါပေမဲ့ သူတို့ ဘာ
လုပ်ကိုင်ကြတယ်ဆိုတာရယ်၊ ဘယ်နေရာ ဘယ်ဒေသမှာ
ဆိုတာကိုတော့ မှတ်ထားကြပါဦး၊ ဒါဟာ ဘာဖြစ်လို့ပြောနေ
ဆိုတော့ ဒီခေတ်ကြီးဟာ အယောင်ဆောင်တွေနဲ့ ကြောင်သူတော
ဟာ သိပ်များနေလို့ပါ၊ တကယ်လို့ သူတို့ဟာ သူတို့သမက်လွင်

www.burmeseclassic.com



နဲ့ ရိုးရိုးသားသားမှားတယ်ဆိုရင် အကြောင်းမဟုတ်ဘူး၊ ဒီလိုမဟုတ်ဆဲ မဟုတ်တာတွေ လုပ်ချင်ကြလို့ ကျွန်တော့်ကို အခုလို အကြောင်းနိုက်ပြီးခေါ်တာဆိုရင် ကျွန်တော့်မှာကြားထဲက အချောင်နေဒုက္ခဖြစ်နိုင်လို့ပါ'

ကောင်းမြတ်သူ၏ စကားမှာ မှန်ကန်နေသည်။

'အမယ်.. ခင်ဗျားကပေမယ့် စိတ်သာမနဲ့တာ၊ ဒီလိုကျတော့လည်း သိတတ်သားပဲ ဟဲဟဲ'

တစ်ဦးသော လက်မှတ်စစ်က ပြောပြီးရယ်နေသည်။

ဦးမြင့်သိန်းကလည်း ပြုံးရယ်ရင်း ကောင်းမြတ်သူဆန္ဒအတိုင်းပြောပြနေသည်။

'စိတ်ချ ဦးလေးတို့နေတာက အင်းလျားလမ်း သီတဂူခြံကြီးမှာပါ၊ ဟိုတုန်းကတော့ ဦးလေးတို့ဟာ လက်ဖက်ခြောက်ကုန်သည်ကြီးတွေပေါ့၊ အခုတော့ ဘာမှမလုပ်တော့ပါဘူး၊ ထိုင်စားဆိုပါတော့ကွယ်။ ကဲ... ဒီလောက်ပြောရင် ကျေနပ်ပြီလား'

ဦးသိန်းမြင့်က စကားအဆုံးတွင် ကောင်းမြတ်သူကိုရောလက်မှတ်စစ်များကိုပါ မေးနေသည်။

'ကျွန်တော်တို့ကတော့ ကျေနပ်ပါတယ်လေ၊ ဟောဒီကမိတ်ဆွေ ကျေနပ်ဖို့ အရေးကြီးတာပါ၊ ကဲ.. မိတ်ဆွေ အခု သူရှင်းပြနေတာ ကျေနပ်ပြီလား'

'မကျေနပ်ဘူးဆိုရင်ကော ခင်ဗျားတို့က ကျွန်တော့်ကို လွှတ်ပေးကြမှာမို့လား'

ကောင်းမြတ်သူ ပြန်မေးသည်။

လက်မှတ်စစ်တွေကခေါင်းတွေကိုပြိုင်တူခါပြလိုက်ကြသည်။

'အဲဒီတော့ ကျွန်တော် ဘာမှဆက်မပြောချင်တော့ပါဘူး၊ ခင်ဗျားတို့ ကောင်းတယ်ထင်ရင် လုပ်သာလုပ်ကြပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူ လက်နက်ချ၍ အရှုံးပေးလိုက်တော့သည်
အရှုံးမပေး၍လည်း အခြေအနေအရ မဖြစ်တော့ပေ။

အေးမြင့်သွယ်၏အိမ်ကျမှထပ်မံရှင်းပြရန်ကြံရွယ်ထားသည်

'သွားစို့လား မိတ်ဆွေ'

သူ၏ဘယ်လက်ကိုကိုင်ထားသောလက်မှတ်စစ်ကခေါ်သည်

'ဟုတ်ကဲ့ သွားတာပေါ့၊ အာ... နေဦးဗျ၊ ကျွန်တေ
သေတ္တာနဲ့ အိပ်ရာလိပ်သွားယူပါရစေဦး'

ကောင်းမြတ်သူမှာ သူ၏ပစ္စည်းများကို သတိရသဖြင့် လှ
ပြောသည်။

'ကိစ္စမရှိဘူး ငါ့တူ၊ ဦးလေးတို့ စောစောကပဲ ကားပေ
တင်မယ့် ပစ္စည်းတွေ ပို့ထားပြီးပြီ'

ဦးမြင့်သိန်းက ဝင်ပြောသည်။

အေးမြင့်သွယ်၏မိခင်ကလည်း ကောင်းမြတ်သူကို လှ
ပြောသည်။

'ငါ့သား၊ စိတ်ကို အေးအေးထားပြီး လိုက်ခဲ့ပါကွယ
သားရော၊ဂါကို ဒေါ်ဒေါ်တို့ မပျောက်ပျောက်အောင် ကုပေးပါ့မ

ဒေါ်ရီ၏စကားကြောင့် ကောင်းမြတ်သူ ပခုံးကလေး
ဖက်ကို အသာတွန့်ပြသည်။

အေးမြင့်သွယ်မှာမူ ကောင်းမြတ်သူ၏အနီးတွင် ကပ်
ရပ်နေသည်။

နောက်တော့ ကောင်းမြတ်သူမှာ လက်မှတ်စစ်နှစ်ဦး
လျက် ဘူတာအတွင်းမှ ထွက်လာခဲ့သည်။

လူအုပ်ကြီးကလည်း နောက်မှပင် ဖွဲကောင်းကောင်း
လိုက်ပါလာကြသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (လေး)

### သိတဂူျခံကြီးသို့

ဘူတာအပြင်ဘက်ရှိ ကားများရပ်ထားသော နေရာတွင် နောက်ဆုံးပေါ် ဂျပန်ပြည်လုပ် မီစူဘူရှီကားစိမ်းလေးမှာ အခြားကား များထက် ထင်ရှားစွာပေါ်နေသည်။

မီစူဘူရှီကားအနီးတွင် အသက်လေးဆယ်အရွယ် လူတစ် ယောက်က ရပ်ကာ စောင့်နေသည်။

'ဟိုကားပဲ မောင်ရင်တို့'

ဦးမြင့်သိန်းက သူ၏ မီစူဘူရှီကားဆီသို့ လက်ညှိုးညွှန်ကာ ပြသည်။

လက်မှတ်စစ်နှစ်ဦးလည်း ဦးသိန်းမြင့်ညွှန်ပြရာသို့ ကောင်း မြတ်သူကို ခေါ်သွားကြသည်။

ကောင်းမြတ်သူမှာ ယခုခေတ်ပေါက်ဈေးဖြင့်ဆိုသော် အနည်းဆုံး နှစ်သိန်းခန့်တန်ရှိသော မီစူဘူရှီဆလွန်းကားစိမ်းကလေး ကိုကြည့်ရင်း စိတ်တွင်းမှကြိတ်ကာ ပြုံးမိသည်။

'အင်း... ကားကြီးကတော့ မျှနေတာပဲ၊ ငါလည်းနေရင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရင်း သူ့ရွေးသမက်ဖြစ်တော့မှာပါကလား၊ ငါ့ကို သူ့ယောက်
ဆိုပြီးအထင်မှားနေတဲ့ အေးမြင့်သွယ်ဆိုတဲ့ အမျိုးသမီးကလေး
လည်း လုံလိုက်တာ ဖလားပဲ၊ ဒီလို ဥစ္စာပေါရုပ်ချောတဲ့သူကလေး
ပေါင်းသင်းနေရရင် ငါ့ဘဝဟာ ဘယ်ဆိုးပါ့မလဲ၊ မိုးညှင်းမြို့
မေမေသိရင် ဝမ်းသာမဆုံးဖြစ်မှာ သေချာတယ် အဟီး'

ကောင်းမြတ်သူ စိတ်ထဲမှတွေးရင်း ကျေနပ်နေသည်။

ချက်ချင်းပင် တစ်စုံတစ်ခုကိုသတိရကာ သူ့မျက်နှာ ညှိ
သွားပြန်သည်။

'အာ… မဟုတ်သေးဘူး ကောင်းမြတ်သူ၊ မင်းကို သူတို့
ခေါ်လာတာဟာ လွင်ကိုကိုအမှတ်နဲ့ ခေါ်လာတာ၊ လွင်ကိုကိုဆို
လူဟာ သေသလား ရှင်သလားလည်း မင်းသိရသေးတာမဟုတ်ဘူ
မတော် လွင်ကိုကိုရောက်လာရင် ဘယ်လိုလုပ်မလဲ၊ သူများမယား
ခိုမှုရယ်၊ အယောင်ဆောင်မှုရယ် ပေါင်းပြီး မင်းကို တရားစွဲကြလိ
မယ်၊ ဒီတော့ အရမ်းဝမ်းသာမနေနဲ့ဟ'

သည်လို တွေးမိတော့လည်း ကောင်းမြတ်သူ စိတ်ပျက်သွ
ရပြန်သည်။

'ကဲ… တက်ပေတော့ ကိုယ့်လူ'

သူ့ကို ခေါ်လာကြသော လက်မှတ်စစ်များက မီးရထားရှိက
ပေါ်သို့ တက်ခိုင်းလိုက်သည်။

ကောင်းမြတ်သူ ငြင်းမနေတော့ပေ။ သူတို့ပြောသည့်အတို
ကား၏ နောက်ဘက်ခုံနေရာသို့ ဝင်ထိုင်သည်။ ကောင်းမြ
ထိုင်အပြီးတွင် သူ၏နောက်မှ အေးမြင့်သွယ်က ဝင်ထိုင်သည်။ တ
ဖက်မှလည်း အေးမြင့်သွယ်၏မိခင်ဖြစ်သူ ဒေါ်ရီက ဝင်ထိုင်ပြန်သည်

ကောင်းမြတ်သူမှာ အလယ်မှ ဖြစ်နေသည်။

'ကျွန် ကျွန်တော့် အိပ်ရာလိပ်နဲ့ သားရေသေတ္တာကော-

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူက ဦးသိန်းမြင့်ထံ လှမ်းမေးသည်။

'ရှိပါတယ်ကွယ်၊ ဟောဒီ ဦးလေးကားရဲ့နောက်ဖက်မှာ သိမ်းထားပြီးပါပြီ'

ဦးသိန်းမြင့်က ပြုံးချိုသောမျက်နှာဖြင့် ပြန်ပြောသည်။

ဦးသိန်းမြင့်လည်း ကားမောင်းသူဘေးဘက်ရှိ ထိုင်ခုံတွင် ဝင်ထိုင်သည်။

'မောင်ရင်တို့ကို ကျေးဇူးတင်ပါတယ်ကွယ်၊ အခုလို ကူညီကြတာကို'

ဦးသိန်းမြင့်က လက်မှတ်စစ်များအား လှမ်းပြောနေသည်။

အေးမြင့်သွယ်နှင့် ဒေါ်ရီတို့မှာ နှုတ်မှဖွင့်မပြောကြသော်လည်း ကျေးဇူးတင်ရှိသော အပြုံးကလေးတွေဖြင့် လက်မှတ်စစ်များအား လှမ်းကြည့်နေကြသည်။

သူတို့၏ကားနောက်ဘက်တွင်လည်း လူအုပ်ကြီးမှာ ကြည့်နေကြဆဲပင်။

'ကိစ္စမရှိပါဘူး ခင်ဗျာ၊ ကဲ.. ကိုလွင်ကိုကို ကောင်းကောင်းလိုက်သွားနော် ဟဲဟဲ'

တစ်ဦးသော လက်မှတ်စစ်က ကောင်းမြတ်သူကိုပါ တစ်ဆက်တည်း လှမ်းပြောသည်။ ကောင်းမြတ်သူကတော့ မည်သို့မျှ ပြန်မပြောပေ။ မကြားဟန်ဆောင်နေသည်။

ကားမှာလည်း စက်နိုးကာ ထိုနေရာမှထွက်လာသည်။ ကားထွက်လျှင် အေးမြင့်သွယ်မှာ ကောင်းမြတ်သူနှင့် လူချင်းပူးကပ်ကာ ထိုင်နေသည်။

လူချင်းပူးကပ်ကာ ထိုင်နေမှုကြောင့် အေးမြင့်သွယ်၏ ဝင်းစွင့်သော တင်ပါးကြီးနှင့် ကောင်းမြတ်သူမှာ ထိတွေ့နေသည်။လက်မောင်းချင်းကလည်းကော်နှင့်ကပ်ထားသလိုကပ်လျက်ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားကြီးကလည်း သိန်းကျော်တန်ကားကြီးမို့ ငြိမ့်ခနဲ ငြိမ့်ခနဲဖြစ်နေသည်။

ကားကြီးငြိမ့်တိုင်း ကောင်းမြတ်သူ၏ ကိုယ်နှင့်အေးမြင့်သွယ်၏ကိုယ်မှာ သိမ့်ခနဲ သိမ့်ခနဲ ထိတွေ့နေရ၍ ကောင်းမြတ်သူ စိတ်ထဲတွင် စိမ့်ခနဲ စိမ့်ခနဲဖြစ်ကာ အာရုံကြောတွေမှာ ဖိန့်ခနဲဖိန့်ခနဲ တုန်တက်နေသည်။

သူ့စိတ်ထဲတွင်လည်း ကရဝိက်ရေခဲမုန့်ကို စားချင်သလိုလို လေမျိုးရှစ်ဆယ် လျက်ဆားကို လျက်ချင်သလိုလို ဘာလိုလို ညာလိုလို ဟဝှာလိုလို စိတ်တွေယောက်ယက်ခတ်ကာ အမျိုးအမည်မသိသော ဝေဒနာတစ်မျိုးကို ခံစားနေရရှာသည်။

တစ်လမ်းလုံးမည်သူကမှ စကားပြောဆိုကြခြင်းမရှိကြပေ။ အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာ လိုက်ပါလာကြသည်။ သူတို့စီးလာကြသော ကားမှာဖဆပလ ကျောက်တိုင်အနီးသို့အရောက်တွင် ကောင်းမြတ်သူသည် ရုတ်တရက် ထိုင်နေရာမှ ထလိုက်သည်။

'အို… ကိုကို၊ ဒါက ဘာလုပ်မလို့လဲဟင်၊ ငြိမ်ငြိမ်ထိုင်နေလေ'

အေးမြင့်သွယ် စိုးရိမ်ထိတ်လန့်သံကလေးဖြင့် ကောင်းမြတ်သူကိုပြောသည်။လက်ကလည်းကောင်းမြတ်သူ၏ခါးကိုဆွဲထားသည်။

အေးမြင့်သွယ်၏အသံကြောင့် ရှေ့မှစီးလာသော ဦးသိန်းမြင့်သည်လည်းကောင်း၊ ဘေးမှပါလာသော ဒေါ်ရီသည်လည်းကောင်း လန့်ဖျပ်သွားကြသည်။

'ဟာဗျာ… ခင်ဗျားကလည်း ကျုပ် တံတွေးထွေးချင်လို့ ထတာပါဗျ၊ ဖယ်စမ်းပါ'

ကောင်းမြတ်သူ စိတ်တိုသံဖြင့် ပြန်ပြောသည်။

'အဟီး သိပါဘူး၊ ကိုကိုများ စိတ်ဖောက်ပြီးကားပေါက

www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြေးမယ် ထင်လို့ပါ၊ ဒီလိုဆို သွေးလေ'

အေးမြင့်သွယ် ရယ်ရယ်မောမောဖြင့် ပြန်ပြောသည်။

ကောင်းမြတ်သူလည်း အေးမြင့်သွယ်ထိုင်နေသော ဘေးဘက်ရှိ ကားတံခါးပေါက်မှနေ၍အပြင်သို့ ထွီခနဲတံတွေးကိုလှမ်းထွေးသည်။ တံတွေးကိုထွေးပြီးနောက် ကောင်းမြတ်သူသည် ဣန္ဒြေရရပင် မူလနေရာတွင် ပြန်ထိုင်သည်။

ကျန်ကားပေါ်ရှိလူတွေလည်းစိတ်အေးကာသွားကြသည်။

အေးမြင့်သွယ်မှာ ကောင်းမြတ်သူ၏မျက်နှာကို ကြင်နာမှုအပြည့်ပါသော မျက်လုံးများဖြင့် လှမ်းကြည့်နေသည်။

ကောင်းမြတ်သူမှာမူ မျက်နှာကြီး စူပုပ်ပုပ်လုပ်ထားသည်။

'ကိုကို…'

အေးမြင့်သွယ် ချိုသာသောအသံကလေးဖြင့် ကောင်းမြတ်သူကို ခေါ်သည်။

'ဘာလဲ'

ကောင်းမြတ်သူအသံကတော့ ခပ်ပြတ်ပြတ်ပင်။

'ဟန်…ကိုကိုကလည်း စိတ်တိုတတ်ရန်ကော၊ ကိုကိုနေကောင်းတယ် မဟုတ်လားဟင်'

ကောင်းမြတ်သူ၏လက်မောင်းတစ်ဖက်ကို အေးမြင့်သွယ်က သူ၏ရင်သားကလေးဖြင့်ကပ်ရင်း ကြင်နာယုယသံဖြင့် မေးနေသည်။

အေးမြင့်သွယ် ထိတွေ့မှုကြောင့် ကောင်းမြတ်သူ အနေရအထိုင်ရ ခက်နေသည်။ ရှက်လည်း ရှက်နေမိသည်။

'နေမကောင်းလို့ ကျုပ်က ဖျားနေလို့လား'

'ဟန့်… ဖျားတာနာတာကိုပြောနေတာ မဟုတ်ပါဘူး၊ ကိုကိုရဲ့စိတ်တွေ ကောင်းရဲ့လားဆိုတာ သိချင်လို့ပါ'

'စိတ်မကောင်းဘူးဆိုရအောင် ကျုပ်က ရူးနေလို့လား၊ အဓိ

www.burmeseclassic.com

www.burmeseclassic.com



တို့တစ်တွေသာ ရှုံးနေကြတာ သိလား'

ကောင်းမြတ်သူ၏စကားကြောင့် အေးမြင့်သွယ်သာမက ဦးသိန်းမြင့်နှင့် ဒေါ်ရီတို့ပါ ရယ်နေမိကြသည်။

ကောင်းမြတ်သူက အမှန်ကို ပြောဆိုနေခြင်းဖြစ်သော်လည်း သူတို့စိတ်ထဲတွင် စိတ်နောက်၍ ထိုသို့ပြောနေခြင်းဟု ထင်မှတ်နေကြသည်။ အေးမြင့်သွယ်မှာ မည်သို့မျှ ဆက်မပြောတော့ပေ။

ကောင်းမြတ်သူ၏ မျက်နှာကိုသာ ကရုဏာသက်စွာဖြင့် လှမ်းကြည့်နေသည်။ ကြည့်နေရာမှ ကောင်းမြတ်သူနှင့် ပိုမိုနီးနီးကပ်ကပ် တိုးထိုင်နေသည်။

ကောင်းမြတ်သူမှာလည်း ယောင်ယမ်းကာ အေးမြင့်သွယ်၏ မျက်နှာကလေးကို ပြန်ကြည့်မိသည်။ ဤတွင် အကြည့်ချင်းဆုံသွားကြသည်။

အေးမြင့်သွယ်အနေဖြင့် မည်သို့မျှ ထူးခြားဟန်မပေါ်ပေ။

ကောင်းမြတ်သူမှာသာ အူအသည်းတွေ ယူဆွဲခံရသလို တုန်လှုပ်သွားသည်။ သူသည် ချက်ချင်းပင် မျက်နှာကို တခြားသို့လွှဲပစ်လိုက်သည်။

အေးမြင့်သွယ်မှာမူ ကောင်းမြတ်သူ၏ လက်မောင်းတစ်ဖက်ပေါ်၌ သူ၏ပါးကလေးတစ်ဖက်ကို တင်ထားသည်။

မိုးကျနတ်မယ်ကလေးပမာ ချောမောလှပသော အေးမြင့်သွယ်၏ အတွေ့အထိတွေကြောင့် ကောင်းမြတ်သူ၏ သွေးလည်ပတ်မှုနှုန်းမှာ ဂျက်လေယာဉ်ထက်ပင် မြန်နေသည်။

ရင်ထဲတွင်လည်း ပြင်သစ်နှင့် အင်္ဂလိပ်တို့ ဖက်စပ်ပြုလုပ်ခဲ့ကြသော ကွန်ကော့ဒ် လေယာဉ်ပျံကြီး၏ အသံထက် ပိုမိုကျယ်လောင်စွာ မြည်ဟီးနေတော့သည်။

'ခက်တာပဲ ဒီအမျိုးသမီးကလည်း ငါ့ကို သူ့ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



မှတ်ပြီး အတင်းပဲ တောက်တက်တွယ်သလို တွယ်ကပ်နေတော့တာပဲ။ သူ့ရုပ်ကလည်း ချောလိုက်တာ ဘာမှ ဆိုစရာမရှိအောင်ဘဲ။ ဒီလောက် ချောတာကလေးနဲ့ အခုလို ထိတွေ့နေရတော့ ငါ့စိတ်တွေ ဖြောင်းဆန် ဘုန်းပြီ၊ ငါ့အနေနဲ့ အတတ်နိုင်ဆုံးတော့ သူ့အပေါ်မှာ ကာယကံမြောက် ကျူးလွန်မိအောင် စိတ်ကိုထိန်းချုပ်ထားတာပဲ၊ ဒါပေမဲ့ ငါဟာအသ ဆါကုန်ခမ်းတဲ့ ရဟန္တာမဟုတ်လို့ အငွေ့ကိုသာ ရှောင်လို့ရမယ်၊ အငွေ့ ကိုတော့ ရှောင်နိုင်မယ်မထင်ဘူး၊ မရှောင်နိုင်လို့ သူ့အပေါ် ကျူးလွန်မိ ရင်တော့ ငါဟာ ဒု·သ·န·သော ကံကြီးကို ကျူးလွန်မိတော့မှာပဲ၊ ဒီတော့ ငါ ဘယ်လိုလုပ်ရပါ့မလဲ'

ကောင်းမြတ်သူ စိတ်ကျဉ်းကျပ်နေရှာသည်။

သူတို့စီးလာကြသော ကားကလေးမှာလည်း အင်းလျားလမ်း တွင်ရှိ 'သီတဂူ'ခြံကြီးဆီသို့ ရောက်လာကြသည်။ ကောင်းမြတ်သူ သည်ခြံကြီးနှင့်အိမ်ကြီးကို ကားပေါ်မှလှမ်း၍အကဲခတ် ကြည့်နေသည်။

'အင်း... ခြံကြီးကလည်း အကျယ်ကြီး၊ တိုက်ကြီးကလည်း ကောင်းလိုက်တာ ပျံနေတာပဲ၊ ငါသာ သူတို့ အထင်မှားနေကြတဲ့ လွင်ကိုကို အစစ်ဆိုရင်တော့ ဘယ်လောက်ကောင်းလိုက်မလဲနော်၊ ဥစ္စာပေါ၊ ရုပ်ချောကလေးရဲ့ ချစ်လင်အဖြစ် တင့်တင့်တယ်တယ်နေ သွားနိုင်မှာ၊ အခုတော့ ငါက လွင်ကိုကိုမှမဟုတ်ဘဲ၊ ဒီတော့ အခု ဟာတွေဟာ မြင်ရုံသာမြင်ရ၊ မကြင်ရ မောင့်ကိုယ်ဆိုတာမျိုးလို ငါ့အတွက် ဝမ်းသာစရာ ဘယ်မှာရှိမှာလဲ၊ စိတ်ရှုပ်စရာတွေသာ ရှိမှာပဲ'

ကောင်းမြတ်သူ စိတ်ထဲမှတွေးရင်း 'ဟီး...'ခနဲ သက် ပြင်းရှည်ကြီးကို ချလိုက်မိသည်။

'ယေား ကိုကို၊ အံမာ သက်ပြင်းကြီးတွေတောင် ချလို့ပါ ကလား၊ ဘာဖြစ်လို့လဲ၊ သွယ်တို့တိုက် ရောက်နေပြီ၊ ဆင်းတော့လေ'

www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်သွယ်က ကောင်းမြတ်သူ၏ ပါးကလေးတစ်ဖက်ကို နူးညံ့ပျော့ပြောင်းသော လက်ဖဝါးကလေးဖြင့် ပွတ်သပ်ရင်းပြောနေသည်။

ကောင်းမြတ်သူက မည်သို့မျှ ပြန်မပြောပေ။

အေးမြင့်သွယ် ဖွင့်ပေးထားသော ကားတံခါးမှသာ အောက်သို့ဆင်းလာသည်။ ဦးသိန်းမြင့်ကလည်း ကားပေါ်မှဆင်းကာ ကားအနီး၌ရပ်နေသည်။

ကောင်းမြတ်သူ ဆင်းအပြီးတွင် အေးမြင့်သွယ်နှင့် ဒေါ်ရီတို့လည်း ကားပေါ်မှ ဆင်းလာခဲ့ကြသည်။

အေးမြင့်သွယ်သည် ကားအနီးတွင်ရပ်လျက်နေသော ကောင်းမြတ်သူ၏ လက်မောင်းတစ်ဖက်ကိုကိုင်ကာ ခေါ်သည်။

'လာ… ကိုကို၊ အိမ်ထဲဝင်ကြရအောင်နော်'

ကောင်းမြတ်သူ ငြင်းမနေဘဲ အေးမြင့်သွယ်နှင့်အတူဝင်လိုက်သွားသည်။

အိမ်ထဲတွင်လည်း သစ်လွင်ခမ်းနားသော အိမ်ထောင်ပရိဘောဂများကိုလည်းကောင်း၊ နင်းရက်စရာမရှိအောင် အထူးကောင်းမွန်လှသောကော်ဇောကြီးများခင်းထားသည်ကိုလည်းကောင်း၊ ကောင်းမြတ်သူ တွေ့ရသည်။

'အင်း… ပိုက်ဆံတော့ တော်တော့်ကို ချမ်းသာကြတာပဲ'

ကောင်းမြတ်သူ စိတ်တွင်းမှ မှတ်ချက်ချသည်။

'ကိုကို မနက်စာ စားပြီးပြီလားဟင်၊ မစားရသေးရင် သွယ်နဲ့အတူ လက်ဖက်ရည်သောက်မလား၊ ကိုကို အင်မတန်ကြိုက်တဲ့ လစ်ပတန်လက်ဖက်ခြောက်နဲ့ ဖျော်ပေးမယ်လေ'

အေးမြင့်သွယ်က ဇနီးကောင်းပီသစွာဖြင့် ကောင်းမြတ်သူကို မေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူအနေဖြင့် လစ်ပတန် လက်ဖက်ခြောက်သည် ကမ္ဘာကျော် သီဟိုနိုင်ငံ၊ ယခု သီရိလင်္ကာနိုင်ငံ ထွက်မှန်းကိုတော့ သိသည်။

သိပင်သိသော်လည်း သူသည် သောက်ဖူးသူ မဟုတ်ပေ။

သူသောက်ဖူးသည်က မြန်မာပြည်ဖြစ် လက်ဖက်ခြောက်ကို သာ သောက်ဖူးသည်။

ယခုတော့ သူသည် တစ်ကြိမ်တစ်ခါမျှ သောက်ဖူးခြင်း မရှိသေးသော လစ်ပတန် လက်ဖက်ခြောက်ကို သောက်ရပေတော့ သည်။ (နိပ်ဟ)

ကောင်းမြတ်သူ ခေါင်းကို အသာကလေး ညိတ်ပြသည်။

'ဒီလိုဆိုလာ် ဟို ထမင်းစားခန်း သွားကြမယ်၊ ပြီးမှ ဧည့် ခန်းကို ပြန်လာတာပေါ့'

အေးမြင့်သွယ်ပြောရင်း ကောင်းမြတ်သူ၏လက်ကိုဆွဲကာ ထမင်းစားခန်းဆီသို့ ခေါ်သွားသည်။ ထမင်းစားခန်းသို့ အရောက်တွင် အသက် (၁၈)နှစ်ရွယ် အမျိုးသမီးကလေးက သူ့အား ပြုံးချိုသော မျက်နှာဖြင့် လှမ်းကြည့်နေသည်။

'ကိုကို… သူ့ကို မှတ်မိသလားဟင်'

အေးမြင့်သွယ်က မေးသည်။

ကောင်းမြတ်သူကမူ ခေါင်းကို အသာယမ်းပြသည်။

'ဟန်… ကိုကိုကလည်း မေ့တတ်လိုက်တာ၊ အဲဒါ သွယ် တို့နဲ့ တောင်ကြီးမှာ အတူနေလာခဲ့ကြတဲ့ ချစ်ချစ်ချောလေ'

အေးမြင့်သွယ်၏ပြောပြမှုကြောင့် ကောင်းမြတ်သူမှာ 'ဩ' ခနဲ ရယ်လိုက်မိသည်။

အကြောင်းမှာ နာမည်ကသာ ချစ်ချစ်ချော၊ ရုပ်ကတော့ ချစ်စရာမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



အသားကမည်းမည်း သွားကကျဲကျဲ နှုတ်ခမ်းတွဲတွဲနှင့် သရဲ ရုပ်ပေါက်နေသောကြောင့်ပင်။

'အမယ် ကိုကို ရယ်ပုံထောက်တော့ ချစ်ချစ်ချောကို မှတ်မိ သွားပြီထင်တယ်၊ ဟုတ်လား'

အေးမြင့်သွယ် ဝမ်းသာသံကလေးဖြင့် မေးနေပြန်သည်။

ကောင်းမြတ်သူ ပြုံးရင်း ခေါင်းကိုခါပြသည်။

'စဉ်းစားပါဦးလေ၊ သူ့ကို ကိုကိုက ချစ်ချစ်ချောလို့ မခေါ် ဘူး၊ အသားကမည်းလွန်းလို့ မဟူရာလို့ ခေါ်ခဲ့တာလေ၊ ဒါကိုကော သတိရသေးသလား'

အေးမြင့်သွယ်၏စကားကြောင့် ကောင်းမြတ်သူ စိတ်ရှုပ် သွားသည်။

'ဟာဗျာ ခင်ဗျား ဘာတွေလာမေးနေတာလဲ၊ ကျုပ်မှ လွင် ကိုကို မဟုတ်တဲ့ဟာ၊ ဒါတွေသိပါ့မလားဗျ'

ကောင်းမြတ်သူစကားကြားရလျှင် အေးမြင့်သွယ်၏ ကြည် လင်ဝင်းပကာနေသော မျက်နှာကလေးမှာ ညှိုးငယ်သွားရှာသည်။

ကောင်းမြတ်သူမှာ လစ်ပတန်လက်ဖက်ခြောက်ဖြင့် ဖျော် မည်ဆိုသော လက်ဖက်ရည်ကို သောက်ချင်နေသူမို့ အေးမြင့်သွယ် ၏အပြောကိုပင် စောင့်မနေတော့ပေ။

ထမင်းစား စားပွဲခုံဘေးရှိ ကြိမ်ကုလားထိုင်တစ်လုံးကို ဆွဲယူကာ အကျထိုင်နေသည်။

'ဟော‥ ကိုကို လက်ဖက်ရည် သောက်ချင်နေပြီနဲ့တူတယ်၊ ခဏကလေးစောင့်နော်၊ သွယ် ကိုယ်တိုင် သွားဖျော်ပေးမယ်၊ ကိုကို က ကျရည်ပေါ့ ချိုဆိမ့်မှကြိုက်တာ မဟုတ်လား'

အေးမြင့်သွယ်ပြောရင်း မီးဖိုခန်းသို့ အမြန်ဝင်သွားသည်။

ချစ်ချစ်ချောကတော့ ကောင်းမြတ်သူအတွက် လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ချည်နှင့်တွဲစားရန် လှီးထားပြီးသော ပေါင်မုန့်နှင့်ဒိန်းမတ်ပြည်လုပ် ထောပတ်များကို လာချပေးသည်။

ဘူတာရုံတွင် ပြေးရလွှားရနှင့်လုပ်ခဲ့မှုကြောင့် ဝမ်းဗိုက်တစ်ခုလုံး တကြုတ်ကြုတ်ဖြင့် မြည်ကာဆာနေသော ကောင်းမြတ်သူမှာ ရှေ့တွင်ရောက်လာသော ပေါင်မုန့်နှင့် ထောပတ်တွေကို အကျယူဘာ တုတ်ပစ်နေသည်။

ငါးမိနစ်အတွင်း ပေါင်မုန့်သုံးချပ် ကုန်သွားသည်။

ဖန်ဘူးဇဲတွင် အပြည့်ထည့်ထားသော ထောပတ်တွေမှာသည်း တစ်ဝက်ခန့် ချော့သွားသည်။

တော်တော်ချောက်စားပုတ်သော ကောင်းမြတ်သူပင်။

ဆာဆာနှင့် အားပါးတရ စားလိုက်မှုကြောင့် သူ့လည်ချောင်းမှာ နင်၍ပင်နေသည်။ လည်ချောင်းနင်နေမှုကြောင့် သူ့မျက်သုံးမှာ နဂိုထက်နှစ်ဆတက်ကာ ပြူးထွက်လာသည်။

မျက်လုံးပြူးထွက်မှုကြောင့် သူစားနေသည်ကို ကြည့်နေသည့် ချစ်ချစ်ချော့အား ပြောင်ပြသလို ဖြစ်နေတော့သည်။

'ခွီး… အစ်ကိုက အဲဒီလို နောက်ပြောင်တာမျိုးကျတော့သည်း မမေ့ဘဲကိုး… ခီးခီးခီး'

ချစ်ချစ်ချော့ပြောပြီး ရယ်နေသည်။

ကောင်းမြတ်သူမှာတော့ အံ့သြကာ သွားတော့သည်။

အေးမြင့်သွယ်လည်း အငွေ့တထောင်းထောင်းဖြင့် ထကာနေသောလက်ဖက်ရည်နှစ်ခွက်ကို ငွေလင်ဗန်းကလေးဖြင့် ကောင်းမြတ်သူရှိရာသို့ ယူလာသည်။

'ဟဲ့… ဘာရယ်နေတာလဲ ချစ်ချစ်ချော့ရဲ့'

အေးမြင့်သွယ်က မေးသည်။

'အစ်ကိုပေါ့ မမရဲ့၊ တောင်ကြီးမှာနေတုန်းကလိုပဲ သူစား

www.burmeseclassic.com

www.burmeseclassic.com


တာကို ကြည့်နေရင် မချောကို မျက်လုံးပြူးပြနေတယ်လေ၊ ဒါကျ တော့ ကိုကိုက မမေ့ဘူး၊ ဟီးဟီး'

ချစ်ချစ်ချော၏စကားကြောင့် အေးမြင့်သွယ်မှာ ဝမ်းသာသွား မိသည်။

'ဟုတ်လား ကိုကို၊ ဒီလို နောက်ပြောင်တာမျိုးကျတော့ ကိုကိုက မမေ့ဘဲကိုး'

ကောင်းမြတ်သူမှာတော့ စိတ်ပျက်ကာ သွားတော့သည်။

'တောက် ဘယ်ကလာ သူ့ကို နောက်ရမှာလဲ၊ ဒီကောင့်မှာ တော့ ပေါင်မုန့်တွေစားတာများသွားလို့ နင်ပြီး မျက်လုံးပြူးသွားတာ ပါဗျ၊ ကဲ.. ပေးစမ်းပါ လက်ဖက်ရည်မြန်မြန်...'

ကောင်းမြတ်သူသည် အေးမြင့်သွယ်အပေးကိုပင် စောင့်မနေ တော့ဘဲ အငွေ့တထောင်းထောင်းဖြစ်နေသော လက်ဖက်ရည်များကို တဖူးဖူးမြင့်မှုတ်ကာ သောက်နေတော့သည်။

အေးမြင့်သွယ်မှာမူ ကောင်းမြတ်သူအား ငေးကြည့်နေသည်။

'ခင်ဗျားလည်း သောက်လေဗျာ၊ ဘာငေးနေရတာလဲ၊ ကျုပ် တစ်ယောက်တည်း နှစ်ခွက်ကြီးများတောင်တော့ ဘယ်သောက်နိုင် မလဲဗျ'

ကောင်းမြတ်သူစကားကြောင့် အေးမြင့်သွယ်မှာလည်း လက်ဖက်ရည်ကို သောက်နေရသည်။

'သွယ်ဖျော်တဲ့လက်ဖက်ရည် ကောင်းရဲ့လားကိုကို'

အေးမြင့်သွယ် မေးနေပြန်သည်။

'ကောင်းလိုက်တာတော့ ပြောမနေနဲ့တော့၊ လက်ဖက် ခြောက်ကလည်း လစ်ပတန်ဆိုတော့ အရသာရှိလိုက်တာလွန်ရော၊ ခင်ဗျားကလည်း လက်ဖက်ရည်အဖျော်ကောင်းတယ်၊ ကျုပ်တစ်သက် မှာ ဒီလောက်အရသာရှိတဲ့ လက်ဖက်ရည် ဒီတစ်ခါပဲ သောက်ဖူး

www.burmeseclassic.com

www.burmeseclassic.com



…ာယ်ဗျာ'

ကောင်းမြတ်သူ အမှန်အတိုင်းပြောနေခြင်း ဖြစ်သည်။

အေးမြင့်သွယ်မှာတော့ ကောင်းမြတ်သူ စိတ်နောက်နေ၍ …သည်ဟု ထင်နေသည်။

(မခက်လား)

ကောင်းမြတ်သူ လက်ဖက်ရည်သောက်နေသည်ကို ဦးသိန်း…င့်ဒေါ်ရီတို့က အခန်းဝမှနေ၍ အသာရပ်ကြည့်နေကြသည်။

ကောင်းမြတ်သူမှာ အခန်းဝသို့ကျောခိုင်းကာ ထိုင်နေ၍ …သေး

ဦးသိန်းမြင့်တို့မှာ ကြာကြာရပ်ကြည့်မနေကြပေ။

ခဏတ္တခဏမျှသာရပ်ကြည့်ပြီးအခြားသို့ ထွက်သွားကြသည်။

'ဩော်…. ကိုကို.. ကိုကို၊ ဘာဖြစ်လို့များ သူ့စိတ်တွေ …ဖောက်သွားပါလိမ့်'

အေးမြင့်သွယ် စိတ်ထဲမှ ပြောနေခြင်းဖြစ်သည်။

ကောင်းမြတ်သူကမူ လက်ဖက်ရည်ကိုသာ ကုန်း၍ သောက်…ည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(ငါး)

## စိတ်ရှုပ်နေကြရသူများ

ကောင်းမြတ်သူ၏ အဖြစ်ကို မသိဘဲအကြီးအကျယ်
နေသူကတော့ စိုးသိဏ်းပင်။

'တောက် သေနာကျ၊ သံကြိုးစာတွေတော့ တစ်ခုပြီး
ရိုက်နေပြီး လူကတော့ပေါ်မလာဘူး၊ ငါ့မှာသာ မောကြောဆို
တာပဲ ဟွန်း'

ရန်ကုန်ဘူတာကြီး၏ မီးရထားပလက်ဖောင်းပေါ်တွင်
ရင်း စိုးသိဏ်း ရေရွတ်နေသည်။ ကောင်းမြတ်သူတစ်
လွှင်ကိုကိုနှင့်မှားကာ ချော့ခွဲ ခေါ်သွားရသော ကိစ္စကိုဖြင့် သူမ

'ခက်တာပဲ၊ ဒီကောင်ဟာ ငါလာတာ နောက်ကျ
သူ့ဟာသူများ ငါ့အိမ်ဘက်ကို ထွက်သွားသလား'

စိုးသိဏ်း တွေးနေပြန်သည်။

စိုးသိဏ်းမှာ အသက် (၂၆)နှစ်ခန့်ရှိပြီမို့ ကောင်းမြ
ထက် တစ်နှစ်ကြီးသည်။ အရပ်ကတော့ ပုသည်။

အသားညိုပြီး အနည်းငယ်ဝသည်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ကောင်းမြတ်သူကဲ့သို့ပင် မြစ်ကြီးနားကောလိပ် ကျောင်းသားဟောင်း ဖြစ်သည်။

ဇာတိကတော့ ဗန်းမော်ဇာတိဖြစ်သည်။

ကျောင်းမှထွက်ပြီး ရန်ကုန်မြို့သို့ လာခဲ့ရာတွင် ယခုအခါ မှင်တော့ စိုးသိဏ်းမှာ ကြီးပွားနေသူဖြစ်သည်။

စိုးသိဏ်းမှာ သူနေထိုင်ရာ သာကေတမြို့နယ် မာန်ပြေလမ်း တွင် ကိုယ်ပိုင်ပုံနှိပ်တိုက်ကို ဖွင့်လှစ်ကာထားသည်။

ပုံနှိပ်တိုက်အမည်မှာ 'ငွေပင်စံ ရောင်စုံပုံနှိပ်တိုက်' ဖြစ်သည်။

သူ၏ပုံနှိပ်တိုက်မှာ ဖိတ်စာအမျိုးမျိုးကို ဖောင်းကြွစာလုံး ဖြင့် ရိုက်နှိပ်ပေးခြင်း။ လက်ကမ်းကြော်ငြာများနှင့် ပို့စကဒ်ကလေး များကို လှပသေသပ်စွာဖြင့် ရိုက်နှိပ်ပေးနိုင်သည်။သူ့လို ပုံနှိပ်တိုက်မျိုး သာကေတဘက်တွင် ခပ်ရှားရှားမို့ သူ့တိုက်သို့ အလုပ်လာအပ်ကြ သူတွေမှာ ပုံနေသည်။

သူ၏ဇနီးဖြစ်သူ မငွေယုံကလည်း စိုးသိဏ်းနှင့်အတူ ပုံနှိပ် လုပ်ငန်းကို လက်တွဲကာ လုပ်ကိုင်ပေးနေသည်။

မငွေယုံမှာ အသက်(၂၀)ကျော်ခန့်သာရှိသေးပြီး အသား ဖြူဖြူ၊ မျက်လုံးပြူးပြူး၊ တုတ်တုတ်ခဲခဲ၊ ချစ်စရာမျက်ပြဲ အဲ... မဟုတ်ပါဘူး ချစ်စရာ မျက်ရွှဲဒါလီကလေးပင်။

ကောင်းမြတ်သူ အမြန်ရထားဖြင့်လိုက်မည့်အကြောင်း ရိုက် လိုက်သော ပထမသံကြိုးစာမှာ ညနေ (၆)နာရီတွင် ရောက်လာသည်။

သံကြိုးစာကိုရလျှင်ရချင်း စိုးသိဏ်းတို့လင်မယားမှာ သူတို့ပိုင် ကားကလေးဖြင့် ရန်ကုန်ဘူတာကြီးသို့ သွားကြိုကြသည်။ သို့သော် ရှိသော စာဖတ်သူများ သိရှိပြီးဖြစ်ကြသည့်အတိုင်း ကောင်းမြတ် မှာ အမြန်ရထားလက်မှတ် ဝယ်မရ၍ မလိုက်ဖြစ်ခဲ့ပေ။

မလိုက်ဖြစ်သဖြင့် ဒုတိယအကြိမ်သံကြိုးစာတစ်စောင်ကို

www.burmeseclassic.com



ထပ်ရိုက်ခဲ့သည်။ ထိုသံကြိုးစာရိုက်ရာတွင် စိုးသိဏ်းတို့နေထိုင်ေ မာန်ပြေလမ်းဟူ၍ ရိုက်ရမည့်အစား ကောင်းမြတ်သူက မှား၍ ရန် လမ်းဟု ရိုက်လိုက်မိသည်။

သာကေတမြို့နယ်တွင် ရန်ပြေလမ်းနှင့် မာန်ပြေလမ်းဟ လမ်းမကြီးနှစ်သွယ်ရှိသည်။

ထို ဒုတိယသံကြိုးစာမှာ ရန်ကုန်သို့ရောက်သည်လ နောက်ကျ၊ လမ်းကလည်း မှားနေ၍ သံကြိုးစာပို့လုလင်မှာ လိပ် ရှင်ကို ရှာမတွေ့ဖြစ်နေသည်။

လိပ်စာရှင်ကို ရှာမတွေ့သော်လည်း တာဝန်ကျေပွန်ေ သံကြိုးစာပို့ လုလင်မို့ 'ငွေပင်စံ ရောင်စုံပုံနှိပ်တိုက်' ဟူသော အမည် မေးမြန်းစုံစမ်းကြည့်သည်။

ထိုသို့ စုံစမ်းတော့မှ 'ငွေပင်စံ ရောင်စုံပုံနှိပ်တိုက်' ရန်ပြေလမ်းတွင်မရှိ။ မာန်ပြေလမ်းတွင်ရှိကြောင်း ရပ်ကွက်ရှိလူမျာ နတ်လမ်းညွှန်ကြသည်။

သံကြိုးစာပို့လုလင်လည်း မာန်ပြေလမ်းသို့ ထွက်ခဲ့ လိပ်စာရှင်အစစ် စိုးသိဏ်းနှင့် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

တွေ့ဆုံကြသည့်အချိန်မှာ နံနက် (၈)နာရီကျော်လွန်ေ ဖြစ်သည်။

စိုးသိဏ်းသည် ထိုသံကြိုးစာကို ရလျှင်ရချင်း သူ၏ဂျစ် ကလေးဖြင့် ရန်ကုန်ဘူတာကြီးသို့ အမြန်မောင်းထွက်လာသ ဘူတာရုံရှေ့သို့ သူ၏ဂျစ်ကားအရောက်တွင် ကောင်းမြတ်သူပါ သော မီဇူဘူရှီ ကားစိမ်းကလေးမှာ သမ္မတရုပ်ရှင်ရုံရှေ့သို့ ဒေ လေပြီ။

အထွက်နှင့်အဝင် သီသီကလေးလွဲချော်ခြင်းဖြစ်သ

ထိုအကြောင်းကို မသိသေးသူ စိုးသိဏ်းမှာ မန္တလေးရ

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရာ ပလက်ဖောင်းတွင် ကောင်းမြတ်သူကို ခြေတိုမတတ် အခေါက်ခေါက်အခါခါ လိုက်လံရှာဖွေနေသည်။

ကြာတော့ စိုးသိဏ်းမှာ မောဟိုက်လာတော့သည်။

ဤတွင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကောင်းမြတ်သူကို ဒေါပွပွဖြင့် ရေရွတ်ပြောဆိုနေခြင်းဖြစ်သည်။

နောက်ဆုံးတွင် စိုးသိဏ်းမှာ မန္တလေးမြို့မှ နောက်ထပ် မီးရထားများ လာရန်ရှိမရှိကို သက်ဆိုင်ရာမီးရထားအရာရှိများထံသို့ စုံစမ်းကြည့်ခဲ့သည်။

မီးရထားအရာရှိများက မန္တလေးမှလာရန် မရှိတော့။ အခြား မြို့များမှသာ လော်ကယ်နှင့်ကုန်တင်ရထားများ လာရန်ရှိသည်ဟု ပြန်ဖြေကြသည်။

စိုးသိဏ်းလည်းလက်လျှော့ကာဘူတာရုံမှပြန်ထွက်လာခဲ့သည်။

'မတွေ့ခဲ့ပြန်ဘူးလား အစ်ကိုစိုးသိဏ်း'

သာကေတမြို့နယ်ရှိ သူ၏အိမ်သို့ ပြန်အရောက်၌ ဇနီးဖြစ်သူ မငွေယုံက အိမ်ဝမှလှမ်းမေးသည်။

'အေးကွာ၊ မတွေ့ခဲ့ဘူးကွာ၊ လူသာ မောခဲ့တာပါပဲ'

စိုးသိဏ်းပြန်ဖြေရင်း ဂျစ်ကားပေါ်မှ ဆင်းလာသည်။

'ဒါက ဘယ်လိုဖြစ်တာလဲ၊ လာမယ်ဆိုတဲ့အကြောင်း စာ ထည့်ပေးထားတယ်၊ သံကြိုးလည်း ခဏခဏရိုက်ခဲ့တဲ့ဟာ၊ တစ်ခု ခုတော့ဖြစ်နေပြီထင်တယ်'

ငွေယုံ စိတ်ပူသံဖြင့် ဆက်ပြောနေသည်။

'အာ… မင်းကလည်း နိမိတ်မရှိ နမာမရှိတွေ မပြောစမ်းပါ နဲ့ အဲဒီအကောင် တစ်ခုခုဖြစ်ရင် ငါ့မှာလည်း တာဝန်မကင်းဘူးကွ'

စိုးသိဏ်းသည် စိတ်ညစ်သံဖြင့် ပြန်ပြောသည်။

'ဒါဖြင့် ရှင် ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲဆိုတော့ သူ လာမလာ တစ်ရက်နှစ်ရက် တော့ စောင့်ကြည့်ရဦးမှာပေါ့၊ တကယ်လို့ အဲဒီလိုစောင့်ကြည့်လို့ သူ့ဆီက စာလည်းမလာ၊ လူလည်း မရောက်ဘူးဆိုရင် သူနေတဲ့ မိုးညှင်းမြို့ကို အကျိုးအကြောင်း စာလှမ်းရေးပြီး မေးရမယ်လေ'

'အေးတော်... ရှင့်သူငယ်ချင်းကလည်း ဘယ်လိုဟာကြီး မှန်းလည်းမသိဘူး၊ လာမယ်ဆိုရင်လည်း ဆက်ဆက်လာပေါ့၊ အခု တော့ ဒီကလူတွေ စိတ်ပူစရာဖြစ်နေရတယ်'

မငွေယုံမှာ ကောင်းမြတ်သူ လုပ်ပုံကို မကျေနပ်သဖြင့် ပြန်ပြောနေသည်။

စိုးသိဏ်းမှာမူ စိတ်အိုက်နေဟန်ဖြင့် စီးကရက်တစ်လိပ် ကိုထုတ်ကာ သောက်ရင်းငြိမ်နေသည်။

'ဒီရန်ကုန်မြို့မှာ ရှင့်သူငယ်ချင်းရဲ့ တခြားအသိအကျွမ်း ဆွေမျိုးတွေများရှိနေလို့ အဲဒီမှာများ သွားတည်းနေရော့သလားတော်'

မငွေယုံက သူစဉ်းစားမိသည်ကို ဆက်၍ မေးနေပြန်သည်။

'ရှိပါဘူးကွာ၊ အဲ... တကယ်လို့ရှိရင်လည်း ဒီကောင် တည်းမယ့်ကောင် မဟုတ်ဘူး၊ ငါ့အိမ်မှာပဲ တည်းမှာပါ၊ ကဲပါကွာ ဒါတွေပြောနေလို့ အလုပ်ပျက်ပါတယ်၊ တို့လုပ်စရာရှိတာတွေ လုပ်ကြရအောင်၊ ငါပြောတဲ့အတိုင်း တစ်ရက်နှစ်ရက် စောင့်ကြည့် မလာမှ သူ့အိမ်ကို စာရေးမေးကြတာပေါ့'

စိုးသိဏ်းသည်ပြောရင်း သူ့တပည့်နှစ်ဦး လုပ်ကိုင်နေသော ပုံနှိပ်စက်အနီးသို့ လျှောက်သွားသည်။

မငွေယုံလည်း လုပ်လက်စဖြစ်သော စာရင်းများကို ဆက် လက်ရေးမှတ်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(ခြောက်)

မြို့ရှင်းမရ သူ့ဘဝ

ကောင်းမြတ်သူ လက်ဖက်ရည်သောက်အပြီးတွင် အေးမြင့်သွယ်က ညှော်ခန်းသို့ခေါ်သွားသည်။

ညှော်ခန်းတွင် အေးမြင့်သွယ်၏မိဘများဖြစ်ကြသောဦးသိန်းမြင့်နှင့် ဒေါ်ရီတို့မှာ တိုးတိုးတိုးတိုးဖြင့် တိုင်ပင်ဆွေးနွေးနေကြသည်။

ကောင်းမြတ်သူတို့ ဝင်လာသည်ကိုတွေ့မှ စကားကို ရပ်ပစ်လိုက်ကြသည်။

'လာ.. လာ မောင်လွင်ကိုကို ထိုင်ကွယ်'

ဦးသိန်းမြင့်က ဖော်ရွေစွာဖြင့် လှမ်းခေါ်သည်။

ဒေါ်ရီက သူ့ကို ပြုံးကြည့်နေသည်။

ကောင်းမြတ်သူသည် ခုံညားလှပသော ဆက်တီ(ခေါ်) နောက်မှီနှစ်ယောက်ထိုင် ဆိုဖာကြီးတစ်လုံးတွင် အသာဝင်ထိုင်သည်။

'ကိုကို ခဏလေးနော်၊ သွယ် အယ်လ်ဘန် သွားယူလိုက်ဦးမယ်'

ကောင်းမြတ်သူထိုင်အပြီးတွင် အေးမြင့်သွယ်က ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ ပြေးတက်သွားသည်။

ပြေးတက်သွားသော အေးမြင့်သွယ်ဘက်သို့ ကောင်းမြတ်
တစ်ချက် လှမ်းကြည့်သည်။

ပြီးလျှင် ဦးသိန်းမြင့်ဘက်သို့ လှည့်ကာ တည်ကြည်သေ
မျက်နှာဖြင့်ပြောသည်။

'ကျွန်တော်ဟာ လွင်ကိုကို မဟုတ်ဘူးဆိုတာ အခုထက်
ဦးလေးတို့ မယုံကြည်ကြသေးဘူးလားဗျာ'

ကောင်းမြတ်သူက မေးသည်။

ဦးသိန်းမြင့် အဖြေကို ချက်ချင်းပြန်မပေး။

အနီးတွင်ထိုင်နေသော ဇနီးသည်ဒေါ်ရီထံသို့ လှမ်းကြ
သည်။ ဒေါ်ရီက ပြုံးချိုသော မျက်နှာကလေးဖြင့် ကောင်းမြတ်
ကို ပြန်ပြောသည်။

'သားကလဲကွယ်… အခုထက်ထိ မေမေတို့ကို လိမ်ချ
ညာချင်တုန်းပဲလား၊ အခုလို သားကို ခေါ်ထားတာဟာ သားအတွ
ရော၊ မေမေတို့အတွက်ရော နှစ်ဦးနှစ်ဖက် ကောင်းဖို့ပါကွယ်၊ သာ
အခုလို မေမေတို့နဲ့အတူ နေနေတော့ ဟိုတုန်းက မေမေတို့ကို
ခဲ့ကြတဲ့လူတွေရဲ့ ပါးစပ်တွေဟာ ပိတ်ကုန်ကြတာပေါ့၊ သားဆိုရ
လည်း မေမေတို့ကို ရှောင်ရှားနေရတဲ့ ဒုက္ခကကင်းဝေးရတာပေ
ကွယ်၊ မဟုတ်ဘူးလား'

'အာ… ခက်တာပဲ၊ ကျွန်တော်မှ လွင်ကိုကို မဟုတ်တဲ့
ဟာ ဒေါ်ဒေါ်တို့ လူမှားနေကြတယ်နော်၊ နောက်ကျမှ ကျွန်တော့်
လူလိမ်လူညာဆိုပြီး မပြောကြနဲ့၊ အဲဒီအခါကျတော့ ကျွန်တော်က
လည်း ခံနေမှာ မဟုတ်တော့ဘူး'

'စိတ်ချ စိတ်ချ၊ ငါ့သားကိုလူလိမ်လူညာလို့ မေမေတို့က ဘယ်
တော့မှမပြောဘူး၊ သားကသာ မေမေတို့ကို ခွဲမသွားနဲ့ ဟုတ်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓေါ'

ဒေါ်ရီ၏စကားအဆုံး၌ ကောင်းမြတ်သူနှုတ်မှ ထွက်သွားသော အာမေဋိတ်သံ။

အေးမြင့်သွယ်လည်း ဖိုတိုအယ်လ်ဘန်ကလေး ကိုင်ကာ ကောင်းမြတ်သူထံ ပြန်လာသည်။

'ကိုကို ဒီအယ်လ်ဘန်ထဲက ပုံတွေကိုကြည့်စမ်း'

ကောင်းမြတ်သူ၏ ဆိုဖာပေါ်တွင် လူချင်းပူးကပ်ကာ ထိုင်နေရင်း အေးမြင့်သွယ်က ဓာတ်ပုံစာအုပ်ကြီးကို လှမ်းပေးသည်။

ကောင်းမြတ်သူလည်းသိလိုဟန်ဖြင့်လှမ်းယူကာကြည့်သည်။

ဓာတ်ပုံစာအုပ်ကြီးကို လှန်လျှင်လှန်ချင်း ရှစ်လက်မအရွယ် ဓာတ်ပုံကြီးကို စမြင်ရသည်။

ထိုပုံကိုမြင်လိုက်ရလျှင် ကောင်းမြတ်သူနှုတ်မှ ဟယ်..ခနဲ အာမေဋိတ်သံကြီးတစ်ခု ပေါ်ထွက်လာသည်။ သူ့မျက်စိများကိုလည်း မယုံကြည်နိုင်အောင် ဖြစ်နေသည်။

သူမြင်ရသော ဓာတ်ပုံကြီးမှာ အမျိုးသားနှင့်အမျိုးသမီး နှစ်ယောက်တွဲပုံ။

အမျိုးသား၏ရုပ်ရည်မှာသူနှင့်ခွဲမရအောင်တူညီလှသူ။ အမျိုးသမီးကတော့ သူ့အနီးတွင်ရှိ အေးမြင့်သွယ်။ တစ်ဦး၏ခါးကို တစ်ဦးကတင်းကျပ်စွာဖက်ထားကြရင်း ပြုံးရွှင်သောမျက်နှာများဖြင့် ကြည့်နေကြသောပုံဖြစ်သည်။ထိုဓာတ်ပုံ၏အောက်တွင် စာတမ်းကလေးထိုးထားသည်။

'ကမ္ဘာ့အဲ့ဖွယ်ရာ ဖြစ်တော်မူသော ပင်းတယမြို့ကျက်သရေဆောင် ရွှေဥမင်ဘုရားသဘာဝ လိုဏ်ဂူတော်ကြီးအနီးတွင် ရိုက်ကူးခဲ့သည်။'

'အဲဒီပုံဟာ သွယ်နဲ့ကိုကိုတို့ လက်မထပ်ကြခင် တစ်ပတ်

www.burmeseclassic.com



အလိုမယ် ရိုက်ကူးခဲ့ကြတာလေ၊ ကိုကို မှတ်မိတယ် မဟုတ်လား'

အေးမြင့်သွယ်ကချိုသာသောအသံကလေးဖြင့် မေးနေသည်။ ကောင်းမြတ်သူ ခေါင်းကို ခပ်ပြင်းပြင်းကလေး ခါယမ်းပြသည်။

'ဟန့်… ကိုကိုကလည်း ဓာတ်ပုံကြီးအထင်အရှား မြင်နေလျက်သားနဲ့ မမှတ်မိဘူးဆိုတော့ မလွန်ဘူးလားလို့'

'ရော… အဲဒီပုံဟာ ကျုပ်ပုံမှမဟုတ်တာ ဘယ်လိုလုပ်မှတ်မိရမှာလဲ အမိရဲ့'

ကောင်းမြတ်သူကလည်း စိတ်ရှုပ်သံဖြင့် ပြန်ဖြေသည်။

'အာ… မဟုတ်သေးပါဘူးလေ၊ ဓာတ်ပုံကိုလည်း သေသေချာချာကြည့်ပါဦး၊ ကိုကိုနဲ့ ချွတ်စွပ်ပဲဟာ'

'စွပ်ချင်စွပ်၊ မစွပ်ချင်နေ၊ အဲဒီပုံဟာ ကျုပ်မဟုတ်တာ ကျမ်းကျိန်ပြီးပြောရဲတယ်၊ အဲဒီဓာတ်ပုံရှင်ကမှ ခင်ဗျားယောကျ်ားလွင်ကိုကို အစစ်ပါ၊ ဒီတော့ ကျုပ်ကို သွားခွင့်ပြုကြပေတော့'

ကောင်းမြတ်သူစကားကြောင့် အေးမြင့်သွယ်မျက်နှာမှာ ငိုတော့မလို ဖြစ်သွားသည်။

'ကိုကိုရယ်၊ ဓာတ်ပုံကြီးကို ခိုင်ခိုင်မာမာ ပြနေတာတောင် ငြင်းနေသေးတယ်နော်၊ ဒီလောက်တောင် မျက်နှာပြောင်မတိုက်သင့်ပါဘူး၊ သွယ့်အပေါ်မှာ တစ်စက်ကလေးမှ မေတ္တာတရား မထားတော့ဘူးလားဟင်'

'ခက်တယ်ဗျာ၊ ကျွန်တော်က အမှန်ကိုပြောနေတာ၊ ခင်ဗျားတို့က ဖွတ်ပဲစွပ်စွဲနေတော့ အဖြေတွေဟာ ကြက်ခြေခတ်တွေ ဖြစ်နေတာပေါ့၊ အမှန် ဘယ်ရတော့မလဲ၊ ဒီအထဲကလူဟာ ကျွန်တော်နဲ့ ရုပ်ချင်း 'ရွေးမရအောင်တူညီတယ်ဆိုတာကို ကျွန်တော်ဝန်ခံပါတယ်၊ အဲ… ဒါပေမဲ့ ကျွန်တော်တော့ မဟုတ်ဘူး၊ ပြီးတော့ ကျွန်တော်ဟာ သူ အခုဝတ်ထားတဲ့ ဂျင်းပင် ဘယ်တုန်းကမှ မဝတ်ခဲ့ဘူး၊ ဝတ်လည်း

www.burmeseclassic.com

www.burmeseclassic.com



မဝတ်ဖူးဘူး၊ ကျွန်တော် လုံချည်ကိုသာ အဝတ်များတာပါဗျာ'

ကောင်းမြတ်သူ၏စကားအဆုံး၌ အေးမြင့်သွယ်တို့ မိသားစုမှာ ဟီးခနဲ သက်ပြင်းရှည်ကြီးတွေကို ပြိုင်တူချလိုက်ကြသည်။

'ကဲ.. ကဲ ဒါကို ထားလိုက်ပါတော့၊ နောက်တစ်ခု လှန်ကြည့်ပါဦး'

အေးမြင့်သွယ်၏စကားအတိုင်း ကောင်းမြတ်သူမှာ အယ်လ်ဘန် ဓာတ်ပုံကိုဆက်၍ လှန်ကြည့်ရမြန်သည်။

ဒုတိယတွေ့လိုက်ရသောပုံမှာ အေးမြင့်သွယ်၏ကိုယ်တစ်ပိုင်းပုံဖြစ်သည်။

အေးမြင့်သွယ်သည် ကရဝိက်ရေခဲမုန့်ပုံစံမျိုး ဆံပင်ကို မြုပြင်ထားသည်။

မျက်နှာပေါ်တွင် ဇီးကွက်နေကာမျက်မှန်ကြီးတပ်ကာ ပုလဲသွယ်ကလေးတစ်မျှ ညီညာဖြူဖွေးသော သွားကလေးများပေါ်အောင် ပြုံးကာ ရိုက်ကူးထားသည်။

ထိုဓာတ်ပုံ၏အောက်ဘက်တွင် ဒွေးချိုးကဗျာလေးတစ်ပုဒ် ရေးသားထားသည်ကို အောက်ပါအတိုင်း ဖတ်ရှုရသည်။

*'ချစ်သဲသွယ်သို့'*

ချစ်သဗျာ၊
ရှစ်ကမ္ဘာပျက်ပြုန်းတောင်၊
ဖုန်းမောင်မခွဲ၊
သန္တာတွေ၊
မှန်စွာမသွေ ပုလဲဖြစ်စေတော့၊
(သွယ့်ကိုလေ)မပစ်ပေါင် ဘယ်အခါမှ၊
စိတ်ချအမြဲ။

*လွင်ကိုကို*

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီကဗျာကလေးကိုကော ကိုကို မှတ်မိသေးသလားဟင်'

ကောင်းမြတ်သူက အေးမြင့်သွယ်၏အမေးကို ခေါင်းယမ်းကာပြသည်။

'ကိုကိုကတော့ ဘာကိုပဲမေးလိုက်မေးလိုက် ခေါင်းကိုသာ ယမ်းပြနေတာပဲနော်၊ ဒီကဗျာလေးဟာ ကိုကိုကိုယ်တိုင် လွင့်ရှေ့မှာ လက်တန်းစပ်ပြီးရေးခဲ့တဲ့ ဒွေးချိုးကလေးပါ၊ ဘာဖြစ်လို့ မဟုတ်ဘူး ငြင်းချင်နေရတာလဲ ကိုကိုရယ်'

'ဟုတ်မှ မဟုတ်တာကို ဟုတ်တယ်လို့ ပြောရမှာလားဗျ၊ ကျွန်တော်က အခုလို ဒွေးချိုးမပြောနဲ့ လေးလုံးစပ်ကဗျာကိုတောင် ကာရန်ညီအောင် စပ်တတ်တဲ့ကောင် မဟုတ်ဘူး၊ ဒီလောက်သာ စပ်တတ်ရင် ကျုပ်က မဂ္ဂဇင်းတိုက်တွေကို ကဗျာရေးစပ်ပြီး ပေးနေပြီး သားပဲ‥ ဟဲဟဲ'

ကောင်းမြတ်သူကပြောလျှင် အေးမြင့်သွယ်မှာ စိတ်ပျက်သွားတော့သည်။

'ဩော်‥‥ ကိုကို‥‥ ကိုကို ရှစ်ကမ္ဘာပြန်းတောင် မခွဲဘူး ဆိုပြီး အခုတော့ တစ်ကမ္ဘာတောင်မပြန်းသေးဘူး၊ သွယ့်ကို ခွဲချင်နေပြီလား ကိုကိုရယ်'

အေးမြင့်သွယ်ပြောရင်း စိတ်ထိခိုက်ဟန်ဖြင့် ကောင်းမြတ်သူ အနီးတွင် တရှုံ့ရှုံ့ငိုရှိုက်ကာ နေရှာတော့သည်။ အေးမြင့်သွယ်ငိုနေ၍ ကောင်းမြတ်သူလည်း ဓာတ်ပုံစာအုပ်ကြီးကို ဆက်မကြည့်တော့။ ရှေ့တွင်ရှိ စားပွဲခုံပေါ်သို့ ပစ်တင်ထားသည်။

သမီးဖြစ်သူ ငိုယိုနေသဖြင့် မိဘနှစ်ပါးမှာလည်း မျက်နှာ မျက်နှာမလှဖြစ်နေသည်။

'ဒီမယ် မောင်လွင်ကိုကို၊ မင်း ဘယ်လိုဖြစ်နေရတာလဲ ငါ့တူရယ်၊ မင်းဟာ အတိတ်ကို တကယ်ပဲမေ့နေပြီလား၊ မင်း ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်ဆိုတာကိုကော တို့ကို ပြောမပြနိုင်ဘူးလား၊ မင်းအဖေ
ဘ အခု ဘယ်လိုဖြစ်နေသလဲကွယ်၊ ငါ့တူရဲ့စိတ်ကို အတတ်နိုင်
ငြိမ်ငြိမ်ထားပြီး ဦးလေးတို့ကို ပြောပြပါလား'

ဦးသိန်းမြင့်က ကောင်းမြတ်သူအား စိတ်မကောင်းသံဖြင့်
မြန်းနေသည်။

ကောင်းမြတ်သူမှာလည်း တကယ်ပင် ရှုးချင်စိတ်ပေါက်လာ
နေတော့သည်။

'ကျွန်တော့်အဖေအစစ်သေတာကတော့ နှစ်နှစ်ကျော် သုံး
လောက်ရှိနေပြီ၊ မိုးညှင်းမြို့က ဆေးရုံပေါ်မယ် ဆုံးတာပဲ၊ အဲ...
ားတို့သမက် လွင်ကိုကိုရဲ့အဖေနဲ့ ပတ်သက်လို့တော့ ကျွန်တော်
ည်း ဘယ်သိပါ့မလဲ၊ ဦးလေးတို့ပဲသိမှာပေါ့'

ကောင်းမြတ်သူ၏ စကားအဆုံး၌ ဦးသိန်းမြင့်သည် ဇနီးဖြစ်
ဒေါ်ရီဘက်သို့ လှမ်းကြည့်သည်။ ဒေါ်ရီက ဦးခေါင်းကလေးကို
ယမ်းပြသည်။ ပြီးတော့ ကောင်းမြတ်သူဘက်သို့ လှည့်ပြောသည်။

'ငါ့သား စိတ်တွေကိုငြိမ်ငြိမ်ထားပြီး နားထောင်စမ်း၊ မေ
ပြောပြမယ်၊ သားနဲ့ ဟောဒီက မေမေတို့သမီး မင်္ဂလာဆောင်ကြ
နေက်မယ် သံကြိုးစာတစ်စောင်ရောက်လာတယ်လေ၊ ဒီသံကြိုး
ဲမှာ ဘယ်လိုရေးထားသလဲဆိုတော့ *'သား လွင်ကိုကို၊ သေရေး
ရှင်ရေးတစ်မျက်နှာ ပေါ်လာပြီ၊ မေမေနဲ့အမြန်လာတွေ့ပါ၊ မေမေ
ညီမြို့က မင်္ဂဘကြီး ဦးသန်းအိမ်မှာ ရောက်နေတယ်၊ ဘလွင်'*
ရေးထားတယ်လေ၊ မှတ်မိသလား'

ဒေါ်ရီကမေးနေသည်။ ကောင်းမြတ်သူကလည်း ထုံးစံ
အတိုင်း ခေါင်းကိုယမ်းပြသည်။

'ဖြစ်ရလေကွယ်၊ မေမေတောင် အလွတ်ရနေတဲ့ဟာ သား
မှတ်မိဘူးဆိုတော့ ခက်သားပဲ၊ ဒီမယ်သား မေမေဟာ သားကို

www.burmeseclassic.com

www.burmeseclassic.com


သမက်ဆိုပေမယ့် သားအရင်းလို ချစ်ပါတယ်၊ ချစ်လို့လည်း သ
အမေလိုပြောဆိုဆက်ဆံခဲ့တာပဲ၊ မင်းဦးလေးကလည်း မေမေ့အတိုင်
မင်းကို သားတစ်ယောက်လို ချစ်တာပဲ၊ သမီးအေးမြင့်သွယ်ဆိုတ
တော့ အထူးပြောနေစရာမရှိဘူး၊ မင်းကို အစ်ကိုလိုတစ်မျိုး၊ လင်
လိုတစ်မျိုး အင်မတန်မှ ချစ်နေရှာတာ၊ ဟိုတုန်းကတော့ သာ
လည်း မေမေတို့လိုပဲ ချစ်ခဲ့ပါတယ်လေ၊ အခုမှ စိတ်ပြောင်းသွာ
ပါ၊ ဒီတော့ မေမေတို့ကို အမှန်အတိုင်းဖွင့်ပြောစမ်း၊ သားမှာ ဘယ်
အခက်အခဲတွေရှိနေလို့ အခုလို မေမေတို့အပေါ် သစ်စိမ်းချိုး ချိ
အကြောင်ရိုက်နေတယ်ဆိုတာ သားရဲ့ အခက်အခဲမှန်သမျှ မေမေ
ရှိတဲ့စည်းစိမ်တွေပါ အပြတ်ခံပြီး ဆောင်ရွက်ပေးပါ့မယ်ကွယ်၊
ပြစမ်းပါသားရယ်'

ဒေါ်ရီမှာလည်း ပြောရင်း ငိုသံပါလာသည်။

ကောင်းမြတ်သူကတော့ ထ၍ပြေးချင်စိတ်ပေါက်နေ
သည်။ ပြေး၍လည်းမရပေ။ အကြောင်းမှာ သူရောက်လာကတည်
တိုက်ကြီး၏ဝင်းတံခါးကို သော့ဖြင့်ပိတ်ထားသည်ကို သူတွေ့လို
သည်။ ခြံဝတွင်လည်း အစောင့်နှစ်ဦးက ရှိနေသည်။ သည်
သူပြေး၍မရတော့ပေ။

'ခက်တာပဲ ဒေါ်ဒေါ်၊ ကျွန်တော် အခုလို ငြင်းနေတာ
လွင်ကိုကို မဟုတ်လို့ ငြင်းနေတာပဲ၊ ကျွန်တော်က ကောင်းမြတ်သူ
ဒါကိုလည်း ကျွန်တော် အကြိမ်ကြိမ်ပြောခဲ့ပြီးပြီ၊ ဒီတော့ ဒီလို
ပါ၊ ကျွန်တော်နေတဲ့ မိုးညှင်းမြို့ကို ဒေါ်ဒေါ်တို့ရဲ့လူယုံတော်
လွှတ်ပြီး စုံစမ်းကြည့်၊ အဲဒီ မြို့မယ် ကျွန်တော့်အမေ ဒေါ်လှသူဆိ
ရှိပါတယ်၊ သူက ဈေး ထဲမယ် ကုန်စိမ်းတွေရောင်းပါတယ်၊
သည် ဒေါ်လှသူဆိုရင် မိုးညှင်းမြို့က လူတိုင်းသိကြပါတယ်၊ သွာ
စုံစမ်းကြည့်ကြပါဗျာ၊ ဒါမှ ဦးလေးတို့ရော ဒေါ်ဒေါ်ရော ယော

www.burmeseclassic.com

www.burmeseclassic.com



ရော အမှန်ကို သိကြပါလိမ့်မယ် ဟုတ်ပြီလား'

ကောင်းမြတ်သူက မျှော်လင့်ချက်ကြီးစွာဖြင့် မေးမြန်းနေ ည်။ သို့သော် ဦးသိန်းမြင့်တို့ မိသားစုကတော့ မေးလိုဟန်မပေါ်ပေ။ ကို့သမက် လွင်ကိုကိုအဖြစ်ဖြင့် အနိုင်အမာ ယုံကြည်ထားကြပြပင်။

ကောင်းမြတ်သူ စိတ်ဖောက်ပြန်နေ၍သာ ယခုလို ပြောဆို ခြင်းဟု ထင်မှတ်နေကြသည်။

'ကျွန်တော်ပြောတာ ဘယ်လိုသဘောရသလဲ ဦးလေး'

ကောင်းမြတ်သူကမျှော်လင့်ချက်ကြီးစွာဖြင့်မေးနေပြန်သည်။

'အေးလေ ဖြည်းဖြည်းတော့ စုံစမ်းတာပေါ့ကွယ်၊ ကဲ... လည်းတစ်ညလုံး မီးရထားစီးလာရလို့ ပင်ပန်းလှရော့မယ်၊ ဒီ ာ ရေမိုးချိုးပြီး တစ်ရေးတစ်မော အိပ်လိုက်ပါဦးလေ'

ဦးသိန်းမြင့်က ကောင်းမြတ်သူကိုပြောရင်း သူလည်း ထိုင် ာမှ ထရပ်သည်။

ဒေါ်ရီသည် အေးမြင့်သွယ်ဘက်သို့ မျက်ရိပ်ပြသည်။ အကင်း သော အေးမြင့်သွယ်က ကောင်းမြတ်သူအား ကြည်လင်သောအပြုံး သားဖြင့်ကြည့်ကာ ခေါ်သည်။

'ကဲ.. လာ ကိုကို၊ အပေါ်ထပ်ကို သွားကြရအောင်'

'ဘာကိစ္စ...'

'ကိုကို ရေချိုးရမယ်လေ၊ ပြီးတော့ တစ်ရေးတစ်မော အိပ် ။ အိပ်ရာကနိုးတော့ ထမင်းစားကြမယ်၊ ကိုကို အင်မတန်ကြိုက် ငံပုတ်ကြော်ရယ်၊ ချဉ်ပေါင်ဟင်းချိုရယ်၊ ကြက်သားဆီပြန်ရယ်၊ ဉ် ချက်ထားတယ်၊ ကဲ.. လာ'

အေးမြင့်သွယ်သည် ပြောရင်း ကောင်းမြတ်သူလက်ကို ခေါ်နေသည်။

'ဒါဖြင့် ကျွန်တော့်သားရေသေတ္တာနဲ့ အိပ်ရာလိပ်လေးလေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဝတ်တွေက အဲဒီမယ်ပဲရှိတယ်'

'အာ… ကိုကိုကလည်း၊ ဒီသေတ္တာထဲက အဝတ်ေ
ဝတ်မနေပါနဲ့၊ သွယ် ယူကြည့်ပြီးပြီ၊ ကိုကို့အဝတ်တွေက ညှံ့လှ
တယ်၊ ဒီအိမ်မယ် ဟိုတုန်းက ကိုကိုဝတ်ခဲ့တဲ့ အဝတ်ကောင်းေ
ရှိပါတယ်လေ၊ သွယ်နဲ့သာလိုက်ခဲ့စမ်း'

အေးမြင့်သွယ် အတင်းပင်ဆွဲခေါ်နေသည်။

ကောင်းမြတ်သူမှာလည်း ငြင်းနေ၍ရတော့မည်မဟုတ်သ
ကို သိသည်။ သူကိုယ်တိုင်လည်း ရေမိုးချိုးကာ တစ်ရေးတစ်ေ
အိပ်လိုက်ချင်သည်။

'လွင်ကိုကို မဟုတ်ပါဘူး'ဟူ၍ သူ အတန်တန် ငြေရှင်း
လျက်နှင့် မရသည့်အတူတူတော့ ဤတိုက်တွင် မိန်းမချောကလေး
အကျနေကာ လောကစည်းစိမ်ခံနေရန် စိတ်ပိုင်းဖြတ်ထားလိုက်ေ
သည်။ ကောင်းမြတ်သူ အေးမြင့်သွယ်ခေါ်ရာ အပေါ်ထပ်သို့ လို
တက်သွားသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(ခုနစ်)

## သူတို့အကြံ

အပေါ်ထပ်တွင် အခန်းတွေက များလှသည်။ အိပ်ခန်းများ
ည့် လေးခန်းခန့်ရှိသည်။ ဘုရားခန်းကလည်း သီးသန့်ရှိသည်။
ခန်းကြီး၏ရှေ့မှဖြတ်သွားလျှင်လသာဆောင်ကြီးမှာဟီးနေသည်။

ကောင်းမြတ်သူသည် အေးမြင့်သွယ်နှင့်အတူ လိုက်သွားရာ
ပေါ်ထပ်ရှိ အခန်းများကိုလေ့လာနေသည်။

'လာ‥ ကိုကို၊ သွယ်နဲ့ကိုကို နေရမှာက ဒီအခန်းပဲ'

အေးမြင့်သွယ်ပြောရင်း အိမ်ကြီး၏မြောက်ဘက်ထောင့်တွင်
သာအခန်းသို့ ဝင်သွားသည်။

ကောင်းမြတ်သူသည် အခန်းထဲသို့ရောက်၍ အခန်း၏
ခြအနေကို လေ့လာပြန်သည်။

အခန်းထဲတွင် မဟော်ဂနီရောင် ကျွန်းသားဗီရိုကြီးတစ်လုံး
ည်။ စာရေးစားပွဲနှင့် ကုလားထိုင်တစ်လုံးလည်း ရှိသည်။ အမျိုး
အလှပြင်သောမှန်တင်ခုံလည်းရှိသည်။ တစ်ဖက်တွင် နှစ်ယောက်
ခြေးခုတင်ကြီးတစ်လုံး။ တောင်ဆုပ်ခန့်ရှိသော မွေ့ရာကြီးပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ခင်းထားသော အိပ်ရာခင်းကြီးက ဖိတ်ဖိတ်တောက်။

ခေါင်းအုံးများကလည်း လှပသော စာပန်းများဖြင့် စွပ်ထ
သည်။ ခုတင်ခြေရင်းတွင် မြို့ရန်သိုးမွေးစောင်ကြီးတွေကို ခေါက်ထ
သည်။ နှစ်ယောက်အိပ် ခုတင်ကြီးကိုကြည့်၍ ကောင်းမြတ်သူ
ကလေးနှစ်ဖက် တွန့်သွားသည်။

ဘုရား… ဘုရား ငါ ဒီခုတင်ကြီးမှာ အိပ်ရမှာပါလ
အိပ်ရတာက အရေးမကြီးဘူး၊ အေးမြင့်သွယ်က ငါ့ကို သူ့ယော
အမှတ်နဲ့ ငါနဲ့အတူလာအိပ်နေရင် ဘယ်လိုလုပ်မလဲ၊ ချောက်ကျိုး
နဲကုန်တော့မှာပါပဲ'

ကောင်းမြတ်သူ တွေးရင်း စိတ်အိုက်နေရှာသည်။

အေးမြင့်သွယ်ကမူ အေးအေးဆေးဆေးပင် ရေ့မှသွား
ရေချိုးခန်းသို့သွားရာ တံခါးကိုဖွင့်သည်။

'ဟေး… ကိုကို၊ ရေချိုးမယ်ဆိုရင် ကိုယ်ပေါ်က အင်္ကျီ
ကို ချွတ်လေ၊ ဘာငိုင်နေတာလဲ'

အေးမြင့်သွယ်က လှမ်းပြောသည်။

'အာ… ခင်ဗျားရှိနေရင် ကျွန်တော် အင်္ကျီမချွတ်ချင်
ဒီတော့ခင်ဗျား တခြားကိုသွားဗျာ၊ ကျွန်တော် ရေချိုးပြီးမှ ပြန်လာ

ကောင်းမြတ်သူ၏ စကားကြောင့် အေးမြင့်သွယ်မှာ မျက်
ကလေးငယ်သွားသည်။

'ကိုကိုရယ်၊ သွယ်နဲ့ကိုကိုဟာ လက်မထပ်ခဲ့မီကတည်
လင်မယားလို နေလာကြတဲ့သူတွေပါ၊ အခုတော့ တစ်ကြိမ်တစ်
မတွေ့ဖူးမမြင်ဖူးကြတဲ့လူတွေလို လုပ်မနေပါနဲ့၊ ကိုကို့အပေ
မယားဝတ္တရားနှင့်အညီ ပြုစုရမယ့်တာဝန်က သွယ့်မှာရှိနေပါတ
ဒီတော့ တောင်ကြီးမှာ နေတုန်းကလို ကိုကိုရေချိုးရင် သွယ်
အနားကနေပြီး ဆပ်ပြာနဲ့ ချေးတွန်းပေးမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေးလေး… မဟာမြတ်မုနိဘုရားကြီး ကယ်တော်မူပါ၊ ငါ ဘယ်လိုကြံရပါ့မလဲ'

အေးမြင့်သွယ်စကားကြောင့် ကောင်းမြတ်သူမှာ ဦးနှောက်ချောက်နေရှာသည်။

'ကဲပါ… ချွတ်မှာဖြင့် ချွတ်စမ်းပါ၊ သွယ်ကိုယ်တိုင် ကိုကိုနဲ့ကွဲကွာခဲ့ရသမျှ ရက်တွေကို အတိုးချပြီး ပြုစုချင်လို့ ပြောနေတာ အိုက်တင်ခံမနေနဲ့သိလား'

'ဗုဒ္ဓေါ..'

ကောင်းမြတ်သူမှာ တုန်လှုပ်ချောက်ချားကာ နေသည်။

ယောင်ကမ်းကမ်းလုပ်နေသော ကောင်းမြတ်သူအား ကြည့်ကာ အေးမြင့်သွယ် စိတ်တိုလာသည်။

'ကြည့်ပါလားလို့၊အခုထက်ထိအင်္ကျီကိုမချွတ်သေးဘူးလား'

အေးမြင့်သွယ်ပြောရင်း ကောင်းမြတ်သူကိုယ်ပေါ်မှ အင်္ကျီများကို ချွတ်ရန်ပြင်သည်။ ကောင်းမြတ်သူလွတ်ရာကိုထွက်ပြေးသွားသည်။ နောက် အေးမြင့်သွယ်ဘက်သို့ လက်ကလေးပြကာ တားသည်။

'ဟိုး… တကာမကလေး… ဟိုးဟိုး ဆတ်ဘွတ်ကလိုး၊ ကျုပ်ဟာ အမိတို့ အထင်မှားနေကြတဲ့ လွင်ကိုကိုမဟုတ်ဘူး၊ ဒီတော့ ကျုပ်ကို ကလေးငယ်တစ်ဦးလို ရေချိုးပေးခြင်းကို သည်းခံပါလို့ပြောပါရစေ၊ အမိလည်း အခန်းထဲက ကြွပါ၊ ကျုပ်ဘာသာ ရေချိုးပါ့မယ် ဟုတ်ပြီလား'

ကောင်းမြတ်သူ ပြောရင်း ရေချိုးခန်းဆီသို့ ဝင်သွားသည်။ ရေချိုးခန်းသို့ရောက်လျှင် တံခါးကို အတွင်းမှပိတ်ထားသည်။ တံခါးကို ပိတ်ပြီးနောက် ကောင်းမြတ်သူမှာစိတ်မောသွားဟန်ဖြင့် သက်ပြင်းကို အခါခါချနေမိသည်။

'ဒီအတိုင်းဆို မလွယ်ကြောကြီးမဲ၊ သူကလည်း ငါ့ကို

www.burmeseclassic.com



သူ့ယောက်ျား လွင်ကိုကိုအမှတ်နဲ့ မယားကောင်းပီပီသသ၊ ပြုစုယုယ ချင်တယ်၊ ငါကလည်း လွင်ကိုကိုမဟုတ်တော့ အပြုအစုမခံနိုင်ဘူး ငါဟာ လွင်ကိုကိုမဟုတ်ကြောင်း သူတို့ယုံကြည်အောင် ငါ ဘယ်လို သက်သေပြရမလဲ၊ ငါလည်း ဒီထက်ပိုပြီး မပြတတ်တော့ဘူး၊ ဒါ ထားဦး၊ ဒီကနေ့ညကျလို့ သူဟာ ငါနဲ့အတူလာအိပ်ရင် ဘယ်လိုလုပ် ရမလဲ၊ သွေးသားမတော်စပ်ကြတဲ့ မိန်းမနဲ့ယောက်ျား အကာလည အချိန်မှာ တစ်ခုတင်တည်း အတူအိပ်ကြလို့ရှိရင်တော့ မှားမိပြီးသားပဲ ဒီလိုအခါမျိုးကျတော့ ငါ့စိတ်တွေကို ငါလည်းထိန်းထားနိုင်တော့မှာ မဟုတ်ဘူး၊ ဒီတော့ ငါနဲ့အတူ သူလာမအိပ်အောင် ဘယ်လိုကြံရမလဲ၊ တွေးစမ်း၊ ကောင်းမြတ်သူ တွေးစမ်း၊ တွေးစမ်းပါဟ'

ကောင်းမြတ်သူသည် သူ၏ဦးခေါင်းကို လက်ဖြင့်အသာ ပုတ်ကာ အကြံထုတ်နေသည်။

'ဟေး ကိုကို အခုထက်ထိ ရေသံမကြားသေးဘူး၊ အခန်း ထဲမှာ ဘာလုပ်နေတာလဲဟင်'

အပြင်ဘက်မှ ပြောလိုက်သော အေးမြင့်သွယ်၏အသံ။

ကောင်းမြတ်သူ လန့်သွားသည်။

'အဲ··· ဟုတ်ကဲ့·· အင်း အင်း အင်္ကျီချွတ်နေလို့ပါ၊ အခုပဲ ချိုးတော့မယ်'

ကောင်းမြတ်သူ ပြန်ပြောရင်း ကိုယ်ပေါ်မှအင်္ကျီကို အမြန် ဆွဲချွတ်သည်။ နောက် ရေဘုံဘိုင်ကိုဖွင့်ကာ အပြင်မှကြားရစေရန် ရေသံပေးထားသည်။

သူလည်း ရေချိုးခန်းထဲတွင် အနောက်တိုင်းဆန်ဆန် ပြုလုပ် ထားသော ကြွေအင်တုံကြီးထဲတွင် သူ့ကိုယ်ကိုဆင်းကာ ရေဝင်ချိုး တော့သည်။

ရေချိုး၍အပြီးတွင် ကောင်းမြတ်သူသည် ရေစက်လက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



င် ချွတ်ထားသောလုံချည်ကို ကောက်ဝတ်ကာ ရေချိုးခန်းမှထွက် လာသည်။

အပြင်တွင် သူ့အား မျက်နှာသုတ်ပဝါကို ကိုင်လျက် ရပ် စောင့်နေသောအေးမြင့်သွယ်ကိုတွေ့ရသည်။ ထိုသို့တွေ့ရလျှင် ကောင်း မြတ်သူ လှည့်၍ဝင်ပြေးရန်ကြံမိသေးသည်။

'ရော့ ကိုယ်ပေါ်ကရေတွေကို မြန်မြန်သုတ်၊ ကြာရင်အအေး မိနေလိမ့်မယ်'

အေးမြင့်သွယ်က မျက်နှာသုတ်ပဝါကို ပစ်ပေးရင်း လှမ်း ပြောသည်။ သူလည်း ပြန်ဝင်ပြေးမနေတော့ဘဲ မျက်နှာသုတ်ပဝါကို လှမ်းယူကာ ကိုယ်ပေါ်မှရေများကို သုတ်နေသည်။

သူ ရေများကို သုတ်နေခိုက်မှာပင် အေးမြင့်သွယ်သည် သူဝတ်ရန် လုံချည်နှင့်အင်္ကျီများကို ဗီရိုအတွင်းမှ ထုတ်ယူနေသည်။

'ကဲ.. ကိုယ်ပေါ်က လုံချည်ကို ချွတ်လိုက်လေ... ဟောဒီ အခြောက်ကို လဲထားပါ'

အေးမြင့်သွယ်၏အမိန့်အတိုင်း ကောင်းမြတ်သူမှာ လဲယူ ဝတ်ရသည်။ အေးမြင့်သွယ်ပေးသော လွင်ကိုကို၏အင်္ကျီများမှာ ကောင်းမြတ်သူနှင့် တိုင်း၍ချုပ်ထားသည့်အတိုင်း ဖစ်တ်ဆိုက်ဖြစ်ကာ နေတော့သည်။

'ကိုင်း... ဆရာကြီး အင်္ကျီကတော့ သက်သေခံနေပြီ၊ ဒီ တော့ လွင်ကိုကို မဟုတ်ဘူးလို့ ငြင်းနေဦးမှာလားဟင်'

အေးမြင့်သွယ်က ခပ်ပြုံးပြုံးကလေးဖြင့် မေးနေသည်။

'ဟာဗျာ အင်္ကျီတော်တာနဲ့ပဲ ကျွန်တော်ဟာ လွင်ကိုကိုဖြစ် နေတော့မှာလား၊ ခက်တယ်ဗျာ၊ ခင်ဗျားတို့တစ်တွေက ယုံမှ မယုံကြဲ တိုး၊ ဘာဖြစ်လို့ ကျွန်တော်ပြောတာကို မယုံကြတာလဲဗျာ'

'ယုံစရာမရှိလို့ မယုံတာပေါ့ ကိုကိုရယ်၊ ပြောကမယ်

www.burmeseclassic.com



လူတူမရှား အမည်တူမရှားဆိုတာ ရှိကြပေမယ့် အနေအထိုင်၊ အပြော
အဆို၊ အသွားအလာမှအစ၊ ချွတ်စွပ်တူတာမျိုးကတော့ ရှားပါတယ်
ဒီတော့ ဘယ်လိုလုပ်ယုံရမှာလဲ ကိုကို'

'အိမ်း… မယုံရင်လည်း ပုံပြင်လို့သာမှတ်ပေါ့၊ ကျွန်တော်
လွင်ကိုကို မဟုတ်တာတော့ ဘုရားသိ၊ သိကြားသိနတ်ဒေဝါနဲ့ ရပ်ကွ
ကောင်စီ လူကြီးတွေကအစ၊ သိကြပါတယ်၊ ကိုင်း… ကျွန်တော်လည်
တစ်မေးလောက် မေးချင်သေးတယ်'

ကောင်းမြတ်သူ ပြောရင်း ဝါးခနဲ တစ်ချက်သမ်းပြသည်

'မေးချင်ရင်မေးလေ၊ လာ… သွယ် အိပ်ရာလုပ်ပေးမယ်

အေးမြင့်သွယ်ပြောရင်း ကောင်းမြတ်သူ အိပ်ရန်အတွက်
အိပ်ရာခင်းများကို ပြုပြင်ပေးနေသည်။

အခန်းမှာ အဲယားကွန်ဒီးရှင်းခေါ် လေအေးစက်များ တပ်
ဆင်ထားသဖြင့် အေးနေသည်။

ကောင်းမြတ်သူမှာ ရေချိုးပြီးစမို့ ပိုမို၍ အေးကာချမ်းအေ
တော့သည်။

'အား… ခင်ဗျားတို့အခန်းက လေအေးစက်ကို ပိတ်ထား
နိုင်ရင် ပိတ်ပေးစမ်းပါဗျာ။ ကျွန်တော်တော့ ချမ်းတောင်နေပြီ'

'ဟော… ပေါ်ပြန်ပြီ'

'ဗျာ…'

အေးမြင့်သွယ်၏စကားကြောင့် ကောင်းမြတ်သူမှာ ကိုယ်
ပေါ်မှ လုံချည်ကိုဖြန့်ကာ တောင်ကြည့်မြောက်ကြည့် လုပ်နေသည်

'ဘယ်မှာပေါ်လို့လဲဗျ၊ လုံချည်မှာ အပေါက်အပြဲလည်း
မရှိပါဘူး'

အေးမြင့်သွယ်မှာ တခိခိရယ်ရင်း ပြန်ပြောသည်။

'တော်ပါ… ဟာသဖောက်မနေပါနဲ့၊ သွယ်ပြောတဲ့ ပေါ်ပြ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုကိုက လေအေးစက်ကို အပိတ်ခိုင်းနေလို့ပါ'

'အလို… အဲဒါနဲ့ပေါ်တာ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ ကိုကိုဟာ တောင်ကြီးမှာကတည်းက လေအေးစက်ဖွင့်ထားရင် အခုလိုပဲ အပိတ်ခိုင်းခဲ့တာလေ၊ ကဲ… ဘာပြောဦးမလဲ'

ကောင်းမြတ်သူ စိတ်ပျက်သွားသည်။ သူပြောသမျှတွေမှာ လွင်ကိုကိုနှင့်ချည့် တူနေသောကြောင့်ပင်။

'ဘာမှ မပြောချင်တော့ဘူး၊ ပြောလို့လည်း ခင်ဗျားက ယုံမှာမဟုတ်ဘူး၊ ဒီတော့ အိပ်တော့မယ်ဗျာ'

ကောင်းမြတ်သူ ပြောရင်း အေးမြင့်သွယ်ခင်းပေးထားသော အိပ်ရာပေါ်သို့ တက်ကာ အိပ်လိုက်တော့သည်။ အေးမြင့်သွယ်မှာ ဓနီးကောင်းပီသစွာဖြင့် ကောင်းမြတ်သူကိုယ်ပေါ်သို့ သိုးမွေးစောင်ကြီးကို လည်ပင်းနားအထိ ခြုံပေးနေသည်။

ကောင်းမြတ်သူ မျက်စိမှိတ်ကာ ငြိမ်ငြိမ်ကလေးနေသည်။ စိတ်ထဲမှ အေးမြင့်သွယ်တစ်ယောက် သူ့ဘေးတွင် ဝင်မအိပ်ဘဲအခန်းအောင်းမှထွက်သွားပါစေဟု ကျိတ်ကာဆုတောင်းနေမိသည်။

သူ့ ဆုတောင်းပြည့်ဝသွားသည်။ အေးမြင့်သွယ်မှာ သူ့ကိုယ်ပေါ်တွင် စောင်ကို ခြုံပေးပြီးနောက် အခန်းထဲမှ ထွက်သွားသည်။

ကောင်းမြတ်သူ ရင်ထဲမှ အလုံးကြီးကျကာ စိတ်ချလက်ချ အိပ်လိုက်မိတော့သည်။

'သမီးရေ… ဒီကို ခဏာဟေ့'

'အေးမြင့်သွယ် အောက်ထပ်သို့အရောက်၌ မိခင်ဖြစ်သူ ဒေါ်ရီက လှမ်းခေါ်သည်'

'ဟုတ်ကဲ့ မေမေ'

အေးမြင့်သွယ်ပြန်ထူးရင်းမိဘများရှိရာညှော်ခန်းသို့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးယောက်ျား အိပ်နေပလား'

ဒေါ်ရီကမေးသည်။

'ဟုတ်ကဲ့… အိပ်နေပါပြီ၊ မေမေတို့ ဘာပြောမလို့လဲ'

'ဟောဒီ သမီးဖေဖေက မောင်လွင်ကိုကိုနဲ့ ပတ်သက်ပြီး စိတ်ကူးထားတာ ပြောချင်လို့တဲ့ သမီး'

မိခင်၏စကားအဆုံးတွင် အေးမြင့်သွယ်သည် ဖခင်ဘက်သို့ လှမ်းကြည့်သည်။

'ဖေဖေက ဘယ်လိုစိတ်ကူးထားလို့လဲ'

အေးမြင့်သွယ်၏အမေးကြောင့် ဦးသိန်းမြင့်သည် အောက်ပါ အတိုင်း ရှင်းလင်းပြောပြနေသည်။

'ဖေဖေ စိတ်ကူးထားတာက ဒီလိုပါ၊ အခုဆိုရင် သမီး တဲ့အတိုင်းပဲ၊ မောင်လွင်ကိုကိုဟာ အတိတ်ကိုလုံးဝ မေ့နေတယ် ပြီးတော့ စိတ်လည်း မှန်ပုံမပေါ်ဘူး၊ သူ့ကိုယ်သူ ကောင်းမြတ်သူ သာ ထပ်တလဲလဲ ပြောနေတော့တာပဲ၊ အဲဒီလိုဖြစ်နေတဲ့အတွက် သူ့ကို စိတ်ရောဂါအထူးကုဆေးရုံ ခေါ်သွားပြီး ပြကြည့်ရမကောင်း ဘူးလား၊ အဲဒီ ဆေးရုံမှာ ဖေဖေ့မိတ်ဆွေ စိတ်ရောဂါကု ဒေါက်တာ တင်လှရှိတယ်၊ ဒီလိုမကုဘဲ သူ့ကို ဒီအတိုင်းထားမယ်ဆိုရင်တော့ သူ့အခြေအနေဟာ တော်တော်ဆိုးလာနိုင်တယ် သမီး'

'ကောင်းသားပဲ ဖေဖေ၊ ကိုကို့ကို ကြည့်ရတာ ယဉ်ယဉ် လေးနဲ့များ ရူးနေသလား မသိဘူး၊ ပြီးတော့ သမီးလေ သူ့အနား ကပ်လို့ရှိရင် သိပ်ကြောက်နေတယ်၊ အရင်ကနဲ့ လုံးဝမတူတော့ဘူး'

အေးမြင့်သွယ်ကလည်း သူ့အမြင်တွေကို ဖခင်ထံ ပြော နေသည်။ အေးမြင့်သွယ်၏ စကားအဆုံး၌ ဒေါ်ရီကလည်း သူ့အမြင် တွေကို တင်ပြပြန်သည်။

'အဲ… သမီးပြောမှ မေမေ သတိရတယ်၊ မောင်လွင်

www.burmeseclassic.com



ာ သမီး အနားကပ်လို့ရှိရင် ကြောက်နေပုံထောက်တော့ သူဟာ ့ပြုစားခံရတာကော မဖြစ်နိုင်ဘူးလား'

'ဘယ်လိုကြောင့် မင်းက ဒီလို ပြောနိုင်ရတာလဲ မရီ'

ဦးသိန်းမြင့်က ပြန်မေးသည်။

'ပြောဆို… ရှင်ပဲ စဉ်းစားကြည့်လေ… ၊ အရင်တုန်းက းဆို မောင်လွင်ကိုကိုဟာ ရှင့်သမီးအနားက ခွာတယ်လို့ကို မရှိဘူး၊ ပုးပူးတကပ်ကပ်နဲ့၊ ဟော အခုတော့ ရှင့်သမီးက ကပ်တာတောင် က မကြိုက်ချင်ဘူး၊ ဒါကို ကြည့်ခြင်းအားဖြင့် သူ့ကို အမျိုးသမီး စ်ယောက်ယောက်က ပြုစားတာပဲ ဖြစ်ရမယ်၊ ဒါကြောင့်သာ မီးက သူ့အနားကို ကပ်လို့ရှိရင် သူကြောက်ပြီးနေတာပေါ့၊ မဟုတ် းလား'

'ဟုတ်လိမ့်မယ်၊ မေမေပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါဖြင့် ယ်လိုကုကြမလဲ'

'အဲသဟာဆိုရင် ပယောဂဆရာနဲ့ ကုကြည့်ရမှာပေါ့…'

'အိုကွာ… နေစမ်းပါဦး၊ ပထမဆုံး စိတ်ရောဂါကုဆရာဝန် ပြကြည့်ပါဦးလေ၊ အဲဒီလို ပြကြည့်လို့မရမှ မင်းတို့ကြိုက်တဲ့ဆရာ ာ့ပေါ့'

ဦးသိန်းမြင့်က သဘောမတူသံဖြင့် ဝင်ပြောသည်။

'ဒီလိုဆို မောင်လွင်ကိုကိုကို ဘယ်တော့ သွားပြမလဲ'

ဒေါ်ရီက ပြန်မေးသည်။

'သူ အိပ်ရာကနိုးပြီး မနက်စာ စားပြီးတဲ့အခါ သွားပြကြ ပေါ့၊ အဲ… သူ့ကိုတော့ စိတ္တဇဆေးရုံ သွားပြမယ်ဆိုတာ လေသံ လေးတောင် မဟကြနဲ့၊ သူက အရူးပါးကွ ဟဲ… ဟဲ'

ဦးသိန်းမြင့်စကားကြောင့် ဒေါ်ရီနှင့် အေးမြင့်ညွှယ်တို့မှာ ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် မေမေ၊ ကိုကိုဟာ အရူးပါးအစစ်ပဲ၊ တခြာ
မကြည့်နဲ့လေ၊ သူ့ပစ္စည်းတွေကို သတိတရရှိနဲ့ မေးမေးနေတာ
သာ ကြည့်တော့ ခိ ခိ ခိ'

အေးမြင့်သွယ်ပြောပြီး ရယ်နေပြန်သည်။ လူကြီးများ
လည်း ရယ်နေကြသည်။

နေရင်းထိုင်ရင်း လူကောင်းဘဝမှ ပတ်ကလားအဖြစ် စိ
ရောဂါအထူးကု ဆေးရုံသို့ အပို့ခံရတော့မည့် ကောင်းမြတ်သူတ
ယောက်ကတော့ အပေါ်ထပ်ရှိ အိပ်ခန်းထဲမှ နှစ်ယောက်အိပ် ကြေ
တင်ကြီးပေါ်တွင် တခူးခူးဖြင့် အိပ်မောကျကာ နေရှာသည်။

အကယ်၍သာ သူ့အား စိတ်ရောဂါအထူးကုဆေးရုံသို့
တော့မည့် အကြောင်းကိုသိပါက ကောင်းမြတ်သူမှာ ဤတိုက်ကြီး
လစ်ပြေးမည်လား မသိပေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(ရှစ်)

## မပျော်လင့်သော အန္တရာယ်

'ဦးလေးတို့… ကျွန်တော့်ကို ဘယ်လောက်ကြာကြာ အခုလို ထားကြမှာလဲ ခင်ဗျာ'

နံနက်စာ ထမင်းစားကြ၍အပြီးတွင်… ကောင်းမြတ်သူက ထမင်းစားခန်းထဲတွင် ဦးသိန်းမြင့်အား မေးနေခြင်းဖြစ်သည်။ ထမင်းစားခန်းရှိ စားပွဲခုံကြီးတွင် ကောင်းမြတ်သူနှင့် အေးမြင့်သွယ်တို့က တစ်တွဲ။ ဦးသိန်းမြင့်နှင့် ဒေါ်ရီတို့ကတစ်တွဲ၊ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

သူတို့အိမ်၏ထုံးစံအတိုင်း နံနက်စာ ထမင်းစားအပြီးတွင် လက်ဖက်ရည်ကို ဆက်၍ သောက်နေကြခြင်းဖြစ်သည်။

'ငါတို့ ပြောသလို ငါတို့ဟာ လွင်ကိုကိုအစစ် ဟုတ်မဟုတ် စုံစမ်းပြီးတဲ့အထိပေါ့ကွယ်၊ ဒီတော့ တစ်လလောက်တော့ နေပါဦး'

'ဗျာ… တစ်လ'

ကောင်းမြတ်သူ အလန့်တကြားဖြင့် လှမ်းအော်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ၊ ဒီလောက်တော့ သည်းခံပြီးနေမှပေါ့၊ ငါတို့ကို ဒီမယ် ကောင်းကောင်းမွန်မွန် ထားတဲ့ဟာ'

ဦးသိန်းမြင့်က အလိုက်အထိုက် ပြန်ပြောနေခြင်းဖြစ်သည်။

'အာ.. ဦးလေးတို့က ကောင်းကောင်းမွန်မွန် ထားပေမယ့်... ကျွန်တော်က ကြာကြာမနေနိုင်ဘူးလေ၊ ကျွန်တော့်သူငယ်ချင်းနဲ့ သွားတွေ့ရဦးမယ်၊ အခုလောက်ရှိ ကျွန်တော့်အတွက် စိတ်ပူလှရောမယ်ဗျ'

ကောင်းမြတ်သူ စိတ်ရှုပ်သံဖြင့် ပြန်ပြောနေသည်။

'ကိုကိုကလည်းကွယ်၊ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ သတိထားမှပေါ့'

'အေးမြင့်သွယ်က ဝင်ပြောသည်'

'ကျုပ်က သတိမထားလို့ ရူးနေလို့လား'

ကောင်းမြတ်သူ၏အသံမှာဒေါသသံအနည်းငယ်ပါနေသည်။

'ကဲပါလေ.. ဒီကိစ္စ ခဏထားလိုက်ပါဦး၊ အခု ဦးလေးတို့ အပြင်ကို သွားကြရမယ်၊ မောင်လွင်ကိုကိုလည်း လိုက်ခဲ့ပေါ့'

ဦးသိန်းမြင့်က ကောင်းမြတ်သူ၏မျက်နှာကို အကဲခတ်ရင်း လှမ်းပြောသည်။

'ဘယ်ကို သွားမလို့လဲ၊ ကျွန်တော်ကကော ဘာကိစ္စလိုက်ရမှာလဲ'

'မင်းလည်း အပျင်းပြေပေါ့ကွယ်၊ ဒီတော့ မင်းရယ်၊ သမီးရယ် ငါနဲ့ မင်းဒေါ်ဒေါ်ရယ် သွားကြမယ်၊ ကဲ... သမီးကလည်း မောင်လွင်ကိုကိုကို အဝတ်သွားလဲပေးလိုက်ပါကွယ်'

ဦးသိန်းမြင့်စကားကြောင့် ကောင်းမြတ်သူမှာ ငြင်းရခက်နေသည်။ မည်သည့်အတွက် သူ့ကို အပြင်သို့ခေါ်သည်ကိုလည်း သူမှာ စဉ်းစားမရပေ။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့က ငါ့ကို ဘာသဘောနဲ့ အပြင်ကို ခေါ်နေတာလဲ၊ ငါ လိုက်သွားရကောင်းမလား၊ မလိုက်ဘဲနေရ ကောင်းမလား၊ အို.. လိုက်သွားတာ ကောင်းလိမ့်မယ် ထင်တယ်၊ အပြင်ကိုလိုက်သွားမှ သူတို့လက်က ငါ့မှာ လွတ်နိုင်မယ့်လမ်းစ ရှိမယ်၊ ဒီတိုက်မှာဆိုရင် လွယ်ဘူး၊ အပြင်ကျရင် သူတို့အလစ်မှာ ငါ ထွက်ပြေးသွားမယ်၊ နိပ်ဟ... ဒီအကြံ ကောင်းတယ်'

ကောင်းမြတ်သူ စိတ်တွင်းမှ တွေးနေသည်။

'ကိုကိုရေ... လာ အပေါ်ထပ်ကိုသွားပြီး အဝတ်လဲမယ်'

အေးမြင့်သွယ်က ကောင်းမြတ်သူ၏လက်ကို အသာဆွဲကာ ခေါ်သည်။ ကောင်းမြတ်သူ ငြင်းမနေဘဲ လိုက်သွားသည်။ အပေါ်ထပ်သို့ရောက်လျှင် အေးမြင့်သွယ်က ကောင်းမြတ်သူဝတ်ရန်အတွက် ဆခင်က လွင်ကိုကို ဝတ်လေ့ရှိသော အနောက်တိုင်းဝတ်စုံများကို ထုတ်ပေးသည်။

'ဟာဗျာ၊ ကျွန်တော်က ဒါတွေ မဝတ်တတ်ဘူး၊ မြန်မာ ပီပီ လုံချည်နဲ့ တိုက်ပုံပဲဝတ်မယ်၊ ခင်ဗျားဟာတွေ ပြန်ထားလိုက်ပါ'

ကောင်းမြတ်သူ၏ဆန္ဒအတိုင်း အေးမြင့်သွယ်မှာ လုံချည်နှင့် တိုက်ပုံအင်္ကျီတို့ကို ဗီရိုတွင်းမှ ထုတ်ပေးရသည်။

'ကိုကို့ခေါင်းက ဆံပင်တွေကို သွယ် ဖြီးပေးမယ်နော်'

အေးမြင့်သွယ်သည် ပလတ်စတစ်ဘီးကလေးကို ကိုင်ရင်း ကောင်းမြတ်သူကို ခေါ်နေသည်။

'မလိုပါဘူး၊ ကျွန်တော်က လက်ကျိုးနေတာမှ မဟုတ်ဘဲ၊ ကျွန်တော့်ဘာသာ ဖြီးမယ်'

ကောင်းမြတ်သူပြောရင်း အေးမြင့်သွယ်လက်ထဲမှ ဘီးကို သိမ်းဆွဲယူသည်။ နောက် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် သူ့ခေါင်းကို ဖြီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်သွယ်ကလည်း သူဝတ်ရန်အဝတ်အစားများကို ထုတ်ယူနေသည်။

ကောင်းမြတ်သူကတော့ ခေါင်းဖြီးပြီးလျှင်ပြီးချင်း အခန်းထဲတွင် မနေပေ။ အောက်ထပ်သို့ ဆင်းသွားသည်။

တိုက်၏ဆင်ဝင်အောက်တွင်တော့ နံနက်ပိုင်းက သူတို့စီးလာခဲ့ကြသော မီဖူဘူရှီကားစိမ်းကြီးမှာ အသင့်ရပ်လျက်ပင်။ ကားမောင်းသူဂုလည်း ကားထဲတွင် သူတို့အလာကို စောင့်ရင်း သတင်းစာတစ်စောင်ကို ဖတ်နေသည်။ ဧည့်ခန်းထဲတွင်တော့ လူကြီးတွေ မရှိပေ။

ကောင်းမြတ်သူသည် ဧည့်ခန်းထဲသို့ဝင်ကာ စားပွဲပေါ်ရှိ သတင်းစာများကိုယူကာ ဖတ်နေသည်။

'ကိုကို သွားတော့မယ်လေ'

အေးမြင့်သွယ်၏ခေါ်သံကြောင့် ကောင်းမြတ်သူ သတင်းစာဖတ်နေရာမှ မော့ကြည့်သည်။ ကောင်းမြတ်သူ လေကလေးတစ်ချက် ချွန်လိုက်မိသည်။

အေးမြင့်သွယ်၏ အစွမ်းကုန် ဝတ်စားဆင်ယင်ထားမှုကြောင့် ဖြစ်သည်။ နိုင်ငံခြားဖြစ် 'အာဗွန်'ရေမွှေးနံ့ကလည်း ကောင်းမြတ်သူ၏ နှာခေါင်းထဲသို့ အရမ်းလိုမ့်ဝင်လာသည်။ ရိုးရိုးကလေး ဆင်ယင်ထားသည်ကပင် အလွန်လှပနေသော အေးမြင့်သွယ်။

ယခုလို ရုပ်ရှင်မင်းသမီးတွေက အရှုံးပေးရလောက်အောင် ဝတ်စားဆင်ယင်ထားလိုက်တော့'ကောင်းကင်က စိန်ဥက္ကာငယ်ပြုတ်လာပြီထင်ရ ရုပ်သာကီမြင်ရမှ ရင်မလို့စုတ်ခေါ်'ဟူသော စလေဦးပုည၏ အလှဖွဲ့ တေးထပ်ကလေးကို အေးမြင့်သွယ်၏အလှမှာ ရင်သပ်ကာ စုတ်ထိုးနေရအောင် အလှကြီးလှနေတော့သည်။

'ကဲပါ ဘာလို့ လူကို ဒီလောက် စိုက်ကြည့်နေရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သွယ့်ကို မမြင်ဖူးလို့လားလို့'

ကောင်းမြတ်သူ စိုက်၍ကြည့်နေသည်ကို တွေ့ရသော အေး မြင့်သွယ်က ကျေနပ်အားရသံကလေးဖြင့် ပြန်မေးနေသည်။ သည် တော့မှ ကောင်းမြတ်သူလည်း အငမ်းလွန်သွားသည်ကို သတိရကာ ရှက်သွားမိသည်။

'အဲ ဟုတ် ဟုတ်ပါဘူး၊ ခင်ဗျားဝတ်စားထားတာက ပွဲနေ ပွဲထိုင်သွားမယ့်လူလို ဝတ်ထားလို့ ကြည့်မိတာပါ၊ စိတ်မဆိုးနဲ့နော်၊ ...န်တော့ ကန်တော့'

ကောင်းမြတ်သူ ပျာပျာသလဲ တောင်းပန်နေသည်။

'အို.. ဘယ့်နှယ် ကန်တော့လဲ၊ လင်မယားချင်း ဒီလို ပြောရဘူးလေ၊ သွယ့်မှာ နေရင်းထိုင်ရင်း ငရဲကြီးနေပါဦးမယ်'

'ဟား.. ဟား.. ဟား... ဟား.. အား.. ဟား.. ...း..ဟား အောင်မယ်လေးဟဲ့ ရယ်စရာကောင်းလိုက်တာနော်'

ကောင်းမြတ်သူ အားပါးတရရယ်ရင်းထိုင်ရာမှထရပ်သံည်။

အေးမြင့်သွယ်မှာတော့ ကောင်းမြတ်သူမှာ ရောဂါဖောက် ...၍ ရယ်နေခြင်းဖြစ်သည်ဟု ထင်မှတ်မှားနေတော့သည်။

'ဟဲ့ ဟဲ့ ရယ်လှချေလား၊ သမီးက ခါးကို ကလီသွားထိုး ...ယ် ထင်တယ်'

ဦးသိန်းမြင့်မှာ စိုးရိမ်သံဖြင့်ပြောရင်း သူတို့အနီးသို့ အပြေး ...လေး ရောက်လာသည်။

ကောင်းမြတ်သူကတော့ ရယ်နေဆဲ။

'မဟုတ်ပါဘူး ဖေဖေရယ်၊ သူ့ဟာသူ ရယ်နေတာပါ၊ ...ဂါများ ဖောက်လာသလားမှမသိတာ၊ ကဲ... လာပါ ဖေဖေ၊ ...ကြစို့'

အေးမြင့်သွယ်သည် ပြောရင်း ကောင်းမြတ်သူ၏ လက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းကို ဆွဲကိုင်သည်။ ကောင်းမြတ်သူမှာ အရယ်မရပ်သေး

သူတို့တစ်တွေ ပြောဆိုနေကြပုံကို နားထောင်ရင်း ပိုမို ရယ်ချင်မဆုံးဖြစ်နေသည်။

'လာ… ကိုကို၊ ကားပေါ် သွားကြမယ်နော်'

အေးမြင့်သွယ် ပြောရင်း ကောင်းမြတ်သူကို အိမ်ခန်းတွင် မှ ကားဆီသို့ တွဲခေါ်သွားသည်။

ကောင်းမြတ်သူ တဟားဟားရယ်ရင်း လိုက်ပါသွားသည် ကားထဲတွင် လာစဉ်ကကဲ့သို့ပင် သူ့အား ကားနောက်ကူရှင်၏အလ တွင် အထိုင်ခိုင်းသည်။

သူ၏ဘယ်ဘက်တွင် အေးမြင့်သွယ်ထိုင်သည်။ ညာဘ တွင်တော့ ဒေါ်ရီအစား ဦးသိန်းမြင့်ကဝင်ထိုင်သည်။ ဒေါ်ရီမှာ ကာ မောင်းသူဘေးရှိ ကူရှင်တွင် ဝင်ထိုင်သည်။

ဒေါ်ရီအနေဖြင့် ကောင်းမြတ်သူရယ်နေခြင်းကို စိတ်ဖော ပြန်နေသည်ဟု အထင်ရှိကာ မထိုင်ရဲသဖြင့် ဦးသိန်းမြင့်နှင့် လူ လဲလှယ်ကာ ထိုင်ခြင်းဖြစ်သည်။

ကားပေါ်သို့ သူတို့တစ်တွေ ထိုင်အပြီးတွင် ကားမောင်း က ကားကို တိုက်ရှေ့မှခြံပြင်သို့ ဖြည်းညင်းစွာ မောင်းထွက်လာသ ခြံဝသို့အရောက်တွင် ကားမောင်းသူသည် ဟွန်းတစ်ချက်နှိပ်ကာ ပြင်သို့ ကားကို မောင်းထွက်သည်။

'သီတဂူ'ခြံဝတွင် ဂျစ်ကားပြာကလေးတစ်စီးမှာ ရှေ့ ဖုံးကိုဖွင့်ကာ ပြင်နေသည်ကို သူတို့အမှတ်မထင် တွေ့မြင်ကြရသ ထိုကားအနီးမှပင် ကောင်းမြတ်သူစီးလာသော ဆလွန်းကားမှ ကာ မောင်းသွားသည်။

ကောင်းမြတ်သူတို့ လိုက်ပါလာကြသော ကားကလေး လှမ်းလှမ်းသို့အရောက်တွင် စက်ဖုံးဖွင့်ကာ ပြင်ဆင်နေသော ဂျစ်

www.burmeseclassic.com

www.burmeseclassic.com



သူမှာ စက်ဖုံးကို အမြန်ပိတ်သည်။

နောက် သူ၏ဂျစ်ကားကို အမြန်မြန်လှည့်ကာ ကောင်းမြတ်တို့ လိုက်ပါသွားကြသော မီဖူဘူရှီကားစိမ်းကလေးနောက်သို့ လိုက်သည်။ လိုက်သည်ဟုဆိုသော်လည်း ကပ်၍ လိုက်ပါသွားခြင်း မဟုတ်ပေ။ ခပ်လှမ်းလှမ်းမှသာ လိုက်သွားခြင်းဖြစ်သည်။ ကားပေါ်တွင် ကားမောင်းသူတစ်ဦးတည်းသာ ပါသည်။ ကားမောင်းသူမှာ ပိန်ပိန်ရှည်ရှည်ထဲက ဖြစ်သည်။ အသားဖြူ၍ အသက် (၃၀)ကျော်ခန့်သာရှိဦးမည်။

အညိုရောင် တက်ထရက်ဘောင်းဘီရှည်နှင့် ကိုယ်ပေါ်၌ အင်္ကျီအနက်ကြီးကို ဝတ်ထားသည်။ ဦးခေါင်းတွင်လည်း စစ်သုံး အရောင် ဦးထုပ်တစ်လုံးကို ဆောင်းထားပြီး မျက်နှာပေါ်၌နေကာ မျက်မှန်နက်ကြီး တပ်ထားသည်။

ထိုဂျစ်ကားနောက်မှနေ၍ လိုက်နေသည်ကို ရှေ့ကားမှ လူ မသိကြပေ။ ကောင်းမြတ်သူလည်း မသိပေ။

အတန်ကြာ သွားမိလျှင် ကောင်းမြတ်သူမှာ ကားမောင်းသူ အတွင် ထိုင်ကာ လိုက်ပါလာသော ဒေါ်ရီ၏ကုတ်ပိုးတွင် ပုရွက် တစ်ကောင် တက်နေသည်ကို လှမ်းမြင်လိုက်ရသည်။

သို့ဖြစ်၍ သူသည် ပုရွက်ဆိတ်ကိုယူရန် ညာလက်ဖြင့် ၎င်း၏ ကုတ်ပိုးကို အသာထိသည်။ ကောင်းမြတ်သူ၏ လက်ဖြင့် ထိလိုက်ရသော ဒေါ်ရီမှာ သူ့လည်ကုတ်ကို ကောင်းမြတ်သူက ရင်ခုန်ကာ လာထိသည်ဟု ထင်မိသည်။ သူလည်း တစ်ကိုယ် ကြောက်စိတ်ဖြင့် တုန်လှုပ်ကာသွားရင်း လန့်အော် အော်တော့

'အောင်မယ်လေးတော့ 'လုပ်ပါဦး ငါ့ကုတ်ကို လာညှစ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီ၏အော်သံကြောင့် ကားမောင်းသူရော အနီးရှိအေ
သွယ်တို့ပါ လန့်ဖျပ်ကုန်ကြသည်။

'အို အို ကိုကို၊ ဒီ ဒီလိုမလုပ်နဲ့လေ၊ ဒါဟာ သွယ့်
ကိုကို့ယောက္ခမလေ'

အေးမြင့်သွယ်မှာ စိုးရိမ်သံကလေးဖြင့် သတိပေ
ကောင်းမြတ်သူကို လှမ်းဆွဲထားသည်။

'အာ... တယ်ခက်ပါလား၊ ကျုပ်က လည်ကုတ်ကို
မလို့ မဟုတ်ပါဘူး၊ ဒေါ်ဒေါ့်ကုတ်ပိုးမှာ ပုရွက်ဆိတ်တက်နေ
မြင်လို့ ဖယ်ပစ်တာပါ၊ ဒီမယ် မမြင်ဘူးလား ပုရွက်ဆိတ်'

ကောင်းမြတ်သူပြောရင်း လက်တွင်းမှ ပုရွက်ဆိတ်
ကလေးကို ပြသည်။ သည်တော့ လူအားလုံး သဘောပေါက်
တဟားဟားဖြင့် ရယ်နိုင်ကြတော့သည်။

မကြာမီ သူတို့စီးလာကြသော ကားကလေးမှာ မရမ်း
မြို့နယ် တံတားကလေးရှိ စိတ်ရောဂါ အထူးကုဆေးရုံကြီးသို့
လာတော့သည်။ စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ ကားက
မောင်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ကောင်းမြတ်သူမှာ စိ
တော့သည်။

'ခင်... ခင်ဗျားတို့ ကျွန် ကျွန်တော့်ကို ဘာသဘော
ကို ခေါ်လာကြတာလဲ၊ အခု ကားကိုရပ်လိုက်'

ကောင်းမြတ်သူ ဒေါသတကြီးဖြင့် အော်ပြောသည်

'အို... ကိုကို ဒေါသမကြီးနဲ့လေ၊ စိတ်ကို ခိုင်
စမ်းပါ'

အေးမြင့်သွယ်သည် ကောင်းမြတ်သူ၏ ကိုယ်ကို
ချော့နေသည်။

'ငါ့တူကလည်း ဒေါသကြီးပဲကွ၊ ဦးလေးတို့ ဒီကို

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုနဲ့ လာတာပါ၊ ငါ့တူအတွက် မဟုတ်ပါဘူး၊ ဒီတော့ င်မေ့ပါနဲ့လေ'

ဦးသိန်းမြင့်က ပရိယာယ်သုံးကာ ကောင်းမြတ်သူကို ချော သည်။ ပထမတွင် ကောင်းမြတ်သူမှာ ကားပေါ်မှ အတင်းရုန်း ၍ ဆင်းပြေးသွားရန် ကြံမိသည်။ နောက် သူသည် စိတ်ကူး ချိုးရသွားသဖြင့် ငြိမ်နေလိုက်သည်။

သူရသွားသော စိတ်ကူးမှာ ယခု သူ့အား စိတ်ရောဂါအထူး ဆေးရုံပေါ်သို့ ခေါ်လာကြခြင်းမှာ သူ့ကို စိတ်မှန်မမှန် စမ်းသပ် န်ဖြစ်သည်။ စိတ်မှန်နေသော သူ့အဖို့ စိတ်ကို အစမ်းသပ်မခံ ရာ ဘာမျှမရှိ။ ရဲရဲကြီး အစမ်းသပ်ခံသင့်သည်။

သူ့စိတ်ကို စမ်းသပ်ကြသော ဆရာဝန်များသည် မည်သူက သူ့အား စိတ်ဖောက်ပြန်ကာ ရူးနေသည်ဟု ထင်ကြမည်မဟုတ်ပေ။ ကောင်း ပကတိဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်းသာ ထွက်ဆို ည် ဖြစ်သည်။ ထိုကဲ့သို့ ထွက်ဆိုကြလျှင် သူသည် အေးမြင့်သွယ် အထင်မှားနေကြသော လွင်ကိုကိုမဟုတ်ဘဲ ကောင်းမြတ်သူဖြစ် ကြောင်းကို သူတို့ လက်ခံယုံကြည်သွားကြပေမည်။

သူတို့ ယုံကြည်သွားပါက သူ့မှာလည်း အေးမြင့်သွယ်တို့ က်တွင်းမှလွတ်ကာ သူသွားလိုရာသို့ သွားနိုင်ပေတော့မည်။ ထို ချက်ကို တွေးမိသဖြင့် ကောင်းမြတ်သူက ငြိမ်၍နေလိုက်ခြင်းပင်။

သူတို့နောက်မှ နောက်ယောင်ခံကာ လိုက်ပါလာခဲ့သော ကားကလေးမှာ စိတ်ရောဂါအထူးကုဆေးရုံကြီးအတွင်းသို့ သူတို့ ား ဝင်သွားသည်ကိုမြင်လျှင် ကားကို ဝင်းဝတွင်အသာရပ်ထား ည်။ ကားရပ်ပြီးနောက် ဆေးရုံကြီးအတွင်း ဝင်သွားသော ကောင်း သူတို့၏ ကားကလေးကို လှမ်းကြည့်နေသည်။

ချက်ချင်းဆိုသလိုပင် ဂျစ်ကားကို နောက်ပြန်ဆုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ရှစ်မိုင်ဘက်သို့ ဂျစ်ကားကို အရှိန်ပြင်းပြင်းဖြင့် မောင်းထွ
သွားသည်။

ကဲ… လာ မောင်လွင်ကိုကို၊ အထဲကို သွားကြရအော
ဟဲ.. ဟဲ'

ဦးသိန်းမြင့်ကားပေါ်မှအရင်ဆင်းကာကောင်းမြတ်သူကို
သည်။ကောင်းမြတ်သူကောင်းမွန်စွာပင်ကားပေါ်မှဆင်းလိုက်သည
ဆေးရုံကြီး၏ အဆောက်အအုံတွင်းမှ ဝန်ထမ်းတစ်ဦး ထွ
လာသည်။

'ဒီမယ်မောင်ရင်၊ ဒေါက်တာတင်လှ ဘယ်မှာရှိသလဲကွ
ဦးသိန်းမြင့် လှမ်းမေးသည်။

'ဩော်… ဟုတ်ကဲ့၊ ဆရာ ဟောဟိုအခန်းမှာ ရှိပါတ
ဆေးရုံဝန်ထမ်းက ဒေါက်တာတင်လှရှိရာသို့ လက်ညှိုး
ကာပြသည်။

'အေး အေး ကျေးဇူးတင်ပါတယ်ကွယ်'

ဦးသိန်းမြင့် ပြန်ပြောပြီးနောက် ကောင်းမြတ်သူ၏ လ
ကိုဆွဲကာ ခေါ်သွားသည်။ သူတို့နောက်မှ အေးမြင့်သွယ်နှင့် အေ
တို့က လိုက်ပါသွားကြသည်။

'ဟာ.. ဦးသိန်းမြင့်တို့ပါကလား၊ လာကြဗျို့၊ လာ
ဒေါက်တာတင်လှမှာ ဦးသိန်းမြင့်ကိုမြင်လျှင် သူ တ
ကျရာအခန်းမှ ဝမ်းသာအားရ လှမ်းနှုတ်ဆက်သည်။ ဦးသိန်းမြင့်
လည်း ပြုံးပြရင်း ဒေါက်တာတင်လှ၏ အခန်းထဲသို့ ဝင်သွားသ

'ဒေါက်တာ အလုပ်ရှုပ်နေသလား'

'သိပ်တော့ မရှုပ်ပါဘူးလေ၊ ဆိုပါဦး ကျွန်တော် ဘာကူ
ရမလဲ'

ဒေါက်တာတင်လှက ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းမြင့်သည် အခန်းဝတွင် ရပ်နေကြသော သူ့လူများ ...ဘက်သို့ တစ်ချက်လှမ်းကြည့်သည်။ ကောင်းမြတ်သူအပါအဝင် အေး ...ငြိသွယ်တို့မှာ အခန်းထဲသို့ ဝင်မသွားကြပေ။

'ဒေါက်တာ့ဆီက အရေးတကြီး အကူအညီတစ်ခု လိုချင် ...ပါ'

'ရပါတယ်လေ ပြောပါ'

'တခြား မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်တော့် သမက် ...ပါ၊ ဒေါက်တာလည်းသိမှာပေါ့၊ ဟို လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်း ... ဆောင်ကြီးမြို့မယ် ကျွန်တော့်သမီးနဲ့ မင်္ဂလာဆောင်ခဲ့တဲ့ မောင် ...လွင်ကိုကိုဆိုတာလေ'

'အာ သိတယ်၊ သိတယ်၊ ကျွန်တော့်ဆီကိုတောင် မင်္ဂလာ ...စာ ပို့ခဲ့သေးတာပဲ၊ အဲ ကျွန်တော် မလာနိုင်တဲ့အတွက် ခင်ဗျား ...ကိုတောင် တောင်းပန်စာရေးခဲ့သေးတယ် မဟုတ်လား၊ အခု သူ ...ဖြစ်လို့လဲ'

ဒေါက်တာတင်လှက မေးနေသဖြင့် ဦးသိန်းမြင့်မှာ သက် ...တစ်ချက် မှုတ်ထုတ်ရင်း လေသံကလေးဖြင့် ပြောပြနေသည်။

'ဘာဖြစ်ရမှာလဲ၊ အဲဒီ မင်္ဂလာဆောင်မယ့်နေ့ မနက်မယ် ...ဟာ အိမ်က ထွက်သွားလိုက်တာ ပြန်ကိုမလာတော့ဘူး'

'ဟင် ဒီအကြောင်းကို ရဲဘက်မတိုင်ဘူးလား'

'ဟိုတုန်းကတော့ တိုင်ထားပါတယ်လေ၊ အခု မနက်တော့ ...တော့်သမက်ကို ပြန်တွေ့ခဲ့ပါပြီ၊ သူဟာ အရင်လွင်ကိုကို မဟုတ် ...ပါဘူး၊ အတိတ်ကို မေ့နေတဲ့ လွင်ကိုကို ဖြစ်နေတယ်၊ သူ့ကိုယ် ...သည်း ကောင်းမြတ်သူလို့သာ ပြောနေတာပဲ၊ ဒီတော့ ကျွန်တော့် ...က်ကို လူကောင်းပကတိဖြစ်အောင် ဒေါက်တာက ကုသပေးစေ ...ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကုပေးပါ့မယ်လေ၊ နို့... ခင်ဗျားသမက်က အခု ဘယ်မှာလဲ'

'ဟိုမယ်လေ... ကျွန်တော့်သမီးနဲ့ အတူရပ်နေတာပဲ၊ သူ့ကို တစ်ပတ်ရိုက်ပြီး ဒီကို ခေါ်လာခဲ့ရတာ ဒေါက်တာ'

ဦးသိန်းမြင့်က ကောင်းမြတ်သူ ရပ်နေရာသို့ မေးငေါ့ပြကာ ပြောနေသည်။

ဒေါက်တာ တင်လှသည် ကောင်းမြတ်သူအနီးသို့ လျှောက်သွားသည်။ ဦးသိန်းမြင့်လည်း လိုက်ပါသွားသည်။

ကောင်းမြတ်သူအနီးသို့ရောက်လျှင် ဒေါက်တာတင်လှက ပြုံး၍ကြည့်သည်။ ကောင်းမြတ်သူကလည်း သူ့ကို ပြန်ပြုံးပြသည်။

ဒေါက်တာတင်လှသည် ဦးသိန်းမြင့်ဘက်သို့လှည့်ကာ ဤသို့ ပြောသည်။

'ခင်ဗျားသမက်က လူလှကြီးနော် ဟဲဟဲ'

ထိုစကားကိုကြားရလျှင် ကောင်းမြတ်သူက ဝင်ပြောသည်။

'ကျွန်တော့်နာမည် လူလှကြီး မဟုတ်ပါဘူး၊ ကောင်းမြတ်သူပါ ဒေါက်တာ'

ကောင်းမြတ်သူ စကားများကြောင့် ဒေါက်တာတင်လှ အပါအဝင် လူအားလုံး ဝိုင်းရယ်လိုက်ကြသည်။

'အေးပါ ငါပြောတဲ့ လူလှဆိုတာ မင်းနာမည် မဟုတ်ပါဘူးလေ၊ မင်းရုပ်က ချောလွန်းလှလွန်းလို့ ပြောတာပါ၊ ဟဲဟဲ'

ဒေါက်တာ တင်လှက တမြုံးမြုံးဖြင့် ပြန်ပြောသည်။

'ချောတာ လှတာတွေအသာထားပြီး ကျွန်တော့်ကို စိတ်ဝေဒနာသည် ဟုတ်မဟုတ် စစ်ဆေးပေးပါ ဒေါက်တာ'

ကောင်းမြတ်သူကပင် စ၍ ပြောနေသဖြင့် ဒေါက်တာတင်လှပင် အံ့ဩကာသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အလို ငါ့တူက ဘာဖြုလို့အခုလို အစစ်အဆေး ခံချင်ရ
လဲကွဲ့ ဟဲဟဲ'

ဒေါက်တာတင်လှ ပြန်မေးသည်။

'ခံချင်ဆို သူတို့တစ်တွေ သံသယ ကင်းရှင်းသွားအောင်လို့
ပါ ဒီတော့ မြန်မြန်စစ်ဆေးပေးပါ ဒေါက်တာ'

'ကောင်းပြီ ငါ့တူရဲ့ဆန္ဒအတိုင်း အန်ကယ် စစ်ဆေးပေးပါ့
မယ်၊ ကဲ လာလာ'

ဒေါက်တာတင်လှသည် ကောင်းမြတ်သူ၏ လက်ကိုဆွဲကာ
တစ်ဖက်သို့ ခေါ်သွားသည်။ သူတို့နှစ်ဦး၏နောက်မှ ဦးသိန်းမြင့်တို့
မိသားစု လိုက်ပါသွားကြသည်။ အခန်းကြီးတစ်ခန်းသို့ အရောက်၌
ဒေါက်တာတင်လှသည် ကောင်းမြတ်သူနှင့်အတူ ဝင်သွားသည်။

ထိုအခန်းကြီးမှာ စိတ်ရောဂါဝေဒနာသည်များအား စမ်းသပ်
ကြည့်သော အခန်းဖြစ်သည်။ ဦးသိန်းမြင့်တို့မှာ အခန်းအပြင်ဘက်တွင်
ရှိ ခုံတန်းတွင် ဝင်ထိုင်နေကြသည်။ တစ်နာရီနီးပါးခန့် စမ်းသပ်ပြီး
နောက် ဒေါက်တာတင်လှမှာ ကောင်းမြတ်သူနှင့်အတူ အပြင်သို့
ပြန်ထွက်လာသည်။

'ဘယ်လိုလဲ ဒေါက်တာ'

ဦးသိန်းမြင့် သိလိုစိတ်ဖြင့် လှမ်းမေးသည်။

ကောင်းမြတ်သူ မျက်နှာကတော့ စစ်အောင်သော ဗိုလ်ချုပ်
ကြီးမျက်နှာမျိုးဖြင့် သူတို့ကို ပြုံးပြုံးကြီးကြည့်နေသည်။

'ဘယ်လိုမှ မလဲဘူး၊ ကျွန်တော် စမ်းသပ်ကြည့်ရသရွေ့
တော့ ဒီလူငယ်ဟာ လူကောင်းပကတိပါပဲ ဦးသိန်းမြင့်'

ဒေါက်တာတင်လှ စကားတို့ကြောင့် ဦးသိန်းမြင့်တို့မှာ စိတ်
ပျက်ကာ သွားကြသည်၊

'ကိုင်း... ဦးလေးတို့ ကြားကြတဲ့အတိုင်းပဲ၊ ဒီတော့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ဟာ ဦးလေးတို့သမက် လွင်ကိုကို မဟုတ်ဘူးလို့ ငြင်းနေတာ
ဟာ ရူးနေလို့မဟုတ်ဘဲ အမှန်တကယ် ပြောနေကယ်ဆိုတာ သိနား
လည်လောက်ပါပြီနော် ဟဲ ဟဲ'

ကောင်းမြတ်သူ ကျေနပ်အားရသံကြီးဖြင့် ပြောနေသည်။

'ဒေါက်တာရယ်၊သူဘာမှမဖြစ်ဘူးဆိုတာသေချာရဲ့လားဗျာ'

ဦးသိန်းမြင့်က မေးပြန်သည်။

'ကျွန်တော် တတ်ထားတဲ့ပညာတွေ အစွမ်းကုန်သုံးပြီး စစ်
တာပဲ၊ ဒါပေမဲ့ သူ့မယ် စိတ်ဖောက်ပြန်တယ်ဆိုတာ ဘာအထောက်
အထားမှ မတွေ့ရဘူး၊ သွေးလည်ပတ်နှုန်းကအစ၊ တကယ့်အကောင်း
အတိုင်းပါပဲဗျာ'

'ဒီ ဒီလိုဆို ကျွန်မ ထင်တဲ့အတိုင်းများ ဖြစ်နေလေမလား
မသိဘူး'

ဒေါက်တာတင်လှ ပြောအပြီးတွင် ဒေါ်ရီက ဝင်ပြောသည်။

'မရီက ဘာများထင်နေလို့လဲဗျာ၊ ပြောပါဦး'

ဒေါက်တာတင်လှ ပြန်မေးသည်။

'ကျွန်မထင်နေတာက သူ့ကိုနောက်ပိုးနေတဲ့ မိန်းမတစ်
ယောက်ယောက်ကများ ပြုစားထားသလားလို့ပါ ဒေါက်တာရယ်'

'အာ မဟုတ်တာ ဒေါ်ဒေါ်ရယ်၊ ကျွန်တော့်မယ် ရည်းစား
မှမရှိဘဲ၊ ဘယ်မိန်းမက ပြုစားရမှာလဲ၊ ဒီတော့ ကျွန်တော့်ကိုသာ
သွားခွင့်ပြုကြပါတော့'

ကောင်းမြတ်သူ ပြောရင်း သူတို့အနီးမှ သွားဟန်ပြင်သည်။

'အို.. ကိုကို ဒါက ဘယ်လဲ၊ မသွားရဘူး'

အေးမြင့်သွယ် ငိုသံပါကလေးဖြင့် ကောင်းမြတ်သူကို လှမ်း
ဖက်ထားသည်။

ဒေါက်တာတင်လှမှာလည်း မည်သို့ပြန်ပြောရမည်မသိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ခြောက်နေသည်။

'ဒီမယ် မောင်လွင်ကိုကို၊ မင်းကို ဦးလေးတို့ကသွားခွင့်မပြုနိုင်သေးဘူး၊ မင်းစိတ်ဟာ ကောင်းနေတယ်ဆိုရင်ဘာဖြစ်လို့ ကောင်းမြတ်သူယောင်ဆောင်နေရသေးသလဲ၊ အဲဒီကိစ္စကိုသိချင်သေးတယ်'

'ဒါတော့ ဦးလေးတို့ မတရားဘူး၊ ကျွန်တော်က အယောင်ဆောင်မဟုတ်ပါဘူး။ တကယ့် ကောင်းမြတ်သူ အစစ်ပါ၊ ကဲ.. ဒေါက်တာ ကြည့်ပြောပါဦး'

ကောင်းမြတ်သူမှာ ဒေါက်တာတင်လှထံသို့ စစ်ကူတောင်းနေသည်။

'နေပါဦး ဦးသိန်းမြင့်ရဲ့၊ ဒီသူငယ်ဟာ တကယ်ပဲ ခင်ဗျားသမက် လွင်ကိုကိုနဲ့ တူနေလို့လား၊ ကျုပ်ကတော့ မမြင်ဖူးလို့ မပြောတတ်ဘူး'

'အာ.. တူတာမှ မဟုတ်ပဲ၊ လွင်ကိုကိုမှ လွင်ကိုကိုအစစ်ပဲဗျာ၊ တူရုံလောက်ဆိုရင် ကျွန်တော် ပြောမနေပါဘူး၊ ကျွန်တော့်ထက်သူ့ဇနီးဖြစ်တဲ့ အေးမြင့်သွယ်က ပိုသိပါတယ်၊ ကဲ... သမီး ယောဒီဆာ သမီးခင်ပွန်းဟာ လွင်ကိုကိုစစ်မစစ် သမီးအန်ကယ်ကို ပြောပြလိုက်ပါဦး'

ဦးသိန်းမြင့်က နိုင်းသည်။

'အစစ်ပါ အန်ကယ်၊ သူနဲ့ကျွန်မဟာ တက္ကသိုလ်မှာ နေကြစဉ်ကတည်းက တပူးတွဲတွဲ နေလာကြတာပါ၊ ဒီတော့ လူမှားနိုင်စရာ မရှိပါဘူး၊ သူဟာ ပါးစပ်ကသာ လွင်ကိုကိုမဟုတ်ဘူးလို့ ပြောနေတာပါ။ သူ့ရဲ့လှုပ်ရှားမှုနဲ့ စားတာသောက်တာကအစ၊ ကျွန်မယောကျ်ားလွင်ကိုကိုနဲ့ ဘာမှခြားနားမှုမရှိပါဘူး။ တစ်ခုပဲ ပြောစရာရှိတယ်၊ ဒါကတော့ သူဟာ အရင်ကလောက် အသားအရေမဖြူတော့ပါ၊ ဒါဟာလည်း နေရာဒေသအလျောက် ဖြစ်ပေါ်နိုင်ပါတယ် အန်ကယ်'

www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်သွယ်စကားတွေကို ဒေါက်တာတင်လှ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

'နို့ ငါ့တူကကော မင်းဇနီးမှာ ဘာအပြစ်တွေရှိနေလို့ မင်းက အခုလို ကောင်းမြတ်သူယောင်ဆောင်နေရတာလဲ'

'ဆောင်နေတာ မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်တော်ဟာ တကယ်ပဲ ကောင်းမြတ်သူမို့ပါ၊ ကျွန်တော့်ဇာတိက မိုးညှင်းမြို့ကပါ၊ သူတို့ကိုလည်း ကျွန်တော် မသိပါဘူး၊ အဲဒါ ဒီကနေ့မနက်ကတည်းက ကျွန်တော့်ကို လွင်ကိုကိုဆိုပြီး ဘူတာရုံကနေ ဖမ်းခေါ်လာကြတာ အခုအထိပဲ၊ ဒီတော့ ကျွန်တော့်ကို ကယ်ပါဦး၊ ဒေါက်တာရယ်'

ကောင်းမြတ်သူကလည်း အကူအညီတောင်းနေသည်။

ကြာတော့ စိတ်ရောဂါအထူးကု ပါရဂူကြီး ဒေါက်တာတင်လှမှာဦးနှောက်ခြောက်ကာ သူ့ကိုယ်သူပြန်၍ ကုရမည့်ကိန်း ပေါက်လာတော့သည်။

'အား တယ်ခက်ပါလား၊ ငါလည်း ဘာမှ မပြောတတ်တော့ဘူး၊ ပြောတတ်တာကတော့ ဒီသူငယ်မယ် စိတ်ရောဂါလုံးဝမရှိဘူးဆိုတာပဲ၊ ကဲ ကဲ အဲဒီတော့ ခင်ဗျားတို့တစ်တွေ အိမ်ကိုပြန်ကြပြီး အကြေအလည် ဆွေးနွေးကြဗျာ ဟုတ်ပြီလား'

ဒေါက်တာတင်လှမှာ သူတို့နှင့်ကြာကြာမနေလို၍ ပရိယာယ်သုံးကာ နှင်နေတော့သည်။

'ဒီလိုဆို ဒေါက်တာပါ ကျွန်တော်တို့အိမ်ကို လိုက်ပြီးဖြေရှင်းပေးပါလား'

ဦးသိန်းမြင့်က ခေါ်သည်။

'အာ.. အာ.. မ.. မ.. မလိုက်ပါရစေနဲ့၊ ကျွန်တော်လိုက်မိရင် ကျွန်တော်ပါ ရူးသွားမှာစိုးရိမ်ရတယ်၊ ခင်ဗျားတို့ပြဿနာက ဘုရားမှတစ်ပါး ဖြေရှင်းနိုင်မယ် မထင်ဘူး၊ ဒီတော့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုကြပါဗျာ'

ဒေါက်တာတင်လှ ပြောရင်း သူတို့အနီးမှ လစ်ပြေးသွားတော့သည်။

'ကဲ လာပါ ကိုကိုရယ်၊ အိမ်ကိုတော့ ပြန်လိုက်ခဲ့ပါနော်၊ သွယ့်ကို ချစ်တယ်မဟုတ်လားဟင်'

အေးမြင့်သွယ်က ကောင်းမြတ်သူ လက်မောင်းကလေးကို ဖက်တွယ်ရင်းခေါ်နေသည်။ ကောင်းမြတ်သူကလည်း စိတ်ပျက်ကာ လိုက်သွားတော့သည်။

သူတို့တစ်တွေမှာ ပြန်ရန်အတွက် ဒေါက်တာတင်လှအား နှုတ်ဆက်ရန် ပြင်သေးသည်။

သို့သော် ဒေါက်တာတင်လှမှာ သူတို့နှင့်တွေ့ရမည်ကို ကြောက်၍ တမင်ပင် အိမ်သာထဲသို့ ဝင်ပုန်းနေသဖြင့် နှုတ်မဆက်ခဲ့ရပေ။

သူတို့လည်း အင်းလျားလမ်းတွင်ရှိ သီတဂူခြံကြီးဆီသို့ ပြန်လာခဲ့ကြသည်။ သူတို့ခြံကြီးသို့ ရောက်လုအချိန်တွင် ရှေ့မှလာနေသော ဂျစ်ကားတစ်စီးက ရုတ်တရက်ကန့်လန့်ဖြတ်ကာရပ်လိုက်သည်။

ကောင်းမြတ်သူတို့ပါလာသောကားကိုမောင်းသောဒရိုင်ဘာမှာ ကားချင်းမတိုက်မိစေရန် ဘရိတ်ကို ကျွံခနဲအမြန်အုပ်လိုက်ရသည်။

ကားနောက်ကူရှင်တွင် လိုက်ပါလာကြသော ကောင်းမြတ်သူတို့မှာလည်း တစ်ဦးနှင့်တစ်ဦး တိုက်မိကုန်ကြသည်။

ဂျစ်ကားတွင်းမှ လူများကတော့ ကားရပ်လျှင်ရပ်ချင်း သူတို့ကားရှိရာသို့ လက်နက်ကိုယ်စီတွေဖြင့် ဝိုင်းထားလိုက်ကြသည်။

စုစုပေါင်း လူလေးဦးဖြစ်သည်။

လူအားလုံး ကာကီဘောင်းဘီရှည်များ ဝတ်ထားကြသည်။ တစ်ဦး၏လက်ထဲတွင် ရိုင်ဖယ်သေနတ်ကိုင်ထားပြီး တစ်ဦးကတော့

www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီပြည်လုပ်ပွိုင့် ၃၂ပစ်စတိုသေနတ်တစ်လက်နှင့် ချိန်ထားသည်။

ကျန်နှစ်ဦးတွင်တော့ ခြောက်လက်မအရွယ်ခန့်ရှိ ဓားမြှောင်များကို ကိုင်ထားကြသည်။

'အားလုံးငြိမ်ငြိမ်နေပါ၊ အသံထွက်ရင်ဖြစ်ဖြစ်၊ လှုပ်လှုပ်ရှားရှားလုပ်ရင်ဖြစ်ဖြစ်၊ အားလုံး မသာပေါ်ကုန်ကြမယ် သိလား'

ပွိုင့်၃၂-ကိုင်ပစ်စတိုနှင့်လူက လှမ်းကြိမ်းသည်။

ကောင်းမြတ်သူအပါအဝင် ကားထဲမှလူတွေမှာ ယားရှပင်မကုတ်ရဲအောင် ငြိမ်နေကြသည်။

'မင်းတို့ ဘာလိုချင်လို့လဲ ပြောကြစမ်း'

ဦးသိန်းမြင့်က လှမ်းမေးသည်။

'ဟဲ့ ဟဲ ပြောပါ့မယ်၊ တခြားမဟုတ်ပါဘူး၊ ဟောဟိုက ကိုလွင်ကိုကိုဆိုတဲ့လူပဲ'

'ဟင်... ဟာ.. ဟယ်.. ဟိုက်'

လူဆိုးများ၏ စကားအဆုံး၌ ပေါ်ထွက်လာကြသော အာမေဋိတ်သံများပင်။

ကောင်းမြတ်သူမှာ အလွန်ပင် အံ့အားသင့်မဆုံးဖြစ်နေသည်။ သူ့အဖို့ 'နူရာဝဲစွဲ လဲရာသူခိုးထောင်း' ဟူသော စကားပုံကို ညွှန်းရမည်လော။

'ဆူးစူးရာဝမ်းကျ၊ အနာနှစ်ဝဖြစ်ခဲ့ရ' ဟူသော စကားပုံကို ညွှန်းရမည်လော မသိအောင် ဖြစ်နေတော့သည်။

အေးမြင့်သွယ်တို့အနေဖြင့် သူ့အား လွင်ကိုကိုနဲ့မှားခြင်းမှာ သူ့အတွက် အန္တရာယ်မရှိ။ အရသာပင်ရှိနေသေးသည်။

ယခုလူတွေက လွင်ကိုကိုနှင့်မှားခြင်းကတော့ အန္တရာယ်အကြီးအကျယ်ရှိနေသည်။

သည်တော့ သူ ဘာလုပ်ရမည်နည်း။ ကားပေါ်မှဆင်းပြေး

www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ မဖြစ်ပေ။

လူဆိုးတွေ၏လက်ထဲမှ သေနတ်တွေမှာ သူ့ထက်ပိုမိုမြန်ဆန်သည်။ လူဆိုးတွေ၏စကားကြောင့် အေးမြင့်သွယ်သည် ကောင်းမြတ်သူကို စိုးရိမ်ထိတ်လန့်စွာဖြင့် တင်းကျပ်စွာ ဖက်ထားသည်။

'မင်း·· မင်းတို့ ဘာသဘောနဲ့ ငါ့သမက်ကို လိုချင်ကြတာလဲ၊ ပြန်ပေးဆွဲမလို့လား၊ ဒီလိုဆို ပြောစမ်း၊ ငွေဘယ်လောက်ပေးရမယ်ဆိုတာ ငါတို့ အခုပေးမယ်၊ ဒုက္ခခံပြီးတော့ဖြင့် ပြန်ပေးဆွဲမနေပါနဲ့ကွယ်'

ဦးသိန်းမြင့်က တောင်းပန်သံဖြင့် ပြောနေသည်။

'တိတ်စမ်း၊ အဘိုးကြီး၊ ကျုပ်တို့ဟာ ပြန်ပေးဆွဲသမားတွေ မဟုတ်ဘူး၊ ဒီတော့ လွင်ကိုကိုပဲ လိုချင်တယ်၊ ကဲ·· ကိုလွင်ကိုကို အချိန်မရှိဘူးဗျို့၊ ကားထဲက ဆင်းခဲ့ဗျာ'

လူဆိုးတစ်ဦးက လှမ်းခေါ်သည်။

ကောင်းမြတ်သူ တုန်လှုပ်သွားသည်။

'ကျွန်··· ကျွန်တော် လွင်ကိုကို မဟုတ်ပါဘူးဗျာ၊ ကောင်းမြတ်သူပါ'

'အို မလိုချင်ဘူး၊ ကျုပ်တို့က ဆင်းခဲ့ဆိုဆင်းခဲ့၊ အခုမှတော့ လိမ်မနေနဲ့တော့၊ ဒါပဲနော်၊ ကောင်းကောင်းခေါ်နေတာ ဆင်းရင်ဆင်း မဆင်းရင်တော့ ဒီမယ် တွေ့လား'

ပစ်စတိုကိုင်ထားသူက ကောင်းမြတ်သူရှိရာသို့ ချိန်ရွယ်ရင်း ပြောနေသည်။ ကောင်းမြတ်သူ လျှာရှည်မနေဝံ့တော့ပေ။ သူတို့ပြောသည့်အတိုင်း ကားပေါ်မှဆင်းရန် ပြင်ရသည်။

'သွယ်ပါလိုက်မယ် ကိုကို'

အေးမြင့်သွယ်သည် ပြောရင်း သူမပါ ကားပေါ်မှဆင်းရန် ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိတ်.. ဟိုအမျိုးသမီး မလိုက်နဲ့၊ ခင်ဗျားကို မခေါ်ဘူး
လူဆိုးတစ်ဦးက လှမ်းမာန်သည်။ ကောင်းမြတ်သူကလည်း
လှည့်ပြောသည်။

'မလိုက်နဲ့ ညီမ၊ ကျုပ် ကုသိုလ်နဲ့ ကျုပ် ရှိပါစေတော့
ဦးသိန်းမြင့်နှင့် ဒေါ်ရီတို့မှာတော့ စိတ်မကောင်းဟန်
ကောင်းမြတ်သူကို ငေးကြည့်နေကြသည်။ လမ်းကလည်း အသ
အလာတွေ ပြတ်လပ်နေ၍ အကူအညီရရန် ခဲယဉ်းနေသည်။

'ဒီမယ် ကိုယ့်လူ၊ ဟိုဂျစ်ကားပေါ်ကို ငြိမ်ငြိမ်ကလေးသွ
ပြီး တက်ပါ၊ လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့၊ ကျုပ်တို့က မျက်စိနော
တာ မကြိုက်ဘူး'

ကောင်းမြတ်သူ ကားအပြင်သို့အရောက်တွင် ရိုင်ဖယ်ကို
ထားသူကပြောသည်။ သူတို့ခိုင်းသည့်အတိုင်း ကောင်းမြတ်သူ လို
နာရသည်။

ကောင်းမြတ်သူနောက်သို့ လူဆိုးနှစ်ဦး ကပ်လိုက်သွား
သည်။ ပစ်စတိုကိုင်ထားသူကတော့ ဦးသိန်းမြင့်တို့ကို အောက်
အတိုင်း မှာနေသည်။

'ခင်ဗျားတို့အားလုံး နားထောင်ကြပါ၊ အခု ကျုပ်တို့ လူ
ကိုကိုကို ခေါ်သွားမယ်၊ သူ့ကို ကျုပ်တို့ စစ်ဆေးစရာရှိလို့ပဲ၊
ဆေးလို့ သူ့မှာ အပြစ်မရှိရင် နှစ်ဆယ့်လေးနာရီအတွင်း ပြန်လွှတ်မ
ရှိရင်တော့ မလွှတ်နိုင်ဘူး၊ ဒီတော့ ခင်ဗျားတို့တစ်တွေ အခုကိစ္စ
ရဲမတိုင်ဘဲ ရေငုံနေကြပါ၊ တိုင်ရင်တော့ ခင်ဗျားတို့ လူကို သတ်
ရလိမ့်မယ်၊ နောက်ပြီး ခင်ဗျားတို့ပါ အန္တရာယ်မကင်းဘူးသိ

'အေးပါကွယ်၊ ဦးလေးတို့သမက်ကိုတော့ သတ်မပစ်
သူဟာ လူရိုးလူကောင်းကလေးပါကွယ်၊ မင်းတို့ သူ့ကို ပြန်လွှ
ပေးမယ်ဆိုရင် မင်းတို့တောင်းသမျှငွေတွေကို ပေးပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ခင်ဗျားကြီးကလည်း သူဌေးပီပီ ငွေစကားချည့် ပြောနေတာပဲ၊ ကဲ.. ခင်ဗျားတို့ သွားကြပေတော့၊ ကျုပ်ပြောတာ နေကြနဲ့နော်၊ ဟော့.. ဒရိုင်ဘာ ကားကို မောင်းသွားတော့"

လူဆိုးတစ်ဦး၏ အမိန့်အတိုင်း ကားမောင်းသူမှာ ကားကို စက်နှိုးကာ ထိုနေရာမှ မောင်းထွက်သွားသည်။ လူဆိုးများလည်း ဂျစ်ကားဆီသို့ အမြန်ပြန်သွားကြသည်။

ကားပေါ်တွင် ကောင်းမြတ်သူနှင့် လူဆိုးနှစ်ဦးရောက်နှင့် နေကြသည်။

ပစ်စတိုသေနတ်ကိုင်ထားသူက ကားမောင်းသည့်နေရာတွင် ထိုင်ကာ ဂျစ်ကားကလေးကို အမြန်မောင်းထွက်လာကြသည်။

ကောင်းမြတ်သူမှာတော့ ရှေ့တွင် ကြုံတွေ့ရတော့မည့် မောင်မှတ်သော သူ့အန္တရာယ်အတွက် ရင်တမမဖြင့် ကားပေါ်တွင် လိုက်ပါလာရရှာသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# (ကိုး)

## အစ်ကိုအတွက် ကလဲ့စားချေလိုနေသူ

အေးမြင့်သွယ်မှာ ကောင်းမြတ်သူအား လူဆိုးများက ဓါ
ခေါ်သွားမှုကြောင့် စိတ်ထိခိုက်ကာ ကားပေါ်တွင် တရှုံ့ရှုံ့ငိုယို
ပါလာသည်။

ဦးသိန်းမြင့်နှင့် ဒေါ်ရီတို့မှာလည်း မျက်စိမျက်နှာမလှ
နေကြသည်။

'ဖေဖေရယ်၊ ကိုကို့ကို မကယ်နိုင်တော့ဘူးလား၊ ကိုကို့
သတ်ပစ်ကြမယ်ထင်တယ်၊ သွယ်တို့ ဘယ်လိုလုပ်ကြမလဲ ဖေ

အေးမြင့်သွယ် ငိုသံပါကလေးဖြင့် ဖခင်ကို မေးနေသ

'ဒီလောက်လည်း စိတ်ပူမနေပါနဲ့ သမီးရယ်၊ သူတို့
သွားတဲ့စကားထဲမှာ အပြစ်မရှိရင် ပြန်လွှတ်မယ်လို့ ပါသားပဲ၊ ဒီ
သမီးကိုကို ပြန်လာမှာပါကွယ်'

ဖခင်ဖြစ်သူဦးသိန်းမြင့်က စိတ်သက်သာစေရန် အ
နေသည်။

'တော်ကလည်း အလွယ်ကလေး ပြောနေတာကိုး၊

www.burmeseclassic.com

www.burmeseclassic.com



သလို မလွတ်ဘဲ သတ်ပစ်လိုက်ရင်ကော၊ ဒီတော့ ရဲကိုသာသွား
ကြမယ်တော်'

ဒေါ်ရီမှာ သမက်ဖြစ်သူအတွက် ပူပင်သောကဖြစ်ကာ ပြော
ဖြန်သည်။

'ဟ… ဒီလို အရမ်းလျှောက်လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊
ပြောသွားတဲ့အတိုင်း နှစ်ဆယ့်ငလေးနာရီတော့ စောင့်ကြည့်ဦးမှ
အဲဒီအချိန်ကျော်လို့ ပြန်ရောက်မလာရင် ရဲကို တိုင်ကြမယ်ကွာ၊
ပြီလား'

ဦးသိန်းမြင့်မှာ ဒေါ်ရီ၏ပြောဆိုချက်ကို သဘောမတူပေ။

အေးမြင့်သွယ်မှာတော့ ကောင်းမြတ်သူအတွက် စိတ်သော
ကကာ တစ်လမ်းလုံး ငိုယိုရှင်းပါလာသည်။

ကောင်းမြတ်သူကို ခေါ်ဆောင်သွားကြသော လူဆိုးများမှာ
ကြီးကုန်းဘက်တွင်ရှိ တိုက်ခြံကြီးတစ်ခြံသို့အရောက်၌ ကား
မောင်းဝင်သွားသည်။

ထိုခြံကြီးတွင်ရှိ အနောက်တိုင်းရဲတိုက်ဆန်ဆန် ဆောက်လုပ်
သော တိုက်ကြီးရှေ့သို့ရောက်လျှင် ကားကိုရပ်သည်။

'ကိုယ့်လူရေ… အိမ်ထဲကိုကြွပေတော့ဗျို့'

ကားမောင်းသူက ကောင်းမြတ်သူဘက်သို့ လှည့်ပြောသည်။
အမိန့်အတိုင်း ကောင်းမြတ်သူ လိုက်နာရသည်။ ကောင်းမြတ်သူ
ထဲသို့ဝင်ရန်အတွက် အစောင့်တစ်ဦးကတံခါးကိုဖွင့်ပေးသည်။

တိုက်ထဲတွင် သစ်လွင်တောက်ပြောင်သော အိမ်ထောင်ပရိ
တွေမှတစ်ပါး လူသူ အရိပ်အယောင် လုံးဝမတွေ့ရပေ။

ကောင်းမြတ်သူမှာ အပေါ်ထပ်သို့တက်သည့် လှေကားအနီး
ရပ်နေသည်။ အခြားအခန်းထဲတွင် ထိုင်ရန်ဆိုဖာကြီးများနှင့်
လားထိုင်တွေ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူအနေဖြင့် ထိုနေရာတွင်သွား၍ မထိုင်ရဲ
သူတို့ခွင့်မပြုဘဲ ထိုင်မိပါက အချောင်အဆော်ခံရမည်
စိုးရသေးသည်။ တိုက်တွင်းသို့ရောက်၍ နှစ်မိနစ်ခန့်အကြာတွင်
တိုဖြင့် သူ့အား ချိန်ရွယ်ခဲ့သော လူဆိုးမှာ ဝင်လာသည်။

'ဒီမယ် ကိုယ့်လူ၊ ကျုပ်တို့ဗိုလ်က ခင်ဗျားကို ကားဂိုဒေ
ထဲ ခေါ်ခဲ့ပါတဲ့၊ ဒီတော့ ကျွန်တော်နဲ့လိုက်ခဲ့ဗျာ'

ကောင်းမြတ်သူ ပခုံးကလေးနှစ်ဖက် တွန့်ပြသည်။ ပစ်
နှင့်လူက ရှေ့မှ ထွက်သွားသည်။ ကောင်းမြတ်သူလည်း နောက်
လိုက်သွားရသည်။ ကားဂိုဒေါင်မှာ တိုက်၏မြောက်ဘက်တွင်ရှိသ
ခြေလှမ်းပေါင်း တစ်ရာခန့်လှမ်းမိလျှင် ရောက်သွားသည်။ က
ဒေါင်ကို အပြင်မှသော့ခတ်ကာထားသည်။

သူ့ကိုခေါ်လာသော လူဆိုးက ခတ်ထားသော သော့ကို
နေသည်။

'ဒီအထဲမယ် ဝင်ပြီးစောင့်နေဗျာ၊ မကြာခင် ကျုပ်တို့
လာလိမ့်မယ်'

ကားဂိုဒေါင်တံခါးကို ဖွင့်ပေးရင်း လူဆိုးက ပြောသ

ကောင်းမြတ်သူ ခေါင်းတစ်ချက် ဆတ်ပြရင်း အတွင်း
ဝင်သွားသည်။

ဂိုဒေါင်ထဲတွင် အလင်းရောင်မရှိသဖြင့် မှောင်နေသ
ထိုင်စရာခုံလည်း မရှိပေ။ သူ အထဲသို့ရောက်ပြီးနောက် ကားဂို
ကို အပြင်မှ ပြန်ပိတ်သွားသည်။

သည်တော့ ပို၍သာမှောင်သွားသည်။

'ဒုက္ခပဲ ငါ့ကို ဘာသဘော-နဲ့ ဒီကားဂိုဒေါင်ထဲ ခေါ်
တယ်မသိဘူး၊ သတ်များပစ်မလို့လား.. ဟူး'

ကောင်းမြတ်သူတစ်ကိုယ်တည်းတွေးရင်းအားငယ်လာသ

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်...

"ချောက်"ခနဲအသံနှင့်အတူ သူရပ်နေရာ ဘယ်ဘက်မှ တံခါး ချပ်ပွင့်လာသည်။ တံခါးပွင့်သံနှင့်အတူ ဂိုဒေါင်တွင်းရှိ လေးပေမီး ောင်းကြီးမှာလည်း ဝင်းခနဲ လင်းထိန်သွားသည်။ မှောင်မိုက်ထဲတွင် ရာမှ အလင်းရောင်ကို ရုတ်တရက် မြင်လိုက်ရ၍ ကောင်းမြတ်သူ ်လုံးတွေမှာ ပြာခနဲ ဖြစ်သွားသည်။

မိနစ်ဝက်ခန့်ကြာသည်အထိ ဂိုဒေါင်တွင်း ဝင်လာသူကို ည့်မရသေးပေ။ တစ်မိနစ်နီးပါးကြာမှ သူ၏မျက်စိတွေမှာ နဂို ိုင်း ကြည်လင်လာသည်။

မျက်စိကြည်လင်လာသဖြင့် ဂိုဒေါင်အတွင်း ဝင်လာသူကို ကြည့်မိသည်။ ရှီခနဲ လေတစ်ချက် ချွန်လိုက်မိသည်။ စိတ်ထဲ ်လည်း အလွန့်အလွန် အံ့အားသင့်ကာသွားသည်။ သူထင်နေသော ာတစ်မျိုး။ ယခု သူ့ရှေ့ရောက်လာသူက တစ်မျိုးဖြစ်နေသော ကြောင့်ပင်။

သူ့အထင်နှင့် လက်တွေ့အမြင်မှာ ခေါင်းတုံးနှင့်ဆံရှည်ကိုယ် ်လို အလွန်ခြားနားသည်။ သူ ထင်နေသည်က လူဆိုးများ၏ ်ဆိုသူသည် အနောက်တိုင်း ရုပ်ရှင်တွင် တွေ့မြင်ခဲ့ရသော အရုပ် ဆိုး၊ အရုပ်မြင့်မြင့် ဗိုက်ရွှဲရွှဲနှင့် ယောကျ်ားကြီးဟု ထင်နေသည်။

လက်တွေ့ သူ မြင်လိုက်ရသောသူကတော့ ထိုသို့ မဟုတ် အသက်အရွယ် နှစ်ဆယ်ခန့်ရှိ အလွန့်အလွန့် လှပချောမောနေ ာ အမျိုးသမီးကလေး။

ကေသာကို အော်လီဗီးယားဟက်စီ ကဲ့သို့ အလယ်မှခွဲကာ ်နှစ်ဖက်သို့ဖြန့်ကာ ချထားသည်။ ခါးတွင် အမေရိကန် ကောင်း ်တွေဝတ်သော ဂျင်းပင်ဘောင်းဘီရှည် အင်္ကျီကလည်း ဂျင်းလ ်ကို လက်မောင်းနားအထိ ပင့်ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ပစ်စတိုသေနတ်ကလေးကိုကိုင်ကာ လက်ည
ကလေးဖြင့် လှည့်ပတ်ကစားနေသည်။

ကောင်းမြတ်သူမှာ မြင်ကွင်းကို မျက်တောင်မခတ်နိုင်
ငေးကြည့်နေသည်။ လှပသော အမျိုးသမီးကတော့ သူ့ကို နှုတ်ခ
ကလေး ခပ်ရွှရွှလုပ်ကာ ကြည့်နေသည်။

ထိုအကြည့်ကိုကပင် ကောင်းမြတ်သူ မျက်စိထဲတွင် ကြ
မဝ ရှုမဝဖြစ်နေသည်။

'ရှင်.. ကျွန်မကို သိသလား'

ကြိုးကြာငှက်ကလေး၏ အသံပမာ သာယာလှသော အ
ကလေးဖြင့် အမျိုးသမီးချောကလေးက မေးသည်။

ကောင်းမြတ်သူ ဦးခေါင်းကို ယမ်းပြသည်။

'ဒါဖြင့် စောခွန်ချိုကိုတော့ သိမှာပေါ့နော်'

အမျိုးသမီးကလေးက နောက်တစ်ကြိမ် မေးပြန်သည်။

ကောင်းမြတ်သူကတော့ ဦးခေါင်းကို ခါယမ်းပြမြဲ။

အမျိုးသမီးချောကလေး အလိုမကျဟန်ဖြင့် မျက်နှာက
က အိုသွားသည်။ ချက်ချင်းပင် သရော်သော မျက်နှာကလေး
ပြန်ကြည့်ကာ မာဆတ်ဆတ်ဖြင့် မေးသည်။

'ရှင်... လွင်ကိုကို မဟုတ်ဘူးလား'

'မဟုတ်ဘူး'

'မလိမ်နဲ့နော်'

'ကျုပ် လိမ်တာညာတာ ဝါသနာမပါဘူး အမိ'

ကောင်းမြတ်သူကလည်း အသံမာမာဖြင့် ပြန်ပြော
အမျိုးသမီးချောကလေး လှောင်သံကလေးဖြင့် ရယ်နေသည်။

'ဟဲ ဟဲ... နန်းကြာညိုကို ဒီလိုဖြီးလို့ရမှာလား ကို
ကိုကိုရယ်၊ ကိုင်း... ဟောဒီက ဓာတ်ပုံကို ကြည့်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကလေး၏အမည်မှာ နန်းကြာညိုဖြစ်ကြောင်း ကောင်းမြတ်သူသိသွားသည်။ အမည်ဆန်းသလောက် အမြုအမူလည်း ဆန်းလှသော မိန်းမချောလေးပင်။ နန်းကြာညိုသည် ဝတ်ထားသော အင်္ကျီအကျီအိတ်တွင်းမှ ပို့စကဒ်အရွယ် ဓာတ်ပုံတစ်ပုံကို ထုတ်ယူသည်။ ဓာတ်ပုံကိုထုတ်ယူပြီးနောက် နန်းကြာညိုသည် ပုံကိုတစ်ချက် လှမ်းကြည့်သည်။ ကြည့်ပြီးမှ… ကောင်းမြတ်သူရှိရာသို့ ပစ်ပေးသည်။

'အဲဒီပုံကို ယူကြည့်စမ်း ကိုလူညာကြီးရဲ့'

နန်းကြာညိုအမိန့်အတိုင်း ကောင်းမြတ်သူမှာ ရှေ့တွင်ကျနေသော ဓာတ်ပုံကိုကောက်ယူကာ ကြည့်သည်။ ကောင်းမြတ်သူ အံ့ဩသွားမိသည်။ ပုံထဲတွင် သူနှင့်တူသူတစ်ဦးနှင့် ရှမ်းအမျိုးသားနှင့်တူပုံရသော လူရွယ်နှစ်ဦး။

တစ်ဦး၏ခါးကိုတစ်ဦးဖက်ကာ ရယ်ရယ်မောမောဖြင့် ရိုက်ယူထားကြသည်။ နှစ်ဦးစလုံး ဘောင်းဘီရှည်တွေကို ဝတ်ထားပြီး လက်ထဲတွင် ဂေါက်သီးတံများ ကိုင်ဆောင်ထားကြသည်။ ခေါင်းပေါ်တွင်လည်း ဂေါက်သီးရိုက်ရာတွင် ဆောင်းကြလေ့ရှိသော ကက်ဦးထုပ်ကိုယ်စီဖြင့်။

ဓာတ်ပုံ၏အောက်ဘက်တွင် 'မေမြို့ ဂေါက်သီးကွင်းတွင် ရိုက်ကူးထားသည်' ဟူ၍ စာတမ်းရေးထိုးထားသည်။

'ကိုင်း… ဘာပြောချင်သေးသလဲ ဟင် ဟဲ'

နန်းကြာညို သရော်သံကလေးဖြင့် ကောင်းမြတ်သူကို မေးလိုက်သည်။

'ပြောရမယ်လေ၊ အဲဒီပုံထဲလူဟာ လွင်ကိုကိုတော့ မှန်တယ်၊ ဒါပေမဲ့ ကျုပ် မဟုတ်ဘူး၊ ကျုပ်နာမည်က ကောင်းမြတ်သူပဲဗျ သိလား'

www.burmeseclassic.com

www.burmeseclassic.com



'အဟမ်း‥ အဟမ်း နာမည်ဆိုတာ ကိုယ်ပြောင်းချင်သလို ပြောင်းလို့ရပါတယ်လေ၊ ဒါပေမဲ့ ရှင့်မျက်နှာပေါ်က ရုပ်ကိုတော့ ပြောင်းချင်သလို ပြောင်းလို့မရပါဘူး၊ ဒီတော့ ယောကျ်ားပီပီ ဝန်ခံ လိုက်စမ်းပါ၊ ညာမနေပါနဲ့၊ အချိန်တွေ ကုန်လှတယ်ရှင်'

'အာ‥ ခင်ဗျား ပြောရတယ်ခက်ပါကလား၊ ကျုပ်မှ လူ ကိုကို မဟုတ်တဲ့ဟာ၊ အခု ခင်ဗျားပြတဲ့ ဓာတ်ပုံထဲက လူကိုလည်း ကျွန်တော် မသိဘူး၊ နောက်ပြီး ကျွန်တော်ဟာ ဂေါက်တွေဘာတွေ ရိုက်တတ်တာ မဟုတ်ဘူးဗျ'

ကောင်းမြတ်သူ အမှန်ကို ပြောပြနေသည်။

နန်းကြာညိုကတော့ ယုံကြည်ပုံမပေါ်ပေ။

'ရှင်ဟာ အခုထက်ထိ ပြောင်လိမ်နေတုန်းပဲနော်၊ ဒါပေမဲ့ ရှင်လိမ်တာဟာ ယုံစရာ လုံးဝမရှိဘူး သိရဲ့လား'

'မယုံရင်လည်း ပုံပြင်လို့သာ မှတ်ပေါ့ဗျာ၊ ကျုပ်ကတော့ အမှန်ကို ရင်ဖွင့်နေတာပဲ'

ကောင်းမြတ်သူ စကားကြောင့် နန်းကြာညိုသည် စိတ်ဆိုး သွားကာ အံတစ်ချက်ကြိတ်သည်။

'ဘာ မယုံရင် ပုံပြင်မှတ်လဲ၊ တောက်‥ စိတ်ထင်တိုင်းသာ ပစ်သတ်လိုက်ရရင်တော့ ဟောဒီ ပစ်စတိုထဲက ကျည်ဆန်တွေ အား လုံးကုန်သွားမယ် သိလား ဟန်း'

နန်းကြာညို ဒေါသသံဖြင့်ပြောရင်း လက်တွင်းမှ ပိုင့် ၃၈- ဘာရက်တာ ပစ်စတိုသေနတ်ဖြင့် ကောင်းမြတ်သူကို ပစ်မည့်ဟန်ပြ သည်။ ကောင်းမြတ်သူ ဖင်တုန်သွားသည်။

'အာ‥ အာ‥ ခင်‥ ခင်ဗျား မှားမယ်နော်၊ ကျွန် ကျွန်တော် က အမှန်အတိုင်းပြောနေတာပါဗျာ'

ကောင်းမြတ်သူ လက်ကလေးတကာကာဖြင့် တောင်းပန်နေ

www.burmeseclassic.com

www.burmeseclassic.com



ည်း နန်းကြာညို ပစ်စတိုသေနတ်ကို အောက်ပြန်ချထားသည်။

'ရှင်ဟာ အမှန်အတိုင်းပြောနေတယ်ဆိုတာ ကျွန်မက ဘယ်

ဘ် ယုံရမှာလဲ၊ ကိုလွင်ကိုကို အမှန်တော့ ရှင်ဟာ ရှင်ပြုမိုက်မှား

အပြစ်အတွက်အကြောက်လွန်ပြီး အခုလိုငြင်းနေတာ မဟုတ်လား'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော်လည်း ဘာအပြစ်မှ မလုပ်ခဲ့

ပါလား'

'ဩော်... ရှင် မလုပ်ခဲ့ဘူးလား၊ တော်ပါရှင်၊ ရှင်ဟာ

င်တော့ ရက်စက်ယုတ်မာတဲ့လူ'

နန်းကြာညိုသည် ကောင်းမြတ်သူအား ရွံရှာမုန်းတီးဟန်ဖြင့်

ကြည့်ကာ ပြောနေသည်။

'ဗျာ.. ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလိုပြောနေရတာလဲဗျာ'

'ပြောနေဆို ရှင်ဟာ ကျွန်မအစ်ကို စောခွန်ချိုကို ရက်ရက်

စက် သတ်ပစ်ခဲ့တယ်လေ'

'ဗုဒ္ဓ ကယ်တော်မူပါ'

ကောင်းမြတ်သူ လန့်ထိတ်သံဖြင့် ရေရွတ်မိသည်။

နန်းကြာညို နှုတ်ခမ်းကလေးကိုခပ်ရွဲ့ရွဲ့ကလေးလုပ်ပြသည်။

'အခုမှတော့... ဗုဒ္ဓကို အကယ်ခိုင်းမနေနဲ့၊ ရှင့်လို လူသတ်

သမားတစ်ယောက်ကို ဗုဒ္ဓက မကယ်ပါဘူး စိတ်ချပါ'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော်မှ ခင်ဗျားအစ်ကိုကို မသတ်

ဘာ၊ သတ်ဖို့ဖယ်ထား၊ မြင်တောင်မမြင်ဖူးဘူး'

ကောင်းမြတ်သူ စကားကြောင့် နန်းကြာညို ဒေါသ အလွန်

သွားတော့သည်။

'ဘာ.. မမြင်ဖူးဘူး ဟုတ်လား'

ပစ်စတိုသေနတ်ကို ချိန်ရင်း မေးသည်။

'ဟုတ်တယ် မမြင်ဖူးဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မမြင်ဖူးနဲ့ဦး၊ မမြင်ဖူးနဲ့ဦး'

နန်းကြာညို ဒေါသသံဖြင့်ပြောရင်း ပစ်စတိုသေနတ်ဖြ… ကောင်းမြတ်သူ ရပ်နေရာနှင့် ခြောက်လက်မခန့်အကွာသို့ ချော… ခြောက်လုန့်ကာ ပစ်တော့သည်။

'ဒိုင်း…'

'အောင်မယ်လေးဗျ'

'ဒိုင်း…'

'ဗုဒ္ဓေါ မြတ်စွာဘုရား'

'ဒိုင်း…'

'အာယိုယို… ခင်ဗျား မှားမယ်နော်'

နန်းကြာညိုက ပစ်စတိုသေနတ်ဖြင့် သုံးချက်ပစ်သည်… ဆင့်ပစ်သည်။ ကောင်းမြတ်သူလည်း သုံးကြိမ်တိတိ အလန့်တကြ… ဖြင့် မျောက်ခုန်သလို တအားကုန်ခုန်ကာ အော်ဟစ်နေသည်။ ခုန်… လွန်း၍ သူလည်း တော်တော် မောသွားသည်။

နန်းကြာညို သေနတ်အပစ်ကို ရပ်ထားသည်။

ပစ်စတို သေနတ်ပြောင်းဝမှ အငွေ့တလူလူ ထွက်နေသည်… ကို ဟူး… ခနဲ လေဖြင့် မှုတ်ထုတ်သည်။

'အောင်မယ်လေး… လေး… ခင်ဗျား တော်တော်ဆိုး… အမျိုးသမီးပဲဗျာ ဟူး…'

ကောင်းမြတ်သူ မောဟိုက်သံကြီးဖြင့် နန်းကြာညိုကို လှ… ပြောသည်။ နန်းကြာညို သရော်ပြုံးကလေးဖြင့် တစ်ချက်ကြည့်က… မေးသည်။

'ဟဲဟဲ ရှင်တော်တော် ကြောက်သွားသလား'

'အလိုလေးဗျာ…မေးမှမေးတတ်ပလေတယ်၊လူတစ်ယောက်… ကို သေနတ်နဲ့ဗလာပစ်နေတာ၊ မကြောက်ဘဲ နေပါ့မလား၊ ဒီ…

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါနဲ့ဗျာ၊ ရေကြီးတတ်တယ်ဗျ၊ ဟွန်း…'

'အောင်မာ လူကိုများ ရေနဲ့လှည့်ခြောက်နေပြန်ပြီ… ရေကြီးမှာက ကျွန်မမပူတတ်ဘူး၊ ရှင်ရှင့်… ရှင်… ရှင် သိရဲ့လား'

'ဘာကြောင့်ပါလဲခင်ဗျာ'

'ဘာကြောင့်လဲဆိုတော့ ရှင်ဟာ ကျွန်မအစ်ကိုကိုသတ်ပြီး ထောက်ပါဘူးလို့ ပြောင်လိမ်ပြောနေလို့ပါ၊ ဒီတော့ ရှင့်မှာ ပါဏာတိပါတာကံရယ်၊ မုသာဝါဒကံရယ် နှစ်ခုပေါင်းပြီး၊ ကြီးမှာမို့ မဟာအဝီစိငရဲမှာ မလွဲတကယ် ခံရလိမ့်မယ် သိလား ဟန်း…'

နန်းကြာညို စကားကြောင့် ကောင်းမြတ်သူမှာ ဟက်ဟက်ပက်ပက်ကြီး ရယ်ပစ်သည်။

'အောင်မယ်… ရယ်လား မောလားနဲ့၊ ကဲ… ရယ်ဦးဟယ်၊ ရယ်ဦး'

နန်းကြာညိုပြောရင်း နောက်တစ်ကြိမ်ထပ်၍ ကောင်းမြတ်သူဘက်သို့ သေနတ်ဖြင့် လှမ်းပစ်ပြန်သည်။

'ဒိုင်း… ဒိုင်း'

ပစ်စတိုသေနတ်မှ ကျည်ဆန်ကလေးများမှာ ကောင်းမြတ်သူ၏ နားရွက်အနီးမှ ဝီခနဲ… ဝီခနဲ မြည်ကာ ဖြတ်သွားသည်။

'အမယ်လေးဗျာ'

ကောင်းမြတ်သူ လန့်ဖျပ်ကာ အော်မိပြန်သည်။

နန်းကြာညို တခိခိဖြင့် ကောင်းမြတ်သူကိုကြည့်ကာ ရယ်နေသည်။

'ခင်ဗျား ဘယ်လိုအမျိုးသမီးလဲဗျ၊ ဘယ့်နှယ်ကြောင့် လူတစ်ယောက်ကို သေနတ်နဲ့ ခြောက်လှန့်ပြီး နှိပ်စက်နေရတာလဲ…'

ကောင်းမြတ်သူ စိတ်တိုသံဖြင့် ပြန်မေးနေသည်။

'ခြောက်လှန့်ဆို ရှင်ကမှ မှန်မှန်မပြောဘဲကိုး'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဖြေနေတာ အမှန်တွေချည့်ပဲဗျ၊ ဒါကို ခင်ဗျားက မယုံတော့ မခက်ဘူးလား၊ လူတစ်ဖက်သားကို ဒီလိုတော့ သေနတ်ကြီးနဲ့ ခြောက်မနေနဲ့၊ ကျွန်တော့်ကို ခင်ဗျားတကယ်မုန်းရင် ကျွန်တော့်ပါးကို လာနမ်းလှည့်ဗျာ'

'ဘာ... ဘာ... ဘာပြောတယ်.. တယ်လေ၊ တကယ်ပစ်သတ်လိုက်ရ ဟန်း'

ကောင်းမြတ်သူစကားကြောင့်နန်းကြာညိုဒေါသဖြစ်သွားသည်။

'စိတ်... စိတ်... စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော်ပြောတာက ခင်ဗျားမုန်းရင် ကျွန်တော့်ပါးကို လာရိုက်လှည့်ပါလို့ ပြောတာပါ ဟဲ.. ဟဲ'

'တော်ပါ၊ အခုမှ လျှာအရိုးမရှိတိုင်း စကားကို မုန့်လေမွှေလိုမှောက်ချီလှန်ချီ လုပ်မနေပါနဲ့၊ နောက်စကားပြောရင် ကြည့်ပြောပါ'

နန်းကြာညို ပစ်စတိုသေနတ်ကလေးကို လက်ညှိုးတွင် လှည့်ကစားရင်း သတိပေးသည်။

'ဟုတ်ကဲ့ အမိန့်တော်မြတ်အတိုင်းပါ'

'လုပ်ပြန်ပြီ၊ ဒီစကားက ကျွန်မကို ငေါ့လိုက်တာလား'

'မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ရိုးရိုးသားသား ပြန်ပြောတာပါ ခင်ဗျာ'

ကောင်းမြတ်သူ ပျာပျာသလဲ တောင်းပန်နေရသည်။

နန်းကြာညို ကျေနပ်ပုံရသွားသည်။

'ရှင့်လက်ထဲမှာ ကိုင်ထားတဲ့ ဓာတ်ပုံကို ပြန်ပေးစမ်း'

နန်းကြာညို အမိန့်အတိုင်း ကောင်းမြတ်သူမှာ လက်ထဲတွင် ဆုပ်ကိုင်ထားသော ဓာတ်ပုံကို ပြန်ပေးရသည်။ နန်းကြာညိုသည် ဓာတ်ပုံကို လှမ်းယူကာ ကြည့်ရင်း ဝမ်းနည်းသံဖြင့် ရေရွတ်နေသည်။

'သြော်... ကိုကို.. ကိုကို၊ အင်မတန်ချစ်ပါတဲ့ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့အသက်ကို ရက်ရက်စက်စက် ခံခဲ့ရတယ်နော်၊ သူ့ကို ညီမလေး မိထားပါပြီ၊ ဒါပေမဲ့ သူက အခုထက်ထိ ဘူး.. ကွယ် နေလို့ သူ့ကို အမှန်ဝန်ခံလာအောင် လုပ်ရဦးမယ် ကိုကိုရယ်'

နန်းကြာညို၏ ရေရွတ်သံကြောင့် ကောင်းမြတ်သူ လန့်သွား မြန်သည်။

'ဒီမှာ မနန်းကြာညို၊ ကျွန်တော်ဟာ လွင်ကိုကို မဟုတ်ပါ ဘူးဗျာ၊ တကယ်ပြောတာပါ၊ ခင်ဗျားအစ်ကို စောခွန်ချိုကိုလည်း ကျွန်တော့်တစ်သက်မှာ မမြင်ဖူး မတွေ့ဖူးတာ အမှန်ပါ၊ ဒီတော့ ကျွန်တော်ပြောတာကိုယုံကြည်စမ်းပါဗျာ၊ဖြစ်လေရာဘဝတိုင်း တရုတ် မတွေ ဝတ်တဲ့ဘောင်းဘီဖြစ်ရစေရဲ့'

'တော်စမ်းရှင်၊ မဟုတ်တာတွေ ကျိန်မနေနဲ့၊ ရှင်ပြောတာ ဘယ်လိုလုပ် ယုံရမှာလဲ၊ ကျွန်မအစ်ကို စောခွန်ချိုနဲ့ရှင်ဟာ အင်မတန် မှ ချစ်ကြတဲ့သူငယ်ချင်းတွေလေ၊ အဲဒီချစ်သူငယ်ချင်းကိုမှ ရှင်ဟာ ဘာမဟုတ်တဲ့ ပစ္စည်းကလေးတစ်ခုအတွက် ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ်၊ ဒါကြောင့် ရှင့်ကိုလက်စားချေဖို့ ဒီကိုခေါ်လာတာ၊ ဒီတော့ ယောကျ်ားပီပီအမှန်ကိုဝန်ခံပြီး အသေခံမလား၊ ဒါမှမဟုတ် ယောကျ်ားညံ့လို အမှန်ကိုဝန်မခံဘဲ အသေခံမလားဆိုတာ ရွေးပေ တော့၊ ကျွန်မကတော့ သတ်ရမှာပဲ'

'အာ.. အဲဒီလို ခင်ဗျားလုပ်ရင် မှားမှာပေါ့ဗျာ၊ ကျွန်တော် မှ လွင်ကိုကိုမဟုတ်တာ၊ ပြီးတော့ ကျွန်တော်ဟာ ဒီကနေ့အထိ လူ မပြောနဲ့၊ ပုရွက်ဆိတ်တစ်ကောင်တောင် မသတ်ခဲ့ဘူးသေးပါဖူးဗျာ ယုံပါ'

ကောင်းမြတ်သူ ရှင်းလင်းပြောပြနေသည်။

'အရေးထဲ အရာပေါ်'ဟူသော စကားသည် အခြားသူများ အတွက်ထက် ကောင်းမြတ်သူအတွက်က ပိုမို မှန်ကန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ကောင်းမြတ်သူ၏နှုတ်မှ 'ပုရွက်ဆိတ်တစ်ကောင်တောင် မသတ်ခဲ့ဖူးပါ'ဟူ၍ ပြောနေခိုက် သူ၏ကုတ်ပိုးဆီသို့ ခြင်တစ်ကောင် လာ၍ခဲသည်။ ထိုခဲနေသောခြင်ကို ကောင်းမြတ်သူက အမှတ်တမဲ့ သူ၏ညာလက်ဖြင့် ဖတ်ခနဲမြည်အောင် ရိုက်သတ်လိုက်မိသည်။

ခြင်ခမျာမှာလည်း တခဏချင်း သွေးသံရဲရဲဖြင့် ဇီဝိန်ကြွေသွားရှာတော့သည်။

'ဩော်.. ပုရွက်ဆိတ်ကလေးတစ်ကောင်တောင် မသတ်ခဲ့ဖူးဘူးဆိုတဲ့လူက ခြင်ကျတော့ သတ်နေပါပြီကောလား၊ ဟဲဟဲ'

သူ့အပြုအမူကို စူးစိုက်ကာကြည့်နေသော နန်းကြာညိုက သရော်သံကလေးဖြင့် လှမ်းပြောသည်။

'အပင်း..ကျွန်... ကျွန်တော်က ပုရွက်ဆိတ်ကိုသာ မသတ်ဘဲနေနိုင်တာ ခင်ဗျ၊ ခြင်ကျတော့ မသတ်ရင်မဖြစ်ဘူး၊ သူကလည်း မညှာမတာ ကိုက်သကိုး၊ ဟားဟားဟား'

ကောင်းမြတ်သူပြောပြီး ရယ်နေမိသည်။

'ရယ်ပြန်ပြီလား၊ ဒါ ရယ်ရှင်ရဲ့မဟုတ်ဘူး၊ ရှင့် သချိုင်းဆိုတာ သိထားစမ်း'

နန်းကြာညို မာန်သည်။ လှမ်းမာန်သည်။

ကောင်းမြတ်သူ မျက်နှာငယ်ကလေးဖြင့် လှမ်းကြည့်ကာ စောဒက တက်ပြန်သည်။

'ခင်ဗျား... တကယ်ပဲ ကျွန်တော့်ကို သတ်တော့မှာ ကျွန်တော့်သချိုင်းလို့ ပြောနေတာလားဗျာ'

'ဟုတ်တယ်'

'ခက်တာပဲဗျာ၊ ကျွန်တော်ဟာ လွင်ကိုကို မဟုတ်ပါဘူးလို့ အကြိမ်ကြိမ်အခါခါ ပြောပြပေမယ့် ခင်ဗျားတို့က မယုံကြဘဲကိုး

www.burmeseclassic.com



ကျွန်တော်တော့ ဒီရန်ကုန်ကိုလာမိတာ မှားတာပဲ၊ တစ်ယောက်က
လည်း သူ့ယောကျ်ားပါဆိုပြီး အတင်းစွပ်စွဲတယ်၊ အခု ခင်ဗျားကျ
တော့လည်း ခင်ဗျားအစ်ကိုကို သတ်ခဲ့တဲ့လူသတ်သမားလို့ အစွပ်စွဲခံရ
ပြန်တယ်၊ ကာယကံရှင်က အကျိုးအကြောင်းကို ရှင်းပြပေမယ့် ဘယ်သူ
မှ မယုံကြည်ကြဘူး၊ ဒီတော့ ကျွန်တော်လည်း ဆက်ပြီးငြင်းမနေ
ချင်တော့ပါဘူး၊ စိတ်လည်းညစ်လှပါပြီ၊ ခင်ဗျားတို့ ကောင်းတယ်ထင်
ရင် လုပ်သာလုပ်ကြပေတော့ဗျာ ဟွန်း…'

ကောင်းမြတ်သူ စိတ်ခတ်ကျသံကြီးဖြင့် ပြောဆိုညည်းညူ
နေရှာသည်။

'ဒီလိုဆို ရှင်ဟာ ကျွန်မအစ်ကို့ကို သတ်သူအဖြစ် ဝန်ခံပြီ
ပေါ့နော်'

နန်းကြာညို ပစ်စတိုသေနတ်ကလေးကို လက်ညှိုးကလေး
ဖြင့် ဆော့ကစားရင်း ပြန်မေးနေသည်။

ကောင်းမြတ်သူ ကိုယ်ကြီးမှာ တွန့်ခနဲဖြစ်သွားသည်။

'အမယ်.. အမယ် ကျွန်တော်က ဘယ်မှာ ဝန်ခံနေလို့လဲ၊
ခင်ဗျားတို့က မတရားစွပ်စွဲနေကြလို့ စိတ်ခတ်ကျပြီး ပြောနေတာပါ'

'ဒီမယ် ကျွန်မဟာ လူတစ်ယောက်ကို ဘယ်တော့မှ အထင်
နဲ့ အရမ်းမစွပ်စွဲဘူး၊ ပြီးတော့ ရှင့်ကို အခုမှတွေ့ဖူးတယ် မထင်နဲ့၊
နေ့တုန်းက ရှင် လိုက်လာခဲ့တဲ့ မီးရထားပေါ်မှာကတည်းက တွေ့ခဲ့
တာရှင့် သိပြီလား'

'ဗျာ..'

ကောင်းမြတ်သူ အံ့သြနေသည်။

'ဗျာမနေနဲ့၊ တကယ်ပြောနေတာ၊ ဒီလိုပါကျွန်မ ရှင်းပြမယ်'

'ဟုတ်ကဲ့ ခင်ဗျား ရှင်းပြရင် ကျွန်တော်ကလည်း ကြည့်ချင်
တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာရှင့်'

'အဲ… အဲ ကျွန်တော် နားထောင်ကြည့်ချင်တယ်လို့ ပြော လိုက်တာပါ၊ အစိမ့်ဟွာယ်ကောက် မလွဲလိုက်ပါနဲ့လေ၊ အဟဲ'

'ဟင်းနော်… ကျွန်မကို ပြောင်ချော်ချော် မလုပ်နဲ့၊ ဒီဝိ ချုပ်သွားမယ်'

နန်းကြာညို ပစ်စတိုသေနတ်ကို ချိန်ရွယ်ကာ တည်ကြ သော မျက်နှာဖြင့် သတိပေးသည်။

'ဟုတ်ကဲ့ခင်ဗျာ၊ သေနတ်ကြီးနဲ့ မိန်းမလှကလေးကို ကျွ ကော် မနောက်ဝံ့ မပြောင်ဝံ့ပါဘူးခင်ဗျာ၊ ဒီတော့ ခင်ဗျားစကား သာ ဆက်ပါ'

ကောင်းမြတ်သူ၏စကားကြောင့် နန်းကြာညို ပစ်စ သေနတ်ကို ပြန်ချသည်။

'နားထောင်၊ အဲဒီလို ရှင်နဲ့အတူ မီးရထားစီးလာခဲ့တ မှန်ပေမယ့် ရှင်ပါမှန်း မသိခဲ့ရဘူး၊ မသိတာက အကြောင်းနှစ်ခု ရှိပါတယ်၊ တစ်ကြောင်းက ရှင့်ကို ကျွန်မဟာ ကိုကိုဇော်ခွ ကျောင်းသားဘဝတုန်းက တစ်ကြိမ်သာမြင်ဖူးခဲ့တယ်၊ ဒီတစ်ကြိမ် လည်း ငါးမိနစ်လောက်သာ မြင်ခဲ့ရလို့ မမှတ်မိတာကတစ်ကြော နောက်တစ်ကြောင်းက 'ရှင်စီးလာတာက ရိုးရိုးတန်း၊ ကျွန်မစီး တာကအထက်တန်းအိပ်ခန်းဆိုတော့ လူချင်းဆုံမိဖို့က ဝေးနေတာ'

'ဒါဖြင့် ကျွန်တော်ဟာ အဲဒီမီးရထားနဲ့ ပါလာခဲ့တယ် တာ ခင်ဗျား ဘယ်လိုသိသလဲ'

ကောင်းမြတ်သူ ကြားဖြတ်ကာ မေးသည်။

'ပြောမယ်လေ… ဒါနဲ့ ပျဉ်းမနားဘူတာကျတော့ ကျွန်မ တွဲပေါ်ကနေ အညောင်းပြေအညာပြေ လမ်းလျှောက်နေတယ်၊ ဒီအ မယ် လူတစ်ယောက်က ရှင့်ကို 'ဆရာလွင်ကြီးဟို' လို့ လှမ်းခေါ်

www.burmeseclassic.com



ကျွန်မ ကြားလိုက်မိတယ်၊ ကျွန်မလည်း ရှင့်နာမည်ကို မမှော်လင့်ဘဲ ကြားလိုက်ရလို့ ဝမ်းသာစိတ်နဲ့ တစ်ကိုယ်လုံး ဖွေးခနဲ ဖြစ်သွားမိခဲ့တယ်'

'ဘယ်လိုကြောင့် ခင်ဗျားက ဝမ်းသာရတာလဲ'

'သာဆို… ရှင့်ကို ကျွန်မ လိုက်ရှာနေတာ တစ်နှစ်ကျော်နေပြီလေ'

'ဘာ့အတွက်'

'ကျွန်မအစ်ကို စောခွန်ချိုကိုသတ်မှုနဲ့လေ၊ ကျွန်မဟာ အဲဒီအတွက် ကျွန်မမိတ်ဆွေတွေရဲ့ အကူအညီကိုယူပြီး လိုက်ရှာနေတာကြာလှပြီ၊ ရှင့်သတင်းအစ၊ အနဟာ ပျောက်နေတယ်၊ ကျွန်မတို့နောက်ဆုံးသိရတာက ရှင်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်တုန်းကတောင်ကြီးမြို့က လက်ဖက်ခြောက်သူဌေး ဦးသိန်းမြင့်ရဲ့သမီး အေးမြင့်သွယ်နဲ့ လက်ထပ်ခဲ့ကြပြီး ပျောက်နေတယ်ဆိုတာပဲ သိရတယ်၊ ရှင့်ကိုရှာရတာ ကျွန်မအနေနဲ့ ငွေကလည်း သိပ်ကိုကုန်ခဲ့တယ်၊ ငွေသာကုန်ပြီး ရှင့်သတင်းအစ၊ အနကိုတော့ မရခဲ့ဘူး၊ ရှင့်မိန်းမနဲ့ ယောက္ခမတွေဟာ တောင်ကြီးက အိမ်ကိုရောင်းပြီး ရန်ကုန်ကိုပြောင်းသွားတယ်ဆိုတာ သိရတဲ့အခါ ကျွန်မ စိတ်ကူးတစ်မျိုးရသွားတယ်၊ ရှင်ဟာတစ်နေ့နေ့မှာတော့ ရှင့်မိန်းမအိမ်ကို လာမှာပဲ၊ ဒီတော့ တခြားမှာလိုက်ရှာနေတာထက် ရှင့်မိန်းမအိမ်ကို တစ်စေ့တစ်စောင်း စောင့်ကြည့်နေတာဟာ အကောင်းဆုံးပဲလို့ ဒီစိတ်ကူးအတိုင်း ကျွန်မဟာ ရန်ကုန်ကို လာခဲ့တာပဲ'

နန်းကြာညို ထိုနေရာသို့အရောက်တွင် စကားကို ခေတ္တရပ်လိုက်သည်။ ရပ်ထားရာမှ ကောင်းမြတ်သူကို လှမ်းအကဲခတ်သည်။

ကောင်းမြတ်သူကတော့ သူ့စကားကို စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ကောင်းမြတ်သူသည် နန်းကြာညို၏စကားများကို နားထောင်နေခြင်းထက် နန်းကြာညို၏ပြေပြစ်တောင့်တင်းလှသော ကိုယ်ခန္ဓာကြီးကို ငမ်းနေခြင်းသာဖြစ်သည်။

နန်းကြာညို စကားပြောရင်း အသက်ရှူသည့်အခါတိုင်း ဆူဖြိုးသော ရင်သားအစုံမှာ နိမ့်ချီမြင့်ချီဖြစ်နေပုံကိုက မြင်တွေ့နေရသော ကောင်းမြတ်သူအတွက် အသည်းတယားယားဖြစ်၍ ရှုမဝနိုင်ဖြစ်နေတော့သည်။

နန်းကြာညို ရပ်ထားသော စကားကို ပြန်ဆက်သည်။

'ကံကောင်းချင်တော့ ကျွန်မ စောစောက ပြောခဲ့တဲ့အတိုင်းပဲ၊ ရှင့်ကို မမျှော်လင့်ဘဲ ပျဉ်းမနားဘူတာမှာ လာတွေ့ရတယ်လေ။ ဒါနဲ့ ကျွန်မဟာ ရှင်တို့ကို မလှမ်းမကမ်းကနေ အသာရပ်ကြည့်ပြီး အကဲခတ်နေတယ်၊ ရှင့်ရုပ်ကိုလည်း သေသေချာချာမှတ်မိအောင် ကြည့်ထားလိုက်မိတယ်'

'အဲဒီလူ လှမ်းနှုတ်ဆက်တာကို ကျွန်တော်က လွင်ကိုကို မဟုတ်ကြောင်း ငြင်းနေတာကိုရော ခင်ဗျား မကြားဘူးလားဗျာ'

ကောင်းမြတ်သူက ကြားမှဖြတ်၍ပြောသည်။

'ကြားတယ်လေ'

'ကြားရဲ့သားနဲ့များ ကျွန်တော့်ကို အခုထက်ထိ လွင်ကိုကိုလို့ စွပ်စွဲနေရသလားဗျာ'

'ဟဲဟဲ ကြားပေမယ့် ကျွန်မကမှ မယုံကြည်ဘဲ၊ စောစောက ကျွန်မပြောခဲ့သလို နာမည်ဆိုတာ ကိုယ်ပြောင်းလဲချင်သလို ပြောင်းလဲလို့ရတဲ့ဟာ၊ ဒီတော့ ရှင်ငြင်းနေတာ ကြားရပေမယ့် ကျွန်မ စိတ်ထဲမယ် ရှင့်ကို လွင်ကိုကိုပဲဖြစ်ရမယ်လို့ ထင်နေတာကိုး'

'ထင်မှ ထင်ရက်ပလေဗျာ'

'ထင်ရတာပေါ့၊ အခုလို ငြင်းနေတာဟာ ရှင့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နေတာကော မဖြစ်နိုင်ဘူးလား'

'နို့ ရန်ကုန်ဘူတာကြီးကျတော့ ကျွန်တော်ဟာ အေးမြင့်ကို ငြင်းနေတာကော ခင်ဗျား မမြင်ဘူးလား'

'အစကနေ အဆုံးအထိ မြင်ရတယ်၊ ဒါဟာလည်း ရှင်တို့ရဲ့ ဘူလားမှုမသိတာ၊ ရှင့်မှာက ကိုကိုစောခွန်ချိုကို မတရားသတ် ဲ့ဖြစ်ချက်တွေကရှိနေတော့ ရှင်နဲ့ ရှင့်ဇနီးအေးမြင့်သွယ်တို့ ဖောက်ညီညီ ချိတ်လုပ်ထားတာကော မဖြစ်နိုင်ဘူးလား၊ တွေကြောင့် ရှင်တို့ရဲ့နောက်ကို ကျွန်မတပည့်တစ်ဦးလွှတ် စောင့်ကြည့်ခိုင်းခဲ့တယ်၊ အဲဒီ တပည့်ရဲ့ သတင်းပေးမှု ရှင်တို့တစ်တွေ အမြင်ကို ထွက်တာသိရလို့ အခုလို အပြန်မှာ င်းလိုက်တာပဲ၊ ရှင်းပြီလား'

နန်းကြာညို စကားကို အဆုံးသတ်သည်။

'ခင်ဗျားပြောလို့ ရှင်းသင့်သလောက်တော့ ရှင်းသွားပါပြီ သေမဲ့ ကျွန်တော်ဟာ ခင်ဗျားထင်နေသလို လွင်ကိုကိုမဟုတ် ခက်နေတယ်။ ဒီတော့ ခင်ဗျားကို ကျွန်တော်တစ်ခုတော့ န်ချင်ပါတယ်'

'ဘာလဲ ပြောလေ'

'ကျွန်တော့်ကို လွင်ကိုကိုဆိုပြီး တစ်ဖက်သတ် စွပ်စွဲချက် ခ်မယ့်အစား၊ ကျွန်တော်ဟာ လွင်ကိုကို ဟုတ်မဟုတ်ဆိုတာ ချာချာ စုံစမ်းသင့်ပါတယ်'

ကောင်းမြတ်သူ အကြံပေးနေသည်။

'စုံစမ်းလို့ ရှင်ဟာ လွင်ကိုကို ဖြစ်နေမယ်ဆိုရင်ကော'

'မဖြစ်ပါဘူးဗျာ.. စိတ်ချပါ၊ အဲ...ဖြစ်နေရင်လည်း အသေ ပစ်လိုက်ပေါ့ဗျာ၊ ဒီလောက်တောင် ကသိုလ်ကံကဆိုးနေရင် သေတာပဲအေးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူစကားတွေကို နားထောင်ရင်း နန်း
စဉ်းစားနေသည်။

ကောင်းမြတ်သူမှာတော့ လူသတ်မှုအတွက် အပြစ်
နောက်ဆုံးစီရင်ချက်အဖြစ်ဖြင့် အမိန့်ချမှတ်တော့မည့် တရား
စကားကို ရင်တဖိုဖိုဖြင့် နားထောင်နေရသော လူသတ်တရား
ဖြစ်နေရှာသည်။

စိတ်တွင်းမှလည်း ငါပြောတဲ့စကားတွေ သူလက်
ဟူ၍ ကျိတ်ကာ ဆုတောင်းနေမိသည်။

'ရှင် တကယ်ပဲ လွင်ကိုကို မဟုတ်ဘူးလား'

ပထမဦးဆုံးအကြိမ် နန်းကြာညိုနှုတ်မှ သံသ
လေးဖြင့် ပြန်မေးသည်။

ကောင်းမြတ်သူ အလွန်ဝမ်းသာသွားသည်။

'တကယ်ပါ ခင်ဗျာ ဖြစ်လေရာဘဝတိုင်း...'

'ဘာလဲ.. တရုတ်မတွေဝတ်တဲ့ ဘောင်းဘီဖြစ်
ကျိန်ဦးမလို့လား'

ကောင်းမြတ်သူ စကားမဆုံးမီ နန်းကြာညိုဖြတ်ပြော

'အဟီး ဟုတ်တယ်၊ အဲဒီအတိုင်း ကျိန်မလို့'

'တော်စမ်း၊ ဒီပြင် ကျိန်စရာမရှိတော့ဘူးလား၊ ရှင်
တာ တရုတ်မတွေဝတ်တဲ့ဘောင်းဘီတော်တော် ဖြစ်ချင်ပုံရတ

'ထို့ မဟုတ်တာဗျာ၊ ခင်ဗျားမို့ ပြောတတ်ပသေ

ကောင်းမြတ်သူ မျက်နှာကြီး မဲ့ရှုံ့ကာ ပြန်ပြော

နန်းကြာညို ပြုံးနေသည်။

'သိဘူးလေ...ဒါချည့်ပဲ ထပ်တလဲလဲကျိန်နေလို့

'ကျိန်ဆို ကျွန်တော် အင်မတန်ရွံရှာတဲ့အရာကို
ကြည်အောင်လို့ ကျိန်ပြတဲ့ဟာ၊ ဒီလောက်ဆို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



...တ်ဘူးဆိုတာ သိလောက်ပါပြီ'

'အမယ်.. အမယ် မသိသေးပါဘူးရှင်၊ ရှင် အခုပြောတာ ...ဘးပုံတစ်ပုံလောက်ပဲ ကျွန်မ လက်ခံပါသေးတယ်၊ တရားဥပဒေ ...နဲ့ပြောရမယ်ဆိုရင် ရှင့်ကို သက်သေမခိုင်လုံသေးလို့ အပြစ် ...သေးဘဲ တရားရှင်လွှတ်တယ်ပေါ့ ..ကြားလား'

'ကြားပါ့ဗျာ ကြားပါ့၊ ဒီလောက် အခွင့်အရေးပေးတာကိုပဲ ...တော့မှာ ဝမ်းသာလှပါပြီ၊ ဒီလိုဆို ကျွန်တော့်ကို ပြန်လွှတ်တော့ ...း'

ကောင်းမြတ်သူ ဖျော်လင့်ချက်ဖြင့် ပြန်မေးသည်။

'အာ.. ရှင့်ကို ဒီက ပြန်လွှတ်လို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ ...ပြောသလို ရှင်ဟာ ကျွန်မလိုချင်တဲ့ လွင်ကိုကို ဟုတ်မဟုတ်ဆိုတာ ...ရဦးမယ်လေ'

'ဒီလိုဆို ကျွန်တော့်ကို ခင်ဗျားက ဆက်ပြီးထိန်းသိမ်းထား ...ပေါ့'

'ဟုတ်တယ် ဒီအတိုင်းပဲ၊ ရှင့်ကို ဒီတိုက်မှာ ဆက်လက်ပြီး ...သိမ်းထားမယ်၊ အဲ.. ရှင်ကလည်း ကောင်းကောင်းမွန်မွန် နေပါ၊ ...တို့စိတ်ကို အနှောင့်အယှက်ဖြစ်အောင်တော့ မလုပ်ပါနဲ့၊ လုပ်ရင် ...ာ ရှင့်ဘဝကို နိဂုံးချုပ်ပေးရလိမ့်မယ် သိလား'

နန်းကြာညိုက သတိပေးနေသည်။

'စိတ်ချပါ၊ ကျွန်တော် ကောင်းကောင်းမွန်မွန် နေပါ့မယ်၊ ...း.. ဒီအတိုင်းဆို ကျွန်တော်ဟာ လွင်ကိုကိုအစစ်ကို မတွေ့မချင်း ...တိုက်မှာ နေရဦးမှာပေါ့နော်'

'မှန်တယ်လေ...'

'နေရတာက အရေးမကြီးဘူး၊ ကျွန်တော်ဟာ ဒီတိုက်... ...ကျန်းမာမာရှိကြောင်း အေးမြင့်သွယ်တို့ဆီကိုတော့ သတင်းပို့ပေး

www.burmeseclassic.com

www.burmeseclassic.com



ပါဦးလေ၊ နို့မို့ သူတို့က စိတ်ပူပြီးရဲကို တိုင်လားတောလား ကြ
ကြဦးမယ်'

'အံမာ... သူတို့စိတ်ပူတာ ရှင်နဲ့ဘာဆိုင်လို့လဲ၊ အေ
သွယ်ဟာ ရှင့်မိန်းမမို့လား၊ ဒီလိုဆိုရင်တော့ ရှင်ဟာ လွပ်
အစစ်ပဲ'

နန်းကြာညို စကားကြောင့် ကောင်းမြတ်သူ လန့်သွား

'အမယ်လေးဗျာ၊ ကျွန်တော်နဲ့ အေးမြင့်သွယ်ဟာ ဖွ
ရှင်နဲ့ ဆံပင်အလှပြင်ဆိုင်လို တခြားစီပါဗျာ၊ ဘာမှမဆိုင်ပါ

'မဆိုင်ဘဲနဲ့ ဘာဖြစ်လို့ အေးမြင့်သွယ်တို့အတွက်
စိတ်ပူနေရတာလဲ'

'ပူဆို ခင်ဗျားလူတွေက ကျွန်တော့်ကို ဖမ်းခဲ့တုန်းက
ဆယ့်လေးနာရီအတွင်း အကျိုးအကြောင်း ပြန်ကြားမယ်လို့ ပြော
ပါ၊ ဒီတော့ ကျွန်တော်ဟာ ဒီနေရာမှာ ကျွန်းကျွန်းမာမာရှိကြော
အသိမပေးသင့်ဘူးလား၊ အခုလို ပြောနေတာကလည်း ကျွန်တော့်အ
အတွက်ထက် ခင်ဗျားတို့ အကျိုးအတွက်ပါ၊ ဒီလိုအကြောင်း မပြ
တစ်ဖက်က ရဲတွေကို တိုင်တော့မယ်၊ ဒီအခါ ရဲတွေက ကျွန်တော
လိုက်လံစုံစမ်းနေရင် ခင်ဗျားတို့အတွက်ပါ အနှောင့် အ
ဖြစ်မနေဘူးလားလို့'

ကောင်းမြတ်သူ စကားတွေမှာ မှန်ကန်နေသည်။

နန်းကြာညို လက်ခံရသည်။

'အန်း... ရှင်ပြောတာ မှန်တယ်'

'မှန်ရင် သူတို့ဆီကို ဘယ်လိုအကြောင်းကြားမလဲ၊ ကျွ
တော်ကိုယ်တိုင်သွားပြောရမလား'

'အို.. ရှင်သွားပြောလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ ပြဿနာ
က ထပ်ပြီး ရှုပ်ကုန်မှာပေါ့၊ ဒီတော့ ကျွန်မတို့တိုက်က ဖုန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



လှမ်း ပြီး ပြောပေတော့၊ သူတို့တိုက်က ဖုန်းနံပါတ် ရှင်သိသလား'

'သိဘူးလေ…သူတို့မှာဖုန်းရှိမှန်းတောင် ကျွန်တော်မသိပါဘူး'

'ကောင်းပြီ.. ရှင်မသိပေမယ့် ကျွန်မ သိပါတယ်၊ ကဲလာ သူတို့ဆီ သွားပြောကြမယ်'

နန်းကြာညိုပြောရင်း ဂိုဒေါင်တံခါးဘက်သို့ ထွက်သွားသည်။နောက်ဂိုဒေါင်တံခါးကို အတွင်းမှနေ၍ ပစ်စဝိုသေနတ်ကလေးဖြင့် တဒေါက်ဒေါက်ခေါက်ကာ အချက်ပေးသည်။

တံခါးခေါက်သံအဆုံးတွင် အပြင်မှ တံခါးသော့ဖွင့်နေသံကြားရသည်။

'ခင်ဗျား လာတုန်းက တခြားအပေါက်က လာတာမဟုတ်လား..'

ကောင်းမြတ်သူ လှမ်းမေးသည်။

'ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီအပေါက်က လျှို့ဝှက်အပေါက် ခို့ ရှင့်ကို မပြနိုင်ဘူး၊ ကဲ.. လာ သွားကြစို့'

နန်းကြာညို ပြန်ပြောခိုက် ကားဂိုဒေါင်တံခါး ပွင့်သွားသည်။

ကောင်းမြတ်သူလည်း နန်းကြာညိုနှင့်အတူ အပြင်သို့ ထွက်လာသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ်)

### အကြိုရသက်နေကြသူများ

နန်းကြာညိုက ကောင်းမြတ်သူ၏ရှေ့မှ သွားနေသည်။

ကောင်းမြတ်သူမှာ နန်းကြာညိုနှင့် တစ်ပေအကွာနေရာမှ လိုက်ပါလာသည်။

နန်းကြာညို၏ တပည့်တစ်ဦးမှာမူ ကားဂိုဒေါင်တွင် ကျန်နေရစ်သည်။

ကောင်းမြတ်သူသည် နောက်မှလိုက်ရင်း နန်းကြာညိုကို လှမ်းကြည့်မိသည်။

နန်းကြာညိုဝတ်ထားသည်က ဂျင်းပင် ဖင်ကျပ်ဘောင်းဘီ။ ဖင်ကျပ်ဘောင်းဘီထက် ဖင်ညှပ်ဘောင်းဘီဟူ၍ ရေးရလျှင် ပိုမှန်လေမည်လား မသိ။ တကယ်ပင် ဘောင်းဘီကလေးမှာ ဖင်ကြားတွင် ကျပ်ညှပ်ကာနေသည်။

သည်လို ကျပ်ညှပ်ကာနေတော့ နန်းကြာညို၏ တင်ကားကားကြီးမှာ ငွေလဝန်းကြီးကို လက်ဝါးပြင်ပေါ်တွင် တင်ပြထားသလို ထင်ထင်ရှားရှားကြီး ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းကြာညို၏ သွားဟန်ကလေးကလည်း ဆင်မယဉ်သော ...သလို ကြည့်မဝနိုင်အောင် ကဗျာဆန်လှသည်။

ဤတစ်သက်တွင် မိန်းမယူရန် မဆိုထားဘိနှင့်၊ ရည်းစားပင် ...ရန် စိတ်မကူးခဲ့ဖူးသော ကောင်းမြတ်သူ။ နန်းကြာညိုနှင့်တွေ့ ...သူ့စိတ်တွေ မှောက်မှားကာ ဖောက်ပြားလာလေပြီ။

အေးမြင့်သွယ်၏အလှနှင့် နန်းကြာညို၏အလှကိုလည်း သူ ...တ်အာရုံ ကတ္တားပေါ်တွင် ချိန်ထိုးကာ အလှချင်းယှဉ်ကြည့်မိ ...သည်။ သို့သော် အမဲနှင့်အနက် ခွဲရခက်သလို သူကလေးတို့ ...ဦး၏အလှမှာ မည်သူကပိုလှသည်ဟု ဆုံးဖြတ်ရန် ခက်လှသည်။

နှစ်ဦးစလုံး တစ်မျိုးစီလှကြသည်ချည်းပင်။ လှပင်လှကြ ...သော်လည်း အေးမြင့်သွယ်တုန်းကတော့ သူ၏ စိတ်တွေကိုထိန်းချုပ် ...ခဲ့သည်။ နန်းကြာညိုကျတော့ ထိန်းချုပ်ရန် ခက်နေသည်။

အဖြေကို ဆန်းစစ်ကြည့်တော့ ရှင်းလှသည်။ အေးမြင့်သွယ် ...တာမပိုင်ကြီးနှင့်ဖြစ်သည်။ နန်းကြာညိုကတော့ ပိုင်သူဆိုင်သူ ...သေး။

သူ့အနေဖြင့် အေးမြင့်သွယ်အပေါ်တွင် မေတ္တာတွေ ယိုင် ...ဖြူတိုင်း 'ဟေ့ကောင် သတိထား၊ သူဟာ အပျိုမဟုတ်ဘူး၊ ... လက်ထပ်ပြီးသားယောကျာ်း ရှိနေတယ်၊ ကံငါးပါးကို မပျက် ...နေ့ကွ' ဟူ၍ ဆုံးမခဲ့ရသည်။

နန်းကြာညိုနှင့်ကျတော့ ဆုံးမစရာမလိုပေ။ သူ့စိတ်တွေကို ...်ပေးထားမိသည်။ စိတ်ဆိုသည်ကလည်း အခက်သား။ လွှတ် ...ချောင် လွှတ်ထားသလို လွတ်လွတ်လပ်လပ်ကြီး ပျံ့လွင့်တတ် ...ည် မဟုတ်လော။

ကောင်းမြတ်သူ စိတ်ကလည်းတွေး၊ မျက်စိကလည်း နန်း ...ညို၏ တင်ကားကားကြီးကို စက္ခုအရသာခံစားရင်း လိုက်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပတ်ဝန်းကျင်ကိုပင် ဂရုမထားမိတော့။

သည်လို ဂရုမထားမိသဖြင့် တိုက်ထဲသို့ရောက်၍ နန်းကြ
ညို့က သွားနေရာမှအရပ်…

ကောင်းမြတ်သူ အရှိန်မသတ်နိုင်တော့ဘဲ နန်းကြည်
ကိုယ်ကို နောက်မှဝင်တိုက်မိသည်။

'အမေ့…'

နန်းကြာညို၏အော်သံ။

'အာ.. ဆောရီး…၊ မတော်လို့ပါဗျာ'

ကောင်းမြတ်သူ ပျာပျာသလဲ တောင်းပန်နေသံ။

'ဘာဆောရီးလဲ၊ လူတစ်ယောက်လုံးတောင် မမြင်
ဘူးလား'

နန်းကြာညို လှည့်ကြည့်ရင်း မာဆတ်ဆတ်အသံဖြင့်
မေးသည်။

'စိတ်မဆိုးပါနဲ့ ခင်ဗျာ၊ ကျွန်..ကျွန်တော် မမြင်လိုက်
'မမြင်ရအောင် ရှင်က ဘာကိုကြည့်နေလို့လဲ'

'ခင်ဗျားရဲ့ တင်ကားကားကြီး.. ဟိုက်'

ကောင်းမြတ်သူ ယောင်ယမ်းကာပြောရင်း သူ့ပါး
လက်ဖြင့် အမြန်ပိတ်လိုက်ရသည်။

'ဘာရှင့်.. ဘာကိုကြည့်နေတယ်'

နန်းကြာညို နားမလည်ဟန်ဖြင့် ပြန်မေးနေသည်။

'အဟဲ.. ဟိုဟို ဟိုဒင်းပါ၊ ခင် ခင်ဗျားတို့တိုက်က တ
ဖုန်းကလေးက အဖြူရောင်ကလေးမို့ ကျွန်တော်က မမြင်
ငေးကြည့်နေတုန်း ခင်ဗျားက ရပ်လိုက်လို့ အခုလို တိုက်မိသွား
ဗျာ ဟဲဟဲ'

ကောင်းမြတ်သူမှာ မှားသွားသော စကားများကို

www.burmeseclassic.com

www.burmeseclassic.com



ပြေအောင် အတော်ကြိုးစားကာ ဖြေနေရသည်။ သူတို့နှစ်ဦး၏ အသံ တွေကြောင့် တစ်ဖက်ခန်းထဲတွင် ရှိနေကြသော နန်းကြာညိုတို့လူများ ထွက်လာကြသည်။

'မမလေး… သူ့ကို စစ်ပြီးပြီလား'

ကောင်းမြတ်သူအား ဖမ်းခေါ်ခဲ့စဉ်က ဗိုလ် ၃၂ဖြင့် ချိန်ရွယ် သူက မေးခြင်းဖြစ်သည်။

'အင်း… စစ်လို့တော့ပြီးပြီ၊ ဒါပေမဲ့ သူဟာ လွင်ကိုကို မဟုတ်ပါဘူးလို့ ငြင်းနေလို့ သူပြောတာ မှန်မမှန် ဆက်စုံစမ်းရဦး မယ် ကိုသော်တာ'

'သူခိုးကတော့ ခိုးတယ်လို့ ဘယ်ပြောပါ့မလဲ မမလေးရယ်'

သော်တာဆိုသူက ကောင်းမြတ်သူအား မကျေမနပ်ဖြင့် လှမ်းကြည့်ရင်း ပြောသည်။

'အေးလေ၊ ကျုပ်ပြောတာ မှန်မမှန် အချိန်ကအဆုံးအဖြတ် ပေးပါလိမ့်မယ်၊ ဒီတော့ အချိန်ကလေးသာ စိတ်ရှည်ရှည်ထားပြီး ပေးကြပေါ့ဗျာ'

ကောင်းမြတ်သူ ပြန်ပြောသည်။

'ကိုင်း‥ စကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ အေးမြင့် သွယ်ဆီ ဖုန်းခွက်မှာသာဆက်စမ်း၊ ကျွန်မ ဖုန်းနံပါတ်လှည့်ပေးမယ်'

နန်းကြာညိုပြောရင်း ပေါလစ်ရောင် ဖိတ်ဖိတ်တောက်ပြောင် နေသော ကျွန်းသစ်စားပွဲခုံပေါ်ရှိ အဖြူရောင်တယ်လီဖုန်းကလေးမှ နံပါတ်ကလေးများကို လှည့်ပေးနေသည်။

ကောင်းမြတ်သူကတော့ တယ်လီဖုန်းခွက်ကိုကိုင်ကာ နား ထောင်နေသည်။

မကြာမီ တစ်ဖက်မှ ဟဲလိုဟူ၍ ထူးသံပေါ်လာသည်။

အသံရှင်မှာ အေးမြင့်သွယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးမြင့်သွယ်လား'

ကောင်းမြတ်သူ လှမ်းမေးသည်။

'ဟုတ်ပါတယ်ရှင်၊ အခု စကားပြောနေတာ…'

'ကျွန်တော်ပါ၊ ကောင်းမြတ်သူ'

'ဟင်.. ကိုကို၊ ကိုကို ဘာမှမဖြစ်ဘူးနော်၊ အခု ဘယ်က စကားပြောနေတာလဲဟင်၊ သွယ်တို့ဆီ ဘာလို့ ပြန်မလာသေးတာလဲ'

အေးမြင့်သွယ် ဝမ်းသာအားရဖြင့် စကားတွေတစ်သီကြီး ပြန်ပြောနေသည်။

'အာ… အာ နေဦးလေ၊ ဒီကပြောတာ နားထောင်စမ်းပါ'

ကောင်းမြတ်သူ ပြန်ပြောသည်။ တစ်ဖက်မှ အသံတိတ် သွားသည်။

နန်းကြာညိုနှင့် သော်တာတို့က ဘေးမှရပ်ကာ နားထောင် နေကြသည်။

'အခု ကျွန်တော့်ကို သူတို့က ပြန်မလွှတ်ကြသေးဘူး၊ ဒီ တော့ ပြန်လာလို့ မဖြစ်ဘူး'

'ဒါဖြင့် ဘယ်တော့မှ ကိုကို့ကို လွှတ်မှာလဲ'

အေးမြင့်သွယ်က ပြန်မေးသည်။

ကောင်းမြတ်သူ စကားပြောခွက်ကို လက်ဝါးဖြင့်အုပ်ရင်း အနီးတွင်ရပ်နေသော နန်းကြာညိုအား လှမ်းမေးသည်။

'ကျွန်တော့်ကို ဘယ်တော့မှ လွှတ်မှာလဲလို့ မေးနေတယ်ဗျ'

'ရက်ကို အတိအကျ မပြောနိုင်သေးဘူး၊ တစ်ပတ်နှစ်ပတ် လောက်တော့ ကြာမယ်လို့သာ ပြန်ပြောလိုက်'

နန်းကြာညိုက ကောင်းမြတ်သူကို ပြောသည်။

'ရက် အတိအကျ မပြောနိုင်သေးဘူး၊ တစ်ပတ်နှစ်ပတ် လောက်တော့ ကြာမယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



နန်းကြာညို့စကားအတိုင်း ကောင်းမြတ်သူမှာ ပြန်ပြောပြနေရသည်။

'အာ‥ ရက်ကလည်း ကြာလှချေလား၊ ဘာဖြစ်လို့ ကိုကို့ကို သူတို့က မလွှတ်ကြတာလဲ၊ ငွေပေးပြီး ရွေးရမယ်ဆိုရင် ပြောပါ၊ ဘယ်လောက်ပဲ ပေးရပေးရ ရွေးပါ့မယ်လို့'

အေးမြင့်သွယ်၏စကားများကို နားထောင်ပြီး ကောင်းမြတ်သူမှာ တစ်ဆင့်ပြန်၍ စကားပြန်လုပ်ရပြန်သည်။

'ဒီမယ် မနန်းကြာညို၊ ဟိုက မေးနေတယ်၊ ငွေပေးပြီး ရွေးရမယ်ဆိုရင် ဘယ်လောက်ပဲ ပေးရပေးရ သူတို့ပေးပြီးရွေးပါ့မယ်တဲ့'

နန်းကြာညို ဒေါကန်သွားတော့သည်။

'အောင်မာ ကြီးကျယ်လိုက်တာ၊ လူတွေကိုများ ပြန်ပေးဓား ပြတွေ မှတ်နေသလားမသိဘူး ဟွန်း'

'ဟာဗျာ ခင်ဗျားကလည်း ဒေါချည့်ပဲ၊ ဟိုကမသိလို့ မေးတဲ့ဟာ၊ ဒီတော့ ဘာပြန်ပြောလိုက်ရမလဲ'

'ဒေါချည့်ပေါ့၊ လူတွေကို ဓားပြသူခိုးတွေ မှတ်နေတာကိုး၊ ဒင်းတို့ချည်း ပိုက်ဆံချမ်းသာတယ်များ မှတ်နေသလားမှ မသိတာ၊ ဒီတော့ ပြန်ပြောလိုက်၊ ကျွန်မတို့ဟာ ဓားပြသူခိုးတွေမဟုတ်ဘူး၊ ရှင်တို့ထက် ငွေကြေးချမ်းသာတဲ့လူတွေပါလို့'

နန်းကြာညို့စကားအတိုင်း ကောင်းမြတ်သူမှာ တစ်ဖက်သို့ ပြောရပြန်သည်။

'သူတို့ကပြောနေတယ်၊ သူတို့ဟာ သူခိုးဓားပြတွေ မဟုတ်ဘူး၊ ခင်ဗျားတို့ထက်ပိုပြီး ပိုက်ဆံချမ်းသာပါတယ်တဲ့ဗျာ'

'ပိုက်ဆံချမ်းသာကြရင် ဘာသဘောနဲ့ ကိုကို့ကို ပြန်ပေးဆွဲနေရတာလဲ၊ ပြန်လွှတ်ပါလို့ ပြန်မေးစမ်း'

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း မာဆတ်ဆတ်အသံဖြင့် ကောင်းမြတ်သူကို နိုင်းပြန်သည်။

'ဟိုက ဘာပြန်ပြောသလဲ'

နန်းကြာညို လှမ်းမေးသည်။

ကောင်းမြတ်သူ တယ်လီဖုန်းခွက်ကို လက်ဝါးဖြင့်အုပ်ရင်း ပြောပြရသည်။

'ပိုက်ဆံချမ်းသာရဲ့သားနဲ့ ဘာဖြစ်လို့ ကျွန်တော့်ကို ပြန်မလွှတ်တာလဲတဲ့'

'အဲဒါက စစ်ဆေးစရာ ရှိနေသေးလို့ ပြန်ပြောလိုက်'

နန်းကြာညိုစကားအတိုင်း တစ်ဖက်သို့ ပြောရပြန်သည်။

'ပြန်မလွှတ်တာက စစ်ဆေးစရာရှိလို့တဲ့ ခင်ဗျ'

'ဘာတွေများ စစ်ချင်လို့လဲ ထားပါတော့၊ အခု ကိုကို့ကို ဘယ်မှာ သူတို့က ဖမ်းထားတာလဲ၊ ကောင်းကောင်းမွန်မွန် ထားကြရဲ့လား'

'အာ·· ထားပါတယ်၊ ဒီအတွက်တော့ မပူပါနဲ့၊ အဲ·· ဘယ်မှာဆိုတာကိုတော့ ကျွန်တော်လည်း မသိဘူးဗျ၊ ကျွန်တော်က ရန်ကုန်ကို ခဏခဏ မလာဖူးတော့ ဘယ်နေရာ ဘယ်ဒေသဆိုတာ မကျွမ်းကျင်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ ရဲကိုတော့ တိုင်လားပြုလား မလုပ်ကြပါနဲ့၊ ပြဿနာတွေ ပိုရှုပ်ကုန်မှာစိုးလို့ပါ၊ ကဲ·· ဒီလောက်ဆို တော်ရောပေါ့ဗျာ'

ကောင်းမြတ်သူ ပြန်ပြောရင်း ဖုန်းခွက်ကို ချထားသည်။

'ကျွန်တော် ဘာဆက်ပြီး လုပ်ရဦးမလဲ ခင်ဗျာ'

ကောင်းမြတ်သူက နန်းကြာညိုအား လှမ်းမေးသည်။

'ရှင် မနက်စာထမင်း စားပြီးပြီလား'

'ဟုတ်ကဲ့ စားပြီးပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို ရှင့်အတွက် နေ့လယ်စာ လက်ဖက်ရည်နဲ့မုန့် ...ယ်၊ ဒါထက် ရှင် စီးကရက်ကော သောက်တတ်သလား'

'မသောက်တတ်ပါဘူး ခင်ဗျာ'

'ကောင်းပြီ၊ ဒီလိုဆို ဟောဟိုအပေါ်ထပ်ကို တက်သွား၊ ...က် ရှင့်ညာဘက်မှာ ဖွင့်ထားတဲ့ အခန်းထဲကိုဝင်သွား၊ အဲဒါ ...အတွက် အခန်းပဲ၊ တော်ကြာရင် ရှင်သောက်ဖို့ လက်ဖက်ရည်နဲ့ ...ကို အပို့ခိုင်းလိုက်မယ်၊ ဒါပါပဲ'

နန်းကြာညို ပြောပြီး တစ်ဖက်ခန်းသို့ ထွက်သွားသည်။

ကောင်းမြတ်သူမှာ နန်းကြာညိုအား နောက်မှ ခေတ္တမျှ ...ကြည့်နေသည်။

နန်းကြာညိုတစ်ယောက် သူ့မျက်စိအောက်မှ ကွယ်ပျောက် ...ာ ကောင်းမြတ်သူ အပေါ်ထပ်သို့တက်သွားတော့သည်။ သူထိုင် ...ရသည့်အခန်းတွင် အိပ်ရာ ခုတင် ခြင်ထောင်မှအစ၊ အပြည့်အစုံ ...သည်။

အိမ်ထောင်ပရိဘောဂတွေကလည်း အခန်းတစ်ခုလုံး သူ့နေ ...င့်သူ ရှိထားသည်။ မှန်ဗီရိုကြီး၏ဘေးတွင် စာအုပ်များထည့်ထား ...ာ ဗီရိုတစ်လုံးလည်း ရှိသေးသည်။ အင်္ဂလိပ်နှင့် မြန်မာစာအုပ် ...ချစ်ကြသည်။

ကောင်းမြတ်သူသည် စာအုပ်ဗီရိုကြီးဆီသို့သွားကာ သူဖတ် ...သာ စာအုပ်များကို ရှာဖွေနေသည်။

'သီတဂူ' ခြံကြီးတွင်ရှိ အေးမြင့်သွယ်မှာတော့ မိဘများနှင့် ...းပြောနေကြသည်။

'ဖေဖေ သမီးတို့ ကိုကို့အတွက် ဘယ်လိုလုပ်ကြရင် ...င်းမလဲဟင်'

အေးမြင့်သွယ်က ဖခင်ဖြစ်သူ ဦးသိန်းမြင့်ကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူနှင့်အတူ မိခင်ဖြစ်သူ ဒေါ်ရီမှာလည်း
သည်။ သူတို့တစ်တွေမှာ Living room (ခေါ်) ဧည့်ခန်းမကြီး
ဝိုင်းစုကာ ထိုင်နေကြသည်။

'အင်း.. ဘယ်လိုလုပ်ရမယ်လို့ ပြောဖို့တောင် ခပ်ခက်
သမီး၊ မောင်လွင်ကိုကိုက ရဲကိုမတိုင်ပါနဲ့လို့ပြောတော့ ဖေဖေ
ဘာဆက်လုပ်နိုင်မှာလဲလို့'

ဦးသိန်းမြင့် စိတ်ရှုပ်သံဖြင့် ပြန်ပြောသည်။

'မလုပ်နိုင်ဘူးဆိုလို့ ဖြစ်မလား ဖေဖေရဲ့၊ သမီးတော့
ကို စိတ်မချဘူး၊ သူတို့တစ်တွေ ဝိုင်းပြီး နှိပ်စက်ကြမှာစိုးရ

'ဟင်.. ခုနက သမီးဖုန်းဆက်မေးတော့ သူ့ကို
ကောင်းမွန်မွန် ထားပါတယ်ဆို'

'အဲဒါက ကိုကို့ဆန္ဒအတိုင်းပြောတာ ဟုတ်ချင်မှ ဟု
ကိုး၊ သူတို့က အတင်းအကျပ်ကိုင်ပြီး ပြောခိုင်းတာကော မဖြ
ဘူးလား'

'ဒီလိုဆိုရင်လည်း ရဲကိုတိုင်မလား'

'ဟာန်.. ကိုကိုက ရဲကို မတိုင်ပါနဲ့လို့ မှာထားတဲ့
တိုင်လိုက်ရင် ကိုကို့အသက်အန္တရာယ်ကို စိုးရိမ်ရမှာပေါ့'

အေးမြင့်သွယ်၏စကားတွေကြောင့် ဦးသိန်းမြင့်မှာ ဦး
ခြောက်နေတော့သည်။

'ကိုင်း... ဒီလိုဆို ငါက ဘာလုပ်ရမှာလဲ၊ သမီးယော
ရှိရာ လိုက်သွားပြီး ခေါ်ရအောင်ကလည်း ဖေဖေက လူစွမ်း
မဟုတ်ဘူး သမီး၊ ဒီတော့ မောင်လွင်ကိုကို ဘေးကင်း
လာနိုင်ဖို့အတွက် ဖေဖေတို့ဟာ ဘုရားမှာ ဆုတောင်းမေတ္တာပို့
ဖို့ပဲရှိတယ်၊ တခြားနည်းလမ်းတော့ မရှိတော့ဘူး'

ဦးသိန်းမြင့်၏စကားကိုဒေါ်ရီကလည်းဝင်၍ထောက်ခံ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်သမီးရယ်၊ မောင်လွင်ကိုကိုအတွက် အကောင်းဆုံးနည်းလမ်းကတော့ သမီးဖေဖေပြောတဲ့အတိုင်း မေမေတို့လုပ်ကြရဲ့ပဲ၊ ဒီတော့ မနက်ဖြန်ကျရင် ရွှေတိဂုံဘုရားမှာသွားပြီး မောင်လွင်ကိုကိုအတွက် မေမေတို့ ကောင်းမှုပြုကြတာပေါ့'

အေးမြင့်သွယ်မှာ မိဘများပြောနေသည်ကို နားထောင်ရင်း မျက်ရည်ကျနေသည်။ ဒေါ်ရီမှာ သမီး ငိုယိုနေသည်ကို စိတ်မကောင်း ဟန်ဖြင့်ကြည့်ရင်း တိုးတိုးကလေး ရေရွတ်နေသည်။

'အင်း.. ငါ့သမီးလည်း လင်တစ်ယောက်ယူမိတာ သုခထက် ဒုက္ခတွေသာ တွေ့နေရတာပဲနော်၊ အေးလေ.. လူ့ဘဝဆိုတာကြီးကလည်း သောကတွေနဲ့ စပြီးသောကတွေနဲ့ပဲဆုံးရတဲ့ ဘုံကြီးမို့ တရားနဲ့သာဖြေပါတော့ သမီးရယ်'

ဒေါ်ရီသည် စကားအဆုံး၌ ထိုင်ရာမှထကာ နောက်ဖေးခန်းဘက်သို့ အေးဆေးသော ခြေလှမ်းတို့ဖြင့် ထွက်သွားတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်တစ်)

### သူတို့နှစ်ဦး

တစ်ရက်။

နှစ်ရက်။

သုံးရက်။

ဘာလိုလိုဖြင့် ကောင်းမြတ်မှာ နန်းကြာညိုတိုက်သို့ အကျဉ်း
သားဘဝဖြင့် ရောက်ရှိနေသည်မှာ (၃)ရက်ခန့် ကြာညောင်းသွားပြီ
ဖြစ်သည်။ ရက်ကလေးအနည်းငယ် ကြာလာသည်နှင့်အမျှ ကောင်း
မြတ်သူနှင့်နန်းကြာညိုတို့မှာလည်းအနည်းငယ် ရင်းနှီးမှုရလာကြသည်

ကောင်းမြတ်သူအနေဖြင့် သုံးရက်အတွင်း ခြံအပြင်သို့ထွက်
ခွင့်မရသော်လည်း ခြံထဲတွင်တော့ စိတ်တိုင်းကျသွားလာခွင့်ပြုထား
သည်။ အစားအစာများနှင့် ပတ်သက်လျှင်လည်း ကောင်းမြတ်သူ
လိုရာကို နန်းကြာညိုတို့က ချက်ပြုတ်ပေးကြသည်။

ထမင်းစားကြသည့်အခါတိုင်း ကောင်းမြတ်သူမှာ နန်းကြ
ညိုနှင့်အမြဲစားသောက်ရသည်။ လေးရက်မြောက်သောနေ့၏ ည
ပိုင်းအချိန်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူမှာ အပေါ်ထပ်ရှိ သူ့ကို အပိုင်စားပေးထားသော အိပ်ခန်းထဲတွင် ရီးဒါးစ်ဒိုင်းဂျက် (ခေါ်)အမေရိကန် စာပဒေသာအုပ်ကို ဖတ်ရှုနေသည်။

ထိုအချိန်တွင် နန်းကြာညိုသည် ကောင်းမြတ်သူရှိရာ အိပ်ခန်းသို့ ရောက်လာသည်။ နန်းကြာညိုအနေဖြင့် တစ်ကြိမ်တစ်ခါမျှ ဤလို မလာဖူးပေ။ အခန်းတွင်းသို့ ဝင်လာသော ခြေသံတို့နှင့် နန်းကြာညို အမြဲတမ်းသုံးစွဲလေ့ရှိသော အာဗွန်ရေမွှေးနံ့တို့ကြောင့် ကောင်းမြတ်သူ စာဖတ်နေရာမှ လှမ်းကြည့်မိသည်။

တွေ့လိုက်ရပါပြီ။

တင်းနစ်ရိုက်တံကလေးကို ညာလက်တွင် ဆုပ်ကိုင်ထားသော ကိုယ်ပေါ်တွင် အဖြူရောင် စပို့ရှပ်လက်တိုကလေး ဝတ်ထားသည် ခါး၌ဘောင်းဘီဖြူ တိုနန့်နန့်ကလေးဖြင့်··

ပြီးတော့ ခြေထောက်တွင် ကင်းဗတ်စ် ဖိနပ်ဖြူခြေအိတ်ဖြူကို ဝတ်ထားသော နန်းကြာညို···

ကောင်းမြတ်သူ ဖတ်နေသော စာအုပ်ကို ရင်ဘတ်ပေါ်တွင် မှောက်ချ ငေးကြည့်နေသည်။ စပို့ရှပ်ကလေးနှင့်မို့ နန်းကြာညို၏ ကောင်းမိခင်အသွင်ကိုဆောင်နေသော ရင်သားနှစ်မွှာမှာ ထင်ရှားကြွတက်နေသည်။

ဘောင်းဘီတိုကလေးနှင့်မို့ ဆင်စွယ်ရောင် သန်းနေသည့် ပေါင်တံဖြူဖြူကလေးကလည်း တစ်တစ်ရစ်ရစ်ဖြင့် ချစ်စရာ။

ဒါတွေကိုကြည့်ရင်း ကောင်းမြတ်သူ ရင်ခုန်နေသည်။

'ဒီမယ်ရှင့်·· ရှင် အခု ဘာလုပ်နေတာလဲ'

နန်းကြာညိုက မေးနေသည်။ နန်းကြာညိုအနေဖြင့် သူ့အား ကိုကိုဟူ၍လည်းမခေါ်။ ကောင်းမြတ်သူဟူ၍လည်း မခေါ်ပေ။

သူ့ကိုခေါ်ချင်လျှင် 'ဒီမယ်'ဟူသော နာမ်စားကလေးကိုသုံး

www.burmeseclassic.com

www.burmeseclassic.com



ကာ ခေါ်သည်။

'ကျွန်… ကျွန်တော်လား၊ ခင်ဗျားကို ကြည့်နေတယ်

ကောင်းမြတ်သူအဖြေကြောင့် နန်းကြာညိုမျက်နှာက

မဲ့သွားသည်။

'အို..ဘယ်လိုလူပါလိမ့်၊ အဲဒါကို မေးနေတာ မဟုတ်ဘူး

'နို… ဘာကိုမေးနေတာလဲ'

'ရှင် ဒီအခန်းထဲမှာ ကျွန်မ မရောက်ခင် ဘာလုပ်နေတာ

လို့ မေးနေတာ'

'အဲ.. စာဖတ်နေတယ်လေ၊ ဘာပြုလို့ မေးတာလဲဗျာ'

'ဘာပြုရမှာလဲ၊ ရှင် အဲဒီလို အခန်းထဲမှာချည့် အောင်

ရင် အညောင်းမိပြီး သေမှာစိုးလို့ပေါ့'

နန်းကြာညိုစကားကြောင့် ကောင်းမြတ်သူ ပြုံးမိသည်

'အဟဲ.. ကျွန်တော် သေမှာကို ခင်ဗျားက စိတ်ပူလို့လား

'ဟန်း.. ပူပေါင်ရှင်..'

နန်းကြာညို နှုတ်ခမ်းကလေးစူပြရင်း ပြန်ပြောသည်။

'မပူရင် ဘာဖြစ်လို့ မေးနေရတာလဲ'

'မေးဆို ကျွန်မတို့မှာ တာဝန်ရှိနေလို့ပေါ့'

'ဘယ်လို တာဝန်လဲဗျာ'

'ဘယ်လိုတာဝန်လဲဆိုတော့ ရှင်ဟာ ကျွန်မတို့အိမ်

ရောက်နေတဲ့ ဧည့်သည်ဖြစ်နေလို့ ရှင့်ကျန်းမာရေးနဲ့ စိတ်ချမ်းသာ

အတွက် ကျွန်မတို့က ပြုလုပ်ပေးရမယ်လေ'

'ကျွန်တော်က ဧည့်သည်လား၊ အကျဉ်းသမား မဟုတ်

လားဗျ'

ကောင်းမြတ်သူ ပြုံးစစဖြင့် ပြန်မေးသည်။

'ကျွန်မတို့ကတော့ ရှင့်ကို အကျဉ်းသမားအဖြစ် သ

www.burmeseclassic.com

www.burmeseclassic.com



ထားပါဘူး၊ ရှင်က ထားနေရင်တော့ မတတ်နိုင်ဘူးပေါ့ရှင်'

'အကျဉ်းသမား သဘောမျိုးမဟုတ်ရင် ဘာဖြစ်လို့ ဒီခြံထဲ အနေ အပြင်ကို ထွက်ခွင့်မပေးရတာလဲ'

'မပေးဆို.. ရှင့်ကို ရာနှုန်းပြည့်မယုံကြည်သေးတာက တစ်ကြောင်း၊ နောက်ပြီး ရှင်ဟာ လွင်ကိုကို ဟုတ်မဟုတ်ဆိုတာက သည်း မသေချာသေးဘူးလေ၊ ဒါကြောင့်မို့ပါ ရှင့်အနေနဲ့ အခုလိုနေရ တာ စိတ်ဆင်းရဲနေရလို့လား'

'စိတ်မဆင်းရဲပေမယ့် ကျွန်တော့်မှာက နောက်ဆံတင်းစရာ ကိစ္စလေးတွေက ရှိနေပါတယ်'

'အဲဒီ နောက်ဆံတင်းတယ်ဆိုတဲ့ ကိစ္စကလေးက ဘာကို ဆိုလိုတာလဲ၊ အေးမြင့်သွယ်ကို သတိရနေတဲ့ကိစ္စလား'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော်နဲ့ အေးမြင့်သွယ်က ဘာမှ ဆိုင်ပါဘူး၊ အဲ... နောက်ဆံတင်းရမယ့်ကိစ္စက တခြားမဟုတ်ပါ ဘူး မိုးညှင်းမြို့က ကျွန်တော့်အမေနဲ့ သာကေတမှာနေတဲ့ ကျွန်တော့် သူငယ်ချင်းအတွက်ပါ၊ သူတို့ဟာ ကျွန်တော့်အတွက် အခုလောက်ဆို ဆိုင်း စိတ်ပူရင်ပူနေကြမှာမို့ပါ'

'အေးလေ... အခုလောလောဆယ်မှာတော့ ရှင်ပြောသလို သူတို့တစ်တွေ စိတ်ပူချင်ရင်လည်း ပူနေကြမှာပေါ့၊ ဒါပေမဲ့ ရှင့်မှာ အန္တရာယ်မှ မဖြစ်ဘူးဆိုတာ နောင်တစ်နေ့သိကြရရင် ပြီးတာပဲ မဟုတ်လား'

နန်းကြာညိုကပြောရင်း တင်းနစ်ရိုက်တံကလေးကို ဘယ် ညာ ဝှေ့ရမ်းကစားနေသည်။

ကောင်းမြတ်သူ၏ မျက်စိထဲတွင်တော့ မိုးကျမယ်ကလေး တစ်ပါး သူ့ရှေ့တွင်လာရောက် ကပြနေသလို ထင်မှတ်နေမိသည်။

'ဒါထက် ရှင်ဟာ အားကစားထဲက ဘာတွေတတ်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



နန်းကြာညိုက မျက်စကလေးကို ချီရင်း ခပ်နွဲ့နွဲ့ကလေး
မေးသည်။

'ခင်ဗျားက ဘာဖြစ်လို့ မေးတာလဲ'

'ဩော်… ရှင်တစ်ယောက်တည်း အခုလိုနေရတာ ပျင်းမှာ
စိုးလို့ မေးတာပါ၊ တကယ်လို့ ရှင်ကစားမယ်ဆိုရင် ကျွန်မနဲ့အတူ
ကစားရအောင်လေ'

'ဟုတ်ကဲ့ ဒီလိုဆို ကျွန်တော်တတ်တဲ့ အားကစားကတော့
ဘောက်ဆင်ထိုးဟာပဲ'

ကောင်းမြတ်သူစကားကြောင့် နန်းကြာညို ကိုယ်ကလေး
တွန့်… ခနဲဖြစ်သွားသည်။

'ဟန့်… ရှင်ကတော့လုပ်ပြီ၊ ကျွန်မလို မိန်းမသားနဲ့နှစ်
ယောက်အတူကစားမယ့်ဟာ ဘောက်ဆင်ထိုးကစားလို့ဖြစ်မလားရှင့်'

'သိဘူးလေဗျား ကျွန်တော်တတ်တာ ကျွန်တော်ပြောရတဲ့ဟာ'

'ဒီပြင် ကစားနည်းကော ဘာတတ်သလဲ၊ ကျွန်မနဲ့နှစ်
ယောက်ချင်း ကစားနိုင်တာကို ပြောနော်'

နန်းကြာညိုစကားကြောင့် ကောင်းမြတ်သူ ခေတ္တစဉ်းစား
သည်။

'အဲ… ခင်ဗျားနဲ့အတူ ကစားနိုင်တဲ့ ကစားနည်းကို ပြော
မယ်ဆိုရင် တူတူပုန်းတမ်းနဲ့ ထုပ်ဆီးတိုးတမ်းဗျာ'

'ဟန့် လုပ်ပြန်ပြီ၊ ရှင်ကတော့ ပြောလိုက်ရင် ဝချည်း
ဒါတွေက နှပ်ချေးဖတ်မစင်သေးတဲ့ကလေးငယ်တွေကစားတာပဲဟာ'

'အံမယ်…ခင်ဗျားကသာ နှပ်ချေးဖတ်မစင်သေးတဲ့ကလေး
ငယ်တွေ ကစားတာလို့ ပြောနေတာပါ၊ အခုခေတ်မယ် စာရေးမ
တောင်ထုပ်ဆီးတိုးပြိုင်ပွဲတွေဝင်ကစားနေကြတာခင်ဗျားမသိဘူးလား'

'တော်ပါရှင်… ဒါတွေ မကစားချင်ပါဘူး၊ နို့… ရှင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



င်းနှစ်ကော ရိုက်တတ်သလား'

'အန်း·· နည်းနည်းပါးပါးလောက်တော့ ရိုက်တတ်ပါတယ်၊ ပိတော့ မတော်ဘူးဗျ'

'အို··· ရိုက်တတ်ရင် ပြီးတာပဲ၊ ကဲလာ·· ကျွန်မတို့ င်းနှစ်ရိုက်ကြမယ်'

နန်းကြာညိုက ခေါ်သည်။

'ဟာဗျာ··· ကျွန်တော့်မှာ တင်းနှစ်ရိုက်ဖို့ ရက်ကက်စ် ည်းမရှိဘူး၊ ဘောင်းဘီနဲ့ဖိနပ်လည်း မရှိဘူးဗျ'

'ဒါတွေအတွက် ပူမနေပါနဲ့လေ၊ ကျွန်မမှာ ရှိပါတယ်၊ ဲ လာ အောက်ထပ်ကိုလိုက်ခဲ့ပါ'

နန်းကြာညို ပြောရင်း ရှေ့မှထွက်သွားသည်။

ကောင်းမြတ်သူလည်း အိပ်ရာမှထကာ နန်းကြာညိုနောက် သို့ လိုက်သွားခဲ့ရသည်။ အောက်ထပ်သို့ရောက်လျှင် နန်းကြာညိုသည် ာလူများအား လှမ်းအသံပြုသည်။

'ကိုသော်တာနဲ့ ကိုကြည်သာတို့ရေ·· ဟောဒီက ဧည့်သည် ို အဖြူရောင် ဘောင်းဘီတစ်ထည်နဲ့ ကဲင်းဗတ်စ်ဖိနပ်တစ်ရံ ထုတ် းလိုက်ကြစမ်းပါ'

နန်းကြာညို၏ စကားကြောင့် သော်တာဆိုသူမှာ အခန်းတစ် ှ ထွက်လာသည်။

'ဟုတ်ကဲ့ မမလေး၊ ကဲ·· လာ မိတ်ဆွေ'

သော်တာကခေါ်သည်။

ကောင်းမြတ်သူ လိုက်သွားသည်။

နန်းကြာညိုကတော့ တိုက်၏အပြင်ဘက်တွင်ရှိ တင်းနှစ် တ်သို့ ဆက်ထွက်သွားသည်။ ဆယ်မိနစ်ခန့်အကြာတွင် ကောင်း ြတ်သူမှာ နန်းကြာညိုရှိရာ တင်းနှစ်ကွတ်သို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စပို့ရှပ်လက်တို၊ ဘောင်းဘီတိုနှင့် ကဲင်းဖတ်စ်ဖိနပ်တို့ကို ဝတ်ဆင်ထားသော ကောင်းမြတ်သူကိုကြည့်ကာ နန်းကြာညို ပြုံး နေမိသည်။

'ခင်ဗျားက ဘာဖြစ်လို့ ပြုံးနေတာလဲဗျ၊ ကျွန်တော့်မှာ ချို့ယွင်းချက်ရှိနေလို့လား'

ကောင်းမြတ်သူမှာ ရက်ကက်စ်ကြီးကို ကိုင်ရင်း သူ့ကိုယ်သူ မလုံမလဲဟန်ဖြင့် လှမ်းမေးနေသည်။

'မဟုတ်ပါဘူး၊ ရှင်က စပို့ရှပ်နဲ့ ဘောင်းဘီတိုကို ဝတ်ထား တော့ ရုပ်ကတစ်မျိုးဖြစ်သွားလို့ ပြုံးမိတာပါ၊ ကိုသော်တာ အဝတ်တွေ က ရှင်နဲ့တော်သားပဲနော်'

'အေးဗျာ... ကျွန်တော်နဲ့ တိုင်းချုပ်ထားသလိုပါပဲ၊ ကဲ... တင်းနစ်ကစားကြစို့လား'

'အိုကေ...'

နန်းကြာညိုပြန်ပြောပြီး တစ်နေရာတွင်ချထားသော တင်းနစ် ဘောလုံးကလေးကို ပြေးကောက်ယူသည်။ နန်းကြာညိုက မြောက် ဘက်တွင်နေရာယူသည်။ ကောင်းမြတ်သူက တောင်ဘက်တွင် နေရာ ယူသည်။ သူတို့နှစ်ဦး၏အလယ်တွင်ရှိ ပိုက်တန်းတစ်ခု ခြားထား သည်။ နန်းကြာညိုက တင်းနစ်ဘောလုံးကိုစ၍ ပေးသည်။

ကောင်းမြတ်သူက ပြန်ရိုက်သည်။

သို့သော် ကောင်းမြတ်သူ ရိုက်လိုက်သော တင်းနစ်ဘောလုံး ကလေးမှာ အလယ်တွင် ပိုက်တန်းနှင့်ထိသွားသည်။

'ဟန်း.. အဖြစ်ကလည်း မရှိလိုက်တာ၊ ဒါကလေးတောင် လွတ်အောင် မရိုက်နိုင်ဘူးလား... ခိခိခိ'

နန်းကြာညိုအပြစ်တင်သံကလေးဖြင့် ပြောကာရယ်နေသည်။

'ဟာဗျာ.. ကျွန်တော်မှ ကောင်းကောင်းမရိုက်တတ်တဲ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ခဲတဲ့.. ပြန်ရိုက်ကြမယ်'

ကောင်းမြတ်သူ တင်းနစ်ဘောလုံးကလေးကို ပြေးကောက်ကာ နန်းကြာညိုဘက်သို့ လှမ်းပစ်ပေးသည်။

နန်းကြာညို တင်းနစ်ဘောလုံးကလေးကိုဖမ်းယူကာ နောက်တစ်ကြိမ်ထပ်ရိုက်သည်။ ဤအကြိမ်တွင်တော့ ကောင်းမြတ်သူက ကြိုးစား၍ ရိုက်သဖြင့် ပိုက်တန်းကိုမထိပေ။

နန်းကြာညိုထံသို့ ရှောရှောရှူရှူ ရောက်သွားသည်။ နန်းကြာညိုကလည်း ပြန်ရိုက်သည်။ သို့နှင့်ပင် တင်းနစ်ဘောလုံးကလေးမှာ တောင်နှင့်မြောက် လူးလာခတ်ကာ နေတော့သည်။

ကောင်းမြတ်သူ ကြိုးစားရိုက်နေ၍ တင်းနစ်ဘောလုံးမှာ အကျနည်းသော်လည်း အမှတ်ကျတော့ နန်းကြာညိုကို မမီပေ။

နန်းကြာညိုက ၁၀မှတ်၊ ၂-မှတ်ဖြင့် ဦးဆောင်နေသည်။

တစ်ချီတွင် ကောင်းမြတ်သူရိုက်လိုက်သော တင်းနစ်ဘောလုံးကလေးမှာ နန်းကြာညိုဘက်ရှိ ပိုက်တန်းကလေးအနီးသို့ ကပ်ကျသွားသည်။

နန်းကြာညိုက ထိုတင်းနစ်ဘောလုံးကလေးကို တအားပြေး၍ ရိုက်ရန်ပြင်သည်။ သို့သော် နန်းကြာညိုမှာ တင်းနစ်ဘောလုံးကလေးဆီသို့ မရောက်တော့ပေ။

ခြေချော်ကာသွားသဖြင့် 'အမေ့..'ဟူသော အသံနှင့်အတူ ပိုက်တန်းကြိုးအောက်တွင် လဲကျသွားသည်။

'ဟာ...'

ကောင်းမြတ်သူ စိုးရိမ်သံဖြင့် အာမေဍိတ်သံပေးသည်။ အာမေဍိတ်သံနှင့်အတူ လက်ထဲတွင်ကိုင်ထားသော တင်းနစ်ရိုက်တံကို ပစ်ချကာ နန်းကြာညိုရှိရာသို့ ကောင်းမြတ်သူ ပြေးသွားသည်။

'ဘယ်.. ဘယ်နာသွားသလဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူမေးရင်း နန်းကြာညို၏ကိုယ်ကို ပွေ့ထူလိုက်သည်။ ထိုစဉ်တုန်းကတော့ သူ၏လက်များမှာ နန်းကြာညို၏ လက်မောင်းကိုကိုင်ရန် ဖြစ်သည်။

သူ့လက်ကတော့ ရှောရှောရှူရှူနှင့်ပင် နန်းကြာညို၏လက်မောင်းကို ကိုင်မိသည်။ ကျန်လက်တစ်ဖက်ကတော့ နန်းကြာညို၏ လက်မောင်းအစား ရွှေရင်အုံဆီကို မသေချာမှန်းကိုင်တွယ်မိတော့သည်။

ကိုင်လိုက်မိသည်နှင့်တစ်ပြိုင်နက် ကောင်းမြတ်သူ၏ ရင်ထဲတွင် နွေးခနဲဖြစ်သွားသလို အကြောပေါင်းတစ်ထောင်လည်း စိမ့်ခနဲဖြစ်သွားမိသည်။

'ဟာ.. မတော်လို့၊ ကန်တော့..ကန်တော့'

ကောင်းမြတ်သူ တောင်းပန်သံဖြင့် နန်းကြာညိုကို ပြောနေသည်။ နှုတ်ကသာ အလျှင်အမြန် တောင်းပန်နေသည်။ ဘယ်ဘက်လက်ကတော့ နန်းကြာညို၏ ရွှေရင်အုံဆီမှ ရုတ်တရက် ခွာမရဖြစ်နေသည်။

နန်းကြာညို၏ မျက်နှာပေါ်တွင်လည်း ရှက်သွေးဖြာနေဟန်ဖြင့် ပန်းနုရောင်ကလေးတွေ သန်းနေသည်။ နန်းကြာညို စုတ်ကလေးတစ်ချက်သပ်ရင်း ထရန်ပြင်သည်။

ကောင်းမြတ်သူမှာ ဘယ်ဘက်လက်ကို မူလနေရာမှ လက်မောင်းဆီသို့ ပြောင်းလဲကာ ကိုင်ရင်းမေးသည်။

'ဘယ်... ဘယ်နာသွားသလဲ မနန်းကြာညို'

ကောင်းမြတ်သူ၏အသံတွေမှာအနည်းငယ်တုန်ယင်နေသည်။

'ခြေ.. ခြေတစ်ဖက် နည်းနည်းနာသွားတယ် ထင်တယ်.. ကျွတ်.. ကျွတ်.. ကျွတ်'

'ဒီ.. ဒီလိုဆို ကျွန်တော် ပွေ့ခေါ်သွားမယ်နော်'

ကောင်းမြတ်သူ ခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါ့မလား၊ ကျွန်မဝိတ်က မသေးဘူး၊ ပေါင်တစ်ရာ တစ်ဆယ်ကျော်တယ်ရှင့်'

'ရပါတယ်လေ၊ ကျွန်တော်ကလည်း ပေါင်တစ်ရာသုံးဆယ် လောက်တော့ အသာကလေး မ နိုင်တဲ့ဟာ ဟဲ.. ဟဲ'

'ဒီလိုဆို ပွေ့လေ'

နန်းကြာညို ခွင့်ပြုသည်။

ကောင်းမြတ်သူ နန်းကြာညို၏ ကိုယ်ကလေးကို ဈွေ့ခနဲနေ အောင် မ ,ယူသည်။

နန်းကြာညို၏ကိုယ်နှင့် မျက်နှာဏလေးမှာ ကောင်းမြတ်သူ ၏ ရင်ထဲတွင် ရောက်လာသည်။ တစ်ဖန် နန်းကြာညို၏ လက်တစ် ဖက်မှာ ကောင်းမြတ်သူ၏ ပခုံးပေါ်သို့ တင်ထား၍ သူမ၏ရင်သား တို့မှာ အတားအဆီးမရှိတော့ဘဲ လွတ်နေသည်။

လွတ်နေသော ရင်သားတို့မှာ ကောင်းမြတ်သူ၏ ရင်ဘတ် နှင့် ထိကပ်ကာနေသည်။ နှစ်ဦးစလုံးရင်ထဲတွင် စည်တော်ကြီးရွှန်း သလို မြည်ဟီးနေကြသည်။

'ဟာ..ဟာ ဟော့လူ၊ ကျုပ်တို့ မမလေးကို ဘာဖြစ်လို့ ပွေ့လာတာလဲဗျ'

တိုက်တွင်းသို့အရောက်၌ ကိုသော်တာက တအံ့တသြ လှမ်း မေးသည်။

'သူ ခြေချော်လဲသွားလို့ပါဗျ'

ကောင်းမြတ်သူ ပြန်ပြောသည်။

သော်တာအပါအဝင် နန်းကြာညို၏လူတွေမှာ ပါးစပ်ကြီး ဆွဲ အဟောင်းသားဖြင့် သူတို့ကို ငေးကြည့်နေကြသည်။

နန်းကြာညိုသည် သူမ၏လူများကို ရက်ပြုံးကလေးဖြင့် လှမ်းကြည့်ကာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ကိုသော်တာ၊ နန်း တင်းနစ်ရိုက်တုန်း ခြေ ချော်သွားလို့ပါ၊ ကဲ.. နန်းကို အောက်ချပါတော့'

နန်းကြာညိုက ကောင်းမြတ်သူကို လှမ်းပြောသည်။ ပြော ရာတွင်လည်း ယခင်လို ကျွန်မဟူ၍ မဟုတ်တော့ပေ။

'ကျွန်မ'အစား 'နန်း'ဟူ၍ ရင်းနှီးသောအသုံးအနှုန်းကလေး ဖြင့်... ကောင်းမြတ်သူ ကျေနပ်မဆုံး တပြုံးပြုံး...

'ခင်ဗျား လမ်းလျှောက်နိုင်လို့လားဗျ'

ကောင်းမြတ်သူက နန်းကြာညိုကို ပွေ့ချီထားရာမှ အသာ ပြန်ချရင်း မေးသည်။

'ရပါတယ်လေ၊ ရှင်လည်း ရေသွားချိုးချေလေ၊ ပြီးရင်.. ညစာထမင်း စားကြရအောင်'

မြူတိမ်ကင်းစင်သော လမင်းကြီး၏ သာယာသောမျက်နှာ မျိုးဖြင့် နန်းကြာညိုက ကောင်းမြတ်သူ၏မျက်နှာကို ကြည့်ကာ ပြောနေသည်။

ကောင်းမြတ်သူကလည်း နန်းကြာညို၏မျက်နှာကို ရွှန်းရွှန်း စားစား ပြန်ကြည့်ရင်း ခေါင်းကလေးတစ်ချက် ဆတ်ပြသည်။

နန်းကြာညို၏ တပည့်များကတော့ သူတို့နှစ်ဦးအား ခပ် ငေးငေးကလေး ဝိုင်းကြည့်နေကြသည်။

ကောင်းမြတ်သူ အပေါ်ထပ်သို့ တက်သွားသည်ကို ကြည့် ရင်း နန်းကြာညိုသက်ပြင်းကလေးတွေ အခါခါချနေမိသည်။

နန်းကြာညို၏အိပ်ခန်းကလည်း အပေါ်ထပ်တွင်ပင် ရှိနေ သည်မို့ သူမလည်း လှေကားလက်တန်းကို အားပြုကာ အပေါ်သို့ ဖြည်းဖြည်းချင်း တက်သွားတော့သည်။

'အင်း.. တို့မမလေးလည်း အစ်ကို့အတွက် ရှမ်းဟူကို လက် စားချေမယ်ဆိုပြီး ဟိတ်တစ်လုံး ဟန်တစ်လုံးနဲ့ ပြင်ဆင်ခဲ့တာ အခု

www.burmeseclassic.com

www.burmeseclassic.com



တော့ အဖျားရှူးတော့မယ် ထင်ပါရဲ့ကွာ'

သော်တာက နန်းကြာညိုတို့အနီးတွင်မရှိသောအခါ တိုးတိုးလေးပြောနေသည်။ ထိုစကားကို တစ်ဦးသောလူက ပြုံးဖြီးဖြီးဖြင့် ပြန်ပြောသည်။

'အာ.. ကိုသော်တာနယ်၊ မမလေး လက်စားချေတာက တစ်မျိုးဗျ၊ သူက အကြမ်းနည်းမသုံးဘဲ အနုနည်းနဲ့ ချေနေတာပါ ဟဲဟဲ'

'ဘယ်လို အနုနည်းလဲကွ၊ ရှင်းစမ်းပါဦး'

သော်တာ နားမရှင်းဟန်ဖြင့် ပြန်မေးသည်။

'သြော်.. ဒီလိုပါလေ၊ မမလေးက ဟိုလူကို ချစ်ဟန်ဆောင်ပြီး တစ်သက်လုံး စိတ်ဆင်းရဲသွားအောင် အသည်းခွဲပစ်လိမ့်မယ်ထင်တယ်ဗျ အဟီး'

'အိန်း.. မင်းပြောသလို အသည်းမခွဲဘဲ အမြဲတွဲပြီး တစ်သက်လုံးနေသွားရင်ကောကွာ'

'အဟမ်း.. အဲဒီလိုဆိုတော့လည်း ကျွန်တော်တို့တစ်တွေ မင်္ဂလာပွဲမှာ ဗိုက်ကွဲအောင် စားကြရသောက်ကြရတာပေါ့လေ၊ ဟားဟား.. ဟား'

တစ်ဦးသောလူက ပြောပြီးရယ်နေသည်။ ကျန်လူများမှာလည်း ရောနှောကာ ရယ်နေမိကြတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်နှစ်)

### အတိတ်ကို ဖေးနေသူ

စိုးသိဏ်းမှာ သူငယ်ချင်းဖြစ်သူ ကောင်းမြတ်သူအတွက် ရက်ကြာလာသည်နှင့်အမျှ စိုးရိမ်သောကတွေလည်း လွှမ်းကဲကာ လာ တော့သည်။

နောက်ဆုံးတွင် စိုးသိဏ်းသည် မိုးညှင်းမြို့ရှိ ကောင်းမြတ်သူ ၏မိခင် ဒေါ်လှသူထံသို့ ကြေးနန်းစာတစ်စောင်ရိုက်ကာ ကောင်းမြတ် သူ မိုးညှင်းမြို့၌ ရှိမရှိကို မေးမြန်းကြည့်ရတော့သည်။

ချက်ချင်းဆိုသလိုပင် ဒေါ်လှသူထံမှ ကောင်းမြတ်သူတစ် ယောက် မိုးညှင်းမြို့မှ ထွက်ခဲ့သည်မှာ တစ်ပတ်နီးပါးမျှ ကြာပြီဖြစ် ကြောင်း ပြန်လည်၍ အကြောင်းကြားသည်။

'ဟိုက်·· ချောက်ကျိုးတော့ နည်းပါပြီ၊ ဒီလိုဆို ဒီကောင် ဘယ်ရောက်နေသလဲ'

စိုးသိဏ်း သံကြိုးစာကိုဖတ်အပြီး ညည်းညူနေသည်။

'ဘာတွေများ ချောက်ကျိုးနည်းနေရတာလဲ၊ ငါ့ကို အမြတ် တော်ကြေး ထိုးတောင်းလို့လားတော့'

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းကို မသိရှိသေးသော ဇနီးဖြစ်သူ မငွေယုံ သူထင်ရာကို လှမ်းမေးသည်။

'တယ်.. ဒီမိန်းမ ပါးစပ်ပုပ်ကြီးနဲ့ ပြောပြီ၊ အမြတ်တော် တိုးတောင်းတာခံရရင် ငွေတော့မပေးဘူး၊ နင့်ကိုပဲ အမြတ် ကြေးအရာရှိလက် ဝကွက်အပ်လိုက်မယ်၊ သိလား... ဟွန်း'

စိုးသိဏ်းဒေါသဖြစ်ဖြစ်ဖြင့် ပြန်ပြောသည်။

'ဘာလဲ၊ ရှင်က ကျုပ်ကို ချဲနေတာလား၊ ငွေယုံတဲ့နော်.. ကုန်မချင်း တစ်နေကုန် ဆဲပြလိုက်မယ် ဟန်း.. ဟန်း.. .. ဟန်း'

မငွေယုံကလည်း ဒေါသသံဖြင့်ပင်ပြန်၍ နှုတ်လှန်ထိုးသည်။ ချင်းဆိုသလိုပင် စိုးသိဏ်းမျက်နှာငယ်ကလေးဖြင့် ပြန်တောင်း သည်။

'မင်းကို ချဲတာမဟုတ်ပါဘူးကွာ၊ ငါ့သူငယ်ချင်းအတွက် ပ်နေတုန်း၊ မင်းက မဟုတ်တာတွေ ဝင်ပြောလို့ပါ.. ဟဲဟဲ'

'သိဘူးလေတော်၊ ရှင့်ဟာက အရင်းမရှိ အဖျားမရှိ၊ ချောက် ကြီးနည်းပါပြီဆိုလို့ ကျုပ်ထင်တာ မေးရတဲ့ဟာ'

'အေးလေ၊ ဟိုအကောင် ကောင်းမြတ်သူရဲ့အမေက သူ့ ငါ့ဆီကိုထွက်သွားတာ တစ်ပတ်တောင်ရှိပြီလို့ သံကြိုးပြန်ရိုက်

'အဲဒါနဲ့ပဲ ချောက်ကျိုးနည်းပါပြီလို့ ရေရွတ်ရသလား တော်'

'ရွတ်ရတာပေါ့ မိန်းမရဲ့၊ ဒီအကောင်မှ ငါ့ဆီကို ရောက် တဲ့ဟာ'

'သူ မလာချင်လို့ မလာတဲ့ဟာ၊ တော်က ဘာဖြုလို့ ပူနေရ ။ အမေရိကန်ဒေါ်လာငွေ တန်ဖိုးကျတာနဲ့ မြန်မာပြည်က ရှေ့ တက်တာ တခြားစီပါတော်'

www.burmeseclassic.com

www.burmeseclassic.com



မငွေယုံက မဲ့ကာရွဲ့ကာဖြင့် ပြန်ပြောသည်။

'ဒေါ်လာနဲ့ ငရုတ်သီးဈေးက တခြားစီပေမယ့် ကောင်း... သူ ရောက်မလာတာကတော့ တခြားစီမဟုတ်ဘူး၊ ငါ့မှာ တာ... နေတယ်၊ ဒီကောင်ဟာ ရန်ကုန်မြို့မှာဆိုရင် ငါကလွဲလို့ အသိအ... ရှိတာမဟုတ်ဘူး၊ နောက်ငါကခေါ်လို့ သူ့ခမျာလာရတာ၊ ဒီအကြေ... တွေကို မင်းလည်းသိပြီးသားပဲ'

စိုးသိဏ်းက ဇနီးဖြစ်သူကို ရှင်းလင်းပြောပြနေသည်...

'သိတယ်လေ၊ ဒါပေမဲ့ သူကမှမလာတာ ဘာတတ်နိုင်... မို့လို့လဲ'

'မလာဘူးဆိုတာကိုက မသင်္ကာစရာဖြစ်နေတယ်၊ ဒီ အ... ဟာ ရန်ကုန်ကို ထွက်လာပါလျက်နဲ့ ငါ့ဆီကို မရောက်လာတာ... အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ ဒီတော့ ရဲကိုတိုင်ရကောင်း... လို့ ငါ စိတ်ကူးမိတယ်'

'အို·· တော့်နှယ်၊ ရဲကိုတိုင်ရအောင် ရှင့်သူငယ်ချင်း... ဘာဖြစ်နေလို့လဲ၊ အရမ်းလည်း သွားမတိုင်ပါနဲ့ဦး၊ နည်းနည်း... စောင့်ကြည့်ပါဦးလေ'

မငွေယုံ သဘောမတူသံဖြင့် ပြန်ပြောသည်။

'အေးလေ·· မင်းပြောတာလည်း မှန်ပါတယ်၊ ကိုင်း... ဘူတာရုံဘက် တစ်ခေါက်သွားကြည့်လိုက်ဦးမယ်၊ ဒီမနက် ... နဲ့များ ပါလာမလား မသိဘူး'

စိုးသိဏ်း ပြောပြောဆိုဆိုနှင့်ပင် သူ၏ဂျစ်ကားပေါ်သို့... သွားသည်။ နောက် ကားစက်ကိုနှိုးကာ သူ၏အိမ်ရှေ့မှ ... လာသည်။

ပထမ သူသည် ရန်ကုန်ဘူတာကြီးဆီသို့ ကားကိုမောင်း... သည်။ သူ့အနေဖြင့် ကောင်းမြတ်သူလာနိုင်ဖြင့် ရန်ကုန်ဘူတာ...

www.burmeseclassic.com

www.burmeseclassic.com



သို့ မန္တလေးမှလာသော မီးရထားဆိုက်ချိန်တိုင်း လာ၍ကြည့်ရသည်မှာ အကြိမ်ပေါင်း များလှလေပြီ။

တစ်ကြိမ်မှ ကောင်းမြတ်သူကို မတွေ့ခဲ့ရပေ။ ယနေ့လည်း ကောင်းမြတ်သူ ပါနိုးဖြင့် စိုးသိဏ်းမှာ ရန်ကုန်ဘူတာကြီးသို့ ရောက်လာရပြန်သည်။

သူရောက်၍ ၁၀မိနစ်ခန့်အကြာတွင် မန္တလေးမှလာသော မြန်ရထားကြီးမှာ ခရီးသည်တွေအပြည့်ဖြင့် စကြံအမှတ်(၁)သို့ ဆိုက်ရောက်လာခဲ့သည်။

စိုးသိဏ်းရောက်နေသည်က စကြံအမှတ်(၃)တွင်မို့ အမှတ်(၁)ဘက်သို့ သုတ်ခြေတင်ကာ ပြန်ပြေးရသည်။ အမှတ် (၁)စကြံသို့ ရောက်လျှင် မီးရထားပေါ်မှ ဆင်းလာကြသော ခရီးသည်များထဲတွင် ကောင်းမြတ်သူ ပါမပါကို ကျီးကန်းတောင်းမှောက် မျက်စိများဖြင့် လိုက်လံကြည့်ရှုနေမိသည်။ မီးရထားပေါ်မှ ခရီးသည်များသာလျှင် ကုန်သွားသည်။ ကောင်းမြတ်သူနှင့်တူသောလူကို သူမှာ မမြင်တွေ့ခဲ့ရ။

'ဟင်း…'

စိုးသိဏ်းမှာ သက်ပြင်းရှည်ကြီးကို ခပ်ပြင်းပြင်းကလေး ချလိုက်မိသည်။

'ဒီအကောင် ဘယ်လိုများဖြစ်နေပါလိမ့်၊ လမ်းမှာ ပြန်ပေးဆွဲခံရတယ်လို့ထင်ရအောင်ကလည်း ဒီအကောင်ဟာသိန်းချီချမ်းသာတဲ့ အကောင်မဟုတ်ပါဘူး၊ ပြီးတော့ ရန်သူတွေ ဘာတွေလည်းရှိကြတာ မဟုတ်ပါဘူး၊ အင်း‥ ငါ့နှယ် တွေးရခက်လိုက်ပါဘိတော့'

စိုးသိဏ်း စိတ်တွင်းမှပြောရင်း ဘူတာအတွင်းမှ အပြင်သို့ ညည်းစွာ ထွက်လာသည်။ ဘူတာရုံအပြင်ဘက်ရှိ သူရပ်ထားခဲ့သော ဂျစ်ကားဆီသို့မသွားမီ စိုးသိဏ်းသည် ပတ်ဝန်းကျင်ကိုတစ်ဝိုက်

www.burmeseclassic.com



သို့ မျက်စိကစားကာ ကြည့်လိုက်သေးသည်။

ပြီးမှ သူသည် ဂျစ်ကားရပ်ထားရာသို့ ခေါင်းငိုက်စိုက်ဖြင့် လျှောက်လာသည်။

'အင့်...'

သူ၏ဂျစ်ကားအနီးသို့ အရောက်တွင် လူတစ်ယောက်နှင့် ဝင်တိုက်မိသည်။

'ဟာ.. မတော်လို့ပါဗျာ.. စိတ်မရှိ.. ဟယ်... ကောင်း မြတ်သူ'

စိုးသိဏ်းသည် သူနှင့်ဝင်တိုက်မိသောသူကို တောင်းပန်ရင်းမှ မျက်နှာကို လှမ်းကြည့်သည်။ အခြားသူမဟုတ်ဘဲ သူ ရက်ပေါင်း များစွာ လိုက်လံရှာဖွေနေရသော သူ၏သူငယ်ချင်း ကောင်းမြတ်သူ ဖြစ်နေကြောင်းကို တွေ့ရသွားသည်။

သို့ဖြစ်၍ သူသည် ဝမ်းသာအားရဖြင့်ပြောရင်း သူ့သူငယ် ချင်းကို ပြေးဖက်သည်။

'အောင်မယ်လေး.. သူငယ်ချင်းရယ်၊ ငါ့မှာဖြင့် မင်းရောက် မလာလို့ စိတ်ပူလိုက်ရတာ၊ တော်တော်လည်းနေနိုင်တဲ့ကောင်ကွာ မင်း အခု ဘယ်ကလာတာလဲ'

စိုးသိဏ်း ဝမ်းသာအားရသံဖြင့် မေးနေသည်။ တစ်ဖက်လူ ကတော့ သူ့ကို ကြောင်တိကြောင်တောင်ဖြင့်သာ ပြန်ကြည့်နေသည်။ နှုတ်ကတော့ လုံးဝပြန်မပြောသေးပေ။

'ဟေ့ကောင် ငါမေးနေတယ်လေကွာ၊ ဘယ့်နှယ်ကြောင့် ငါ့ကို စိုက်ကြည့်နေရတာလဲ၊ ငါ့ကို မမှတ်မိတော့လို့လား'

စိုးသိဏ်းသည်တစ်ဖက်လူ၏ကိုယ်ကိုလှုပ်ယမ်းရင်းမေးနေသည်။

'မင်း ဘယ်သူလဲ'

တစ်ဖက်လူထံမှ ပထမဆုံး ပေါ်ထွက်လာသံ။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



...ောင့် စိုးသိဏ်းစိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားသည်။ နောက် တစ် ...လူ၏ မျက်နှာကို သေသေချာချာ စစ်ဆေးကြည့်ရှုမိသည်။ သေ ...သည်။ ကောင်းမြတ်သူမှ ကောင်းမြတ်သူ အစစ်။

'ဟော့ကောင် မင်း ဘာပေါက်နေတာလဲကွ'

'မပေါက်ပါဘူး၊ ငါ လေချူပ်နေတာ တစ်ပတ်လောက်ရှိပြီ'

တစ်ဖက်လူ၏အဖြေကြောင့် စိုးသိဏ်း ရယ်မလို ငြိုးမလို ...နေသည်။

'နောက်မနေစမ်းပါနဲ့ကွာ၊ မင်းက ငါ့ကို မသိသလို မေးနေ ...'

'အေးလေ... သိမှမသိဘဲ၊ ဒီတော့မင်းဘယ်သူလဲပြောစမ်း'

'အာ.. ဒီအကောင် အကြောင်းရိုက်နေပြန်ပါပြီ၊ ငါဟာ ...သူငယ်ချင်း စိုးသိဏ်းလေကွာ'

စိုးသိဏ်း၏အဖြေစကားများကို နားထောင်ရင်း တစ်ဖက်လူ ...တွေးနေသည်။

'စိုးသိဏ်း ဟုတ်လား'

'အေး... ဟုတ်တယ်'

'ပြီးတော့... သူငယ်ချင်း ဟုတ်လား'

'အေး မှန်တယ်'

'နေပါဦး သူငယ်ချင်းဆိုတော့ အဖေ့ဘက်က တော်တဲ့ သူငယ် ...သား၊ အမေ့ဘက်ကတော်တဲ့သူငယ်ချင်းလားဆိုတာပြောစမ်းကွာ'

'ဟိုက်'

တစ်ဖက်လူ၏စကားကြောင့် စိုးသိဏ်းမှာ ဦးနှောက်ချာချာ ...ဘာ သွားတော့သည်။

'ပြောလေကွာ၊ အဖေ့ဘက်က တော်တာလား၊ အမေ့ဘက် ...တော်တာလားဆိုတာ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူက ထပ်မံ၍ မေးနေပြန်သည်။ မတတ်နိုင်တော့ပေ။ အမေးရှိက အဖြေရှိရမည် မဟုတ်လား။

'အိမ်း.. ဖြေရမယ်ဆိုရင် အဖေ့ဘက်ကတော်တဲ့သူငယ်ချင်းလည်း မဟုတ်ဘူး၊ အမေ့ဘက်ကတော်တဲ့ သူငယ်ချင်းလည်း မဟုတ်ဘူး၊ ယောက္ခမဘက်ကတော်တဲ့ သူငယ်ချင်းပေါ့ ယောက္ခမဘက်ကတော်တာဟာ သိပြီလား... ရှီးမှပဲ'

စိုးသိဏ်း စိတ်တိုသံဖြင့်ပြောရင်း ဆဲလိုက်မိသည်။

'ယောက္ခမဘက်ကတော်တာဆိုရင် မင်းနဲ့ငါ ဘာမှမဆိုင်ဘူး၊ ဒီတော့ ငါသွားမယ် ဘိုင့်ဘိုင်'

ပြောရင်း တစ်ဖက်လူ ထွက်သွားသည်။

'ဟာ..ဟာ ဟေ့ကောင် ဟေ့ကောင်၊ နေဦးလေ၊ မင်းဘယ်ကိုသွားမလို့လဲ'

စိုးသိဏ်း နောက်မှလိုက်ကာ လက်ကို ဖမ်းဆွဲထားရင်းမေးသည်။

'ငါလား ဟဲဟဲ.. မင်းက ဘာသဘောနဲ့ မေးတာလဲ၊ ငါတို့ရဲ့ဘိုးဘွားပိုင် အမွေအနှစ်ပစ္စည်းလေးကို ယူချင်လို့လား၊ မရဘူး သူငယ်ချင်း မရဘူး၊ ငါက လုံခြုံတဲ့နေရာမှာ ဝှက်ထားပြီးပြီ ဟဲဟဲ'

တစ်ဖက်လူသည် ပြောရင်း စိုးသိဏ်းအနီးမှ ထွက်သွားပြန်သည်။

'အယ်.. ဒုက္ခပဲ၊ ဒီကောင် ဘာတွေပြောနေတယ် မသိဘူး စိတ်နောက်နေပြီ ထင်တယ်'

စိုးသိဏ်း တိုးတိုးကလေး ရေရွတ်ရင်း နောက်မှပြေး၍ လိုက်သွားရပြန်သည်။

'ဟေ့ကောင် ကောင်းမြတ်သူ နေဦးလေ၊ ဒါ ဘယ်ကို သွားမလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



စိုးသိဏ်းအသံကြောင့် တစ်ဖက်လူမှာ ရပ်နေရပြန်သည်။

'ငါ့ဟာငါ ဘယ်သွားသွား၊ မင်းနဲ့ ဘာဆိုင်လို့လဲ'

'ဒီလို မလုပ်နဲ့လေ၊ ငါ့ဆီကို လိုက်ခဲ့ပါကွာ'

'မင်းနဲ့ ငါမှ မသိတာ လိုက်နိုင်ပါဘူး'

'ဘယ့်နှယ်မသိရမှာလဲ၊ ငါဟာ မင်းသူငယ်ချင်း စိုးသိဏ်းလေ'

'မင်းက စိုးသိဏ်းဆိုရင် ငါ့နာမည်က ဘယ်သူလဲ၊ ဖော်နိုင်ရင် ဖော်စမ်း.. ဟဲဟဲ'

တစ်ဖက်လူက ပြုံးဖြီးဖြီးကြီးဖြင့် ပြန်မေးနေသည်။

'မင်းနာမည် ဘယ်သူရမှာလဲ၊ ကောင်းမြတ်သူပေါ့ကွ'

'အဲ...မင်းမှားနေပြီ၊ ငါ့နာမည် ကောင်းမြတ်သူမဟုတ်ဘူး'

'ဟေ ဒါဖြင့် ဘယ်သူလဲ'

'ဇါလည်း မသိဘူးလေ၊ ဟီးဟီးဟီး ဟားဟားဟား'

တစ်ဖက်မှလူသည် ပြောပြီးအားပါးတရ ရယ်နေတော့သည်။

'ရော.. ဒီကောင်တော့ ရူးနေပြီ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ အိမ်ခေါ်သွားရကောင်းမလား၊ အဲ.. ခေါ်တာက အရေးမကြီးဘူး၊ ငါ့မိန်းမက အရူးကြီးအိမ်ခေါ်ရမလားဆိုပြီးဂွတိုက်နေရင် ခက်ဦးမယ်'

စိုးသိဏ်း တွေးရင်း ဦးနှောက်ခြောက်နေရှာသည်။

'အို.. ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်းကို ဒီအတိုင်းပစ်မထားနိုင်ဘူး၊ ငါ့မှာ တာဝန်ရှိတယ် သူ့ကို အိမ်ခေါ်ထားပြီးမှ သူ့အမေဆီအကြောင်းကြားပြီး လာခေါ်ခိုင်းမယ်'

စိုးသိဏ်း ဆုံးဖြတ်ချက်ချသည်။ ဆုံးဖြတ်ချက်အတိုင်း တစ်ဖက်မှလူကို အိမ်ခေါ်ရန် ပြင်ရတော့သည်။

'ဟေ့ကောင်ကြီး.. ကောင်းမြတ်သူ၊ ငါ့အိမ်ကို လိုက်ခဲ့နော်'

'အာ မလိုက်ချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ မလိုက်ချင်ရတာလဲကွ'

'မင့်ကို မယုံလို့ပေါ့'

'အာ.. တယ်ခက်ပါကလား၊ မယုံရအောင် ငါက ဘာ မှာမို့လဲ'

'ငါ့ဆီက ပစ္စည်းတွေကို လုယူရင်ကောကွာ'

'ဟကောင်ရ.. လုရအောင် နင့်မှာ ဘာပစ္စည်းတွေပါလို့ နင့်မယ် အဝတ်တစ်ထည်ကိုယ်တစ်ခုပဲ ရှိတဲ့ဟာ၊ ဒီတော့ လိုက်ခဲ့ ကွာ၊ ငါလေ မင်းကို ကောင်းကောင်းမွန်မွန်ထားပါ့မယ်... ဟု ပြီလား'

စိုးသိဏ်း ချော့မော့ပြောဆိုနေသည်။ တစ်ဖက်လူက ထောင်နေသည်။

'မင်း တကယ်ပြောနေတာလား'

'အေးပါကွ'

'ဒီလိုဆို ငါ့ကို ထမင်းအရင်ကျွေးကွာ၊ ငါလေ သိပ် ထမင်းဆာနေတယ်'

'ဟေ မင်း ထမင်းဆာနေတယ်'

'အေး..ဟုတ်တယ်၊ ငါ ထမင်းမစားရတာ လေးသ ကမ္ဘာတစ်သိန်းလောက်ကို ရှိနေပြီ၊ သဲယားဖိုး၊ ထို့ကြောင့်.. အမ် ရက်ဗင်းနတ်စ်လီဟန်းဂရီ၊ ငါဟာ ငမ်းငမ်းတက်ကို ဆာလေ မွတ်သိပ်နေပါတယ်ကွာ ဟဲဟဲ'

တစ်ဖက်လူက စိတ်နောက်နေသူပီပီ အင်္ဂလိပ်စကား မြန်မာလို ဘာသာပြန်ရင်း ပြောဆိုနေသည်။ စိတ်ပင်နောက်နေ လည်း သူပြောသောအင်္ဂလိပ်စကားများမှာ မှန်ကန်ပြီး အဆင့် မြင့်ကြောင်းကို စိုးသိဏ်း နားလည်သည်။

'အိန်း.. မင်း ထမင်းစားချင်ရင် အိမ်ကိုလိုက်ခဲ့လေ ယ

www.burmeseclassic.com

www.burmeseclassic.com



ပြီလား'

'ကောင်းပြီ လိုက်မယ်၊ ဘာနဲ့သွားကြမလဲ'

တစ်ဖက်လူက ပြန်မေးသည်။

'ငါ့မှာ ကားပါတယ်လေ၊ ဟောဟိုက ဂျစ်ကားပေါ့'

စိုးသိဏ်းသည် သူ၏ဂျစ်ကားရှိရာနေရာသို့ လက်ညှိုးထိုး၍ ပြနေသည်။

'ဟန်း... အဲဒီဂျစ်ကားကြီး ငါ မစီးချင်ပေါင်ကွာ'

'ဘာဖြစ်လို့ မစီးချင်ရတာလဲကွ'

'မင်း ဂျစ်ကားကြီးက နားညည်းတယ်ကွာ'

'အောင်မယ်လေးဟဲ့ ကြီးကျယ်လိုက်တဲ့ကောင်၊ ဒါဖြင့် ဘာကိုစီးမလဲ၊ မာစီဒီးဘင့်လား၊ ကာဒီလက်တ်ကားကြီးလားကွာ ဟဲဟဲ'

စိုးသိဏ်း လှောင်သံကလေးဖြင့် ပြန်မေးသည်။

'ဘာကားမှ မစီးချင်ဘူး၊ မင်းခါးကို စီးလိုက်မယ်ကွာ.. ဟဲဟဲ'

'ဟေ..'

စိုးသိဏ်း ကြက်သီးထသွားသည်။

'ဟောမနေနဲ့၊ ငါတကယ်ပြောနေတာ၊ ဒီတော့ မင်းက ငါ့ကို တုန်းပိုးပြီးခေါ်ပေတော့'

'အမယ်လေးလေး.. ဒါတော့ သည်းခံပါ သူငယ်ချင်းရယ်'

'ဘာဖြစ်လို့လဲကွ'

'ငါ မနေ့ညတုန်းက အိပ်မက်မကောင်းလို့ပါ'

'ဘယ်လိုမက်လို့လဲ'

'ဩော်.. ငါ့ခါးကို စပါးကြီးမြွေကြီးကပတ်ပြီး ခေါ်သွား လိုက်တယ်လို့ မက်ထားလို့ပါ၊ ဒီတော့ မင်းကိုကျောပိုးဖို့ ငါကြောက်သီး

www.burmeseclassic.com

www.burmeseclassic.com



ထနေတယ် သူငယ်ချင်း၊ ချမ်းသာပေးပါကွာ ဟဲဟဲ'

'ဒီလိုဆို ငါကလည်း မလိုက်ဘူးပဲ'

'ဟာ.. ဟာ.. ဒီလို မလုပ်နဲ့လေကွာ၊ နို့.. မင်း ထမင်းသိမ်ဆာနေတယ်ဆို၊ ဒီတော့ ငါ့ဂျစ်ကားနဲ့သာ လိုက်ခဲ့ပါကွာ ဒါမှ မြန်မြန်ရောက်မှာမို့ အိမ်ရောက်ရင် မင်းစားချင်တာနဲ့ ငါ အ ကျွေးပါ့မယ်၊ ကဲ.. လာပါကွာ၊ လိမ္မာသားနဲ့'

စိုးသိဏ်း ပြောပြောဆိုဆိုနှင့် တစ်ဖက်လူကို အတင်းဆွဲခေါ် နေသည်။ တစ်ဖက်မှလူသည်လည်း ဆက်လက်၍ ငြင်းဆန်မနေတော့ ဘဲ စိုးသိဏ်းဆွဲခေါ်ရာနောက်သို့ အသာတကြည် လိုက်ပါသွားတော့ သည်။ ထိုသူကား မည်သူနည်း...

ကောင်းမြတ်သူနှင့် ရုပ်ချင်းခွဲခြားမရအောင် တူညီကာ သောသူဖြစ်၍ လွင်ကိုကို.. ဖြစ်ရမည်ဟု ချစ်စွာသော စာဖတ်သူ ရိပ်စားမိကြပေမည်။ မှန်ပေသည်။

ထိုသူမှာ လွင်ကိုကိုဖြစ်ပါသည်။ သို့သော် အတိတ် လုံးဝသတိမရတော့ဘဲ မေ့နေသော လွင်ကိုကိုသာဖြစ်သည်။

အဘယ်ကြောင့် လွင်ကိုကိုမှာ အတိတ်ကိုမေ့နေရသည် လည်းကောင်း၊ မည်သည့်အတွက်ကြောင့် အေးမြင့်သွယ်နှင့် မင်္ဂ ဆောင်မည့်ရက်တွင် ပျောက်ဆုံးနေရသည်တို့ကို လည်းကောင်း၊ ချ စွာသော စာဖတ်သူတို့အနေဖြင့် သိလိုကြပေမည်။

ချစ်စွာသော စာဖတ်သူတို့ သိလိုကြသလို ကျွန်တော် မွေးလည်း သိလိုပါသည်။ ယခုမူ လွင်ကိုကိုခမျာ အတိတ်ကို လုံ မေ့နေရှာသေး၍ သူ့အတိတ်မှဇာတ်ကြောင်းကို သိခွင့်မရသေး သူ၏ဝေဒနာပျောက်ကင်းမှ သိခွင့်ရမည်မို့ ချစ်စွာသောစာဖတ်သူတို့ သည်းခံ၍ဖတ် စောင့်ကြပါဦးဟူ၍ မေတ္တာရပ်ခံပါသည်။

အတိတ်မေ့ကာနေသောသူမို့ သူ့ကို သူစိမ်းတစ်ဦးအနေ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထင်ကြမည်ဖြစ်သော်လည်း လွင်ကိုကိုမှာ ကျပ်ပြည့်တင်းပြည့် သူရူးတစ်ယောက်တော့ မဟုတ်သေးပေ။ သူ့တွင် ရံဖန်ရံခါ သတိ ရစရာလေးတွေ ရှိတတ်သေးသည်။ ထိုအခါမျိုးတွင် လွင်ကိုကိုသည် ငေးငိုင်ကာနေတတ်သည်။

ငေးငိုင်ကာနေသော်လည်း သူ၏အတိတ်ကာလများကိုတော့ သူမှာ လုံးဝပြန်၍ စဉ်းစားမရပေ။ များသောအားဖြင့်တော့ လွင်ကိုကို မှာ သူရူးတစ်ယောက်ကဲ့သို့ ပြောချင်ရာများကို ပြောတတ်လေ့ရှိသည်။

စိုးသိဏ်းသည် သူ၏ဘေးတွင် ငြိမ်သက်စွာဖြင့် လိုက်ပါ လာခဲ့သော လွင်ကိုကိုအား ကားမောင်းနေရာမှ လှမ်း၍ အကဲခတ်ကာ စဉ်းစားနေသည်။

'ဒီကောင် ဘာဖြစ်လို့များ အခုလို စိတ်နောက်သွားပါလိမ့် လဲ...'

စိုးသိဏ်း စိတ်တွင်းမှပြောနေသည်။

'ငါ့ဆီလာတုန်း လူဆိုးတွေနဲ့တွေ့ပြီး အရိုက်ခံရလို့ အခုလို ဖြစ်သွားတာလား၊ ဒါမှမဟုတ် မီးရထားပေါ်ကများလိမ့်ကျခဲ့လို့လား'

မည်သို့ပင် တွေးတွေး စိုးသိဏ်းမှာ တွေးမရခဲ့ပေ။

'ဟော့ကောင်.. ကောင်းမြတ်သူ'

ကားမောင်းနေရာမှ စိုးသိဏ်း လှမ်းခေါ်သည်။ လွင်ကိုကို အသံကြောင့် လှည့်ကြည့်မိသည်။

'မင်း ဘယ်လိုဖြစ်နေတာလဲကွာ၊ စဉ်းစားလို့မရဘူးလား'

စိုးသိဏ်းကမေးလျှင်လွင်ကိုကိုခေါင်းကိုခါယမ်းကာပြသည်။

စိုးသိဏ်းလည်း ဆက်မမေးတော့ပေ။

ကားကိုသာ အာရုံစိုက်ကာ မောင်းနေတော့သည်။ မကြာမီ သူနေထိုင်ရာအိမ်သို့ ကားကလေးမှာ ရောက်လာသည်။ သူ၏ကားသံ ကြောင့် အိမ်ပေါ်မှနေ၍ ဇနီးဖြစ်သူ မငွေယုံက ထွက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လာဟေ့ ကောင်းမြတ်သူ၊ ငါ့အိမ်ရောက်ပြီ'

စိုးသိဏ်းသည် လွင်ကိုကိုအား ကောင်းမြတ်သူအမှတ်ဖြ ခေါ်သည်။

လွင်ကိုကို နားလည်ဟန်ဖြင့်တစ်ချက်ပြုံးပြရင်း ဂျစ်ကာ ပေါ်မှ ခုန်ဆင်းသည်။

မငွေယုံမှာ လွင်ကိုကိုအားမြင်လျှင်စိုးသိဏ်းကိုလှမ်းမေးသည်

'ကိုစိုးသိဏ်း၊ ဒါ ရှင့်သူငယ်ချင်းလား'

'အိန်း‥ ဟုတ်တယ်'

စိုးသိဏ်း ပြန်ပြောပြီးနောက် လွင်ကိုကိုဘက်သို့လှည့်က ဇနီးဖြစ်သူနှင့် မိတ်ဆက်ပေးသည်။

'ဟေ့ကောင် ကောင်းမြတ်သူ၊ အဲဒါ ငါ့မိန်းမပဲကွ'

လွင်ကိုကို နားလည်ဟန်ဖြင့် တစ်ချက်ပြုံးပြသည်။ နော ချက်ချင်းပင် စိုးသိဏ်းအား ပြန်မေးသည်။

'မင်း မိန်းမ‥ဟုတ်လား'

'အေး‥ ငါ့မိန်းမ'

'မိန်းမဆိုတာ ဘာလဲဟင်'

'ဟိုက်…'

လွင်ကိုကိုအမေးကြောင့် စိုးသိဏ်းစိတ်ပျက်သွားရပြန်သည်

မငွေယုံမှာမူ သူတို့ကိုအူကြောင်ကြောင်ဖြင့်ငေးကြည့်လျှ

'ဟကောင်ရ၊ မိန်းမဆိုတာ အဲ‥ မယားပေါ့'

'ဒါဖြင့် မယားဆိုတာကောကွာ'

'အာ‥ တယ်လည်းခက်ပါကလား၊ မယားဆိုတာ အ ငါ့ဇနီးပေါ့လကွာ'

'ဇနီးဆိုတာကကောကွာ'

'တောက်‥ တယ်လည်း လျှာရှည်တဲ့ကောင်ပဲ၊ ဇနီးဆို

www.burmeseclassic.com

www.burmeseclassic.com



ငဲ့အိမ်ရှင်မပေါ့၊ ဒီလောက်သိရရင် တော်တော့ကွာ၊ ထပ်မမေးနဲ့
လွင်ကိုကို ဆက်မေးမည်စိုး၍ စိုးသိဏ်းက ဝိတ်ပြောသည်။
'အဲဒီ အိမ်ရှင်မဆိုတာ မင်းအဖေဘက်က တော်တာလား၊ မင်းအမေဘက်က တော်တာလားကွ၊ ဟိုးဟီး'
'ဟောတော့'
လွင်ကိုကို၏အမေးကို ကြားသွားရသော မငွေယုံ နှုတ်ဖျားမှ 'ဟောတော့'သံ ပေါ်ထွက်လာသည်။
'တယ်.. ဒီအကောင် လုပ်ပြန်ပြီ၊ အိမ်ရှင်မပါဆိုမှ အမေနဲ့ အဖေဘက်က ဘယ်တော်ပါ့မလဲ၊ အဲဒါလည်း ယောက္ခမဘက်က တော်တာပေါ့၊ ယောက္ခမဘက်က တော်တာဟ အွန်း...'
စိုးသိဏ်း ဦးနှောက်ခြောက်သံကြီးဖြင့် ပြန်ဖြေသည်။
'အဲဒီ ယောက္ခမဆိုတာကြီးက ဘာကောင်ကြီးလဲ.. ဟင်၊ ဖွားသွားကောင်လား၊ မတ်တတ်ကောင်လား၊ မိုးပေါ်ပျံသန်းတဲ့ အကောင်လားကွ'
လွင်ကိုကို မရပ်သေးဘဲ ဆက်၍မေးနေပြန်သည်။
'ကိုင်း.. ကိုင်း.. သူငယ်ချင်း၊ ဒါတွေကို မေးမနေနဲ့၊ မင်း ထမင်းဆာနေတယ်ဆို'
စိုးသိဏ်းက လွင်ကိုကို၏ လက်ကိုဆွဲကိုင်ရင်းပြန်မေးသည်။
ဆာပြီလေ၊ လေးသချိုနဲ့ ကမ္ဘာတစ်သိန်းတောင်မှ ထမင်း မစားရသေးတာ'
'အိန်း.. ဒီလိုဆို ထမင်းစားဖို့ အိမ်ထဲကိုလိုက်ခဲ့၊ ကဲ.. မိန်းမရေ သူ့အတွက် ထမင်းပွဲပြင်ကွာ၊ ငါပါ ရောစားမယ်..'
စိုးသိဏ်းသည် ဇနီးဖြစ်သူကို လှမ်းပြောရင်း လွင်ကိုကိုအား အိမ်ထဲသို့ ဆွဲခေါ်လာသည်။
မငွေယုံလည်း ထမင်းပွဲပြင်ရန် နောက်ဖေးသို့ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့..ဟော့၊ ဟိုဟာကြီးက ဘာလဲကွ၊ တဂျောက်ဂျောက်
တစ်နေရာတွင်ရှိနေသော ရောင်စုံပုံနှိပ်စက်မှ အသံများ
ကြားရလျှင် လွင်ကိုကိုကမေးသည်။
'အဲဒါ ရောင်စုံပုံနှိပ်စက်ပေါ့ကွ၊ မင်း မမြင်ဖူးရင်
ငါပြမယ်'
စိုးသိဏ်းသည် လွင်ကိုကို၏လက်မောင်းကိုဆွဲကာ ရော
ပုံနှိပ်စက်ရှိရာသို့ ခေါ်သွားသည်။ လွင်ကိုကိုလည်း အသာတကြည်
လိုက်သွားခဲ့သည်။
'ကိုစိုးသိဏ်းရေ ခဏ'
လွင်ကိုကိုအား စိုးသိဏ်းက ရောင်စုံပုံနှိပ်စက်ကို ပြ
ခိုက် နောက်ဖေးခန်းဘက်မှ မငွေယုံ၏အသံမှာ ပေါ်ထွက်လာသည်
'ဟေ... အေး အေး လာခဲ့မယ်ဟေ့'
စိုးသိဏ်း ပြန်ထူးသည်။
'ကဲ.. ကောင်းမြတ်သူ၊ မင်း ဒီမှာ ခဏနေဦးနော်၊
ခင်အုန်း၊ ငါ့သူငယ်ချင်းကို ခဏကြည့်ထားလိုက်ကွာ'
စိုးသိဏ်းသည် ရောင်စုံပုံနှိပ်စက်တွင် ပို့စကာဒ်များကို ရိုက်
နေသော တပည့်ဖြစ်သူ ခင်အုန်းအားမှာကြားကာ ထွက်သွားသည်
'ဘာလဲဟေ့ မိန်းမ'
နောက်ဖေးမီးဖိုချောင်သို့ အရောက်တွင် စိုးသိဏ်းက
ဖြစ်သူကို မေးသည်။
'ဘာရမှာလဲ၊ ရှင့်သူငယ်ချင်းအကြောင်း မေးချင်လို့ပေါ့
မငွေယုံက ပြန်ပြောသည်။
'ဘာကို မေးမှာလဲ မိန်းမရဲ့'
'တခြား မဟုတ်ပါဘူး၊ ရှင့်သူငယ်ချင်းက စိတ်မနှံ့ဘူးလား'
'အေး...'

www.burmeseclassic.com

www.burmeseclassic.com



'ယောတော့၊ နို့.. အစက ရှင်ပြောတော့ ရှင့်သူငယ်ချင်း အကောင်းဆို'

'မှန်တယ်လေ၊ ဟိုတုန်းကတော့ အကောင်းပဲ၊ အခုမှ ရူးသွားတာကွ'

'ဒါဖြင့် ဘာပြုလို့ အဲဒီအရူးကြီးကို ရှင်က အိမ်ပေါ်ခေါ်လာတာလဲလို့'

'ဟ.. မခေါ်လို့ဖြစ်မလား၊ ငါ့မှာ တာဝန်ရှိနေတဲ့ဟာ'

'တော်စမ်းပါ၊ တစ်ဆိတ်ရှိ တာဝန်.. တာဝန်၊ ရှင်နဲ့ ဘာဆိုင်လို့လဲ'

'မတော်ပေမယ့် ငါ့သူငယ်ချင်းဖြစ်နေတယ်၊ ပြီးတော့ ငါ ခေါ်လို့ သူ အလာမှာ အခုလိုဖြစ်ရတော့ သူငယ်ချင်းကောင်းပီပီ ပြည့်ရှုစောင့်ရှောက်ရမယ့် ဝတ္တရားတော့ရှိတာပေါ့... မိန်းမရဲ့'

'ဒီလိုဆို အိမ်မှာ ရှင်နဲ့ရှင့်သူငယ်ချင်းပဲ နေခဲ့တော့၊ ကျုပ်တော့ သွားတော့မယ်'

မငွေယုံစကားကြောင့် စိုးသိဏ်း မျက်လုံးပြူးကျယ်ကာ သွားသည်။

'ဘာဆိုင်လို့လဲ မိန်းမရယ်၊ သွားတော့ မသွားပါနဲ့၊ မင်းမရှိရင် ငါမနေတတ်ဘူး၊ ပြီးတော့ အင်မတန် ချမ်းအေးလှတဲ့ ဆောင်းရာသီကြီးမို့ မင်းရဲ့အနွေးဓာတ်တွေနဲ့ ထွေးပတ်မှ ငါ့မှာ အေးမြတဲ့ဘေးက လွတ်ကြမှာ မဟုတ်လား၊ ဟီး... ဟီး.. ဟီး'

စိုးသိဏ်း မျက်နှာချိုသွေးနေသည်။

မငွေယုံကမူ မျက်နှာတည်တည်ကြီးဖြင့်ပင်..

'မလေးချင်ရင် ရှင့်အရူးကို အပြေးနှင်ပေတော့ရှင်၊ ကျွန်မတော့ အရူးကြီးနဲ့ တစ်အိမ်တည်း အတူမနေနိုင်ဘူး၊ ဒါပဲ'

'အာ.. ဒီလိုတော့ မလုပ်ပါနဲ့ မိန်းမရယ်၊ ခေ....ဏတော့

www.burmeseclassic.com

* www.burmeseclassic.com



သည်းခံလိုက်ပါ'

'အဲဒီ ခေတ္တခဏဆိုတာက ဘယ်လောက်ကြာမယ်မှန်းမှ မသိတာ၊ တစ်လလား၊ တစ်နှစ်လား'

'ဟ.. အဲဒီလောက်တောင် မကြာပါဘူး၊ အလွန်ဆုံး တစ်ပတ်ပါကွာ၊ ငါ့မှာ အစီအစဉ်ရှိပါတယ်'

'ရှင့်အစီအစဉ်က ဘယ်လိုလဲ၊ ပြောပါဦး'

'ဒီလိုပါ၊ သူ့ကို အိမ်မှာ ခဏထားပြီး မိုးညှင်းမြို့က သူ့အမေဆီကို သံကြိုးရိုက်ခေါ်မယ်၊ သူ့အမေလာရင် ဒီကောင့်ကို တံတားလေးက စိတ်ရောဂါအထူးကုဆေးရုံ ပို့လိုက်ရုံပေါ့ကွယ်'

'သူ့အမေလာအောင် စောင့်ရသေးသလားရှင်၊ အခုပဲ သွားပို့လိုက်လို့ မဖြစ်ဘူးလား'

မငွေယုံမှာ စိတ်နောက်နေသော လွင်ကိုကိုအား လက်မခံချင်သံဖြင့် ဆက်မေးနေသည်။

'အခု ပို့လိုက်လို့တော့ ဘယ်ကောင်းမလဲ၊ သူ့အမေလာတဲ့အထိ စောင့်ရဦးမှာပေါ့၊ ဒီတော့ ငါ့ကိုချစ်ရင် ဒီကောင့်ကို သည်းခံပြီး လက်ခံပါကွာ'

'အာ.. ရှင့်ချစ်တာနဲ့ အရူးကိုအိမ်မှာလက်ခံတာဟာ ထောပတ်နဲ့ မျှင်ငါးပိလို တခြားစီပါတော်'

'ထောပတ်နဲ့ မျှင်ငါးပိလို တခြားစီဆိုပြီး ခင်တမိက မထားချင်ဘဲနဲ့တော့မနေပါနဲ့ကွာ၊ သနားကြင်နာစွာနဲ့ တစ်ပါးခင်က သဘောထားကြီးကြီးနဲ့ ထားစေချင်ပါတယ် ဟုတ်လား'

နောက်ဆုံးတွင်တော့ မငွေယုံမှာ သဘောတူလိုက်ရတော့သည်။ စိုးသိဏ်းမှာလည်း ဖနီးဖြစ်သူက သဘောတူမှုကြောင့် ဝမ်းသာသွားသည်။ ထိုအခိုက် စိုးသိဏ်း၏ တပည့်ဖြစ်သူ ခင်အုန်းမှာ သူတို့ထံသို့ အပြေးအလွှားရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ.. ဆရာ လာပါဦး'

ခင်အုန်း မောကြီးပန်းကြီးဖြင့် စိုးသိဏ်းကို ခေါ်နေသည်။

'ဟကောင်ရ ဘာဖြစ်လာရတာလဲ၊ နောက်က ခွေးရူးလိုက်လာနေလို့လား'

'မ.. မ.. မဟုတ်ဘူး ဆရာ၊ ဟို ဆရာသူငယ်ချင်းလေ ကျွန်တော်ရိုက်နေတဲ့ ရောင်စုံစက်ကို သူလည်း ရိုက်တတ်တယ် ဝင်ရိုက်နေလို့ ရိုက်ပြီးသား ကဒ်ပြားတွေအကုန်လုံး ပျက်ကုန်ပြီ ဆရာ'

'ဟာ... ဒုက္ခပဲ၊ မင်းက ဘာလို့ ကြည့်နေရတာလဲ'

'ကြည့်မနေပါဘူး ဆရာရယ်၊ တားပါတယ်၊ ဒါပေမဲ့ မရဘူး ကျွန်တော့်ကို ထိုးမယ်ကြိတ်မယ်လုပ်ပြီး ဝင်ရိုက်လို့ ဆရာ့ဆီကို လာပြောရတာပဲ'

'ကဲ.. ကဲ၊ ဒီလိုဆို လာ သွားကြမယ်'

စိုးသိဏ်းပြောရင်း လွင်ကိုကိုရှိရာသို့ ဒရောသောပါး ပြေးလာသည်။ လွင်ကိုကိုကတော့ အကျပင် ရောင်စုံစက်ကြီးထဲတွင် ကဒ်ပြားများကို ရိုက်နေသည်။

'အာ ဟေ့ကောင် မ.. မလုပ်နဲ့ကွ၊ မင်းလည်း ရိုက်တတ်တာ မဟုတ်ဘဲနဲ့'

စိုးသိဏ်းအသံကြောင့် လွင်ကိုကို လှည့်ကြည့်သည်။

'ဟဲဟဲ၊ ရိုက်တတ်ပါတယ် ယောက်ဖကြီးရ'

'ဗုဒ္ဓေါ'

လွင်ကိုကို၏အသံကိုကြားရလျှင် စိုးသိဏ်းခမျာ မျက်နှာကြီး ပျက်ရင်း 'ဗုဒ္ဓေါ'ဟူ၍ ဟစ်လိုက်မိသည်။

'တယ်.. မအေပေးမျိုးနှယ်၊ ရှူးသာရှူးတယ် အသားစီးတဲ့ ဟာ ယူတတ်တယ် ရှီးမှပဲ'

www.burmeseclassic.com

www.burmeseclassic.com



စိုးသိဏ်း အောင့်သက်သက်ဖြင့် ရေရွတ်နေသည်။ ပြီး
လွင်ကိုကို၏ လက်ကိုဆွဲကိုင်ကာ ရောင်စုံစက်အနီးမှ ခေါ်ခဲ့ရသည်

'ဒီမယ် သူငယ်ချင်း၊ မင်းအတွက် ထမင်းပွဲပြင်ပြီးနေပြီ ရိုက်တတ်တတ် မတတ်တတ် ငါနဲ့သာ လိုက်ခဲ့တော့'

လွင်ကိုကို ငြင်းမနေတော့ပေ။ စိုးသိဏ်းခေါ်ရာနောက်သို့ လိုက်သွားသည်။

စိုးသိဏ်းသည် နောက်ဖေးခန်းရှိ ထမင်းစား စားပွဲခုံသို့ ခေါ်လာခဲ့သည်။ ထိုထမင်းစားပွဲတွင် မငွေယုံက ဟင်းထမင်းများကို အသင့် ခူး၍ ပြင်ဆင်ထားသည်။

လွင်ကိုကိုသည် မစားရသည်မှာ ကြာလှပြီဖြစ်သော ဟင်း ထမင်းများကိုမြင်ရလျှင် လက်ပင်မဆေးတော့ဘဲဝင်၍စားရန်ပြင်သည်။

'အာ.. အာ ဟော့ကောင် ဟေ့ကောင် နေဦးလေ၊ လက်ဆေး ဦးမှပေါ့ကွ'

စိုးသိဏ်းက တားသည်။

လွင်ကိုကို လှည့်ကြည့်ကာ ပြန်ပြောသည်။

'ဆေးပြီးပါပြီကွ'

'ဟော.. ဘယ်တုန်းက မင်းလက်ကို ဆေးပြီးလို့လဲ'

'ငါ ရေချိုးတုန်းက တစ်လက်စာတည်း လက်ကိုပါ ဆေး လာခဲ့တယ်..'

'မြတ်စွာဘုရား'

စိုးသိဏ်း မြတ်စွာဘုရားတနေခိုက် လွင်ကိုကိုကတော့ ထမင်းနှင့်ဟင်းများကို နှိုက်ကာ စားနေတော့သည်။ စိုးသိဏ်းလည်း ထပ်မပြောတော့ပေ။ မြိန်ရည်ယှက်ရည် စားသောက်နေသော လွင်ကို ကိုအား ငေးကြည့်ကာ နေတော့သည်။

မငွေယုံကလည်း ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွင်ကိုကို ထမင်းစားနေရာမှ မငွေယုံဘက်သို့ လှမ်းကြည့်
ါခေါ်သည်။

'ဗျို့.. ယောက္ခမဘက်ကတော်တဲ့ မိန်းမကြီး၊ လာလေဗျာ..
င်ဗျားလည်း ကျုပ်နဲ့အတူ လာစားပါလား၊ ဘာလို့ ရပ်ကြည့်နေရ
ာလဲဗျ၊ လာပါဗျ'

လွင်ကိုကိုက ခေါ်သည်။

'ဟောတော့'

မငွေယုံ ထိတ်လန့်သံကလေးဖြင့် ရေရွတ်မိသည်။

'ကဲ.. ကိုစိုးသိဏ်း ရှင့်လူကို ကြည့်လုပ်ပါဦး၊ ကျုပ်ကို
ခေါ်နေပြီတော့'

မငွေယုံက စိုးသိဏ်းထံ အကူအညီတောင်းသည်။

စိုးသိဏ်း ခေါင်းတစ်ချက်ညိတ်ပြပြီး လွင်ကိုကိုထံလှမ်း
သည်။

'ဟေ့ကောင်.. မင်းဘာသာ မင်းစား၊ သူ့က စားပြီးပြီကွ'

'ဒါဖြင့် မင်း ဝင်စားကွာ၊ ငါတစ်ယောက်တည်း စားရရင်
လို့ပါ'

လွင်ကိုကို၏ဆန္ဒအတိုင်း စိုးသိဏ်းမှာ ဝင်၍စားရတော့
ည်။ မငွေယုံလည်း သူတို့အနီးမှ လစ်ထွက်သွားသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်သုံး)

## ရှုပ်ကုန်ပြီ

နံနက်စာစားပြီးလျှင် စိုးသိဏ်းသည် ကြေးနန်းရုံးသို့
ကာ မိုးညှင်းမြို့ရှိ ကောင်းမြတ်သူ၏မိခင် ဒေါ်လှသူထံသို့ အမြန်
ရန် သံကြိုးကို ရိုက်ရသည်။

လွင်ကိုကိုကတော့ စိုးသိဏ်း၏အိမ်တွင် နံနက်စာ
နောက် အိပ်နေသည်။ လွင်ကိုကို အိပ်နေတုန်း စိုးသိဏ်းမှာ ရ
မြို့ရှိ သံကြိုးရုံးသို့ ဂျစ်ကားကလေးဖြင့် အမြန်လာကာ ရိုက်
ဖြစ်သည်။

နှစ်ရက်ခန့်အကြာတွင် ဒေါ်လှသူမှာ မိုးညှင်းမြို့မှ ရန်
သို့ ရောက်လာသည်။ ထိုသို့ လာမည့်အကြောင်းကိုလည်း ဒေါ်
က စိုးသိဏ်းထံ ကြိုတင်၍အကြောင်းကြားထားသည်။

ဒေါ်လှသူ ရောက်မည့်နေ့၌ စိုးသိဏ်းသည် လွင်
ခေါ်ကာ ရန်ကုန်ဘူတာရုံကြီးသို့ ထွက်လာခဲ့သည်။

စိုးသိဏ်းစိတ်ကူးမှာ အကယ်၍ ဒေါ်လှသူရောက်လာ
လွင်ကိုကိုအား တံတားကလေးတွင်ရှိ စိတ်ရောဂါအထူးကု

www.burmeseclassic.com

www.burmeseclassic.com



ခါတည်း သွားရောက်၍ ပို့ခဲ့ရန်ဖြစ်သည်။ ထိုစိတ်ကူးအရ လွင်ကိုကိုအား ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ဘူတာရုံသို့ရောက်၍ မကြာမီအချိန်တွင် မန္တလေးမှ ထွက်ခွာလာခဲ့သော အမြန်ရထားကြီးမှာ ဆိုက်ရောက်လာသည်။ ရထားဆိုက်လျှင် စိုးသိဏ်းသည် လွင်ကိုကို၏လက်ကိုဆွဲကာ ခေါ်လာသူအား ရှာရသည်။

'ဟော့ကောင်.. ကောင်းမြတ်သူ၊ အခု ရထားနဲ့ မင့်အမေ ပါလာမှာကွ၊ ဒီတော့ မင်းကလည်း လိုက်ပြီးငါနဲ့အတူ ကူရှာပေးနော်'

လွင်ကိုကိုအား ပြောသည်။

'ဘာဖြစ်လို့ ငါက လိုက်ကူရှာပေးရမှာလဲဟင်'

လွင်ကိုကို ပြန်မေးသည်။

'ဒီလိုလေကွာ.. ငါက မင်းအမေနဲ့ ခေတ္တခဏသာ တွေ့ဖူး သိပ်မမှတ်မိဘူး၊ မင်းကတော့ အမေမို့ မှတ်မိတယ် မဟုတ်လား၊ ကြောင့် ကူရှာခိုင်းတာပါ'

စိုးသိဏ်း၏စကားကို ကြားရလျှင် လွင်ကိုကို နားလည်ဟန် ခေါင်းညိတ်သည်။

မီးရထားပေါ်မှလူများမှာ ကုန်သလောက်ရှိနေလေပြီ။ စိုးမှာ ခေါ်လာသူကို ရှာမတွေ့သေးပေ။

'ဟော့ကောင်ကြီး ကောင်းမြတ်သူ၊ မင်းအမေကို မတွေ့သေးလား၊ လိုက်ပြီး သေသေချာချာ ကြည့်စမ်းပါဦးကွ'

စိုးသိဏ်းက အနီးတွင်ပါလာလျက်ရှိသော လွင်ကိုကိုအား ၍ အကူအညီတောင်းနေသည်။

'နေဦး.. နေဦး၊ ငါကြည့်ဦးမယ်၊ အဲ.. ဟုတ်ပြီ၊ ဟိုမယ် ယ်'

လွင်ကိုကို တစ်နေရာသို့ လက်ညှိုးထိုးကာပြသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးသိဏ်း ဝမ်းသာသွားသည်။

'ဘယ်မှာလဲ.. ဘယ်မှာလဲ'

'ဟိုမယ် ဟိုမယ်၊ လာ လာ.. လိုက်ခဲ့'

လွင်ကိုကိုပြောရင်း ရှေ့မှ ထွက်ပြေးသွားသည်။

စိုးသိဏ်း အဟုတ်မှတ်ကာ နောက်မှ ပြေးလိုက်ရသည်

'အမေ.. အမေ... အို.. အမေ.. နေပါဦးဗျ'

လွင်ကိုကို အော်ဟစ်ရင်း ပေါက်ဖော်မကြီးတစ်ဦး၏ လ ကိုလှမ်းဆွဲထားသည်။

'ဟဲ့ဟဲ့.. ဝကို ဘာလုပ်တာလဲ၊ လွှတ်လေ.. လွှတ် လွှ

ပေါက်ဖော်မကြီး မပီကလာ ပီကလာဖြင့် ကြောက် တကြားအော်သည်။

စိုးသိဏ်း မျက်လုံးပြူးသွားသည်။

'ဟေ့ကောင် ဟေ့ကောင်၊ ဘာတွေ လျှောက်လုပ်နေ လဲ၊ ဒါ မင်းအမေ မဟုတ်ဘူးလေ၊ ပေါက်ဖော်မကြီးကွ'

စိုးသိဏ်းပြောရင်း လွင်ကိုကိုအား ဆွဲခေါ်ရသည်။ ပေါက်ဖော်မကြီးအား တောင်းပန်ရသည်။

'စိတ်မဆိုးပါနဲ့ အန်တီရယ်၊ သူက စိတ်နောက်နေလို့ပါ

စိုးသိဏ်း တောင်းပန်ပြီးနောက် လွင်ကိုကိုအား ပေါက် မကြီးအနီးမှ ဝေးရာသို့ ဆွဲခေါ်လာရသည်။

'ဟေ့ကောင် ငါ့အမေကို မင်းတွေ့ပြီမဟုတ်လား ဟ

လွင်ကိုကိုက သွားကြီးဖြီးပြရင်း မေးနေသည်။

'တော်စမ်းပါကွာ၊ ဒါ မင်းအမေမှ မဟုတ်ဘဲ၊ ပေါ ကြီးပဲဟာ၊ မင်းအမေက မြန်မာပါကွ'

စိုးသိဏ်း စိတ်ပျက်သံဖြင့် ပြန်ပြောသည်။

လွင်ကိုကိုကမူ နားမလည်ဟန်ဖြင့်သူ့ကိုငေးကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



'သားရေ ဟေးသား ကောင်းမြတ်သူ'

သူတို့၏နောက်ဘက်မှ ဝမ်းသာအားရခေါ်သံတစ်သံ။ စိုးသိဏ်း လှည့်ကြည့်မိသည်။

'ဟာ ဒေါ်ဒေါ်ပါလား'

ဒေါ်လှသူကိုမြင်ရလျှင် စိုးသိဏ်း မှတ်မိဟန်ဖြင့် ဝမ်းသာအားရ လှမ်းနှုတ်ဆက်သည်။

ဒေါ်လှသူမှာ စိုးသိဏ်းအား ကောင်းကောင်းမမှတ်မိသော်လည်းသူ့သားနှင့်တူသူ လွင်ကိုကိုလည်းပါနေသဖြင့် သူ့အားစိုးသိဏ်း ခန်းသိသွားသည်။

လွင်ကိုကိုကမူ ဒေါ်လှသူအားတည်တည်ကြီးပင်ကြည့်နေသည်။

'ဟဲ့…သား မေမေလေ၊ ဘာငေးကြည့်နေတာလဲ'

ဒေါ်လှသူက လွင်ကိုကိုအား ကောင်းမြတ်သူအမှတ်ဖြင့် ပြန်မေးနေသည်။

စိုးသိဏ်းလည်း မနေသာဘဲ ဝင်ပြောရသည်။

'ဟော့ကောင် ကောင်းမြတ်သူ၊ မင်းအမေက အဲဒါမှ အစစ် ကွ၊ သွားနှုတ်ဆက်လိုက်လေ'

'ဒါလား‥ ငါ့အမေ ဟုတ်လား'

လွင်ကိုကို ပြန်မေးသည်။

'အေးလေ မင်းကို ဝမ်းဗိုက်ထဲကနေ ပြွတ်ခနဲမြည်အောင် မွေးထုတ်ခဲ့တာ အဲဒီအဒေါ်ကြီးပဲ'

'ဟား‥ဟား‥ဟား ရယ်စရာကောင်းလိုက်တာ၊ ငါ့ကို ဒီလိုဖြီးလို့ ဘယ်ရမလဲ'

လွင်ကိုကို ရယ်ရင်းပြန်ပြောနေသည်။

'ဟေ ဘာဖြစ်လို့လဲကွ၊ ပြောပါဦး'

'နားထောင် ငါဟာ ဝမ်းဗိုက်ထဲကနေ မင်းပြောသလို

www.burmeseclassic.com

www.burmeseclassic.com



မြွတ်ခဲ့ ခွေးလာတာမဟုတ်ဘူးခင်ဗျ၊ ကျိုးကန်းတစ်ကောင်ရဲ့ အသိုက်ကနေ ကြက်ဥလို့ဥပြီး ဖွေးလာခဲ့တာကွ၊ မင်းသိပြီလား၊ ဟား- ဟား.. ဟား'

လွင်ကိုကိုမှာ စိတ်မမှန်သူတစ်ဦးပီပီ သူပြောချင်ရာကို ပြော၍ ရယ်နေသည်။

ဒေါ်လှသူမှာ သားဖြစ်သူ ကောင်းမြတ်သူအထင်ဖြင့် စိတ်ကို ထိခိုက်နေရှာသည်။

'အမယ်လေးလေး.. ကိုယ်ကျိုးနည်းပါပေါ့လား သားက လေးရယ်၊ မိုးညွှင်းမှာနေတာ အကောင်းသားနဲ့ ငါ့သား ရန်ကုန်ကို လာလိုက်တာ သွက်သွက်လည်အောင်ကို ရူးသွားရှာပြီနော်'

'ဟဲ့ မောင်စိုးသိဏ်း၊ သားကို ဘယ်လိုလုပ်မလဲဟင်၊ ကြံစမ်းပါဦး ငါ့တူရယ်'

ဒေါ်လှသူ ငိုသံပါကလေးဖြင့် စိုးသိဏ်းထံ အကူအညီတောင်းခံနေသည်။

'အဲဒီကိစ္စအတွက် ဒေါ်ဒေါ်ကိုလှမ်းပြီး ခေါ်ရတာပေါ့'

နေပါဦးကွယ်၊ ငါ့သားကလေး အခုလိုဖြစ်ရတာဟာ ဘာကြောင့်လဲ၊ မင်းရိုက်တဲ့ သံကြိုးစာထဲမှာ ဘာမှ အကျိုးအကြောင်းပါမလာဘူး၊ အမြန်လာခဲ့ပါ၊ အရေးကြီးတယ်လို့ပဲပါတယ်'

'ဘာမှမပါဆို ကျွန်တော်ကလည်း ဒီကောင်ဖြစ်ပျက်တာနဲ့ ပတ်သက်ပြီး ဘာမှမသိဘဲကိုး ဒေါ်ဒေါ်ရဲ့၊ သူ့ကို မေးပေမယ့်လည်း ဒေါ်ဒေါ်မြင်တဲ့အတိုင်းပဲ၊ သူက စိတ်မမှန်တော့ မေးမရဘူးလေ'

'ဒါဖြင့် ငါ့သားကလေးရောဂါအတွက် ဘယ်လိုလုပ်မလဲ'

'ကျွန်တော် စိတ်ကူးထားတာကတော့ သူ့ကို အခု ဒေါ်ဒေါ်နဲ့အတူ တံတားကလေးမှာရှိတဲ့ စိတ်ရောဂါအထူးကုဆေးရုံကြီးကို သွားပြမလားလို့ဘဲ၊ ဒီဆေးရုံမှာက စိတ်ပညာပါရဂူဆရာဝန်ကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ပျောက်နိုင်တယ်လေ'

'အေး... ငါလည်း သဘောကျတယ်၊ ဒီလိုဆို သွားကြစို့'

ဒေါ်လှသူက သဘောတူလိုက်သဖြင့် စိုးသိဏ်းသည် လွင်ကိုကိုအားခေါ်ကာ ဘုတာရုံတွင်းမှ ထွက်လာခဲ့ကြသည်။ ဒေါ်လှသူက လွင်ကိုကိုအား ကောင်းမြတ်သူဟုပင် ထင်မှတ်နေသဖြင့် စိတ်ရောဂါကုဆေးရုံသို့ သွားခဲ့ရာတွင် တစ်လမ်းလုံး တဖျစ်တောက်တောက်ဖြင့် ပြောဆိုရေရွတ်နေသည်။

'ဖြစ်မှဖြစ်ရပလေ သားလေးရယ်၊ ဒါတွေသိလို့ မေမေက သားကို ရန်ကုန်မသွားပါနဲ့လို့ တားတာ၊ သားက 'နားမထောင်ဘဲကိုး၊ ခုတော့ သားရဲ့ဘဝဟာ ဆုံးတော့မယ်ထင်ပါရဲ့...

ဒေါ်လှသူ၏ ရေရွတ်နေသံတွေကြောင့် ဂျစ်ကားရှေ့ထိုင်ခုံမှ ပါလာသော လွင်ကိုကိုမှာ နောက်ခုံဘက်တွင်ထိုင်နေသော ဒေါ်လှသူဘက်သို့ တစ်ချက်လှမ်းကြည့်သည်။ နောက် ဂျစ်ကားကိုမောင်းသော စိုးသိဏ်းဘက်သို့ လှမ်းကာပြောသည်။

'ဟေ့ကောင် နောက်ကအဒေါ်ကြီးဟာ စိတ်နောက်နေတယ်ထင်တယ်၊ တစ်လမ်းလုံး ဘာတွေပြောနေမှန်းလဲ မသိဘူးကွ ဟီးဟီး'

စိုးသိဏ်းကမူ မည်သို့မျှ ပြန်မပြောပေ။ ကားကိုသာ ဂရုစိုက်၍ မောင်းနေသည်။

စိုးသိဏ်းက ပြန်မပြောလျှင် လွင်ကိုကိုက သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ်ဆို၍ လိုက်ပါလာသည်။

စိတ်ရောဂါကု အထူးကုဆေးရုံကြီးသို့ရောက်လျှင် စိုးသိဏ်းသည် ထိုနေရာရှိ အလုပ်သမားတစ်ဦးအား ကားကိုရပ်ကာ မေးသည်။

'ဒီမှာ နောင်ကြီး၊ လူနာတစ်ယောက်ပြချင်လို့၊ ဘယ်ကိုသွားရသလဲ'

စိုးသိဏ်း၏အမေးကို အလုပ်သမားကြီးက ဂရုစိုက်ပင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေသည်။

'ဟိုရှေ့နားက အဆောက်အအုံကိုသွား၊ အဲဒီမယ် ဆရာဝန်ကြီးတွေ ရှိပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

စိုးသိဏ်းပြန်ပြောပြီး အလုပ်သမားကြီးညွှန်ပြရာသို့ ကားကို မောင်းထွက်လာသည်။ ထိုနေရာမှာ ယခင် ကောင်းမြတ်သူအား ဦးသိန်းမြင့်တို့ခေါ်ဆောင်ကာလာဖူးသော အဆောက်အအုံပင်ဖြစ်သည်။

'ကိုင်း.. လာဟေ့ ကောင်းမြတ်သူ၊ တို့ ဆင်းကြစို့'

စိုးသိဏ်းက ဂျစ်ကားကိုရပ်အပြီးတွင် ဘေးတွင်ပါလာသော လွင်ကိုကိုအားခေါ်သည်။

'ဘာကိစ္စလဲကွ'

'အိုကွာ.. ငါ့ဦးလေးတစ်ယောက်နဲ့ တွေ့စရာရှိလို့ပါ၊ ပြီးတော့ မင်းနဲ့လည်း မိတ်ဆက်ပေးချင်တယ်လေ၊ ခေါ်ခေါ်ကော ဆင်းလေဗျာ'

'အေးအေး'

စိုးသိဏ်းသည် ခေါ်လှသူကိုပါ ခေါ်သည်။ နောက် လွင်ကိုကို၏ လက်ကိုဆွဲကာ အဆောက်အအုံအတွင်းသို့ ဝင်သွားသည်။

'ဆရာဝန်ကြီးကို ဘယ်မှာတွေ့ရမလဲ ခင်ဗျာ'

သူနာပြုဆရာမတစ်ဦးအားတွေ့ရလျှင် စိုးသိဏ်း မေးသည်။

'ဟုတ်ကဲ့ ကျွန်မနောက်လိုက်ခဲ့ပါရှင်'

သူနာပြုဆရာမလေးက ဖော်ရွေစွာပြောပြီး ခေါ်သွားသည်။

လွင်ကိုကိုမှာ သူနာပြုဆရာမလေးအား ငေးကြည့်ရင်း စိုးသိဏ်းအား မေးသည်။

'သူကကော ဘယ်သူလဲကွ၊ မင်းယောက္ခမဘက်ကတော်စပ် မိန်းမလား'

www.burmeseclassic.com

www.burmeseclassic.com



'အာ ဟော့ကောင် ဒီလိုမပြောနဲ့လေ၊ ရှူး'

စိုးသိဏ်း အားနာသံကြီးဖြင့် လွင်ကိုကိုအား ပြန်ပြောသည်။

သူနာပြုဆရာမလေးကတော့ ပြုံးနေသည်။

သူတို့တစ်တွေအား စိတ်ရောဂါကုပါရဂူ ဒေါက်တာတင်လှ ဘာဝန်ကျရာအခန်းသို့ ခေါ်သွားသည်။

'ဆရာ.. လူနာတစ်ဦး ရောက်လာတယ်'

သူနာပြုဆရာမကလေးက အခြားသော သူနာပြုဆရာမ တစ်ဦးနှင့်အတူ လူနာမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးနေသော ဒေါက်တာတင်လှအား အသိပေးသည်။

ဒေါက်တာတင်လှ လှမ်းကြည့်သည်။

လွင်ကိုကို၏ ရုပ်ကို တွေ့မြင်လိုက်ရလျှင် ပြုံသွားသည်။

ပါးစပ်ကြီး...

ပါးစပ်သာမကသေး၊ စိတ်လည်း အဖျားဝင်သွားသည်။

'အင်း.. လာပြန်ပြီ၊ ဘာမှလည်းမဖြစ်ဘဲနဲ့ စိတ်နောက်တယ် လို့ ပြောဦးမယ်ထင်တယ်၊ ငါတော့ ဦးနှောက်ခြောက်ရဦးမယ် ထင် ပါရဲ့'

ဒေါက်တာတင်လှမှာ လွင်ကိုကိုအား ကောင်းမြတ်သူအမှတ် ဖြင့် အထက်ပါအတိုင်း စိတ်တွင်းမှ ရေရွတ်ကာနေခြင်းဖြစ်သည်။

စိုးသိဏ်းသည် ဒေါက်တာတင်လှထိုင်နေရာ စားပွဲခုံသို့ ရှိသေစွာ ချဉ်းကပ်လာသည်။

'ဆရာ... ကျွန်တော် လူနာပြချင်လို့ပါ ခင်ဗျာ'

'ဘယ်သူလဲ.. ဟိုသူငယ်လား'

ဒေါက်တာတင်လှ စိတ်ရှုပ်သံဖြင့် ပြန်မေးသည်။

'ဟုတ်ပါတယ် ဆရာ အဲဒါ တစ်ဆိတ်လောက်...'

'ဟာဗျာ ခင်ဗျားတို့က တကယ်အလုပ်ရှုပ်ကြတာပဲ၊ သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာရောဂါမှမရှိပါဘူး၊ ကျုပ် စစ်ပြီးပါပြီ'

ဒေါက်တာတင်လှ စကားကြောင့် စိုးသိဏ်း အံ့အားသင့်သွားတော့သည်။

'ဆရာ စစ်ပြီးပြီ ဟုတ်လား'

'ဟုတ်တယ် ပြီးပြီ..'

'ဘယ်တုန်းကလဲ ဆရာ'

'ဟို လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ဆိုပါတော့၊ ဒါထ ခင်ဗျားတို့ကို ဦးသိန်းမြင့်က လွှတ်လိုက်တာလား'

'မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ လာခဲ့ကြတာပါ၊ ဆရာ လူမှားနေပြီထင်ပါတယ်၊ သူ့နာမည် ကောင်းမြတ်သူတဲ့၊ သူတို့က မိုးညှင်းမြို့ကပါ ဆရာ၊ ပေါ အပေါက်ဝမှာ ရပ်နေတဲ့အဒေါ်ကြီးကတော့ သူ့အမေ ဒေါ်လှသူ ဆရာ'

စိုးသိဏ်းက ရှင်းလင်းပြောပြနေသည်။

ဒေါက်တာတင်လှမှာတော့ သက်ာမကင်းဖြစ်ကာနေသည် သူ့စိတ်ထဲတွင် ဦးသိန်းမြင့်သည် သမက်ဖြစ်သူအား စိတ်ရော ရှိမရှိ ထပ်မံ၍ စစ်ဆေးစေလိုသဖြင့် သူ့ထံသို့ အခြားလူများကို စေလွှတ်ကာ အစစ်ခိုင်းခြင်းဖြစ်သည်ဟု ထင်မှတ်နေသည်။

'ခဏနေဦးဗျာ'

ဒေါက်တာတင်လှက စိုးသိဏ်းအားလှမ်းပြောကာထိုင်နေ မှ ထရပ်သည်။ လွင်ကိုကိုကတော့ သူတို့တစ်တွေကို ဂရုစိုက်ပုံမပေ ပေ။ အခန်းထဲတွင်ရှိနေသော ဓာတ်ပုံများကို လျှောက်ကြည့်နေသည်

ဒေါက်တာတင်လှသည် စိုးသိဏ်းအားပြောပြီး နောက်ဘက် အခန်းသို့ အမြန်သွားသည်။ ထိုအခန်းတွင် သူနာပြုဆရာမကလေး တစ်ဦး စာရင်းများကို ရေးမှတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်.. ဆရာ'

ဒေါက်တာတင်လှကိုမြင်လျှင် သူနာပြုဆရာမကလေး ထ
သည်။

'နေ.. နေ.. ဆရာမ၊ ကိုယ့်အလုပ်ကို ဆက်လုပ်၊ ငါ
ပြောမလို့'

ဒေါက်တာတင်လှ ပြောရင်း သူနာပြုဆရာမကလေး ထိုင်
သော စားပွဲခုံပေါ်ရှိ တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

'ဆရာ့အခန်းက ဖုန်းက ပျက်နေလို့လား'

သူနာပြုဆရာမကလေးက အံ့အားသင့်သံဖြင့် ပြန်မေးသည်။

'မဟုတ်ပါဘူးကွာ ကောင်းပါတယ်၊ လူနာလာအပ်တဲ့ လူ
ရှေ့မှာ ငါ ဖုန်းဆက်မပြောချင်လို့ ဒီဘက်ခန်းကနေ လာပြော
တာပဲ'

ဒေါက်တာတင်လှ ပြန်ပြောပြီးနောက် ဦးသိန်းမြင့်အိမ်သို့
နံပါတ်ကို လှည့်နေသည်။

'ဟဲလို ဦးသိန်းမြင့်အိမ်ကလား ခင်ဗျာ'

ဒေါက်တာတင်လှ အသံပြုသည်။

'ဟုတ်ပါတယ် ကျွန်တော် သိန်းမြင့်ပါ၊ အခု စကားပြောနေ
တာ..'

'ကျွန်တော်ပဲ၊ ဒေါက်တာတင်လှပါ ဦးသိန်းမြင့်'

'သြော်.. ဒေါက်တာလား၊ ဆိုပါဦး ကိစ္စက..'

'တခြားတော့ မဟုတ်ဘူး၊ ခင်ဗျားသမက် အိမ်မှာရှိသလား'

'ဗျာ.. ဘာဖြစ်လို့ အခုလို မေးရတာလဲ'

'မေးဆို ကျွန်တော့်ဆီမှာ ခင်ဗျားသမက် ရောက်နေလို့ပေါ့'

'ဗျာ...'

ဦးသိန်းမြင့်ထံမှ အာမေဋိတ်သံကြီး။

www.burmeseclassic.com

www.burmeseclassic.com



'ဗျာမနေနဲ့၊ တကယ်ပြောနေတာ'

'ဘယ်… ဘယ်လိုဖြစ်ပြီး ဒေါက်တာဆီကို ရောက်နေ တာလဲ'

'အမယ်.. အမယ် မသိဟန်ဆောင်ပြီး မေးရပြန်ပြီ၊ ခင်ဗျာ ပဲ တစ်ဖက်လှည့်နဲ့ လွှတ်လိုက်တာမဟုတ်လားဗျ'

'မဟုတ်ရပါဘူးဗျာ၊ ကျုပ်သမက်ဟာ ဟိုတစ်လောက ခ ဗျားဆီကနေ အပြန်မှာ လူဆိုးတစ်စုက ပြန်ပေးဆွဲသွားခဲ့လို့ ပျောက် နေတာ ကြာပါပြီဒေါက်တာ၊ အခု ဘယ်လိုကနေ ဘယ်လို ခင်ဗျား ရောက်လာရတာလဲဟင်'

'အဲဒါတော့ ကျုပ်လည်း မသိဘူး၊ သူ့ကို လာပို့ကြတဲ့ တွေကတော့ မိန်းမကြီးတစ်ယောက်နဲ့ ခင်ဗျားသမက်အရွယ် လူတ ယောက်ပဲ'

'ဒါဖြင့်ရင် သူတို့ကို ပြန်မလွှတ်ဘဲ ဒေါက်တာ့ဆီမှာ ထားလိုက်ပါ၊ ကျွန်တော်တို့ အခုပဲလာခဲ့ပါ့မယ် ဒေါက်တာ၊ စိတ် ပါရစေ'

ဦးသိန်းမြင့် ပြောရင်း တယ်လီဖုန်းခွက်ကို ချသွားသည်

ဒေါက်တာတင်လှ အံ့အားသင့်လှစွာဖြင့် ဖုန်းခွက်ကို ကို ရင်း ကျန်ရစ်သည်။

'ဘယ်လိုဟာတွေပါလိမ့်မလဲ၊ ဒင်းတို့တစ်တွေဟာ စိတ် ကြရဲ့လား၊ ဒါမှမဟုတ် ငါကိုယ်တိုင်ပဲစိတ်မမှန်ဖြစ်နေလို့လား၊ ဟူ-

ဒေါက်တာတင်လှခမျာ ဦးနှောက်အကြီးအကျယ် ခြောက် နေရှာသည်။

'ဆရာ..နေမကောင်းဘူးလားဟင်'

အနီးတွင်ရှိသော သူနာပြုဆရာမကလေးက မေးမေးသည်

'လူကတော့ နေကောင်းပါတယ်ကွာ၊ အဲ.. စိတ်ကော

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကောင်းဘူး'

'ဘာဖြစ်လို့လဲ ဆရာ'

'စိတ်ရှုပ်စရာတွေတွေ့နေရလို့ပေါ့၊ ကဲ-ငါသွားလိုက်ဦးမယ်'

ဒေါက်တာတင်လှပြောရင်း ထိုအခန်းမှ ထွက်သွားသည်။

'ဘယ်သူ့ဆီက လာတဲ့ဖုန်းလဲ ဖေဖေ'

အေးမြင့်သွယ်မှာ ဖခင်ဖြစ်သူအား လှမ်းမေးသည်။

'ဒေါက်တာတင်လှဆီကပါ၊ သမီးယောကျ်ား သူ့ဆီကို ရောက်နေလို့တဲ့'

'ဟင်..တ..တ.. တကယ်လားဖေဖေ၊ ဝမ်းသာလိုက်တာ'

အေးမြင့်သွယ် ဝမ်းသာတုန်လှုပ်သံကြီးဖြင့် ပြန်မေးသည်။

'တကယ်ပေါ့၊ ဒီတော့ ဖေဖေတို့ အမြန်သွားကြရအောင် သမီးမေမေကို သွားခေါ်ချေ၊ ဖေဖေကားထဲက သွားစောင့်နေမယ်၊ မြန်မြန်လာခဲ့ကြနော်'

'ဟုတ်ကဲ့ ဖေဖေ'

အေးမြင့်သွယ် ပြန်ပြောရင်း အိမ်ပေါ်ထပ်သို့ အပြေးကလေး တက်သွားသည်။

သူတို့မိသားစု ရောက်မလာမီ ဒေါက်တာတင်လှမှာ ပရိယာယ်ဖြင့်စိုးသိဏ်းတို့အား ဧည့်ခန်းမကြီးတစ်ခုသို့ခေါ်ကာထားသည်။

လွင်ကိုကိုမှာ တကယ့်ထေရ်ကြီးဝါကြီးရဟန်းကဲ့သို့ ဣန္ဒြေ သံပတ္တိဖြင့် ငြိမ်ငြိမ်ကလေး ထိုင်နေသည်။

မကြာမီ အေးမြင့်သွယ်တို့ ရောက်လာကြသည်။

ဧည့်ခန်းမကြီးထဲတွင် ထိုင်နေသော လွင်ကိုကိုအား မြင်ရှု သျှင် 'ကိုကို'ဟူ၍ခေါ်ကာ ပြေးဖက်တော့သည်။

'ဟဲ့ ဟဲ့.. ဒါက ဘယ်လိုဖြစ်တာလဲ'

ဒေါ်လှသူ အံ့သြသံဖြင့် ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးသိဏ်းမှာလည်း ပါးစပ်ကြီးအပြူးသားဖြင့် အဲလေ-- အဟောင်းသားဖြင့် ငေးကြည့်ကာနေမိသည်။

လွင်ကိုကိုမှာမူ သူ့အားလာ၍ ဖက်ထားသော အေးမြင့်သွယ်အား သဘောကျသွားဟန်ဖြင့် ပြုံးရယ်ရင်း ပြန်ဖက်ထားသည်။ ပြန်ဖက်ထားရင်းမှအနီးတွင်ရှိနေသော စိုးသိဏ်းဘက်သို့လှမ်းပြောသည်။

'ဟော့ကောင် ယောက္ခမဘက်ကတော်တဲ့ မိန်းမချောကလေး ငါ့ကို လာဖက်နေတယ်ကွ၊ ပွတာပဲ ပွတာပဲ ဟီးဟီး'

ဒေါက်တာတင်လှမှာ တွေ့မြင်နေရသော မြင်ကွင်းတွေကြောင့် အလွန်မပင် အံ့သြသွားမိသည်။ အံ့သြလွန်းလှ၍ သူ့ပါးစပ်တွင်ခဲထားသော ဆေးတံကြီးပင် ပြုတ်ကာအောက်သို့ ဒေါက်ခနဲမြည်အောင် ကျသွားတော့သည်။

ဒေါ်လှသူမှာ သားဖြစ်သူအား တစိမ်းတရံစာ မိန်းကလေးတစ်ဦးကလာ၍ဖက်နေခြင်းအတွက်သဘောမကျနိုင်အောင်ဖြစ်နေသည်။

သဘောမကျနိုင်အောင် ဖြစ်နေရခြင်းမှာ လွင်ကိုကိုအား သားအရင်းဖြစ်သူ ကောင်းမြတ်သူ မှတ်ထင်နေ၍ဖြစ်သည်။

အမှန်တော့ ယခုတစ်ကြိမ် အေးမြင့်သွယ်က လွင်ကိုကိုအား သူမ၏ခင်ပွန်းသည်အဖြစ် ဖက်ထားခြင်းမှာ လူမှန်နေရာမှန်ဖြစ်ပေသည်။

ယခင်တစ်ကြိမ်ကလို လူမှားနေရာမှား မဟုတ်တော့ပေ။

'ဟဲ့ ဟဲ့ ကလေးမ၊ ညည်းက ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့သားကို လာဖက်ရတာလဲ'

ဒေါ်လှသူ မကျေနပ်သံဖြင့် လှမ်းမေးသည်။

အေးမြင့်သွယ်မှာ လွင်ကိုကိုအား ဖက်ထားရာမှ ခေါင်းလည်ပြန်ကလေးဖြင့် ပြန်ကြည့်သည်။

'ရှင်.. ဒါ ဒေါ်ဒေါ့်သားလား၊ ဟုတ်မှလည်းလုပ်ပါ ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရယ်၊ သူဟာ ကျွန်မယောကျ်ား လွင်ကိုကိုပါ'

အေးမြင့်သွယ်၏စကားကြောင့် ဒေါ်လှသူမှာ အလွန်ပင် ခေါ်သထွက်သွားသည်။

'အမယ်လေးတော်..ကျားသားမိုးကြိုး.. ကျုပ်သားဟာ လူပျိုကလေးပါ၊ မိန်းမဖယ်ထားး၊ ရည်းစားတောင် မရှိသေးပါဘူး၊ ဟဲ့... မောင်စိုးသိဏ်းမင်းကလည်းဘာငိုင်နေတာလဲ၊ ဝင်ပြောဦးလေ ကွယ်'

အနီးတွင် သူတို့တစ်တွေအား ငေးငိုင်ကာကြည့်နေသော စိုးသိဏ်းထံသို့ ဒေါ်လှသူ စစ်ကူတောင်းနေသည်။

သည်တော့မှ စိုးသိဏ်းလည်း ဝင်၍ပြောရတော့သည်။

'ဟုတ်သားပဲဗျာ၊ ကျွန်တော့်သူငယ်ချင်းက လူပျိုပါဗျ၊ ခင်ဗျား လူမှားနေပြီထင်တယ်'

'ဘယ်ကလာ မှားရမှာလဲ၊ ဒါဖြာ ကျွန်မနဲ့ တောင်ကြီးမှာ တရားဝင်လက်ထပ်ခဲ့ကြတဲ့ ကျွန်မယောကျ်ားအစစ် လွင်ကိုကိုပါ၊ ဟဲ... ကိုကို ပြောလိုက်လေ'

လွင်ကိုကိုအား လှုပ်ယမ်းရင်း အေးမြင့်သွယ်က စစ်ကူ တောင်းနေသည်။

လွင်ကိုကိုမှာ အတိတ်ကိုမေ့နေသူမို့ အေးမြင့်သွယ်အား လုံးဝမှတ်မိသူ မဟုတ်ပေ။ သို့သော် သူ့အား လာ၍ ဖက်ထားသည်ကို တော့ ကျေနပ်နေသူဖြစ်သည်။ တကယ်တော့ လွင်ကိုကိုသည် အရှူး တစ်ပိုင်းဖြစ်နေသူ မဟုတ်လော။

သို့ဖြစ်၍ သူသည် ပြုံးပြုံးကလေးဖြင့် စိုးသိဏ်းတို့အား ပြန်ပြောသည်။

'ဟီးဟီး ယောက္ခမဘက်ကတော်တဲ့ မိန်းမက ငါ့ဆီလာ ခက်တာ၊ မင်းတို့က ဘာလို့ တားနေရတာလဲ၊ ဖက်ပါစေကွာ၊ ဖက်ပါ

www.burmeseclassic.com

www.burmeseclassic.com



စေ၊ ငါကလည်း အဲဒီလို အဖက်ခံချင်နေတဲ့ဟာ ဟီးဟီးဟီး'

'အား.. ဒီတဏှာရူးနဲ့တော့ ဒုက္ခပါပဲ'

စိုးသိဏ်း စိတ်ပျက်သံဖြင့် လှမ်းပြောသည်။

ဦးသိန်းမြင့်သည် ဒေါ်လှသူအား လှမ်းကြည့်ကာ မေးသည်

'ကျောင်းအမကြီးက ဘယ်ကာလဲဗျ၊ ကျုပ်သမက်နဲ့ ဘယ်ပတ်သက်နေလို့လဲ'

ထိုအမေးတွေမှာ ဒေါ်လှသူ၏စိတ်ကို ပိုမို၍ ဒေါသဖြစ်အောင် နှိုးဆွပေးနေသလိုပင်။

'အဲဒီစကားက ကျုပ်က မေးရမှာပါတော်၊ တော်တို့ ဘာသဘောနဲ့ ကျုပ်သားကို အခုလိုလာပြီး နှောင့်ယှက်နေရတာလဲ ကျုပ်သားကလေးဟာ စိတ်နောက်နေတဲ့သူပါ၊ ဒီတော့ သူ့ကို စိတ် နောက်အောင် မလုပ်ကြပါနဲ့၊ မကူညီချင်နေပါ နှောင့်ယှက်တာတော့ မကောင်းဘူးလေ'

ဤတွင် ဒေါ်ရီကလည်း ခင်ပွန်းဖြစ်သူ ဦးသိန်းမြင့်ဘက်မှ စစ်ကူရသည်။

'နှောင့်ယှက်တာ မဟုတ်ဘူးရှင့်၊ ကျွန်မတို့သမက်မို့ သမက် လို့ပြောတာပါ၊ရှင်တို့တစ်တွေဟာပြန်ပေးဂိုဏ်းကလူတွေမဟုတ်လား'

'ရှင်တို့နော် စကားပြောတာ ကြည့်ပြောပါ၊ လွန်လာရင် မကောင်းဘူး'

ဒေါ်လှသူမှာ 'ပြန်ပေးဂိုဏ်းကလူတွေ'ဟူ၍ အပြောခံလိုက်ရ၍ အသားများ ဆတ်ဆတ်တုန်တက်အောင် ဒေါသဖြစ်နေသည်။

စိုးသိဏ်းကလည်း ဒေါသဖြစ်နေသည်။

'ဟုတ်သားပဲဗျ၊ ခင်ဗျားတို့ကလည်း မှားနေကြသေးတယ် ကျုပ်တို့ကိုလည်း ပြန်ပေးဂိုဏ်းက ကလေးဘာလေးနဲ့ အခုလို ပြော နေတာ ဘယ်ကောင်းပါ့မလဲ၊ ခင်ဗျားတို့က ဘာသဘောနဲ့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ကောင်းမြတ်သူကို အခုလို သမက်ဖမ်းရတာလဲ၊ ရန်ကုန်မြို့မှာ ဒီလောက်မဲ လင်ရှားနေလို့လားဗျ'

စိုးသိဏ်း၏စကားကို ကြားရလျှင် ဦးသိန်းမြင့် ဒေါသတွေဖြစ်ကာ လက်သီးနှစ်ဖက်ကို ဆုပ်လိုက်မိသည်။

'ဟေ့ သူငယ်၊ မင်းစကားက ရိုင်းပျလှချေလားကွ၊ ဒီကောင် ဒီတစ်ခါပဲပြော၊ နောက်တစ်ကြိမ်ပြောရင် ငါ့လက်သီးက ငြိမ်နေမှာ မဟုတ်ဘူးသိလား'

အခြေအနေတွေမှာ တင်းမာနေသဖြင့် ဒေါက်တာတင်လှမှာ ငြိမ်နေ၍မရတော့ပေ။

'ကဲ.. ကဲ ကျေးဇူးပြုပြီး ငြိမ်ငြိမ်နေကြပါဗျာ၊ ရန်တော့မဖြစ်ကြပါနဲ့၊ ဒီဆေးရုံကြီးဟာ စိတ်ရောဂါအထူးကုဆေးရုံကြီးမို့ ခင်ဗျားတို့တစ်တွေ ဆူဆူညံညံနဲ့ ရန်ဖြစ်နေကြမယ်ဆိုရင် တခြားစိတ်ရောဂါဝေဒနာရှင်တွေကို ဒုက္ခပေးသလို ဖြစ်နေပါလိမ့်မယ်၊ ဒီတော့ ဟောဒီက မောင် ဘယ်သူ...'

ဒေါက်တာတင်လှ နှာမည်မေးနေသည်။

'ကောင်းမြတ်သူပါ'

'မဟုတ်ဘူး၊ လွင်ကိုကိုပါရှင်'

စိုးသိဏ်းက ကောင်းမြတ်သူဟူ၍ ပြောသည်။

အေးမြင့်သွယ်က လွင်ကိုကိုဟူ၍ပြောသည်။

'အေးလေ ဘယ်သူပဲဖြစ်ဖြစ်၊ ကျုပ် စမ်းသပ်ပေးပါ့မယ်၊ ကဲ.. လာ မောင်လွင်ကိုကိုခေါ် မောင်ကောင်းမြတ်သူရေ'

ဒေါက်တာတင်လှပြောရင်း အေးမြင့်သွယ်နှင့်အတူတွဲကာ ထိုင်နေသော လွင်ကိုကိုအား ခွဲခေါ်သည်။

လွင်ကိုကိုကလည်းအသာတကြည်ဖြင့်ပင်လိုက်ပါသွားသည်။

အေးမြင့်သွယ်ကမူ လွင်ကိုကိုအား လွှတ်ပေးခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမပါ ရောနှောကာ လိုက်သွားသည်။

'အာ.. အာ ငါ့တူမ၊ မလိုက်ခဲ့နဲ့လေ၊ သူ့ကို စစ်ဆေးမလို့ ဟာ၊ အခန်းထဲကို အပြင်လူ မဝင်ရဘူး'

ဒေါက်တာတင်လှက ပြောသဖြင့် အေးမြင့်သွယ်မှာ မကျေမနပ်ဖြင့် နေခဲ့ရသည်။

'ဆရာမ.. လူနာကို စစ်ရအောင်၊ အားလုံး ရယ်ဒီပဲလား'

သူနာပြုဆရာမကလေးတစ်ဦးအား ဒေါက်တာတင်လှက မေးသည်။

'ဟုတ်ကဲ့ဆရာ အားလုံး ရယ်ဒီပါပဲ၊ ဒေါက်တာသိန်းတိုးလည်း ရောက်နေပါပြီ'

သူနာပြုဆရာမကလေးက ပြန်ပြောသည်။

နောက်တော့ ဒေါက်တာတင်လှသည် လွင်ကိုကိုအား လူနာများ စစ်ဆေးကြည့်ရှုသော အခန်းထဲသို့ ခေါ်သွားတော့သည်။

သူနာပြုဆရာမကလေးက အခန်းတံခါးကို အတွင်းမှပိတ်ထားလိုက်သည်။

ဒေါက်တာတင်လှက လွင်ကိုကိုအား ရောဂါရှိမရှိ စမ်းသပ်နေခိုက် အပြင်ဘက်တွင် ရှိနေကြသော အေးမြင့်သွယ်တို့မိသားစုနှင့် စိုးသိဏ်းတို့မှာ အငြင်းအခုံ ဆက်၍ ဖြစ်နေကြတော့သည်။

'နေစမ်းပါဦး၊ ရှင်တို့က ပိုင်စိုးပိုင်နင်း ကျွန်မသားလူဖျိုကလေးကို ဖောင်ကြီးမှာလက်ထပ်ခဲ့သလေး ဘာလေးနဲ့..၊ ဘာဖြစ်လို့ မဟုတ်တာတွေကို ပြောခဲ့ရတာလဲဟင်၊ ကျွန်မတို့အနေနဲ့ ဒီကိစ္စကို ခေါင်းငုံ့ခံ မနေနိုင်ဘူး၊ တရားဥပဒေအရ အရေးယူသင့်ရင် ယူရလိမ့်မယ်ရှင့်'

ဒေါ်လှသူမှာ မကျေမနပ်သံဖြင့် ဦးသိန်းမြင့်တို့ကို ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဗျ၊ ခင်ဗျားတို့က ဘာသဘောနဲ့ အခုလိုလာပြီး
ကြောင်ရိုက်ရတာလဲ'

စိုးသိဏ်းကလည်း ဒေါ်လှသူဘက်မှ ဝင်၍ပြောသည်။

တစ်ဖက်ကလည်း ထိုစကားကြောင့် ဒေါပွသွားသည်။

'ဟေ့ ဒီမယ်၊ စကားပြောတာ ကြည့်ပြောကြကွာ၊ ငါတို့
ဟာ လူလိမ်လူညာတွေ မဟုတ်ဘူး၊ ငါတို့သမီးနဲ့ ခုနင်က မောင်လွင်
ဆိုကိုဟာ တောင်ကြီးမြို့နယ်မှာ နှစ်ဖက်သော မိဘများကိုယ်တိုင်
သဘောတူ လက်ထပ်ပေးစားခဲ့ပြီးလို့ ငါတို့သမက်ဆိုတာ အခိုင်အမာ
ဖြစ်နေကြတာပဲ၊ မင်းတို့က သက်သေပြနိုင်လို့လား'

ဦးသိန်းမြင့်က ပြန်မေးသည်။

'သက်သေအသာထား၊ အခုပဲ ဦးလေးပြောသွားတဲ့ စကား
ထဲမှာ လွင်ကိုကိုဆိုတာ ပါနေတာ၊ အဲဒီကတည်းက ဦးလေးတို့လူမှား
ပြီဆိုတာ လယ်ပြင်မှာ ဟယ်လီကော့ပတာကြီး ထိုးဆင်းသလို
ထင်ရှားနေပြီဗျ၊ သူ့နာမည်က လွင်ကိုကိုမဟုတ်ဘူး၊ ကောင်းမြတ်သူ
၊ ကောင်းမြတ်သူ သိပလား ဟဲ.. ဟဲ'

စိုးသိဏ်းက လှောင်သံကလေးဖြင့် ပြန်ပြောသည်။

'မဟုတ်တာကွာ၊ ကောင်းမြတ်သူဆိုတာက အခုလို သူ
တိမ်မနဲ့တုန်း ပေးထားတဲ့နာမည်ဖြစ်မှာပေါ့၊ သူ့နာမည်အစစ်က လွင်
ကိုကိုကွ၊ ဒီမယ် ငါဆက်ပြောလိုက်ဦးမယ်၊ သူ့အမေက ဦးဘလွင်တဲ့၊
အမေက ဒေါ်မေနှင်းတဲ့ ရှင်းပလား'

'အယ်.. ဘယ်ကလာ ရှင်းရမှာလဲ၊ အခုမှ ပိုပြီးရှုပ်ကုန်
ယ်၊ ဦးလေး အခုပြောတဲ့အတိုင်းဆိုရင် ကျွန်တော့်သူငယ်ချင်း
ကောင်းမြတ်သူတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ ဒီမယ် နား
ထောင် ကောင်းမြတ်သူရဲ့အမေက ဟောဒီက ဒေါ်ဒေါ် ဒေါ်လှသူတဲ့၊
အဖေကတော့ ဦးမြတ်ကျော်တဲ့ဗျ၊ သူတို့အားလုံး မိုးညှင်းဇာတိတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်'

စိုးသိဏ်း၏စကားတွေကြောင့် အေးမြင့်သွယ်တို့ မိသား
တို့မှာ ငြိမ်ကျသွားသည်။

'အို.. မဖြစ်နိုင်ပါဘူး၊ ရှင်တို့ပြောတာတွေ ကျွန်မတော
မယုံပါဘူး၊ အခု အခန်းထဲမှာ အစစ်ခံနေတဲ့သူဟာ ကျွန်မယောက်
လွင်ကိုကိုမှ လွင်ကိုကို အစစ်ပါ၊ အရင်ရက်တွေတုန်းကလည်း အခု
ပဲ တစ်ခါလာပြီး ဆေးစစ်သေးတယ်၊ အဲဒီလို ဆေးစစ်ပြီးအပြန်
လူဆိုးတွေက လမ်းမှာ ကျွန်မယောကျ်ားကို ပြန်ပေးဆွဲသွားကြ
ကျွန်မတို့လက်က လွတ်သွားခဲ့တာရှင့်၊ ဒီတော့ ရှင်တို့ အနေနဲ့ဆ
ပြီး မနှောင့်ယှက်စေချင်ပါဘူးရှင်'

အေးမြင့်သွယ်မှာ စိုးသိဏ်းရှင်းပြချက်ကို လက်မခံဘဲ
ပြောပြသည်။

စိုးသိဏ်းလည်း မည်သို့ပြန်၍ ပြောရမည်မသိဖြစ်နေသည်
နောက်မှ သတိရကာ အေးမြင့်သွယ်ကို မေးခွန်းထုတ်သည်။

'ဒီမှာ ကောင်းမြတ်သူဟာ ခင်ဗျားယောကျ်ားပါလို့ အတ
ပြောနိုင်ရအောင် ဘာအထောက်အထားတွေ ပြနိုင်သလဲ'

'ပြနိုင်တာပေါ့၊ တောင်ကြီးမှာ သူနဲ့ကျွန်မတို့ လက်ထပ်
ကြတဲ့ ဖိတ်စာနဲ့ မင်္ဂလာဆောင်လာကြတဲ့ လူကြီးတွေကို...'

'ခင်ဗျားတို့ သားအဖကလည်း ပြောလိုက်ရင် ဒီစကားတွေ
ချည့်ပဲ၊ ကျွန်တော်ဆိုလိုတာက အခု ခင်ဗျားတို့ပြောသလို တောင်ကြီး
မြို့မှာ လက်ထပ်ခဲ့ကြတာမှန်ရင် ဘယ်ပုံဘယ်နည်းနဲ့ ခင်ဗျားယော
ကျ်ားလွင်ကိုကို ပျောက်သွားရတာလဲ၊ ဒါကိုလည်း ပြောစမ်းပါဦး

စိုးသိဏ်းကမေးလျှင် အေးမြင့်သွယ်က ဖခင်ဖြစ်သူဘက်
တစ်ချက် လှမ်းကြည့်သည်။ ထိုအခိုက် ဘေးမှ နားထောင်နေသော
ဒေါ်ရီ၏အသံမှာ ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး.. မင်းသိချင်ရင် ဒေါ်ဒေါ်ပြောပြပါ့မယ်'

ဒေါ်ရီသည် စကားကို ပဏာမပျိုးသည်။

ပြီးလျှင် လွင်ကိုကိုနဲ့ အေးမြင့်သွယ်တို့ ကျောင်းနေစဉ်အချိန်မှစ၍ ချစ်ကြိုက်ခဲ့ကြပုံ၊ နောက် တောင်ကြီးမြို့တွင် လက်ထပ်ကြပုံ၊ လက်ထပ်မည့်ဆဲဆဲ နာရီပိုင်းအလိုတွင် ဖခင်ဖြစ်သူဦးဘလွင်ထံမှ သံကြိုးစာရ၍ လွင်ကိုကို ထွက်သွားပုံ၊ ထိုသို့ထွက်သွားပြီး အချိန်မီ ပြန်မရောက်သဖြင့် လက်ထပ်ပွဲကို သတို့သားမပါဘဲ ကျင်းပခဲ့ရပုံ၊ ထိုအချိန်မှစ၍ လွင်ကိုကို၏သတင်းကို အစအနမရဘဲ နှစ်နှစ်ကျော်ခန့် ပျောက်နေပုံ၊ လွန်ခဲ့သောရက်ကတော့ လွင်ကိုကိုမှာ မန္တလေးစာပို့ရထားကြီးဖြင့် ရန်ကုန်မြို့သို့ပါလာသည်ဟူသော သတင်းကြောင့် သူတို့တစ်တွေ ရန်ကုန်ဘူတာရုံကြီးတွင် ကြိုတင်စောင့်ကာခေါ်ခဲ့ရပုံ၊ သို့သော် လွင်ကိုကိုမှာ စိတ်မမှန်ဘဲ သူ့ကိုယ်သူ ကောင်းမြတ်သူဟု၍ပြောနေသဖြင့် ဤစိတ်ရောဂါအထူးကုဆေးရုံကြီးသို့ လာပြရပုံနှင့် နောက်ဆုံးတွင် ဤဆေးရုံကြီးမှအပြန် သူတို့အိမ်သို့ရောက်လုချိန်တွင် လွင်ကိုကိုအား လူဆိုးများက ပြန်ပေးဆွဲခေါ်သွားခဲ့ပုံတို့ကို ရှင်းလင်းပြောပြနေတော့သည်။

ဒေါ်ရီ၏ရှင်းလင်းပြောပြချက်တို့ကို စိုးသိဏ်းနှင့် ဒေါ်လှသူတို့မှာ စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်။

'အာ.. ဒီလိုဆို ခင်ဗျားတို့ စကတည်းကိုက မှားနေကြပြီ'

ဒေါ်ရီ၏စကားအဆုံးတွင် စိုးသိဏ်း ဝမ်းသာအားရသံဖြင့် ပြန်ပြောသည်။

'ဘယ်လိုကြောင့်လဲကွဲ့'

ဒေါ်ရီ အူကြောင်ကြောင်ဖြင့် ကြည့်ကာ မေးနေသည်။

'ဒီလိုခင်ဗျ.. အခု ဒေါ်ဒေါ်ပြောသွားတဲ့ စကားတွေထဲမှာ ဒေါ်ဒေါ်တို့သမက် လွင်ကိုကိုဟာ မန္တလေးစာပို့ရထားနဲ့ လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာရယ်၊ နောက် သူ့ကို မေးကြည့်ကြတော့ သူဟာ လွင်ကို
ကိုမဟုတ်ပါဘူး၊ ကောင်းမြတ်သူလို့ပြောနေတယ်ဆိုတာတွေကြောင့်ပါ'

'အဲဒါက သူစိတ်မမှန်လို့ ပြောတဲ့ဟာတွေပဲကွယ်'

'မဟုတ်ဘူးဒေါ်ဒေါ်၊ ကျွန်တော် ရှင်းပြပါ့မယ်၊ ကျွန်တော့်
သူငယ်ချင်း ကောင်းမြတ်သူဟာ ရန်ကုန်မှာ အလုပ်လုပ်ချင်တယ်ဆို
ပြီး ကျွန်တော့်ဆီကို စာရေးဆက်သွယ်တယ်၊ ကျွန်တော်က လုပ်ချ
ရင်လာခဲ့၊ ငါကူညီမယ်ဆိုလို့ သူဟာ လာမယ့်အကြောင်း ကျွန်တော့်
ဆီကို စာရေးတယ်၊ နောက် လာမယ့်နေ့မှာ အမြန်ရထားနဲ့လာမယ်
လို့ သံကြိုးရိုက်တယ်၊ အဲ·· အမြန်ရထားလက်မှတ်မရလို့ သူဟာ
မလိုက်နိုင်ဘဲ စာပို့ရထားနဲ့သာ လိုက်ခဲ့ရတယ်၊ ဒီလိုစာပို့ရထား
လိုက်မယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော့်ဆီကို နောက်တစ်စော
ထပ်ပြီး ရိုက်သေးတယ်၊ အဲဒီရိုက်တဲ့ သံကြိုးစာဟာ ကျွန်တော်
နေထိုင်နေတဲ့ လမ်းအမှန် မာန်ပြေလမ်းလို့ ရိုက်ရမယ့်အစား မှားပြီ
ရန်ပြေလမ်းလို့ သူက ရိုက်လိုက်မိတယ်လေ၊ ဒီတင် သူရိုက်လိုက်တဲ့
သံကြိုးစာဟာ လိပ်စာမှားနေလို့ ကျွန်တော့်ဆီ အချိန်မီ မရောက်ဘူး
နောက်ကျမှရောက်လို့ သူ့ကိုလည်း ကျွန်တော်ဟာ နောက်ကျမှသွား
ကြိုရတယ်၊ ဒီတင် သူနဲ့ကျွန်တော်လွဲဖို့ ဖြစ်ခဲ့ရတော့တယ်၊ အဲ
ဒေါ်ဒေါ်ပြောတဲ့စကားကြောင့် ကျွန်တော့်သူငယ်ချင်း ကောင်းမြတ်သူ
ကို ဒေါ်ဒေါ်တို့က လွင်ကိုကိုအမှတ်နဲ့ ခေါ်သွားကြတာ ဖြစ်ရမှာပေ
မဟုတ်ဘူးလား'

စိုးသိဏ်းက သူ၏ထင်မြင်ချက်များကို တင်ပြနေသော်
တင်ပြချက် မှန်ကန်နေသော်လည်း ဦးသိန်းမြင့်တို့မိသားစု လက်ခံချ
ပုံမပေါ်ပေ။

'မင်းဟာ မဖြစ်နိုင်တာချည်းပဲကွယ်၊ မင်းပြောသလို ငါ
သမက် လွင်ကိုကိုမဟုတ်ဘဲ ကောင်းမြတ်သူဖြစ်နေရင် ငါတို့

www.burmeseclassic.com



လူမှားပြီးခေါ်ပါ့မလား၊ ငါတို့က မှားတယ်ပဲထားပါဦး၊ ဟောဒီက ငါ့သမီးကကော သူ့ယောကျ်ားကို မှားပါ့မလား'

ဦးသိန်းမြင့်က ပြန်ပြောသည်။ ဦးသိန်းမြင့်အပြီး၌ အေးမြင့်သွယ်ကလည်း ဆက်ပြောသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မနဲ့ ကိုလွင်ကိုကိုဟာ လူကြီးတွေ ပေးစားလို့ရခဲ့ကြတာ မဟုတ်ပါဘူး၊ ရန်ကုန်တက္ကသိုလ်မှာ နေကြကတည်းက ချစ်သူအဖြစ် နှစ်ပေါင်းများစွာ နေလာခဲ့ကြသူတွေမို့ ရှင်ပြောသလို လူချင်းမှားနိုင်စရာ မရှိပါဘူး'

'ကောင်းပြီ လူချင်းမှားစရာမရှိဘူးလို့ဆိုရင် အခုကော ကျုပ်တို့ခေါ်လာခဲ့ကြတဲ့ ကောင်းမြတ်သူကို ခင်ဗျားတို့တစ်တွေက လွင်ကိုကိုပါလို့ ဘာဖြစ်လို့ ဇွတ်အတင်းစွပ်စွဲနေကြရတာလဲ၊ အဲဒါကိုလည်း ဖြေကြပါဦး'

စိုးသိဏ်းက အပိုင်ကိုကိုင်ကာ ပြန်မေးနေသည်။

'စွပ်စွဲဆို ကျွန်မယောကျ်ားလွင်ကိုကိုအစစ် ဖြစ်နေတာကိုးရှင့်'

အေးမြင့်သွယ်က ပြန်ပြောသည်။

'ဟန်း.. ခင်ဗျားဟာက တစ်ပြားမှမလျှော့တဲ့အထဲက ဖြစ်နေပြီ။ ခင်ဗျားတို့ ပြောနေကြတဲ့အတိုင်းဆိုရင် ကျွန်တော့်သူငယ်ချင်း ကောင်းမြတ်သူနဲ့ လွင်ကိုကိုဟာ ရုပ်ရည်ချင်းခွဲခြားမရအောင် တူညီကြတဲ့ အမြွှာမွေးညီအစ်ကို ဖြစ်နေကြပြီထင်တယ်၊ ကဲ.. ဒေါ်ဒေါ် ပြောစမ်းပါဦး၊ ဒေါ်ဒေါ်ဟာ ကောင်းမြတ်သူတစ်ယောက်တည်းကို မွေးခဲ့တာလား၊ ကောင်းမြတ်သူနဲ့ ရုပ်ချင်းရွေးမရအောင် တူညီနေတဲ့ လွင်ကိုကိုပါ အမြွှာမွေးခဲ့တာလားဆိုတာ...'

ဒေါ်လှသူဘက်သို့ စိုးသိဏ်းလှမ်းမေးနေသည်။

'တောက်တီးတောက်တဲ့ မောင်စိုးသိဏ်းရယ်၊ ငါ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူတစ်ယောက်တည်းပဲ မွေးခဲ့တာပါ၊ ဘယ်အမြွာမှ မမွေးခဲ့ပါဘူးကွယ်'

ဒေါ်လှသူ၏စကားကြောင့် စိုးသိဏ်းလည်း မည်သို့ဆက်ပြောရမည်မသိ ဖြစ်သွားသည်။

'ဒုက္ခပါပဲ၊ ဒီအတိုင်းဆိုရင် ဘယ်လိုလုပ်ဖြေရှင်းရမှာလဲ၊ အားလုံးရှုပ်ကုန်ပြီထင်တယ်'

စိုးသိဏ်း ညည်းညူနေသည်။

'ဒီမယ် ငါ့တူ၊ ဘာမှ စိတ်ရှုပ်စရာမရှိဘူး၊ အမှန်တရားဆိုတာ တစ်နေ့တော့ ပေါ်စမြဲမို့၊ အခု ဆေးခန်းထဲမှာရောက်နေတဲ့ ငါ့သမက် စိတ်ပြန်ကောင်းလာရင် သိရမှာပဲ'

ဦးသိန်းမြင့်က စိုးသိဏ်းအား လှမ်းပြောသည်။

ယင်းအခိုက်ဒေါက်တာတင်လှမှာ သူတို့ထံသို့ရောက်လာသည်။

'ဘယ်လိုလဲ ဆရာ၊ လူနာရဲ့အခြေအနေ'

စိုးသိဏ်းက အရင်ဦးအောင် စမေးသည်။

'အင်း… လူနာရဲ့အခြေအနေကတော့ သိပ်မဆိုးပါဘူး၊ သူဟာ ဦးခေါင်းကို ထိခိုက်မိတဲ့ဒဏ်ရာကြောင့် အတိတ်ကို မေ့နေတာပါ၊ ဒီတော့ သူ့ကို ဒီမှာ ထားသွားရလိမ့်မယ်၊ ကျွန်တော်တို့ အစွမ်းကုန် ကုသပေးပါ့မယ်၊ ကံကောင်းရင်တော့ တစ်ပတ်အတွင်းပျောက်နိုင်ပါတယ်လေ'

ဒေါက်တာတင်လှစကားတွေကြောင့် လူအားလုံးဝမ်းသာကာ သွားကြသည်။

'ဒီလိုဆို ကျွန်မတို့ လူနာကို နေ့တိုင်းလာကြည့်နိုင်သလား အန်ကယ်'

အေးမြင့်သွယ် ဝမ်းသာသံကလေးဖြင့် ပြန်မေးသည်။

'အာ အာ နေ့တိုင်း လာကြပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့

www.burmeseclassic.com



ငွေမတို့ကလည်း သူ့ကို လွှင်ကိုကိုလို့ စွပ်စွဲနေကြသလို၊ ဟိုတစ်ယောက်ကလည်း ကောင်းမြတ်သူလို့ စွပ်စွဲနေကြတယ်၊ ဒီတော့ သူ့ရောဂါပျောက်မှပဲ သူဟာ လွှင်ကိုကိုလား၊ ကောင်းမြတ်သူလားဆိုတာ သူကိုယ်တိုင် အဆုံးအဖြတ်ပေးလိမ့်မယ်၊ အခုနေ သူ့ကိုသွားပြီး တစ်ယောက်တစ်ပေါက်လုပ်နေကြရင် လူနာဟာ ပိုပြီးရှုးသွားလိမ့်မယ်၊ ဒီတော့ သူ့ရောဂါ ကင်းကင်းရှင်းရှင်း ပျောက်တဲ့နေ့မှာ အန်တယ် အကြောင်းကြားပါ့မယ်ကွယ်'

ဒေါက်တာတင်လှ ပြောနေသည်မှာ မှန်ကန်နေသဖြင့် နှစ်ယောက်သောလူတွေမှာ လက်ခံလိုက်ကြရသည်။

'ဒီလိုဆို ကျွန်တော်တို့သွားတော့မယ်၊ အဲ··· လူနာရောဂါပျောက်ကင်းတဲ့နေ့မှာ ကျွန်တော်တို့ဆီကို အကြောင်းကြားပါနော်ဒေါက်တာ'

စိုးသိဏ်းက ပြန်ပြောသည်။

'အေး·· အေး အကြောင်းကြားပါ့မယ်၊ မင်းတို့လိပ်စာသာ ပေးခဲ့ပါ'

ဒေါက်တာတင်လှ၏ စကားအတိုင်း စိုးသိဏ်းက သူနေထိုင်ရာလိပ်စာကို ရေးပေးနေသည်။

ဦးသိန်းမြင့်တို့မှာမူ ဒေါက်တာတင်လှနှင့် သိကျွမ်းနေကြသူတွေမို့ လိပ်စာရေးပေးရန်မလိုပေ။

စိုးသိဏ်းတို့သည် ဒေါက်တာတင်လှအား လိပ်စာကိုပေးခဲ့ပြီးနောက် နှုတ်ဆက်ကာ ပြန်သွားခဲ့ကြသည်။

ဦးသိန်းမြင့်တို့လည်း စိုးသိဏ်းနှင့် မရှေးမနှောင်းအချိန်တွင် ပြန်သွားကြသည်။

'ဆရာမရေ၊ ဒေါက်တာသန်းစိုးကို သွားခေါ်ပေးစမ်းပါ'

လူနာရှင်တွေအားလုံး ပြန်အပြီးတွင် ဒေါက်တာတင်လှက

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ခြောက်နေသဖြင့် အနီးရှိသူနာပြုဆရာမကလေးအားပြောသ

'ဘာလုပ်မလို့လဲ ဆရာ၊ ဒေါက်တာသန်းစိုး ဒီနေ့ ရှ
မကျဘူးလေ'

'အာ.. ငါသိပါတယ်လေ၊ သွားသာ သွားခေါ်စမ်း
သူ့ကို ငါ စမ်းသပ်နိုင်းမလို့ပါ'

'ဘယ်သူ့ကို စမ်းသပ်နိုင်းမှာမို့လဲ ဆရာ၊ ဒေါက်တာ
တိုးအရှိသားပဲ'

'တောက် လျှာရှည်လိုက်တဲ့ဟာမကလေး၊ သန်းတိုးနဲ့
ဘူး၊ သန်းစိုးမှဖြစ်မှာ၊ တခြားသူကို စမ်းသပ်ဖို့မဟုတ်ဘူး
ငါ့ကိုယ်ကို စမ်းသပ်နိုင်းမလို့ သိလား'

ဒေါက်တာတင်လှကို စိတ်တိုသံဖြင့် သူနာပြုဆရာမက
ကိုပြန်ပြောနေသည်။

'ဘယ်လိုကြောင့်လဲ ဆရာ၊ ဆရာ ဘာဖြစ်လို့လဲ'

'ငါ့ကိုယ်ငါ မသင်္ကာလို့ပေါ့၊ ဘယ့်နှယ်ကွာ အရင်တုန်း
ငါ အခုစမ်းသပ်ကြည့်ခဲ့တဲ့ လူနာဟာ ဘာရောဂါမှမရှိဘူး၊ အခု
ခါပြန်စမ်းသပ်ကြည့်တော့ အတိတ်ကိုမေ့နေတဲ့ရောဂါရှိတာ တွေ့
လို့ ငါပဲ စိတ်နှောက်နေလို့လား၊ လူနာကပဲ မျက်လှည့်ပြတာလား
တာ သိချင်လို့ပေါ့ သိချင်လို့၊ ဒီတော့ မြန်မြန်ကလေး သွားခေါ်

ဒေါက်တာတင်လှ၏စကားအဆုံးတွင် သူနာပြုဆရာ
လေးမှာ ဒေါက်တာသန်းစိုးကိုခေါ်ရန် အမြန်ထွက်သွားရတော့သ

ဒေါက်တာတင်လှမှာတော့ စိတ်ပင်ပန်းနွမ်းနယ်ဟ
အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်နေ
တော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်လေး)

### မေတ္တာလုစ်ကာ မပြနိုင်ရှာသူ

ကောင်းမြတ်သူမှာ နန်းကြာညိုထံသို့ ရောက်နေသည်မှာ ရက်ကြာလာသည်နှင့်အမျှ သူ၏မေတ္တာတရားတို့မှာလည်း ရန်ကုန်မြို့မှ လမ်းဘေးဈေးသည်ကလေးပမာ တစ်နေ့တခြား တိုးပွားကာ လာနေတော့သည်။

နန်းကြာညိုကလည်း ကောင်းမြတ်သူအပေါ်တွင် ရောက်စတုန်းကလို မဟုတ်တော့ပေ။ တစ်နေ့တခြား အရေးပေးကာလာသည်။

ပထမဆုံးအကြိမ် တင်းနစ်ရိုက်ကြစဉ်က နန်းကြာညို ခြေချော်ကာလဲကျသွားရာတွင် ကောင်းမြတ်သူက စိုးရိမ်တကြီးဖြင့် ပွေ့ချီကာ ခေါ်ခဲ့သည့်အချိန်မှစ၍ နန်းကြာညို စိတ်တွေမှာ ပြောင်းလဲစပြုလာသည်။

ကောင်းမြတ်သူ၏တစ်သက်တွင် ချစ်သူရည်းစား မရှိခဲ့ဖူးသလို နန်းကြာညိုမှာလည်း ချစ်ရခင်ရမည့်သူရှိခဲ့သူ မဟုတ်ပေ။ ကောင်းမြတ်သူကဲ့သို့ပင် အချစ်ရေးကို စိတ်ကူးခဲ့သူ မဟုတ်ပေ။ ပညာရေးကိုသာ အဓိက အာရုံထားကာ နေခဲ့သူကလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နှစ်ဦးစလုံး၏စိတ်တွေမှာ ကမ္ဘာ့နိုင်ငံရေးများပမာ မယုံနိုင်
စရာကောင်းအောင် အပြောင်းလဲကြီး ပြောင်းလဲကုန်ကြလေပြီ။

မူလက ကောင်းမြတ်သူအား အစ်ကိုအရင်းခေါက်ခေါက်
သတ်ခဲ့သော ရန်သူတစ်ဦးအဖြစ် သဘောထားခဲ့သည်။ အစ်
အတွက် လက်စားချေရန် ကြံရွယ်ထားခဲ့သည်။

ကောင်းမြတ်သူက သူသည် လွင်ကိုကိုမဟုတ်ကြောင်း
အထပ်ထပ်အခါခါ ပြောဆိုနေမှုကြောင့် ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်
ဆိုင်းငံ့ထားခဲ့ရာမှ ကောင်းမြတ်သူ၏အခြေအနေကို အမြဲမပြတ်
လာကြည့်ရှုခဲ့သည်။

နန်းကြာညို ကြည့်ရှုလေ့လာရသမျှ ကောင်းမြတ်သူမှာ
တစ်ဦးတစ်ယောက်အား သတ်ဖြတ်ဝံ့သောစိတ်ထား မရှိကြောင်း
သိမြင်လာရသည်။ ထိုသို့သိမြင်လာခဲ့ရသည်နှင့်အမျှ ကောင်းမြတ်
သည် လွင်ကိုကို မဖြစ်နိုင်မှန်းကိုလည်း သဘောပေါက်လာသည်

လွင်ကိုကိုအား နန်းကြာညိုသည် ငါးမိနစ်ခန့်သာ မြင်
ဖူးသည်။ မြင်တွေ့ဖူးသလောက် အကဲခတ်ရသည်မှာ စိတ်ဆတ်
ရသည်။ အစ်ကိုဖြစ်သူ စောခွန်ချိုကလည်း လွင်ကိုကို စိတ်ဆတ်
များကို သူမနှင့် စကားစပ်မိကြတိုင်း ပြောပြလေ့ရှိခဲ့သည်။

ကောင်းမြတ်သူ၏ အသွင်လက္ခဏာကတော့ စိတ်ဆ
သည့်အသွင် လုံးဝမပေါ်ပေ။

စိတ်ရှည်၍ အေးအေးဆေးဆေးနေတတ်သော အသွင်ကို
ဆောင်နေသည်။

ကောင်းမြတ်သူအပေါ်တွင် လွင်ကိုကိုအဖြစ် ထင်မှတ်
လျော့သွားသဖြင့် နန်းကြာညိုမှာ အေးမြင့်သွယ်တို့၏အိမ်သို့ သူ
အထောက်တော်တွေကို နေ့ညမပြတ် စောင့်ကြည့်ခိုင်းထားရပြန်သည်

အေးမြင့်သွယ်၏အိမ်သို့ တာဝန်ချထားခြင်းခံရသော

www.burmeseclassic.com



ကြာညို၏ တပည့်တစ်ဦးက သတင်းတစ်ခုကို အပို့ရောက်လာသည်။

'မမလေး၊ လွင်ကိုကို အစစ်ကို ကျွန်တော် တွေ့ရပါပြီ'

သတင်းလာပေးသူ၏ စကားကြောင့် နန်းကြာညို ဝမ်းသာသွားတော့သည်။

'ဟုတ်လား၊ပြောစမ်းပါဦး၊အဲဒီ လွင်ကိုကိုဟာ ဘယ်မှာလဲ'

'စိတ်ရောဂါအထူးကု ဆေးရုံကြီးမှာ ရောက်နေတယ်'

'ဟင်.. ဘာဖြစ်လို့လဲ'

'သူဟာ အတိတ်ကို မေ့နေလို့တဲ့ မမလေး၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ'

'ဟဲ့.. ဘယ်လိုလုပ်ရမှာလဲ၊ သူ့ရောဂါ သက်သာတဲ့အထိ ပဲတို့ စောင့်ကြည့်ရမှာပေါ့'

'ဟာဗျာ မမလေးနှယ်၊ လွင်ကိုကိုဖြစ်တာ သေချာနေမှတော့ ရောဂါသက်သာတဲ့အထိ စောင့်မနေပါနဲ့ဗျာ၊ သူ့ကို သတ်ရမှာ အသေသာသတ်ပြီး အစ်ကိုလေးအတွက် လက်စားချေလိုက်ရင် ပြီးတာပဲဟာ'

'ဒီလိုလည်း မဟုတ်သေးဘူးလေ၊ သူ့ကို ငါတို့က မသတ်ခင်မှာ ဘာကြောင့် သတ်ရတယ်ဆိုတာ သူသိသွားအောင် ရှင်းပြချင်သေးတယ်၊ ဒီတော့ သည်းခံပြီး စောင့်ရတာပေါ့ကွယ်'

နန်းကြာညိုက သူမ၏ဆန္ဒကို ပြန်လည်ရှင်းပြသည်။

'ဒီလိုဆို ကျွန်တော်တို့ မှားပြီးဖမ်းထားခဲ့တဲ့ ဟိုလူကို ဘယ်လိုလုပ်မလဲ'

'လွင်ကိုကို မဟုတ်မှတော့ ပြန်လွှတ်လိုက်ရမှာပေါ့'

'ဟာ.. ဖြစ်ပါ့မလား မမလေး'

'ဘာကို မဖြစ်ရမှာလဲဟဲ့၊ ပြောစမ်းပါဦး'

'ဒီလိုပါ မမလေး၊ သူ့ကို ကျွန်တော်တို့က ခြောက်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လွှတ်လိုက်ရင် သူဟာ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ ရဲဘ
ကို ကျွန်တော်တို့ အကြောင်းတွေကို သတင်းသွားပေးမှာ စိုးရလို့ပ

'အိုကွယ်၊ ဒါကတော့ မင်းသက်သက်မယုံ စိုးရိမ်နေတာပ
သူက ဘာဆိုင်လို့ ရဲကို သတင်းသွားပေးမှာမို့လဲ'

'လွင်ကိုကို့ကို ကျွန်တော်တို့က သတ်ဖို့ကြံစည်နေကြ
သတင်းပေါ့ ..'

'ဒါဖြင့် သူ့ကို မလွှတ်ဘဲ အခုလို ဖမ်းထားရမလား'

'ဒီလိုလည်း မဟုတ်ဘူးလေ၊ ကျွန်တော် ကြံရွယ်ထားတ
ကတော့ သူ့ကို ဒီမှာလည်းမထားဘဲ အရင် သူနေထိုင်ခဲ့တဲ့ အေ
မြင့်သွယ်တို့အိမ်မှာ ပြန်ပြီးနေခိုင်းစေချင်တယ်'

ထိုသူ၏စကားကြောင့် နန်းကြာညိုမျက်နှာမှာ ကွက်
ပျက်သွားသည်။ နန်းကြာညိုအနေဖြင့် အေးမြင့်သွယ်တို့ထံသို့ ကောင်
မြတ်သူကို ပြန်မလွှတ်ချင်ပေ။ မည်သည့်အတွက် မလွှတ်ချင်သည်
ချစ်စွာသော စာဖတ်သူများအနေဖြင့် ရိပ်မိကောင်း ရိပ်မိပေလိမ့်မည်

မှန်ပါသည်။ အေးမြင့်သွယ်မှာ ကောင်းမြတ်သူအား လွင်
ကိုဟု ထင်မှတ်မှားနေသူဖြစ်သည်။ အကယ်၍ ကောင်းမြတ်သူအ
အေးမြင့်သွယ်ထံသို့ ပြန်လွှတ်လိုက်မည်ဆိုလျှင် ကောင်းမြတ်သူ
လူပျိုတစ်ယောက်မို့ အေးမြင့်သွယ်နှင့် တစ်နေ့နေ့တွင် မှားယွင်းသွ
နိုင်သည်။ သည်အဖြစ်မျိုးကိုတော့ နန်းကြာညို အဖြစ်မခံနိုင်ပေ

သူ့အနေဖြင့် ကောင်းမြတ်သူအပေါ်တွင် မေတ္တာတိမ်းညွ
သလိုလို ရှိနေလေပြီ။ သို့သော် သူမမှာ အစ်ကိုအတွက် လွင်ကို
အား လက်စားချေရမည်မို့ သူမ၏မေတ္တာကို ကောင်းမြတ်သူအ
လှစ်ကာ မပြနိုင်ရှာပေ။

အစ်ကိုအတွက် လက်စားချေခြင်းသည် သူ့အဖို့ မှန်က
သော်လည်း တရားဥပဒေကတော့ ခွင့်လွှတ်လိမ့်မည် မဟုတ်ပေ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအတွက် လွင်ကိုကိုအား လက်စားချေပြီးနောက် နန်း
ညိုသည် တရားဥပဒေက ပေးအပ်မည့်အပြစ်တွေကို ကျေကျေ
ခံယူသွားရန် ဆုံးဖြတ်ထားသူဖြစ်သည်။ ဤအချက်တွေကြောင့်
ကြာညိုမှာ သူ့မေတ္တာကို လှစ်ကာ မပြနိုင်ခြင်းဖြစ်သည်။

'အေးမြင့်သွယ်ရဲ့အိမ်မှာ ဘာအတွက် မင်းက နေခိုင်းချင်ရ
ဲ'

'အကြောင်းရှိလို့ပေါ့ မမလေးရယ်၊ အခု ကျွန်တော်တို့ဆီ
ရောက်နေတဲ့ ကောင်းမြတ်သူဟာ လွင်ကိုကိုနဲ့ ရုပ်ရည်ချင်းက
ရအောင် တူညီနေတဲ့အတွက် သူ့ကို လွင်ကိုကိုအဖြစ်နဲ့ပဲ
မြင့်သွယ်တို့ဆီကို ဟန်ပြန်ဆောင်ခိုင်းထား၊ ဒီအခါ အေးမြင့်သွယ်
နဲ့ စိတ်ရောဂါအထူးကုဆေးရုံမှာ ရောက်နေတဲ့ လွင်ကိုကို
အပေါ်မှာ အာရုံစိုက်မှု ကင်းဝေးသွားမယ်၊ သူတို့အာရုံစိုက်မှု
ဆေးမှုလည်း ကျွန်တော်တို့တစ်တွေဟာ လွင်ကိုကိုဆေးရုံက
ဘာကာနဲ့ လမ်းကဆီးဖမ်းပြီး ကျွန်တော်တို့ဆီ ခေါ်လာရုံပဲ၊
် သူ့ကို စစ်ဆေးပြီးအစ်ကိုလေး စောခွန်ချိုအတွက် လက်စားချေ
ပေါ့၊ ကျွန်တော်ပြောတာ မကောင်းဘူးလား'

နန်းကြာညို သက်ပြင်းကလေး အခါခါချရင်း စဉ်းစားနေ
သူမဏ်ဲတပည့်ပြောသော စကားများမှာ လွင်ကိုကိုအား လက်
ရန်အတွက် အလွန်ကောင်းမွန်သော အကြံပေးချက်တွေ ဖြစ်နေ
။

ထိုအကြံပေးချက်အတိုင်းမလုပ်ဘဲ လွင်ကိုကိုအား လက်စား
ည်ဆိုလျှင် အေးမြင့်သွယ်တို့အနေဖြင့် ငြိမ်ခံနေကြမည်မဟုတ်ပေ။
သက်ဆိုင်ရာ ရဲစခန်းသို့ တိုင်ကြားကြမည်မှာ သေချာသည်။
ကောင်းမြတ်သူအား လွင်ကိုကိုအဖြစ် အေးမြင့်သွယ်တို့ဆီ
ပို့ထားလျှင် လွင်ကိုကိုအစစ်မှာ လွတ်နေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမတို့အတွက် လက်စားချေရေးလုပ်ငန်းကြီး
အနှောင့်အယှက်မရှိ လုပ်ဆောင်နိုင်တော့မည်။

'ဘယ်လိုလဲ မမလေး၊ ကျွန်တော်ပြောတာ'

'အေးလေ၊ မင်းပြောတာ ငါ လက်ခံပါတယ်ကွယ်'

နန်းကြာညို လေးတွဲသောအသံဖြင့် ပြန်ပြောသည်။

'လက်ခံတယ်ဆိုရင် သူ့ကို မမလေး အကျိုးအကြေ
သွားပြောချေတော့'

ထိုလူ၏စကားအတိုင်း နန်းကြာညိုမှာ ကောင်းမြတ်
ရှိရာအပေါ်ထပ်သို့ တက်လာခဲ့ရသည်။

'သြော်.. သူ့ကို ငါ ခွဲရတော့မှာပါကလား'

ကောင်းမြတ်သူရှိရာသို့ တက်လာရင်း နန်းကြာညို
တွင်းမှ တွေးလိုက်မိသည်။ ဤအတွေးတွေကြောင့် နန်းကြာညို
ထဲတွင် နင့်ခနဲနေအောင် ခံစားလိုက်ရသည်။

မိန်းမတို့၏ စိတ်နှလုံးထားသည် အလွန်ပင် နူးညံ့လှသ
နူးညံ့လှသည်နှင့်အမျှ သံယောဇဉ်နှောင်ကြိုးကျတော့လည်း ယော
များထက် အတွယ်မြန်သည်။

ကောင်းမြတ်သူကဲ့သို့ လူသားတစ်ဦးကို မဆိုထားဘ
အိမ်တွင်ရောက်လာသော တိရစ္ဆာန်များအပေါ်၌ပင်လျှင် မိန်းမသာ
မှာ သံယောဇဉ် တွယ်တာမိကြသည်။

ယခု ကောင်းမြတ်သူကိုတော့ နန်းကြာညိုမှာ စိတ်ထဲ
ချစ်ခင်နေမိနေပြီမို့ ပြန်လည်ခွဲခွာရေးအတွက် တွေးလေ ဆွေးေ
နေရှာတော့သည်။

မတတ်နိုင်ပါ။

အစ်ကို့အတွက် ရန်သူကို လှလှပပကြီး လက်စားပြန်
ချေပါမည်ဟူ၍ သစ္စာဓိဋ္ဌာန်ပြုထားသည်က ရှိသည်။ သည်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသားကိစ္စကို အရေးမပေးနိုင်တော့ပါ။

လုပ်ဆောင်ရန် တာဝန်ရှိသည်တို့ကိုသာ ပြတ်ပြတ်သားသား ည်ဆောင်ရပေတော့မည်။ ကောင်းမြတ်သူရှိရာအခန်းသို့ရောက်လျှင် ကြာညို အခန်းတံခါးကို လက်ဖြင့်အသာတွန်းကာ ဝင်သည်။

'ဟာ… နန်းပါလား၊ ကျွန်တော်လည်း အခုပဲ ဆင်းလာ ာ့မလို့ပါ'

ကောင်းမြတ်သူက စပို့တ်ရှပ်ကိုဝတ်ဆင်နေရာမှလှမ်းပြောသည်။

အချိန်မှာ ညနေခင်းမို့ သူတို့နှစ်ဦးမှာ တင်းနစ်ရိုက်ကြလေ့ ကြသည်။ ယခုလည်း တင်းနစ်ရိုက်ချိန်မို့ ကောင်းမြတ်သူစိတ်ထဲ င် သူ့အား နန်းကြာညိုက တင်းနစ်ရိုက်ရန် လာခေါ်သည်အထင် ဖြင့် လှမ်းပြောခြင်းပင်။

သူတို့တစ်တွေမှာ ရင်းနှီးနေကြပြီမို့ ကောင်းမြတ်သူက း' ဟူ၍ခေါ်သလိုနန်းကြာညိုကလည်း 'အစ်ကို' ဟူ၍ပြန်ခေါ်သည်။

နန်းကြာညိုမှာ မည်သို့မျှ ပြန်မပြောပေ။ ကောင်းမြတ်သူ ာ်နှာကိုသာ ရှင်ကြည်လန်းဆန်းခြင်း မရှိသောမျက်နှာဖြင့် ငေး ည့်နေသည်။

'ဟင်… နန်း၊ ဘာဖြစ်လို့လဲ၊ မျက်နှာလည်း မကောင်းပါ း နေမကောင်းလို့သားဟင်'

ကောင်းမြတ်သူ ကြင်နာသံဖြင့် ပြန်မေးသည်။

နန်းကြာညို ချုံးပွဲချကာ ငိုချင်စိတ်ပေါက်နေမိသည်။ ငိုချင် ယ့် ငိုမဖြစ်သောဘဝမို့ စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားရသည်။

'မဖြစ်ပါဘူး အစ်ကိုရယ်၊ နန်းလေ အစ်ကို့ကို ပြောစရာ ှိပါ'

အသံကိုပင် ငိုသံပါမသွားရန် နန်းကြာညို ကြိုးစားအော ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ နန်း၊ ပြောပါလေ'

'တခြား မဟုတ်ပါဘူး၊ နန်းတို့ လွင်ကိုကိုအစစ်ကို
ထားပြီ..'

'ဟင်.. တွေ့ထားပြီ၊ ဒီလိုဆို ကျွန်တော် ဒီအိမ်က
နိုင်ပြီပေါ့နော်'

ကောင်းမြတ်သူ ဝမ်းသာသံကလေးဖြင့် ပြန်ပြောသည်

'သြော်.. အစ်ကိုက နန်းနဲ့ခွဲသွားရမှာ တော်တော် ဝမ်း
နေတယ်နော်'

နန်းကြာညိုက ဝမ်းနည်းသံကလေးဖြင့် ပြန်မေးသည်
ကောင်းမြတ်သူ ငိုင်သွားရှာသည်။

'မဟုတ်ပါဘူး နန်းရယ်၊ ဒီအတွက် ဝမ်းသာတာ မ
ပါဘူး'

'ဒို့.. ဘာအတွက် ဝမ်းသာနေတာလဲ'

'ကျွန်တော့်အမေနဲ့ ပြန်တွေ့ရတော့မယ့်အတွက်ပါ..'

'အစ်ကို့အမေက ဘယ်မှာမို့လို့လဲ'

'မိုးညှင်းမှာလေ'

'ဒါပေမဲ့ အခုလောလောဆယ်မှာတော့ အစ်ကို့အမေနဲ့
လို့မဖြစ်သေးဘူး'

'ဟောဗျာ.. ဘာဖြစ်လို့'

'နန်းလေ.. အစ်ကို့ကို အကူအညီတောင်းစရာ ရှိနေ
အဲဒါ အစ်ကိုက ကူညီစေချင်တယ်'

'ဟုတ်ကဲ့ နန်းအတွက်ဆိုရင် အစ်ကိုကတော့ ဘာ
လုပ်ရ အသင့်ပါကွယ်'

'တကယ်လား အစ်ကိုရယ်'

နန်းကြာညို ချစ်ရည်ရွှန်းဝေသော မျက်လုံးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ မေးသည်။

'တကယ်ပါ နန်းရယ်၊ အစ်ကို လိမ်မပြောတတ်ပါဘူး'

ကောင်းမြတ်သူ ပြန်ပြောသည်။

တကယ်ဆိုရလျှင် ကောင်းမြတ်သူသည် စကားကို ဤမျှ တော ပြောချင်ပါသည်။

သူ့ရင်ထဲတွင် နန်းကြာညိုအပေါ်၌ မည်မျှ ချစ်မေတ္တာတရား များ ကြီးမားခိုင်မာနေကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ကြီး ပြောပြချင် မိမ်းလှသည်။ သို့သော် ကောင်းမြတ်သူမှာ အချစ်နှင့် ပတ်သက်၍ အတွေ့အကြုံရှိသူ မဟုတ်၍ ပြောပြရန် နှုတ်က မရဲပေ။

နန်းကြာညိုကတော့ ကောင်းမြတ်သူစကားတွေကြောင့် စိတ် ထဲတွင် ပီတိတွေဖြာနေသည်။

'ကောင်းပြီ၊ ဒီလိုဆို နန်း ပြောပြမယ်၊ အစ်ကို နားထောင်၊ အစ်ကိုဟာ မိုးညှင်းမြို့က အစ်ကို့အမေဆီကို မပြန်ပါနဲ့ဦး၊ နန်းတို့ကို ကူညီတဲ့အနေနဲ့ အစ်ကိုအရင်ကနေခဲ့တဲ့ အေးမြင့်သွယ်တို့ဆီကို ပြန် သွားပါ'

နန်းကြာညိုစကားကို ကြားရလျှင် ကောင်းမြတ်သူ မျက်လုံး ပြူးကျယ်သွားသည်။

'အာ.. မဖြစ်ဘူးထင်တယ် နန်း'

'ဘာလို့ မဖြစ်ရမှာလဲ'

'မဖြစ်ဆို နန်းတို့ပဲ ခုနင်က ပြောခဲ့တယ် မဟုတ်လား၊ သွင်ကိုကို အစစ်ကို တွေ့နေပြီဆို'

'မှန်တယ်လေ'

'မှန်တယ်ဆိုရင် အစ်ကိုဟာ ဘယ်လိုလုပ် အေးမြင့်သွယ်တို့ အိမ်ကို သွားဖြစ်မလဲ၊ သူ့ယောကျ်ားကြီးရှိနေမှတော့ အရင်လို အစ်ကို့ ကို ဘယ်လက်ခံတော့မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အာ.. အစ်ကိုကလည်း၊ လွင်ကိုကိုဟာ အေးမြင့်သွယ်တို့အိမ်မှာ မရောက်သေးပါဘူးလေ၊ ဒါကြောင့် အစ်ကိုဟာ အေးမြင့်သွယ်တို့ဆီပြန်သွားပြီး လွင်ကိုကို အယောင်ဆောင်ပေးပါလို့ နှန်းက နိုင်းတာပေါ့'

'ဟောဗျာ.. ဘာအတွက်လဲ'

'နှန်းတို့မှာ လွင်ကိုကိုနဲ့ပတ်သက်ပြီး ဆောင်ရွက်စရာကလေးတွေ ရှိနေလို့ပါ'

'နှန်းတို့ ဆောင်ရွက်စရာရှိတာနဲ့ အစ်ကိုဟာ လွင်ကိုကိုအဖြစ် ဆောင်ရွက်ရတာဟာ ဘယ်လို သက်ဆိုင်နေလို့လဲကွယ်'

ကောင်းမြတ်သူ နားမလည်ဟန်ဖြင့် ပြန်မေးနေသည်။

'နှန်း ပြောပြပါ့မယ်လေ၊ ဒီလိုပါ၊ အစ်ကိုသိတဲ့အတိုင်း လွင်ကိုကိုဟာ နှန်းရဲ့အစ်ကို စောခွန်ချိုကိုသတ်ခဲ့တဲ့အတွက် သူ့ကို ထိုက်တန်တဲ့အပြစ်ကို ပေးချင်တယ်'

'ဘယ်လို အပြစ်မျိုးလဲ နှန်း၊ သတ်ပစ်မှာလား'

'ဒါကတော့ သတ်သင့်ရင် သတ်ရမှာပေါ့၊ အဲ.. အပြစ်မရှိရင်တော့ လွှတ်ရမယ်လေ'

'အာ.. အာ အဲဒီလို လွင်ကိုကို့ကို နှန်းတို့က သတ်မယ်ဆိုရင် ကျွန်တော်ကလည်း ကြံရာပါ ဖြစ်မနေဘူးလား နှန်းရယ်'

ကောင်းမြတ်သူ ထိတ်လန့်သံဖြင့် ပြန်မေးသည်။

နှန်းကြာညိုက ခပ်ပြုံးပြုံးကလေးပြန်ကြည့်ကာ ပြောသည်။

'ဒါနဲ့များ နှန်းအတွက်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်ဝံ့ပါတယ်ဆို...'

'အာ.. အ.. အဲဒါက ဟိုဟို ဟိုဒင်းကို ပြောတာပါ'

ကောင်းမြတ်သူ ထစ်ထစ်ငေါ့ငေါ့ဖြင့် လိုရင်းမရောက် ဖြေနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲပါ.. ဟိုဒင်းတွေ ဟိုဟာတွေ လုပ်မနေပါနဲ့၊ နန်းကို ချစ်တယ်ဆိုရင် ကူညီပေါ့၊ ပြီးတော့... အစ်ကို့အနေနဲ့ ကြံရာပါလည်း မဖြစ်နိုင်ပါဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ လွင်ကိုကိုနဲ့အစ်ကိုဟာ ရုပ်ချင်း ရွေးမရအောင် တူညီနေကြတဲ့အတွက် ဘယ်သူကမှ အစ်ကို့အပေါ် သင်္ကာမကင်း ဖြစ်ကြမှာမဟုတ်ပါဘူး၊ ဒီတော့ နန်းပြောသလို အေးမြင့်သွယ်တို့အိမ်မှာပဲသွားနေပါ၊ ဒါမှ နန်းတို့အကြံ အောင်မှာ အစ်ကိုရဲ့'

နန်းကြာညို၏ စကားတွေကြောင့် ကောင်းမြတ်သူ အခက်တွေ့နေရတော့သည်။

'ဒီကိစ္စမှာ အစ်ကိုဟာ အေးမြင့်သွယ်အိမ်ကို ပြန်မသွားဘဲ နေလို့မရဘူးလား နန်း'

ကောင်းမြတ်သူ စောဒကတက်ကြည့်သည်။

'မရဘူး အစ်ကို၊ ဘာကြောင့် မရဘူးဆိုတာ နန်း ရှင်းပြပါဦးမယ်၊ အစ်ကိုမရှိဘဲ နန်းတို့ဟာ လွင်ကိုကို့ကို ဖမ်းခေါ်သွားကြမယ်ဆိုရင် အေးမြင့်သွယ်တို့က ငြိမ်နေကြမှာမဟုတ်ဘူး၊ ရဲဘက်ကို အကူအညီတောင်းကြပြီးသားမဲ့၊ တကယ်လို့ အစ်ကိုက လွင်ကိုကို အဖြစ် သူတို့ဆီမှာ ပြန်သွားမယ်ဆိုရင်တော့ လွင်ကိုကိုအစစ်အပေါ်မှာ သူတို့အာရုံစူးစိုက်ကြတော့မှာ မဟုတ်ဘူး၊ အစ်ကို့ကို လွင်ကိုကို အစစ်ကိုထင်ပြီး နန်းတို့ ခေါ်သွားကြမယ့် လွင်ကိုကိုအစစ်ကိုတော့ ကောင်းမြတ်သူလို့ ထင်နေကြမှာမို့ သူတို့အနေနဲ့ ဂရုပြုကြတော့မှာ မဟုတ်လို့ပါ၊ ဒါကြောင့် နန်းတို့ဟာ အစ်ကို့ဆီမှာ အကူအညီ တောင်းနေရတာပါကွယ်'

နန်းကြာညို၏စကားများကို နားထောင်ရင်း ကောင်းမြတ်သူ စိတ်ရှုပ်နေသည်။ စိတ်ပင်ရှုပ်သော်လည်း သူ့အနေဖြင့် ပြန်လည်ငြင်းဆန်ရမှာ ခက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ အစ်ကိုအနေနဲ့စိတ်မပါပေမယ့် နန်းအတွက် ကူညီပါ့မယ်၊ ဒါထက် အစ်ကိုဟာ ဘယ်လောက်ကြာကြာ လွင်ကိုကို အဖြစ် အယောင်ဆောင်နေရမှာလဲ'

'ဖြစ်နိုင်မယ်ဆိုရင် လွင်ကိုကိုအဖြစ် တစ်သက်လုံးသာ ဆောင်သွားပါ အစ်ကိုရယ်'

'ဘယ့်နှယ်'

နန်းကြာညိုစကားကြောင့် ကောင်းမြတ်သူ စိတ်ပျက်သွားတော့သည်။

'ဒီမှာ နန်း၊ တစ်သက်လုံး အယောင်ဆောင်ဖို့မပြောနဲ့ ခဏ အယောင်ဆောင်ရတာတောင် အစ်ကို့အတွက် မလွယ်ဘူးခင်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ အေးမြင့်သွယ်ဟာ သူ့ယောကျ်ား လွင်ကိုကိုမှတ်ပြီးပွတ်သီးပွတ်သပ်နေလေတော့ဒီကအကောင်အဖို့မသက်သာဘူး'

'ဒါများ အစ်ကိုရယ်၊ စိတ်ညစ်နေရသေးသလား၊ အစ်ကိုက ယောကျ်ားပဲ၊ နစ်နာစရာ မရှိပါဘူးလေ'

ကောင်းမြတ်သူ၏စိတ်ကို စမ်းလိုသော သဘောဖြင့် နန်းကြာညိုက ပြောခြင်းဖြစ်သည်။

'ဘယ်လိုပြောလိုက်တာလဲ နန်းရယ်၊ အစ်ကိုဟာ ရေကန်တွေတိုင်း ဒိုင်ဗင်ထိုးပြီး ရေကူးတတ်တဲ့လူမျိုး မဟုတ်ပါဘူး၊ ပြီးတော့ ဒီက ချစ်နေတာက ဒီကမ္ဘာကြီးထဲမယ် တစ်ယောက်တည်းပဲ ရှိသေးတယ်၊ အေးမြင့်သွယ်ကိုတော့ ညီမလေးလိုပဲ ချစ်ပါတယ်'

ကောင်းမြတ်သူ ပြောရင်း နန်းကြာညို၏ ရှုမဝနိုင်သော မျက်နှာကလေးကို လှမ်းကြည့်နေသည်။ နန်းကြာညိုက ပြုံးနေသည်။

'ပြောစမ်းပါဦး၊ ဒီကမ္ဘာလောကကြီးမယ် အစ်ကိုချစ်နေတဲ့ တစ်ယောက်သောသူက ဘယ်သူများလဲဟင်'

'မေးနေစရာ လိုသေးသလားနန်းရယ်၊ အစ်ကို့ရှေ့မှာ ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



အလှပင်တိုင်စံမကလေးပေါ့'

နန်းကြာညိုသည် ကောင်းမြတ်သူ၏ စကားအဆုံး၌ သက်ရှည်ကလေးကို ချလိုက်သည်။

'အခုလို အစ်ကို့ဆီက စကားကို ကြားရတာ နန်း ဝမ်းသာတယ်၊ ဒါပေမဲ့ နန်းဘဝဟာ မရေရာပါဘူးအစ်ကို၊ ဒီတော့ နန်းပါမှာ သံယောဇဉ်ဖြတ်လိုက်ပါ'

'ဘာဖြစ်လို့လဲ နန်းရယ်၊ အစ်ကိုချစ်သလို မချစ်နိုင်လို့လား'

'မချစ်နိုင်လို့ မဟုတ်ပါဘူး၊ နန်းကလည်း ချစ်ချင်ပါတယ်၊ ချင်ပေမယ့်လည်း နန်းမှာ သစ္စာအဓိဋ္ဌာန်ပြုထားခဲ့တဲ့ ကိစ္စကြီးက သေးတော့ အစ်ကို့မေတ္တာကို တုံ့ပြန်မှုမပေးနိုင်ဘူးလေ၊ ကဲ..ကဲ စကားတွေ ဒီမျှနဲ့ပဲ ရပ်ကြပါစို့၊ အစ်ကိုသာ အေးမြင့်သွယ်တို့ ကိုသွားဖို့ပြင်ပါ၊ နန်းတို့ လိုက်ပို့ပေးမယ် ဟုတ်လား'

နန်းကြာညိုမှာ ကောင်းမြတ်သူရှေ့တွင် ကြာကြာမနေလို ဖြင့် လှည့်ထွက်သွားသည်။

'ဩော်.. နန်းရယ်'

ကောင်းမြတ်သူတိုးတိုးကလေးညည်းညူရင်းကျန်ရစ်ခဲ့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ့်ငါး)

## အဝေးမှ ဘဝ

ကောင်းမြတ်သူအား နန်းကြာညို၏ တပည့်တစ်ဦးဖြစ်
သော်တာကိုယ်တိုင် ဂျစ်ကားကလေးဖြင့် အေးမြင့်သွယ်၏တိုက်
လိုက်ပို့ခဲ့သည်။ ပို့သည်ဆိုသော်လည်း ခြံထဲအရောက်ပို့သည်
မဟုတ်ပေ။ အေးမြင့်သွယ်တို့နေထိုင်ရာ 'သီတဂူ' ခြံကြီးအနီးသို့
ပို့ ခဲ့သည်။

'ကဲ… သွားပေတော့ ကိုကောင်းမြတ်သူရေ၊ တခြား
တော့ ထွက်သွားဖို့မကြိုးစားနဲ့နော်၊ ကျွန်တော်တို့က စောင့်ကြည့်
ကြမှာ၊ အဲ… ကျွန်တော်တို့ ကိစ္စပြီးသွားရင်တော့ ခင်ဗျားသ
ပေါ့ဗျာ'

သော်တာက ဂျစ်ကားကို ရပ်အပြီးတွင် ကောင်းမြတ်သူ
မှာကြားနေသည်။

'အေးလေဗျာ၊ ခင်ဗျားတို့ ကောင်းတယ်ထင်ရင် လုပ်
လုပ်ကြပေါ့၊ ကျွန်တော်ကတော့ စိတ်မပါပေမယ့် ခင်ဗျားတို့ပြော
သလို လုပ်ပေးရမှာပေါ့၊ ကဲ .. သွားမယ် ဗွဒ်သိုင်'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူ နှုတ်ဆက်ကာ သီတဂူခြံကြီးအတွင်းသို့ ဝင်သွားတော့သည်။ ခြံထဲတွင် မည်သူ့ကိုမှ မတွေ့ရပေ။ ပန်းခြံထဲတွင် မြက်များကို ရိတ်နေသည့်မာလီကုလားကြီးတစ်ဦးကိုသာ တွေ့ရသည်။ မာလီကုလားကြီးကတော့ ကောင်းမြတ်သူ လာရာဘက်သို့ ကျောခိုင်းထား၍ သူ့ကို မတွေ့ပေ။

သော်တာမှာ ကောင်းမြတ်သူ ခြံကြီးအတွင်းသို့ ဝင်သည်ကို ချောင်းကြည့်နေပြီးနောက် ကားကို ပြန်လည်၍ မောင်းထွက်သွားသည်။

ခြံတွင်းသို့ ဝင်လာရင်းမှ ကောင်းမြတ်သူမှာ နန်းကြာညို အား သတိရနေမိသည်။

'ဩော်.. နန်း နန်း။ ဘယ်အခါများကျမှ ပြန်လည်ဆုံစည်းကြရမလဲကွယ်၊ အစ်ကိုကတော့ နန်းကို ဒီတစ်သက်မှာ မေ့ပျောက်နိုင်တော့မှာ မဟုတ်ပါဘူး'

ကောင်းမြတ်သူ အောက်မေ့သတိရသံကြီးဖြင့် နန်းကြာညို အား တမ်းတရင်း ရေရွတ်နေမိသည်။

အေးမြင့်သွယ်တို့၏ နှစ်ထပ်တိုက် ဆင်ဝင်အောက်တွင် မိနစ်ဘူရှိကားကြီးမှာ ရပ်ထားသည်ကို တွေ့ရသည်။

ကောင်းမြတ်သူသည် ကားကြီးကို တစ်ချက်လှမ်းကြည့်ပြီး နောက်တိုက်ဝတွင် ရပ်သည်။ တိုက်၏သံတံခါးမှာ ပိတ်ထားသည်။

သံတံခါး၏ ညာဘက်ရှိ တိုက်နံရံတွင် လူခေါ်ဘဲလ်ကလေး ရှိသည်။ ကောင်းမြတ်သူမှာ ရန်ကုန်မြို့ရှိ တိုက်အကြောင်းများကို သိသူမဟုတ်၍ ဘဲလ်ရှိမှန်း မသိပေ။

'အဟမ်း.. အဟမ်း.. အဟမ်း'

ချောင်းဆိုးသံကလေးကိုသာတိုက်ဝတွင်ရပ်ကာပေးနေသည်။

'ဟင်.. ကိုကို'

ကောင်းမြတ်သူ၏ ချောင်းဆိုးသံကြောင့် အိမ်တွင်းမှ အေး

www.burmeseclassic.com

www.burmeseclassic.com



မြင့်သွယ် ထွက်လာသည်။ ကောင်းမြတ်သူကို တွေ့ရလျှင် အတက်ပါ အတိုင်း အသံပြုရင်း အံ့ဩနေသည်။

'ချစ်ချစ်ချော‌ရေ၊ သံတံခါးသော့ ‌မြန်မြန်ယူလာစမ်း'

အေးမြင့်သွယ် နောက်ဖေးဘက်သို့ အသံလှမ်းပြုသည်။

'လာပြီ မမရေ'

ချစ်ချစ်ချော အသံပြန်ပေးရင်း အိမ်ရှေ့သို့ အပြေးကလေး ထွက်လာသည်။

ကောင်းမြတ်သူ၏ ရင်ထဲတွင်တော့ တထိတ်ထိတ်တလန့်လန့်ဖြစ်နေသည်။ သူ ရင်ထိတ်နေခြင်းမှာ နှစ်မျိုးနှစ်စားဖြစ်သည်။ ပထမအမျိုးအစားမှာ သူ့ကိုမြင်လျှင် လွင်ကိုကိုအမှတ်ဖြင့် ပွတ်သီးပွတ်သဖ်လုပ်နေသော အေးမြင့်သွယ်ကြောင့်ဖြစ်သည်။

ဒုတိယအမျိုးအစားကမူ ယခုတစ်ကြိမ် အေးမြင့်သွယ်တို့ထံသို့ သူလာခြင်းမှာ ယခင်ယခင် အခေါက်များလို သူ့အား ထိုအိမ်မှ လူများက လူမှားခေါ်ကာ ရောက်လာရခြင်းမဟုတ်ပေ။ သူကိုယ်တိုင်က နန်းကြာညို၏ အကူအညီတောင်းခံမှုအရ··· လွင်ကိုကိုယောင်ဆောင်ကာ ရောက်လာရခြင်းဖြစ်သည်။အယောင်ဆောင်ဘ၀ဖြင့် လာခဲ့ရသူမို့ ယခင်ကလို လိပ်ပြာသန့်သန့်ဖြင့်မနေနိုင်။

'ငါ လိမ်နေတာ ဘယ်တော့ပေါ်မှာလဲ'ဟူသော စိုးရွံ့စိတ်တို့ဖြင့် ရင်ထိတ်နေရသည်လည်း' တစ်မုံ့။

ချစ်ချစ်ချောမှာ ကောင်းမြတ်သူအား မြင်လျှင် လှမ်းနှုတ်ဆက်လိုက်သည်။

'ဟာ·· အစ်ကိုပဲ'

ချစ်ချစ်ချော နှုတ်ဆက်ရင်း သံတံခါးကို ဖွင့်ပေးသည်။ အေးမြင့်သွယ်မှာ သံတံခါးပွင့်သွားလျှင်သွားချင်း ကောင်းမြတ်သူအား ပြေးဖက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ဒါ ဘယ်လိုဖြစ်တာလဲဟင်၊ ကိုကို့ရောဂါပျောက် သွားပလား၊ သွယ်လေ သိပ်ကို ဝမ်းသာတာပဲကွယ်..'

အေးမြင့်သွယ်မှာ သာလိကာမကလေးသဖွယ် တတွတ် တွတ် ပြောရင်း ကောင်းမြတ်သူ၏ ပါးတစ်ဖက်ကိုပါ ချစ်ခင်ယုယစွာ နှင့် လှမ်းနမ်းသည်။

'ဟိုက်.. စလုံရေတော့ စလာပြီ၊ ဒုက္ခပဲဟ'

ကောင်းမြတ်သူ စိတ်တွင်းမှ ရေရွတ်မိသည်။

အေးမြင့်သွယ်သည် အိမ်တွင်းသို့လည်းလှမ်း၍အသံပြုနေသည်။

'ဖေဖေနဲ့မေမေတို့ရေ၊ ကိုကို ပြန်ရောက်လာပြီ၊ ဆင်းခဲ့ကြ ဦး'

အေးမြင့်သွယ်သည် အိမ်တွင်းသို့လှမ်းကာ အသံပြုပြီးနောက် ကောင်းမြတ်သူဘက်သို့ လှည့်ကာ မေးနေပြန်သည်။

'ကိုကို အခုလိုထွက်လာတာ ဒေါက်တာတင်လှ သိသလား ဟင်၊ ကိုကို့ကို ဒီအရောက် ဘယ်သူလိုက်ပို့တာလဲ၊ သွယ်တို့ဆီကို ဆက်လိုက်ရောပေါ့၊ သွယ်လာကြိုမှာပေါ့ ကိုကိုရယ်'

အေးမြင့်သွယ်သည် ကောင်းမြတ်သူ၏ခါးကို လက်တစ် ဖက်ဖြင့် ဖက်ထားရင်း မေးနေသည်။

'ဘယ်သူမှ မပို့ဘူး၊ ကိုကို့ဘာသာ ကိုကို လာခဲ့တာ'

'ဒါဖြင့် ဒေါက်တာတင်လှ မသိဘူးပေါ့'

'ဒေါက်တာတင်လှနဲ့ ဘာဆိုင်လို့ သိရမှာလဲ၊ သူ့ဆီနေ တာမှမဟုတ်ဘဲ'

ကောင်းမြတ်သူစကားကြောင့် အေးမြင့်သွယ် အံ့ဩသွားသည်။

'အာ.. ကိုကိုကလည်း ဘာတွေပြောနေတာလဲလို့၊ ကိုကို က အတိတ်ကို မေ့နေလို့ စိတ်ရောဂါကုဆေးရုံကြီးမှာ တင်ထားရ တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'တောက်တီးတောက်တက်၊ ကိုကိုဟာ အတိတ်ကိုမေ
သလို သိန်းထိန်ပါတ်ကိုလည်း ထိုးပြီးရင် မှတ်မိနေတဲ့ကောင်း
သွယ်ရဲ့ ဟဲဟဲ'

'အာ.. ကိုကိုကလည်း နောက်နေပြန်ပါပြီ'

'နောက်နေတာ မဟုတ်ဘူး၊ ကိုကိုမှ ဘာမှမဖြစ်တဲ့ဟာ
သွယ်က စိတ်ရောဂါကု ဆေးရုံကလာသလား ဘာလားနဲ့မေးတာ

ကောင်းမြတ်သူ၏စကားကြောင့် အေးမြင့်သွယ် ငိုင်သွား
သည်။ ချစ်ချစ်ချော့မှာ သူတို့ပြောဆိုနေကြသည်ကို နားထောင်ရင်း
နောက်ဖေးခန်းသို့ ပြန်ဝင်သွားသည်။

'ကိုကို တကယ်ပြောတာနော်'

'ဘယ်တုန်းကများ ကိုကို လိမ်ပြောဖူးလို့လဲ'

'ဒါဖြင့် ဟိုတစ်နေ့တုန်းက စိတ်ရောဂါကုဆေးရုံကလူ
ကိုကို မဟုတ်တော့ဘူး၊ ဟိုမိန်းမကြီးရဲ့သား ကောင်းမြတ်သူဆို
ပဲဖြစ်ရမယ်'

အေးမြင့်သွယ် တိုးတိုးကလေး ရေရွတ်နေသည်။

'ဟိုမိန်းမကြီးရဲ့သား ကောင်းမြတ်သူ'ဟူသော စကား
ကြားရလျှင်ကောင်းမြတ်သူတစ်ကိုယ်လုံးတုန်လှုပ်ကာသွားတော့သည်

'ဟယ်.. ဘယ်လိုလဲ၊ ငါ့မေမေ မိုးညှင်းမြို့ကနေ ရန်ကုန်
ရောက်နေပြီလား၊ ဒီလိုဆိုရင် ငါ့သူငယ်ချင်း စိုးသိဏ်းကခေါ်လို့
မှာပဲ၊ သေချာအောင် ငါထပ်ပြီး မေးကြည့်ဦးမှပဲ'

ကောင်းမြတ်သူ တွေးပြီး အေးမြင့်သွယ်ကို ပြန်မေးသ

'ဘယ်က မိန်းမကြီးလဲ သွယ်ရဲ့၊ ပြောပါဦး'

'မိုးညှင်းကဆိုလား၊ မိုးကောင်းကဆိုလား သိပါဘူး
တော့ သာကေတက လူတစ်ယောက်လည်း ပါတယ်လေ'

သေချာသွားလေပြီ။ သူ့အမေမှ သူ့အမေ အစစ်။ သာ

www.burmeseclassic.com

www.burmeseclassic.com



ဘမှ လူတစ်ယောက်ဆိုသူကတော့ သူ့သူငယ်ချင်း စိုးသိဏ်း။

'အင်း‥ မေမေဆိုတာကတော့ သေချာသွားပြီ၊ သေချာတာ ထားပါတော့၊ ဟိုလူ လွင်ကိုကိုက ဘယ်လိုကနေဘယ်လိုလုပ်ပြီး မေမေတို့ဆီ ရောက်နေရတာလဲ၊ လောကကြီးဟာ တယ်လည်းဆန်း ကြယ်လှပါကလား၊ လွင်ကိုကိုအစစ် ငါက အေးမြင့်သွယ်တို့ဆီမှာ ရောက်နေပြီး၊ အစစ်ကတော့ မေမေတို့ဆီမှာ ကောင်းမြတ်သူအစစ် အဖြစ် ရောက်နေတယ်၊ အံ့ရော အံ့ရော၊ ဒီအဖြစ်တွေဟာ ယုံနိုင်စရာ မရှိအောင်ကို ဆန်းကြယ်တာပဲ'

ကောင်းမြတ်သူ အံ့သြမဆုံးဖြစ်နေခိုက် ဦးသိန်းမြင့်တို့ လင် မယားလည်း သူတို့အနီးသို့ ရောက်လာကြသည်။

'ဟဲ့‥ မောင်လွင်ကိုကို၊ မင်း ဆေးရုံက ဆင်းလာပြီလား'

ဒေါ်ရီက ဝမ်းသာအားရသံဖြင့် လှမ်းမေးသည်။

'အာဗျာ၊ ကျွန်တော်က ဘာရောဂါရှိလို့ ဆေးရုံက ဆင်းရ မှာလဲ ဒေါ်ဒေါ်'

'ဟင်‥ မင်း ဟိုတစ်နေ့က‥'

ဒေါ်ရီစကားမဆုံးမီ အေးမြင့်သွယ် ဖြတ်ပြောသည်။

'အို‥ မေမေ အဲဒါ ကိုကို မဟုတ်ဘူး၊ ကောင်းမြတ်သူပါ၊ သမီးတို့ လူမှားနေကြတာ မေမေရဲ့'

'ဟေ‥'

ဒေါ်ရီ အံ့သြသွားပြန်သည်။

ဦးသိန်းမြင့်ကလည်း မယုံကြည်သလိုဖြင့် ကောင်းမြတ်သူ ကို လှမ်းကြည့်နေသည်။

'ဒါဖြင့် မင်း အခု ဘယ်ကလာတာလဲ မောင်လွင်ကိုကို'

'အဲဒီအကြောင်းပြောရရင် အရှည်ကြီးပဲ ဦးလေး၊ နောက်မှ ပြောပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူ မင်သေသေဖြင့် လိမ်နေသည်။

'ကဲပါ.. ကိုကို ပင်ပန်းလာပါတယ် ဖေဖေရယ်၊ မေးစ ရှိရင် နောက်မှမေးပါ၊ လာ ကိုကို၊ အပေါ်ထပ်သွားပြီးအပန်းဖြေ ရအောင်'

အေးမြင့်သွယ်မှာ ခင်ပွန်းဖြစ်သူ လွင်ကိုကိုအမှတ်ဖြ ကောင်းမြတ်သူ၏ကိုယ်ကို ပွေ့ဖက်ကာ ခေါ်နေသည်။ ကောင်းမြ သူမှာတော့ အနေရအထိုင်ရခက်နေရှာသည်။ ဦးသိန်းမြင့်သည် အခ တွင်းသို့ ပြန်ဝင်သွားပြီးနောက် စိတ်ရောဂါ အထူးကုဆေးရုံကြီးတွ တာဝန်ထမ်းဆောင်နေသော ဒေါက်တာတင်လှထံသို့ တယ်လီဖုန လှမ်းဆက်ကြည့်သည်။

'ဟဲလို ဒေါက်တာတင်လှလား'

'ဟုတ်ပါတယ်၊ ကျုပ် တင်လှပဲ၊ ဘယ်သူလဲ'

'ကျွန်တော်ပါ ဒေါက်တာ၊ သိန်းမြင့်ပါ၊ ဟိုလူနာအခြေအ မေးချင်လို့ပါ၊ သူ အခု ဆေးရုံမှာပဲမဟုတ်လား'

ဦးသိန်းမြင့် သွယ်ဝိုက်သောနည်းဖြင့် မေးကြည့်နေသည်

'မှန်ပါတယ်၊ ဦးသိန်းမြင့် ဆေးရုံမှာပါ၊ အခြေအနေကတော မျှော်လင့်ထားတာထက်ကို ပိုကောင်းနေပါတယ်'

'ဟုတ်ကဲ့ အခုလောက်သိရရင် ကျေနပ်ပါပြီ ခင်ဗျာ၊ ကျေ ဇူးတင်ပါတယ်'

ဦးသိန်းမြင့် ပြောပြီး တယ်လီဖုန်းခွက်ကို ပြန်ချထားလိုက်သည်

'ဘာကဲ့လဲ ကိုသိန်းမြင့်၊ ဟိုသူငယ် ရှိသတဲ့လား'

ဒေါ်ရီက လှမ်းမေးသည်။

'အေး.. ရှိတယ်တဲ့၊ ငါတော့ အံ့ရောကွာ၊ မောင်လွင်ကို နဲ့ အမြွှာမွေးဆိုရင် ငါတော့ ခြွင်းချက်မရှိကို ယုံမိမှာပဲဟေ့ ဟား ဟား'

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းမြင့်က သဘောကျနေဟန်ဖြင့် ရယ်နေသည်။

ဒေါ်ရီလည်း ပြုံးနေသည်။

ရယ်လည်း မရယ်နိုင်၊ ပြုံးလည်းမပြုံးနိုင်ဘဲ စိတ်မောလူမောဖြစ်ရသူမှာ ကောင်းမြတ်သူ။

အပေါ်ထပ်သို့အရောက်တွင် အေးမြင့်သွယ်မှာ ကောင်းမြတ်သူအား အိပ်ခန်းတွင်းသို့ အတင်းဆွဲခေါ်သွားသည်။ အိပ်ခန်းတွင်းသို့အရောက်တွင် အေးမြင့်သွယ်သည် ကောင်းမြတ်သူ၏လည်ပင်းကိုသိုင်းဖက်ကာ တရှုံ့ရှုံ့ဖြင့် နမ်းနေတော့သည်။ နမ်းသူက သူမ၏ခင်ပွန်းအမှတ်ဖြင့် အရှက်ကို ဘေးဖယ်ကာ နမ်းနေခြင်းဖြစ်သည်။

အဲ.. အနမ်းခံရသူကတော့ အေးမြင့်သွယ်၏ ခင်ပွန်းအစစ်မဟုတ်။ အတုသာဖြစ်၍ ခင်ပွန်းသည်အစစ်လို ပြန်လည်၍ နှစ်နှစ်ခြိုက်ခြိုက် ပြန်မနမ်းနိုင်ပါ။

အေးမြင့်သွယ်၏ လက်တွင်းမှအတင်းသာရုန်းဖယ်နေရသည်။

'အာ.. မအေးမြင့်သွယ် ဒီ.. ဒီလို မလုပ်နဲ့လေ'

ကောင်းမြတ်သူ ရင်တုန်သံကြီးဖြင့် ပြန်ပြောသည်။

'ဟင်.. ဒါက ဘာစကားလဲ ကိုကို၊ သွယ့်ကိုများ သူစိမ်းတရံစာတွေခေါ်သလို ခေါ်နေရသလား'

အေးမြင့်သွယ် အံ့ဩသံဖြင့် ပြန်မေးသည်။ သည်တော့လည်းကောင်းမြတ်သူမှာ အလိမ်ပေါ်မည်စိုး၍ အေးမြင့်သွယ် ကျေနပ်အောင်ပြန်ပြောရသည်။

'အေးကွယ်၊ ကိုကိုက သွယ်နဲ့ ဝေးနေရတာကြာလို့ အမှတ်တမဲ့ ခေါ်လိုက်မိတာပါ'

'ဒါက ထားပါတော့၊ ဟိုတုန်းကများဆိုရင် ကိုကိုဟာသွယ့်ကို အမြဲပဲ ယုယုယယနဲ့ နမ်းရှုပ်ခဲ့တယ်၊ အခု သွယ်ကနမ်းတာတောင် ကိုကိုက ရုန်းဖယ်နေတာကကော..'

www.burmeseclassic.com

www.burmeseclassic.com



'သြော်.. ဒါကလည်း ဒီလိုပါ၊ ကိုကိုဟာ သွယ်နဲ့မတွေ့ခင် လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ပင်းတယမြို့မှာ ရူတင်ဆောက်တည် နေတဲ့ ရဟန်းတစ်ပါးနဲ့ ဖူးတွေ့ခဲ့ရတယ်'

ကောင်းမြတ်သူ ဖြီးနေသည်။

'ရူတင် ဆိုတာ ဘာလဲကိုကို'

'အာ.. သွယ်ကလည်း ဗုဒ္ဓဘာသာဖြစ်ပြီး ရူတင်ဆိုတာ မသိဘူးလား၊ မှတ်ထား.. ရူတင်ဆိုတာ ပါဠိစကား၊ မြန်မာလို ရရင် ကိလေသာကို ခါထုတ်ပစ်နိုင်အောင် ကျင့်သောအကျင့် သိပလား'

'ဟုတ်ကဲ့ရှင် ကိုကို ရှင်းပြလို့ သိပါပြီ'

'ရူတင်ကလည်း ဆယ့်သုံးပါးရှိတယ်၊ ထားပါတော့ အကျယ်ချဲ့ပြီး ရှင်းမနေတော့ပါဘူး၊ လိုရင်းပဲ ပြောပါတော့မယ် အဲဒီ ရဟန်းကြီးဆီမယ် ကိုကို ကတိတစ်ခုပေးခဲ့တယ်'

'ဘယ်လို ကတိလဲ ကိုကို'

'တခြားတော့ မဟုတ်ပါဘူး၊ ကာမေသုမိစ္ဆာစာရာတည်း သော ကာမဂုဏ်၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ညံ့သောအကျင့်မှ ဝေရမဏီ သိက္ခာပဒံ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ် သမာဒိယာမိ စိတ်၌မြဲစွာ ဆောက်တည်ပါမည်ဘုရားလို့ ကတိ ထားခဲ့လို့ပါ သွယ်ရယ်'

'ဘာဖြစ်လို့ ကိုကိုက အခုလို ကတိပေးခဲ့ရတာလဲလို့'

'သြော်.. သွယ်ရယ်၊ အဲဒီတုန်းက ကိုကို့မှာက ဒုက္ခ လယ်တွေဝေနေခဲ့ရတယ် မဟုတ်လား၊ ဒါကို အဲဒီရဟန်းကြီး သိတယ်ခင်ဗျ၊ ဒါနဲ့ သူက တကာလေးတဲ့ မင်းရဲ့ဒုက္ခပင်လယ် ငြိမ်းချမ်းပြီး မင်းမိန်းမနဲ့ ပြန်တွေ့ချင်ရင် ကာမေသုမိစ္ဆာစာရာတည်း ဟူသော ယုတ်ညံ့တဲ့အကျင့်ကို ရှောင်ရမယ်လို့ မိန့်တော်မူခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်သူ ဖြီးကောင်းကောင်းဖြင့် ဆက်ပြီးနေသည်။

အေးမြင့်သွယ်မှာတော့ တကယ်မှတ်ကာ မျက်လုံးကလေး ပြူးသားဖြင့် ငေးစိုက်ကာကြည့်ရင်း နားထောင်နေသည်။

'ကိုကိုကလည်း ဒုက္ခရောက်နေတဲ့အချိန် ဖြစ်နေတော့ သွယ်တကူပဲ ရှောင်ကြဉ်ပါ့မယ်ဘုရားလို့ ကတိပြန်ပေးခဲ့တယ်'

'ဘုရား...ဘုရား...ဒီလိုဆို ကိုကိုနဲ့သွယ်ဟာ ဒီဘဝမှာ အကြင် ...င့်မယားအဖြစ် ပေါင်းဖော်နိုင်ခွင့် မရှိတော့ဘူးပေါ့၊ ဟုတ်လား'

အေးမြင့်သွယ် စိတ်ပျက်အားလျော့သံဖြင့် ပြန်မေးသည်။

'ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ကိုကိုက တစ်သက်လုံးနေ ...ယ်လို့ ကတိပေးခဲ့တာမှမဟုတ်ဘဲ၊ သုံးလတည်းနေပါ့မယ်လို့ ...တိပေးခဲ့ရတာပါ'

'အမယ်လေးနော်..၊ သုံးလကြီးများတောင် ကတိပေးခဲ့ရ ...သား၊ တစ်လလောက်ဆိုရင် တော်ရောပေါ့'

'အယ်.. တစ်လဆိုတော့ နည်းလွန်းနေလို့ပါ'

'ဒီလိုဆိုရင်လည်း ကိုကိုဟာ ဘာဖြစ်လို့ လူဝတ်ကြောင်ကြီး ...နေနေရသေးသလဲ၊ ဘုန်းကြီးဝတ်နဲ့ နေလိုက်ပါလားလို့'

အေးမြင့်သွယ်က ငေါ့သံကလေးဖြင့် ပြန်ပြောသည်။

'အိုကွယ်.. သွယ်ကလည်း ဘုန်းကြီးတော့ ကိုကို မဝတ် ...င်သေးဘူးလေ၊ သွယ်တို့နဲ့ တွေ့ရမယ့်ကိစ္စက ရှိသေးတယ်မဟုတ် ...။ ဒါကြောင့် သွယ့်ကို ကိုကိုက တောင်းပန်နေတာပါကွယ်၊ ...ဆိုတာ ကတိပျက်ရင် မကောင်းဘူးမဟုတ်လားလို့ ဟဲဟဲ'

ကောင်းမြတ်သူ လေပြည်ကလေးသွေးကာ ချော့နေသည်။

အေးမြင့်သွယ်မှာတော့ နှစ်နှစ်ကျော်ခန့်ကွဲကွာနေခဲ့ရသော ...သင်နှင့် ပြန်လည်တွေ့ရပါလျက် ပျော်ပျော်ရွှင်ရွှင်ဖြင့် မနေရပြင်း ...ဘက် ငယ်ရွယ်သူကလေးပီပီ စိတ်မကောင်းဖြစ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးပဲနော်သွယ်၊ ဒီတော့ ကိုကို ကတိမပျက်အော
သွယ်ကလည်း ကူညီပါကွယ်၊ သိပ်မကြာပါဘူး၊ နောက်နှစ်လဆို
ပေးထားခဲ့တဲ့ကတိဟာ ပြည့်ပါပြီလေ ဟဲဟဲ'

ကောင်းမြတ်သူက အေးမြင့်သွယ်ကို ချော့နေသည်။

အေးမြင့်သွယ်မှာမူ နှုတ်ခမ်းကလေး စူလျက်ပင်ရှိသေးသည်

'သွယ်က လိမ္မာပါတယ်ကွယ်၊ ကိုကို့မှာ ဒုက္ခတွေအမျိုး
ရောက်လာခဲ့ရလို့ အခုလို ကတိပေးခဲ့တာပါ၊ ဟော ကြည့်စမ်
အခုဆို ပေးလိုက်တဲ့ကတိကြောင့် ကိုကိုဟာ သွယ်တို့နဲ့ပြန်တွေ့ရ
မဟုတ်လားလို့'

ကောင်းမြတ်သူ ဆက်၍ ချော့နေသည်။

'ဟန်း⋯ ကိုကို့မှာသာ ဒုက္ခဖြစ်ခဲ့တာ မဟုတ်ပါဘူး၊ သွ
မှာလည်း ကံကောင်းလို့ ဒုက္ခမဖြစ်ခဲ့ရတာ သိလား'

'အလို⋯ ဘယ်လိုကြောင့်လဲ သွယ်ရယ်၊ ပြောစမ်းပါဦး'

'ဟိုတစ်လောတုန်းကပေါ့၊ မိုးညှင်းမြို့ကလာတဲ့ ကိုကော
မြတ်သူကို ကိုကိုမှတ်ပြီး သွယ်ကရော၊ ဖေဖေတို့ကပါ အတင်း
ဒီတိုက်ကို ဆွဲခေါ်လာကြတယ်လေ'

'ဟင်⋯ ဟုတ်လား'

ကောင်းမြတ်သူ ဟန်ပါပါဖြင့် ပြန်မေးသည်။

'သိပ်ဟုတ်တာပေါ့၊ သွယ်ဟာ ကိုကိုမှတ်ပြီး အဲဒီလူ
ဖက်လဲ့ယက်လားနဲ့ လုပ်မိသေးတယ်'

'အမယ်လေး⋯ အမယ်လေး⋯ကုန်ပါပြီဗျာ၊ ကုန်ပါပြီ၊ ဒီ
ဒီ⋯ ဒီလိုဆို သွယ်ဟာ⋯'

ကောင်းမြတ်သူ ရင်ဘတ်စည်တီးဖြင့် ပြန်မေးသည်၊

ကောင်းမြတ်သူ၏ဟန်အမူအရာမှာ မြန်မာနိုင်ငံမှ အက
ဒမီရွှေစင်ရုပ်ဆုကိုသာမက အမေရိကန်ပြည်မှ အော်စကာရွှေစင်ရု

www.burmeseclassic.com

www.burmeseclassic.com



ဦပါ ပေးသင့်လှသည်။

'တော်ပါ..သူ မဟုတ်တာတွေ လျှောက်မေးဦးမလို့လား၊ ချစ်ချ သွယ့်ကို သူက ဒီပြင် ဘာတစ်ခုမှ လွန်လွန်ကျူးကျူးမပြု ပါဘူးရှင်'

'ဟုတ်ရဲ့လား သွယ်ရယ်၊ လိမ်မပြောနဲ့နော်၊ ငရဲကြီးတတ် ယ် ဟဲဟဲ'

'ဟန့်.. ကြည့်ပါလားလို့၊ ဒီက အမှန်ပြောနေတာ၊ သူဟာ တိုက်ကိုရောက်ပြီး ကြာကြာမနေရပါဘူး၊ သွယ်တို့က သူ့ကို စိတ် ဖြစ်နေတယ်မှတ်လို့စိတ်ရောဂါကုဆေးရုံကြီးကို သွားပို့ပေးခဲ့တယ်'

'ဩော်.. ဒါကြောင့် ကိုကိုလာတုန်းက ဆေးရုံကလာတာ းလို့ မေးခဲ့ကြတာကိုး'

'အာ.. မဟုတ်သေးဘူး၊ ဒီတုန်းက ကိုကို့မှာ ဘာရောဂါ လေ.. သွယ်တောင် မျက်စိလည်သွားပြီ၊ ဒီလိုပါ အဲဒီတုန်းက င်ကောင်းမြတ်သူမှာ ဘာရောဂါမှမရှိလို့ သွယ်တို့ဟာ ကိုကိုအမှတ်နဲ့ ကို ပြန်ခေါ်လာကြတယ်၊ အဲဒါ ဒီတိုက်နားလည်းရောက်ရော လူဆိုး တွေက ကိုကိုမှတ်ပြီး အဲဒီကောင်းမြတ်သူကို ဖမ်းခေါ်သွားခဲ့တယ်'

'ဒါဖြင့် အခု ကိုကောင်းမြတ်သူဟာ ဘယ်လိုလုပ်ပြီး စိတ် ဂါကုဆေးရုံကို ရောက်နေရတာလဲ'

'အဲဒါကျတော့ သွယ်လည်း မသိဘူးလေ၊ သွယ့်အထင်ပြော င်တော့ လူဆိုးတွေက ကိုကောင်းမြတ်သူကို ကိုကိုအမှတ်နဲ့ ဝိုင်း က်ခဲ့ကြရာက ရူးသွားတယ်ထင်တာပဲ ကိုကို၊သနားပါတယ်နော်'

အေးမြင့်သွယ်က ကရုဏာသက်သံကလေးဖြင့် ပြောပြနေ ည်။ ကောင်းမြတ်သူကတော့ တကယ့် လွင်ကိုကိုဟန်မျိုးဖြင့် ဆောင်နေသည်။

'ဒါဖြင့် မိုးညွှင်းမြို့က ကောင်းမြတ်သူရဲ့အမေကိုတော့

www.burmeseclassic.com

www.burmeseclassic.com



သွယ်တို့က အကြောင်းကြားလိုက်ကြတာလား'

ဒါကတော့ သွယ်ဝိုက်သောနည်းဖြင့် ကောင်းမြတ်သူ
စုံစမ်းကြည့်ခြင်းပင်။

'မဟုတ်ဘူး‥ သူတို့ဟာသူတို့ ကောင်းမြတ်သူကို လာ
ကြတာ။ အဲဒီလို ကိုကောင်းမြတ်သူ ရောက်လာတော့ ဒေါက်တာ
လုံက သွယ်တို့ဆီကို ဖုန်းဆက်တယ်၊ သွယ်တို့ကလည်း ကိုကိုမှတ်
သွားကြည့်ကြတယ်လေ၊ ဒီလို သွားကြည့်ကြတော့ သွယ်တို့ကလည်
သူ့ကို ကိုကိုမှတ်ပြီး လွင်ကိုကိုလို့ စွပ်စွဲ၊ တစ်ဖက်ကလည်း မဟုတ်
လို့ ငြင်းကြနဲ့ အခုမှပြန်တွေးကြည့်လိုက်ရင် ရယ်စရာကြီးဖြစ်နေတ
ခိ‥ ခိ… ခိ'

အေးမြင့်သွယ်ပြောရင်း ရယ်နေသည်။

ကောင်းမြတ်သူကလည်း အလိုက်သင့် ပြုံးပြရသည်။

'ကိုကိုကတော့ ပြောစမ်းပါဦး၊ သွယ်နဲ့ တောင်ကြီး
လက်ထပ်တော့မယ်ဆဲဆဲ ဘယ်လိုကြောင့် နှစ်နှစ်ကျော်ကျော်ပျော
နေရတာလဲလို့'

အေးမြင့်သွယ်က တကယ့်လွင်ကိုကိုအထင်ဖြင့် ပြန်
နေသည်။

အမေးကရှိနေ၍ ကောင်းမြတ်သူခမျာ အဖြေကို ပေးရ
မည်။ သည်အဖြေမျိုးမေးလျှင် ပေးရန်ကိုလည်း စောစောပိုင်းကတ
က ကောင်းမြတ်သူမှာ စိတ်ထဲ၌ စဉ်းစားခဲ့ပြီးဖြစ်သည်။

'အဟမ်း‥ အဟမ်း‥ ဒီလိုသွယ်ရဲ့၊ သွားတုန်းက
ခဏဆိုပြီး ကိုကိုသွားခဲ့တာပဲ၊ နောက် မန္တလေးကျတော့
လည်းဆုံး'

'ဘယ့်နှယ် မန္တလေး ဟုတ်လား၊ နို့‥ ကြေးနန်းစာထဲ
သာစည်ဆို‥'

www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်သွယ် ဖြတ်မေးသည်။

'အဟဲ.. သာစည် မဟုတ်ပါဘူးလေ၊ မန္တလေးပါ၊ သာစည်ဆိုတာက အသိအိမ်ပါ'

ကောင်းမြတ်သူကတော့အလျှော့မပေးဘဲဆက်၍ပြုံးနေသည်။

'ဆိုပါဦး.. မန္တလေးကျတော့ ဘာလုပ်သလဲ'

အေးမြင့်သွယ် သိလိုဟန်ဖြင့် ဆက်မေးသည်။

'မန္တလေးကျတော့လား မျက်ပါးရပ်က လှကလေးစိန်ရဲ့ ထိုးမုန့်ကို ဝယ်စားတယ်လေ.. အဟီး'

'ဟန့်.. ကြည့်ပါလား၊ သူနောက်ပြီ'

အေးမြင့်သွယ် ညီညာဖြူဖွေးသော သွားကလေးများပေါ် အောင်ပြုံးပြရင်း ကောင်းမြတ်သူ၏ ရင်ဘတ်ကို လက်ဖနောင့်ဖြင့် ဆောကာ ပြောသည်။

'နောက်တာမဟုတ်ဘူး၊ ကိုကိုက ထိုးမုန့်ဆိုရင် သိပ်ကြိုက်တယ် မဟုတ်လား'

'ဘုရားရေ.. ကိုကို ထိုးမုန့်ကြိုက်တယ် ဟုတ်လား'

'အေးလေ.. ကြိုက်တယ်လေ၊ သွယ် မသိဘူးလား'

'သိလို့ မေးနေတာပေါ့၊ ဘယ်တုန်းကများ ကိုကို့'က ထိုးမုန့်ကို စားခဲ့ဘူးလို့လဲ၊ ဗာစီတီတုန်းက သွယ်က မန္တလေးထိုးမုန့်ရတာလို့ ကိုကို့ကို ကျွေးတာတောင် ကိုကိုက အန်ချင်တယ်ဆိုပြီး ငြင်းခဲ့တယ်လေ'

'ဟောဗျ'

အေးမြင့်သွယ်၏စကားကြောင့် ကောင်းမြတ်သူ မျက်လုံးပြူးသွားသည်။ ချက်ချင်းပင် လွဲမှားသွားသော သူ၏စကားကို ပြင်ဆင်ရသည်။

'အဟီး.. အလကား ကိုကိုကနောက်တာပါ မန္တလေး

www.burmeseclassic.com



ရောက်တော့ ဖေဖေဆုံးသွားတယ်၊ ခုနစ်ရက်လည်တဲ့တစ်နေ့မှာ ကိုကို့သူငယ်ချင်း ဇော်ခွန်ချိုက ကိစ္စတစ်ခုနဲ့လာခေါ်တာနဲ့ ခဏထင်ပြီးလိုက်သွားခဲ့တာ ကတည်းဗျာ နယ်ခြားကို ရောက်သွားတယ်၊ အဲဒီမှာတင် ကိုကိုလည်းသောင်တင်နေပြီး မောင်ကြီးမပြန်နိုင် ဖြစ်ရတာပဲ သွယ်ရေ၊ ကိုကို့ကို ခွင့်လွှတ်ပါနော်'

ကောင်းမြတ်သူမှာ လွှင်ကိုကိုဘဝကိုခဏပယူရင်း သူထင်မြင်ရာတွေကို ရမ်းတုတ်နေသည်။ စိတ်တွင်းမှလည်း အေးမြင့်သွယ်တစ်ယောက် သူဖြီးဖြန်းထားတာတွေကို ယုံကြည်ပါစေဟု ကျိတ်ဆုတောင်းနေမိသည်။

'ဖြစ်ရလေ ကိုကိုရယ်၊ တကယ်ဆိုရင် ကိုကို့ဖေဖေဆုံးတာကို သွယ်တို့ဆီ အကြောင်းကြားဖို့ကောင်းတယ်၊ ဒီလို အကြောင်းကြားရင် သွယ်တို့လာခဲ့မှာပေါ့၊ အခုတော့ ကိုကိုလုပ်ပုံက မနှိပ်လိုက်တာ၊ ဘာသတင်းမှ မရတော့ဘူး၊ သွယ်တို့မှာတော့ ကိုကိုမရှိ မင်္ဂလာပွဲကျင်းပခဲ့ကြရလို့ မျက်နှာသိပ်ကို ငယ်ခဲ့ရတယ်၊ နောက်တောင်ကြီးကနေ ဒီရန်ကုန်ကို ပြေးလာခဲ့ကြရတာပဲကြည့်တော့-'

အေးမြင့်သွယ်က အပြစ်တင်နေသည်။

'အေးပါကွယ်… အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သွယ့်ကို သွယ့်မိဘတွေကိုပါ ကိုကို အနူးအညွတ်တောင်းပန်ပါတယ်၊ ကျေနပ်ပါနော်'

ကောင်းမြတ်သူက တောင်းပန်နေသည်။

'အခုမှတော့ သွယ်တို့က မကျေနပ်ဘူးဆိုလို့ကော ရမှာမတဲ့လား၊ ကျေနပ်ရတော့မှာပေါ့ ကိုကိုရဲ့'

'ကျေနပ်ပါတော့ကွယ်၊ ကိုကို နောက် ဒါမျိုးမလုပ်တော့ပါဘူး၊ ဪ… သွယ့်မိဘတွေကိုလည်း အခု ကိုကိုပြောပြခဲ့သလို ပြန်ပြောလိုက်ပါကွယ်၊ ကိုကိုကိုယ်တိုင် ရှင်းပြရမှာတော့ မျက်

www.burmeseclassic.com



မှုနေလို့ပါ၊ ဟုတ်ပြီလား'

အကြံသမားကောင်းမြတ်သူ ဉာဏ်ကစားကာ ခိုင်းနေသည်။

'ဟုတ်ကဲ့ပါရှင် သွယ် ပြောပြလိုက်ပါ့မယ်၊ ဖေဖေတို့က လည်း ကျေနပ်ကြမှာပါ'

'ဒီလိုဆို ကိုကိုလည်း ခရီးပန်းလာလို့ တစ်ရေးတစ်မော အိပ်လိုက်ချင်သေးတယ်၊ ကိုကို့ကို ခွင့်ပြုပါနော်'

ကောင်းမြတ်သူမှာ အိပ်ချင်စိတ်မရှိသော်လည်း အေးမြင့် သွယ်ကိုအနီးတွင်မရှိစေလို၍ ပရိယာယ်ဆင်ကာ နှင်နေခြင်းဖြစ်သည်။

အေးမြင့်သွယ်မှာ အဟုတ်မှတ်ထင်နေရှာသည်။

'ကိုကို ခရီးပန်းလာလို့ အိပ်ချင်အိပ်လေ၊ သွယ် ဖေဖေတို့ ဆီကို သွားပြောထားနှင့်မယ်၊ ဩော်·· အိပ်ရာကနိုးလာရင် သွယ်တို့ ရွှေတိဂုံဘုရားကို သွားဖူးကြရအောင်လား'

'အင်း···သွားတာပေါ့'

ကောင်းမြတ်သူ သဘောတူသည်။ နောက် အိပ်ချင်ဟန်ဖြင့် ပါးခနဲ ပါးစပ်ကြီးကိုဖြဲကာ သမ်းပြသည်။

အေးမြင့်သွယ်လည်း အလိုက်သိသိဖြင့် သူ၏အနီးမှထွက် သွားသည်။ အေးမြင့်သွယ် အခန်းတွင်းမှထွက်သွားအပြီး ကောင်း မြတ်သူ အခန်းတံခါးကို အမြန် ပြေးပိတ်ထားသည်။ နောက် စိတ် သက်သာရာရသွားဟန်ဖြင့် ဗိုးခနဲ သက်ပြင်းရှည်ကြီးတစ်ခုကိုချသည်။

'အင်း·· ငါအပြီးကောင်းလို့ အေးမြင့်သွယ်ကော့ ငါ့နား ကပ်တော့မှာ မဟုတ်ဘူး၊ နို့မို့ သူ့ယောက်ျားမှတ်ပြီး ကပ်နေရှာမှာ၊ သူကပ်တာက အရေးမကြီးဘူး၊ ငါစိတ်မထိန်းနိုင်ဘဲ လွန်ကျူးမိရင် ကောင်းဘူး၊ ဒါက ထားပါတော့၊ ရန်ကုန်ကိုရောက်နေတဲ့ ငါ့ခင်မ ကို ငါ ဘယ်လိုလစ်ပြီး သွားတွေ့ရပါ့မလဲနော်၊ တိုက်ကနေလစ်ပြီး ခမေနဲ့သွားတွေ့ရင်တော့ ဖြစ်တယ်၊ ဒါပေမဲ့ နန်းကြည်တို့အဖွဲ့က

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို စောင့်ကြည့်နေမှာမို့ မေမေနဲ့ ငါသွားတွေ့တာကို တစ်မျိုးတစ်မည်ထင်ပြီး ငါ့ကို ရန်ရှာမှာ စိုးရသေးတယ်၊ မေမေ့အနေနဲ့ကလည်း ငါနဲ့ ရုပ်ချင်းတူတဲ့ လွင်ကိုကိုရှိနေလို့ ဒီလူ့ကိုပဲ ငါ့အမှတ်နဲ့ ဆေးရုံသွားတွေ့နေမှာ သေချာပါတယ်.. ဗိုး'

ကောင်းမြတ်သူ တွေးရင်း သက်ပြင်းရှည်ကြီးကို ချမိပြန်သည်။ သက်ပြင်းချရင်းမှ အခန်းထဲတွင်ရှိသော နှစ်ယောက်အိပ်ခုတင်ကြီးပေါ်သို့ ကိုယ်ကို ပစ်လှဲကာချလိုက်သည်။

နောက်တစ်ကြိမ် ဆက်၍ တွေးနေပြန်သည်။

'နန်းတို့ဟာ လွင်ကိုကို့ကို တကယ်ပဲ သတ်ပစ်လိုက်ကြမှာလား၊ လွင်ကိုကိုသေသွားရင် နန်းတို့လည်း အစိုးရဥပဒေက လွတ်ကြမှာ မဟုတ်ဘူး၊ ငါကကော ဘယ်လို စခန်းဆက်သွားမလဲ၊ လွင်ကိုကို သေသွားပြီးမှ အေးမြင့်သွယ်တို့ကို ကျွန်တော်ဟာ လွင်ကိုကို မဟုတ်ပါဘူး၊ ကောင်းမြတ်သူပါ၊ လွင်ကိုကိုအစစ်ဟာ နန်းကြာညိုတို့ သတ်လို့ သေသွားပြီလို့ ရှင်းပြရင် ငါကော အစိုးရအပြစ်ဒဏ်က လွတ်မလား၊ လူသတ်မှုကို အားပေးကူညီထွဲသူအဖြစ် တရားဥပဒေက ငါ့ကို ကောင်းကောင်းကြီး တွယ်ပြီးသားပဲ၊ အမယ်လေးလေး တွေးလိုက်ရင် လန့်စရာကြီးပါကလား၊ အင်း.. လွင်ကိုကိုဆိုတဲ့လူကလည်း ငါနဲ့ ဒီလောက်ပဲ ရုပ်ချင်းဆင်ရသတဲ့လား၊ ဒီလူ့ကို ငါကိုယ်တိုင် မြင်ဖူးချင်လိုက်တာနော်'

ကောင်းမြတ်သူ အမျိုးမျိုးတွေးနေသည်။ တွေးနေရင်းမှ သူ၏စိတ်တွေမှာ ရှုပ်သထက်ရှုပ်လာသည်။

နန်းကြာညိုကိုလည်း သတိရနေသည်။ နောက်ဆုံးတွင်တော့ ကောင်းမြတ်သူမှာ မျက်စိကို ဇွတ်မှိတ်ကာ တစ်ရေးရအောင် အိပ်ပစ်လိုက်တော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ခြောက်)

### အစစ်နှင့် အတု

ရက်အားဖြင့် တစ်ပတ်ကျော်ခန့် ကြာသွားခဲ့ပြန်သည်။

ကောင်းမြတ်သူမှာလည်း အေးမြင့်သွယ်တို့၏ တိုက်မှာပင် သွင်ကိုကိုအဖြစ် ဆက်လက်၍နေ နေသည်။

အေးမြင့်သွယ်မှာ ကောင်းမြတ်သူ၏အနီးတွင် ပွတ်သီးပွတ်သပ် လုပ်မနေတော့ပေ။

ကောင်းမြတ်သူ ပြီးဖြန်းထားခဲ့သော စကားကို အဟုတ်မှတ်၍ ပွတ်သီးပွတ်သပ် လုပ်မနေခြင်းဖြစ်သည်။

ရံဖန်ရံခါ အေးမြင့်သွယ်က သတိမေ့ကာ ကောင်းမြတ်သူ၏ အနီးသို့ကပ်လာလျှင် ကောင်းမြတ်သူက 'ဟေး.. ဟေး..အစ်မကြီး ဘာမေသု မိစ္ဆာစာရာဂကံကို မကျူးလွန်ဖို့ ကိုကို ကတိပေးထားခဲ့ ဘယ်လေ၊ အနားသိပ်မကပ်နဲ့ဦး'ဟူ၍ သတိပေးရသည်။

အေးမြင့်သွယ်က သတိရကာ ချက်ချင်းပင် ကောင်းမြတ်သူ အနီးမှ ခွာသွားသည်။ လူက ခွာသော်လည်း နှုတ်ခမ်းကလေးကတော့ ကျော့နုပ်ဟန်ဖြင့် ခပ်စူစူ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လွင်ကိုကိုမှာလည်း ဒေါက်တာကင်လှ၏ ဂရုတစိုက်ကုသပေးမှုကြောင့် ခံစားနေခဲ့ရသော ဝေဒနာမှာ ကင်းရှင်းကာ သွားခဲ့လေပြီ။

သူ့ရောဂါဝေဒနာမှာလုံးဝပျောက်ကင်းသွားသည်နှင့်အတိတ်မှ သူ့ဖြစ်ရပ်တွေ အားလုံးကိုလည်း ပြန်လည်သတိရလာ တော့သည်။ ထိုအထဲတွင် သူ သတိအရဆုံးမှာ သူ၏အသက်မက ချစ်လှစွာသော အေးမြင့်သွယ်ပင်။

အေးမြင့်သွယ်နှင့်ပတ်သက်၍ ဒေါက်တာတင်လှအား သိ လိမ့်နိုးနိုးဖြင့် သူ မေးကြည့်သည်။ သိရပါသည်။ သို့သော် သိရသည် မှာ သူ့အတွက် ဝမ်းသာစရာ သတင်းမဟုတ်ပေ။ ရင်ကွဲစရာသတင်း ဖြစ်နေသည်။

ဒေါက်တာတင်လှက အေးမြင့်သွယ်မှာ လွင်ကိုကိုနှင့်အ အင်းလျားလမ်းရှိ 'သီတဂူ'ခြံကြီးထဲတွင် တစုံတွဲလျက် နေကြသည် ၍ ပြောပြသည်။ ဒေါက်တာတင်လှအနေဖြင့် သူ့အား လွင်ကိုကိုဟု မထင်မှတ်ပေ။

ကောင်းမြတ်သူဟု ထင်မှတ်နေသည်။ ထင်မှတ်ရခြင်း လည်း လွင်ကိုကို အတိတ်ကိုမေ့ကာ သူဆေးရုံရောက်နေစဉ် ဦးသိ မြင့်က သမက်ဖြစ်သူ လွင်ကိုကိုအိမ်သို့ပြန်ရောက်နေကြောင်း။

သို့ဖြစ်၍ သူတို့က စိတ်ရောဂါကုဆေးရုံကြီးတွင် ရောက် သော ကောင်းမြတ်သူအား လွင်ကိုကို မှတ်ထင်ကာ လာခဲ့ကြ ကြောင်း။

ယခုမူ လွင်ကိုကိုအစစ်မှာ အိမ်သို့ရောက်နေပြီမို့ ဆေးရုံ ရှိသောသူသည် ကောင်းမြတ်သူသာဖြစ်နေ၍ ဒေါ်လှသင်တို့ထံသို့ လျှင် ရောဂါပျောက်ကင်းပါက ထည့်လိုက်ရန် ပြောပြခဲ့ကြောင်း စသဖြင့် ဒေါက်တာတင်လှ သူ့ကို ပြောပြနေသည်။ ထိုစကား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လွင်ကိုကိုမှာ ကောင်းမြတ်သူအပေါ်တွင် အလွန်ပင်ဒေါသဖြစ်ကာ နေတော့သည်။

'ဟင်း.. ခွေးမသား၊ လူလိမ်လူညာ၊ မင်းတော့လား နှစ်ယောက်ချင်းတွေ့မှ ကောင်းကောင်းကြီးကို ဆုံးမပစ်ရဦးမယ်၊ ဟွင်း .. ဟွင်း.. ဟွင်း..'

လွင်ကိုကို စိတ်ထဲတွင်ကျိတ်ကာ ကောင်းမြတ်သူအား ဒေါသဖြစ်နေသည်။

ဒေါက်တာတင်လှကိုတော့ သူသည် လွင်ကိုကိုအစစ်ဖြစ်ကြောင်း ရှင်းမပြပေ။ ကောင်းမြတ်သူအဖြစ်ဖြင့်သာလျှင် ဟန်မပျက်နေလိုက်သည်။ ဟန်မပျက်နေရင်းမှ အေးမြင့်သွယ်တို့နေထိုင်ရာ သီတဂူခြံကြီး၏ လိပ်စာကိုလည်း လွင်ကိုကိုက ဒေါက်တာတင်လှထံတွင် တောင်းသည်။

'မင်းက ဘာလုပ်မလို့ အဲဒီလိပ်စာကို တောင်းတာလဲကွ'

'ဒီလိုပါ၊ ကျွန်တော်နဲ့လွင်ကိုကိုဟာ အမြွှာမွေးသလိုရုပ်ချင်းခွဲမရအောင်တူတယ်လို့ ဆရာကပြောခဲ့လို့ ကျွန်တော်ဟာ ဟုတ်မဟုတ်သွားကြည့်ချင်လို့ပါ ခင်ဗျာ'

'အိန်း.. မင်းပြောမှ ငါလည်း သတိရတယ်၊ အေး.. ဟုတ်တယ်၊ မင်းမပြောနဲ့ ငါလည်း မင်းလိုပဲ ကြည့်ချင်တယ်ကွာ၊ မင်း ဘယ်တော့သွားမှာလဲ'

'ကျွန်တော်လား၊ အဲ.. အခုလောလောဆယ်တော့မသွားသေးပါဘူးလေ၊ နောက်ကျမှ သွားပါတော့မယ်'

သူသွားမည်ဆိုလျှင် ဒေါက်တာတင်လှပါ လိုက်မည်စိုး၍ လွင်ကိုကိုက လိမ်လိုက်ခြင်းပင်။

'ဟုတ်ပါတယ်ကွာ၊ နောက်မှပဲသွားပါ၊ အရေးကြီးတာက သာကေတမှာရှိတဲ့ မင်းအမေဆီကို သွားတွေ့လိုက်ပါ၊ ဒို့ရင် ညနေ

www.burmeseclassic.com

www.burmeseclassic.com



ကျ သူတို့ရောက်လာကြဦးမယ်၊ မင်းအမေနဲ့ မင်းသူငယ်ချင်းကတော့ နှစ်ရက်တစ်ခါ လာနေကြပဲ၊ ဒီကနေ့များ ရောက်လာကြဦးမလား မသိဘူးကွ'

ဒေါက်တာတင်လှက ပြောနေသည်။

'ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် အခုပဲ သွားလိုက်ပါမယ် ကျွန်တော့်ကို ခွင့်ပြုပါနော်'

'အေး.. အေးကွယ်'

ဒေါက်တာတင်လှအား နှုတ်ဆက်ပြီးနောက် လွင်ကိုကိုသည် ဆေးရုံကြီးမှ ထွက်လာသည်။

အချိန်မှာ ညနေ သုံးနာရီကျော်ခန့် ရှိနေပြီဖြစ်သည်။

စိတ်ရောဂါကုအပြင်ဘက်တွင် အလွယ်တကူ တွေ့ရသော အငှားလေးဘီးကားကလေးတစ်စီးအား လွင်ကိုကို လက်တားသည်။

'ဘယ်ကိုလဲ ဆရာလေး'

'အဲ.. အင်းလျားလမ်းကိုဗျာ၊ ဘယ်လောက် ပေးရမလဲ'

'ရှစ်ကျပ်ပဲပေးပါ ဆရာ'

လေးဘီးကားဆရာက ပြန်ပြောသည်။

ဈေးကတော့ မတန်တဆပင်။

လွင်ကိုကို ဆစ်မနေတော့။ ခေါင်းကိုတစ်ချက်ညိတ်ပြ၍ ကားမောင်းသူ၏ ဘေးတွင်ရှိထိုင်ခုံတွင် ဝင်ထိုင်သည်။

သူ့အဖို့ သီတဂူခြံကြီးသို့ ရောက်ရန်သာအရေးကြီးနေသည် မဟုတ်လော။ ကားလည်း ထွက်သွားသည်။

ကားဆရာက တက်ခ်စီ ကားမောင်းသူပီပီ အမြန်မောင်း သဖြင့် အချိန်သိပ်မကြာမီ အင်းလျားလမ်းဘက်သို့ ရောက်သွားသည်။

လွင်ကိုကိုသည် ကားပေါ်မှနေ၍ သီတဂူခြံကြီးကို ရှာ ကာ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုး..ဟိုး.. ကားရပ်လိုက်တော့'

သီတဂူခြံကြီးကိုတွေ့ရလျှင် လွင်ကိုကို ကားကို အရပ်ခိုင်းသည်။ ကားကလေးမှာ ခြံကြီးနှင့်အနည်းငယ် အကွာအဝေးကျမှ ရပ်သွားသည်။

'ခြံထဲကို မောင်းဝင်ပေးရမလား ဆရာ'

ကားမောင်းသူက မေးသည်။

'နေပေ့စေဗျာ၊ ကျွန်တော့်ဘာသာ လမ်းလျှောက်သွားမယ်၊ ရော့ပိုက်ဆံ'

လွင်ကိုကို အိတ်တွင်းမှ ငါးကျပ်တန်တစ်ရွက်နှင့် ကျပ်တန်သုံးရွက်ကို ထုတ်ပေးရင်း ပြန်ပြောသည်။ ကားခပေးပြီးနောက် သီတဂူခြံကြီးဘက်သို့ ခပ်သွက်သွက်ကလေး လျှောက်လာသည်။

လွင်ကိုကို လာနေချိန်တွင် ကောင်းမြတ်သူမှာ အေးမြင့်သွယ် တို့မိသားစုနှင့်အတူ နေ့လယ်စာလက်ဖက်ရည်ကို အတူတကွ သောက်သုံးနေကြသည်။ သူ့အတွက် ¯မကြာမီ ရောက်ရှိလာတော့မည့် အန္တရာယ်ကြီးကို လုံးဝ မသိသေးပေ။

မသိသေး၍လည်း ရယ်ကာပြုံးကာဖြင့် အေးမြင့်သွယ်တို့နှင့်အတူ စားသောက်နေခြင်းဖြစ်သည်။

လွင်ကိုကို ခြံကြီးထဲသို့ဝင်လာရင်း ဝဲယာနှစ်ဖက်သို့ မျက်စိအစားကာ ကြည့်နေသည်။ ခြံထဲတွင် လူအရိပ်အယောင် မတွေ့ရပေ။

သူသည် တိုက်ကြီးရှိရာသို့ ပိုမိုလျင်မြန်စွာ လျှောက်လာသည်။ တိုက်ကြီး၏ဆင်ဝင်အောက်တွင် မီးဖူဘူရှိကားကြီးတစ်စင်းရပ်ထားသည်ကို သူမြင်ရလျှင် လွင်ကိုကို ပြုံးလိုက်မိသည်။

ထိုကားကြီးမှာ သူနှင့်အေးမြင့်သွယ်အတွက် သူ့ဖခင်ကမင်္ဂလာလက်ဆောင်အဖြစ် လက်ဖွဲ့ခဲ့သော ကားကြီးဖြစ်သည်။

'အင်း.. ဂန်းမသား၊ လူလိမ်ကောင်၊ ငါ့ကားကြီးစီးပြီး

www.burmeseclassic.com

www.burmeseclassic.com



ငါ့မိန်းမနဲ့ ဓိမ်ကျနေတာပေါ့လေ၊ ဟွင်း.. မင်းတော့လား မသေရုံ တမယ် ငါရိုက်ပြမယ်ဟေ့'

လွင်ကိုကို စိတ်တွင်းမှ ကြုံးဝါးနေသည်။

တိုက်တံခါး၏ သံတံခါးမှ အတွင်းမှစေ့ရုံသာ စေ့ထားသည်ကို စိတ်လောကြီးကာနေသော လွင်ကိုကိုက ပိတ်ထားသည်ဟု ထင်နေသည်။

သို့ဖြစ်၍ သူသည် နောက်ဖေးဘက်မှလှည့်၍ဝင်ရန် စိတ်ကူးသည်။

စိတ်ကူးအတိုင်း လွင်ကိုကိုသည် တိုက်၏နောက်ဖေးခန်းဘက်သို့ အမြန်လျှောက်သွားသည်။ နောက်ဖေးခန်းရောက်၍ အတွင်းသို့ ဝင်မည်အပြုတွင် ချစ်ချစ်ချောနှင့်ရင်ဆိုင်တိုးမိသည်။

'ဟင်.. အစ်ကို၊ အခုပဲ အခန်းထဲမှာ လက်ဖက်ရည်သောက်နေသေးတယ်၊ အခုပဲ နောက်ဖေးဘက်ရောက်လာ ဟောတော့ အဝတ်အစားကလည်း ချက်ချင်းကို လဲလိုက်တာကိုး၊ ဘာဖြစ်လို့လဲ အစ်ကို လက်ဖက်ရည်တွေ လုံချည်ပေါ် မှောက်ကျကုန်လို့လား'

ချစ်ချစ်ချော တအံ့တသြဖြင့် လွင်ကိုကိုအား မေးနေသည်။ လွင်ကိုကို မည်သို့မျှပြန်မပြောဘဲ ချစ်ချစ်ချောကို စိုက်ကြည့်နေသည်။

'အထဲမှာ ဘယ်သူတွေရှိလဲ မဟုရာ'

'ဟောတော့ အစ်ကို ဘယ်လိုဖြစ်နေတာလဲ၊ အခုပဲ အစ်ကိုနဲ့အတူ မမသွယ်ရယ်၊ ဖေဖေကြီးနဲ့မေမေကြီးတို့ရယ် လက်ဖက်ရည်ဝိုင်းသောက်နေခဲ့ကြတယ် မဟုတ်လားလို့'

'အေး.. တော်ပြီ၊ ဒီလောက်သိရရင်..'

လွင်ကိုကို ပြန်ပြောရင်း ချစ်ချစ်ချောအား တွန်းဖယ်ကာ အခန်းထဲသို့ ဝင်သွားသည်။

ချစ်ချစ်ချောမှာ လွင်ကိုကို၏အပြုအမူကို နားမလည်ဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်စီစီကြည့်ကာ ကျန်ရစ်သည်။

လွင်ကိုကိုသည် ကောင်းမြတ်သူတို့ လက်ဖက်ရည်သောက်နေကြသော အခန်းသို့ ပြေးဝင်သွားသည်။

ကောင်းမြတ်သူကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ခေါသတကြီးဖြင့် လှမ်းအော်သည်။

'ဟော့ကောင် လူလိမ် လူညာ၊ ခွေးမသား သေပေတော့'

လွင်ကိုကို၏အသံကြောင့် အခန်းတွင်းရှိ လူအားလုံးလန့်ဖျပ်သွားကြသည်။

ကောင်းမြတ်သူမှာ လွင်ကိုကိုအား တွေ့မြင်လိုက်ရလျှင် လက်ဖက်ရည်သောက်နေရာမှ လန့်ခုန်မိသည်။

'အောင်မယ်လေးဗျ'

ကျန်လူတွေကတော့ လွင်ကိုကိုနှင့်ကောင်းမြတ်သူတို့ကို အစ်လှည့်စီကြည့်ကာ 'ဟယ်'တည်းဟူသော အာမေဍိတ်သံကြီးတွေ ထွက်လာကြသည်။

အေးမြင့်သွယ်မှာ ရုတ်တရက် ဝင်လာသော လွင်ကိုကိုအား ကောင်းမြတ်သူဟူ၍ ထင်မှတ်မှားနေသည်။ အဲ.. ကောင်းမြတ်သူအစစ်ကိုတော့ လွင်ကိုကိုဟုပင် ထင်နေဆဲ။ သို့ဖြစ်၍ ကောင်းမြတ်သူအား ထ၍ဖက်ထားရင်း အားပေးသည်။

'အို.. ကိုကို၊ မကြောက်နဲ့နော်၊ သူက စိတ်ရောဂါကုဆေးရုံမှာ တက်နေတဲ့ စိတ်နောက်နေတဲ့ အရူးကြီး ကောင်းမြတ်သူပါ'

အေးမြင့်သွယ်၏ စကားကိုကြားရလျှင် လွင်ကိုကိုအစစ်မှာ ရင်အောင့်သွားရှာသည်။

- 'အောင်မယ်လေးလေး ကိုယ့်လင်အစစ်ကို အရူးတဲ့၊ ဟိုကောင် အတုကြီးကိုတော့ သူ့လင်လို့ မှတ်နေတယ်၊ ပြောရက်ပါပေ့မယ်ရယ်၊ မင်းလင်အစစ်ကြီးက ဒီအကောင်ပါ၊ ဟိုကောင်က လူ

www.burmeseclassic.com

www.burmeseclassic.com



လိမ် လူညာပါဗျ'

လွင်ကိုကို စိတ်ထိခိုက်သံဖြင့် ပြန်ပြောသည်။

ဦးသိန်းမြင့်နှင့် ဒေါ်ရီတို့မှာတော့ ရုပ်ချင်းတူညီနေကြသော သူတို့နှစ်ဦးကို မျက်လုံးကလေးတွေ ခပ်ပြူးပြူး ပါးစပ်ကလေးတွေ ခပ်ပြဲပြဲဖြင့် ငေးကြည့်နေကြသည်။

သူတို့နှစ်ဦး ပါးစပ်တွေပြဲနေပုံမှာ တရုပ်စားသောက်ဆိုင် တွင်ချိတ်ဆွဲထားကြသောအဲကင်နှုတ်သီးကလေးတွေနှင့်တူညီနေကြသည်။

အေးမြင့်သွယ်မှာမူ လွင်ကိုကို၏စကားကို မယုံသေး။

ကောင်းမြတ်သူမှာလည်း မည်သို့ပြန်ပြောရမည် မသိ တုန်လှုပ်ချောက်ချားနေသည်။

'အို.. တော်စမ်းပါ၊ ရှင်ဟာ လွင်ကိုကို မဟုတ်ပါဘူး ကောင်းမြတ်သူပါ၊ ကျွန်မယောကျ်ား လွင်ကိုကို အစစ်ကဒီမှာ ဟုတ်တယ် မဟုတ်လား ကိုကို'

အေးမြင့်သွယ်က ကောင်းမြတ်သူကို လှမ်းမေးသည်။

ကောင်းမြတ်သူ ယောင်ယမ်းကာ ခေါင်းညိတ်ပြလိုက် လျက်သား ဖြစ်နေသည်။

လွင်ကိုကိုမှာဒေါသတွေတာဝတီသာအထိတက်လာတော့သည်။

'ကြည့်စမ်း.. ကြည့်စမ်း အခုထက်ထိ ဖြောင်လိမ်တုန်း လား၊ ကိုင်း.. ကမြင်းမသား၊ သေပေတော့'

လွင်ကိုကို လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ် ရင်း ကောင်းမြတ်သူထံသို့ ထိုးရန် တစ်ဟုန်ထိုးပြေးလာသည်။

'အာ.. အာ.. နေ.. နေပါဦး၊ ခင်ဗျား မှားမယ် မှားမယ်'

ကောင်းမြတ်သူ အော်ပြောရင်း စားပွဲခုံကြီးကို လှည့်ပတ် ကာပြေးနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ မှားမယ်လဲ၊ မမှားဘူးကွ၊ ဒီနေရာမှာ လူများများ ရှိဘူး မင်းတစ်ယောက်ပဲ ရှိနေတဲ့ဟာ'

လွင်ကိုကို ပြောရင်း ကောင်းမြတ်သူကို လိုက်ထိုးနေသည်။

ကောင်းမြတ်သူကလည်း ရှေ့မှနေ၍ စားပွဲကြီးကို လှည့်ကာ ပြေးနေသည်။

အေးမြင့်သွယ်အပါအဝင် လူတွေမှာ မည်သို့ပြုရမည်မသိ ကြတော့ဘဲ လေသင်တုန်း အဖြတ်ခံလိုက်ကြရသော လူများပမာ သုပ်မရှား အငြိမ်သား။

'နေဦးလေ ကိုလွင်ကိုကို၊ ကျွန်.. ကျွန်တော် ရှင်းပြပါ့ မယ်ဗျာ၊ ဒေါ်သမကြီးနဲ့လေ'

ကောင်းမြတ်သူ ရှေ့မှပြေးရင်း တောင်းပန်နေသည်။

'ရှင်းမနေနဲ့ကွ၊ မြင်ကွင်းက အထင်းကြီးပဲဟာ၊ မင်းသာ ခဖို့ပြင်ထား'

လွင်ကိုကို လက်မခံဘဲ နောက်မှပြေးလိုက်နေသည်။

'ဟေ့ အားလုံးမလှုပ်နဲ့၊ ငြိမ်ငြိမ်နေလိုက်ကြ'

ရုတ်တရက် ပေါ်လာသောအသံကြောင့် လွင်ကိုကိုနှင့် ကောင်းမြတ်သူတို့အပါအဝင် အခန်းတွင်းရှိလူအားလုံး အသံလာရာ ငေးကြည့်လိုက်ကြသည်။

အခန်းတွင်းသို့ သော်တာခေါင်းဆောင်သော လက်နက် ကိုင်စီနှင့်လူငါးဦး ရောက်လာကြသည်။

လွင်ကိုကိုလည်း လက်နက်များနှင့်လူတွေကို မြင်ရလျှင် ပင်အလျောက် ရပ်တန့်ကာသွားသည်။

ကောင်းမြတ်သူကတော့ သော်တာတို့ကိုငေးကြည့်နေသည်။

'အားလုံး ဘယ်သူမှ မလှုပ်ကြနဲ့နော်၊ အခုအတိုင်းပဲ ငြိမ် ကလေးနေကြပါ'

www.burmeseclassic.com

www.burmeseclassic.com



သော်တာက ပစ်စတိုသေနတ်ဖြင့် သူတို့ကိုချိန်ရွယ်
နောက်တစ်ကြိမ် သတိပေးသည်။

သော်တာ၏စကားအဆုံးတွင် နန်းကြာညိုမှာ ပစ်စတို
နတ်ကလေးကို ကိုင်ရင်းဝင်လာသည်။

'ဟင်.. နန်းကြာညို'

ကောင်းမြတ်သူမှာ နန်းကြာညိုကိုတွေ့ရလျှင် ဝမ်းသာ
ကလေးဖြင့် လှမ်းခေါ်သည်။

နန်းကြာညိုမှာ ကောင်းမြတ်သူဘက်သို့ တစ်ချက်
ကြည့်ကာ ပြုံးပြသည်။

ချက်ချင်းပင် မျက်နှာကို တည်တည်ကြီးပြင်ကာ လွင်
ရှိရာသို့ လှမ်းကြည့်ကာမေးသည်။

'ရှင်.. ဆေးရုံက ဆင်းလာပြီနော်'

'ဟုတ်တယ်၊ ဒါထက် မင်းဟာစောခွန်ချိုရဲ့ညီမ
လား'

လွင်ကိုကို ပြန်မေးသည်။

'မှန်လိုက်လေ ရှင်၊ ရှင် ရက်ရက်စက်စက် အသေသတ်
ခဲ့တဲ့ အစ်ကိုစောခွန်ချိုရဲ့ညီမ နန်းကြာညိုအစစ်ပါ၊ ရေမရော
ဟဲဟဲ'

'ဟာ.. မင်းမှားနေပြီ နန်းကြာညို၊ ငါဟာ စောခွန်
မသတ်ပါဘူး'

လွင်ကိုကို ပြန်လည်၍ ငြင်းနေသည်။

'ဒါပေါ့ရှင် သူခိုးကတော့ ခိုးတယ်လို့ ဘယ်
မပြောဘူး၊ ဝန်လည်းမခံဘူး၊ ရှင်လည်း ဒီအတိုင်းပဲပေါ့'

'မဟုတ်ဘူး နန်းကြာညို၊ ငါဟာ လုပ်ရဲရင် ခံရဲတဲ့
ပါ၊ အဲ.. ကိုယ်မလုပ်ခဲ့တဲ့ ကိစ္စကိုတော့ အချောင်ဝင်မခံ

www.burmeseclassic.com

www.burmeseclassic.com



ကို မယုံကြည်လို့ မင်းတို့သတ်မယ်ဆိုရင်လည်း သတ်ပေါ့၊ အေး..ဒါပေမဲ့ မင်းတို့အစ်ကိုသတ်တဲ့ တရားခံတော့ မဟုတ်ဘူး၊ မင်းအစ်ကို့ကို သတ်တဲ့တရားခံက ဗိုလ်တာနော့တို့အုပ်စုပါ. နန်းကြာညို'

လွင်ကိုကို၏စကားကြောင့် နန်းကြာညိုမှာ ငိုင်သွားသည်။

'ရှင်.. တကယ်ပြောနေတာလား၊ ကိုလွင်ကိုကို'

'တကယ်ပါကွာ၊ ငါ လိမ်မပြောတတ်ပါဘူး၊ အမှန်တော့ မင်းအစ်ကိုဟာ ငါ့အတွက် သူငယ်ချင်းကောင်းပီသစွာနဲ့ အသေခံသွားတာပါ နန်းကြာညို၊ ဒီအကြောင်းတွေတွေးမိတိုင်း ငါဟာ စိတ်ထိခိုက်နေဆဲပါပဲ'

လွင်ကိုကို ပြောရင်း သူငယ်ချင်းဖြစ်သူ စောခွန်ချိုကို သတိရကာ မျက်နှာကလေး ညှိုးငယ်သွားရှာသည်။

နန်းကြာညိုမှာလည်း အစ်ကိုဖြစ်သူအား သတိရကာ မျက်ရည်တွေ ကျလာသည်။

အေးမြင့်သွယ်သည် လွင်ကိုကိုအစစ်နှင့်အတုကို ခွဲခြားကာ သိသွားရပြီမို့ ကောင်းမြတ်သူအနီးတွင် မနေတော့ပေ။

လွင်ကိုကိုရှိရာသို့ အပြေးကလေးသွားကာ ဖက်ထားသည်။

'ကိုကို သွယ့်ကို ခွင့်လွှတ်ပါနော်၊ ကိုကို့ကို သွယ်က ကောင်းမြတ်သူ ထင်နေလို့ပါ'

အေးမြင့်သွယ် တောင်းပန်နေသည်။ သူ တောင်းပန်နေခိုက် နောက်ဖေးခန်းမှ ချစ်ချစ်ချော့အား နန်းကြာညို၏လူတစ်ယောက်က ဆွဲခေါ်လာသည်။

ချစ်ချစ်ချော ကန့်လန့်ကန့်လန့်ဖြင့် ပါလာရှာသည်။

'ဟော့ ဆန်နီ၊ သူ့ကို လွှတ်လိုက်တော့'

နန်းကြာညို လှမ်းပြောသည်။

နန်းကြာညို၏အမိန့်အတိုင်း ဆန်နီမှာ ချစ်ချစ်ချောအား

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်သည်။

လွင်ကိုကိုသည် သူ့အနီးသို့ ပြေးကပ်ကာလာသော အေးမြင့် သွယ်အား တယုတယဖြင့် ပွေ့ဖက်ကာထားသည်။ ပွေ့ဖက်ကာထား ရင်းမှ ကောင်းမြတ်သူရှိရာသို့ လှမ်းကြည့်သည်။

ကောင်းမြတ်သူ သဘောကျသွားဟန်ဖြင့် လွင်ကိုကိုအား သွားကြီးကို ဖြီးပြသည်။ ကောင်းမြတ်သူ သွားဖြီးပြပုံမှာ နောက် ပြောင်သလို ဖြစ်နေသည်။

'ဟေ့လူ ဒါက ဘာလုပ်တာလဲ ကျုပ်ကို နောက်တာလား' လွင်ကိုကို ဒေါသသံဖြင့် လှမ်းမေးသည်။

'မဟုတ်ပါဘူးဗျာ၊ သဘောကျလို့ သွားဖြီးပြတာပါ ဟဲဟဲ' ကောင်းမြတ်သူ လက်ကလေးကာပြရင်း ပြန်ဖြေသည်။

'နန်းရဲ့အစ်ကိုသေရတာနဲ့ ပတ်သက်ပြီး အစ်ကိုလွင်ကို က ပြောမပြနိုင်ဘူးလား'

နန်းကြာညိုက လွင်ကိုကိုထံသို့ လှမ်းမေးသည်။

'အာ‥ ပြောနိုင်ပါတယ် နန်းကြာညို၊ ပြီးတော့ ဟော က ငါ့မိန်းမနဲ့ ငါ့ယောက္ခမတွေကိုလည်း ငါဘယ်လိုဖြစ်ပြီး နှစ် ကျော်လောက် ပျောက်နေတယ်ဆိုတာကိုပါ တစ်လက်စတည်း ပြေ ပြချင်ပါတယ်'

လွင်ကိုကိုက ပြန်ပြောသည်။

ဦးသိန်းမြင့်ကလည်း နားထောင်လိုဟန်ဖြင့် ဝင်ပြောသည်

'အိန်း‥ ကောင်းတယ်၊ အားလုံးနားထောင်ရအောင် ကြပါလားကွယ်၊ ဟဲ့ ချစ်ချစ်ချော ကုလားထိုင်တွေ သွားယူ မင်းတို့ သေနတ်ကြီးတွေကိုလည်း ချထားပါတော့လေ၊ ရန်သူ မှ မဟုတ်ကြတော့ဘဲ'

ဦးသိန်းမြင့်စကားအတိုင်း နန်းကြာညိုတို့အစ လူတွေအား

www.burmeseclassic.com

www.burmeseclassic.com



သေနတ်များကို ချိန်ရွယ်ထားကြရာမှ ပြန်ချကြသည်။

ပစ်စတိုသေနတ်များကို ကိုင်ဆောင်ထားကြသော နန်းကြာညိုနှင့် သော်တာတို့က သူတို့၏ခါးကြားရှိ သေနတ်ထည့်အိတ်တွင်းသို့ ပြန်ထည့်ကြသည်။

ရိုင်ဖယ်သေနတ်များ ကိုင်ထားကြသော ကျန်လူတွေကတော့ အခန်းထောင့်တစ်နေရာတွင် သွားထောင်ထားလိုက်ကြသည်။

ချစ်ချစ်ချောက တစ်ဖက်ခန်းတွင်ရှိ ကုလားထိုင်များကို တစ်လုံးပြီးတစ်လုံး လူများထိုင်ရန် ယူပေးနေသည်။

တိုက်၏အဝတွင် အစောင့်ချထားသော နန်းကြာညို၏ လူတစ်ဦးတည်းသာ ခြောက်လုံးပြူးသေနတ်ကြီးကို ကိုင်လျက် စောင့်မြဲစောင့်နေသည်။

သူ့ကို အကြောင်းကြားရန် နန်းကြာညိုတို့မှာ မေ့နေသည်။

ထိုအခိုက်မှာပင် ခြံတွင်းသို့ဂျစ်ကားတစ်စီး ဝင်လာသည်။ ကားမောင်းသူမှာ စိုးသိဏ်းဖြစ်သည်။

ဂျစ်ကားပေါ်တွင် စိုးသိဏ်းနှင့်အတူ ဇနီးဖြစ်သူ မငွေယုံ၊ ဘောင်းမြွတ်သူ၏မိခင် ဒေါ်လှသူနှင့် စိတ်ရောဂါကု ဆေးရုံကြီးမှ ဒေါက်တာတင်လှ ပါလာကြသည်။

စိုးသိဏ်းတို့မှာ စိတ်ရောဂါကု ဆေးရုံကြီးသို့ သွားခဲ့ရာတွင် ဒေါက်တာတင်လှက သူတို့၏လူနာ ဆေးရုံမှ ဆင်းသွားကြောင်းကို ပြောပြသည်။

စိုးသိဏ်းက သူတို့အိမ်သို့ မရောက်သေးကြောင်း ပြောပြရာမှ ဒေါက်တာတင်လှမှာ သက်ာမကင်းဖြစ်ကာ 'ဒီလိုဆို ဦးသိန်းမြင့်အိမ်များ ရောက်နေပြီလားမသိဘူး' ဟူသော အတွေးဖြင့် စိုးသိဏ်းတို့အား ယခုလို ခေါ်လာခဲ့ခြင်းပင်။ သူတို့ဂျစ်ကား တိုက်ဝအရောက် နန်းကြာညို၏တပည့်က သူတို့ကို သေနတ်ဖြင့် ချိန်ထားသည်။

www.burmeseclassic.com



'အားလုံး ငြိမ်ငြိမ်ကလေးနေပြီး ကားပေါ်က ဆင်းကြပါ'

စိုးသိဏ်းမှာ သူတို့အား သေနတ်ဖြင့်ချိန်ထားသူကို လှမ်းကြည့်ကာ ပြန်ပြောသည်။

'ကားပေါ်က ဆင်းမှတော့ ဘာယ်မှာငြိမ်ငြိမ်ကလေးနေလို့ ရမလဲဗျ၊ လှုပ်လှုပ်ရှားရှား ဖြစ်နေမှာပေါ့'

'တော်·· ခင်ဗျား လျှာမရှည်နဲ့၊ ကျုပ် ပြောသလိုဆင်း'

စိုးသိဏ်းလည်း အသံတိတ်သွားသည်။

ဒေါက်တာတင်လှမှာလည်း သေနတ်ဖြင့် အချိန်ခံရ၍ လန့်နေသည်။

'ဟာမလေး·· ငါတော့ ဒီတိုက်ကို လိုက်လာမိတာ၊ အကုသိုလ်အတုံးလိုက် အတစ်လိုက် ဝင်ပြီနဲ့တူတယ် ဗိုး'

ဒေါက်တာတင်လှ ညည်းညူနေရှာသည်။

ဒေါ်လှသူနှင့်မငွေယုံတို့မှာတော့ အလွန်ကြောက်ရွံ့နေကြဟန်ဖြင့် မျက်နှာတွေ ဖြူရော်နေကြသည်။

နောက် သူတို့အားလုံး အခန်းတွင်းသို့ ခေါ်သွားကြသည်။ အခန်းတွင်းသို့ ဝင်လာကြသော သူတို့ခြေသံတွေကြောင့် အခန်းတွင်းရှိ လူတွေက လှမ်းကြည့်လိုက်ကြသည်။

'ဟာ·· မေမေ'

ကောင်းမြတ်သူမှာ မိခင်ဖြစ်သူကို တွေ့ရလျှင် ဝမ်းသာအားရ လှမ်းခေါ်သည်။ ပြီးလျှင် ထိုင်ရာမှထကာ ပြေးဖက်သည်။

'သား··· သား·· အမလေး သားရေ၊ မင်း နေကောင်းသွားပြီနော်'

ဒေါ်လှသူ ဝမ်းသာသံဖြင့် ပြန်မေးနေသည်။

သော်တာကတော့ သူ့လူကို လှမ်းပြောသည်။

'ချိုကြီးရေ··· ငါတို့ကိစ္စတွေ ပြေလည်သွားပြီ၊ သေနတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထည့်ထား၊ မင်းလည်း ငါတို့နဲ့အတူ လာထိုင်တော့'

'ဟောဗျ၊ ဘယ်လိုဖြစ်ကြလို့လဲ၊ အေးလေ ပြေလည်လည်း ကောင်းပါတယ်'

ချိုကြီး ပြန်ပြောရင်း သူ၏ခြောက်လုံးပြူးသေနတ်ကို အိတ် ထဲသို့ ပြန်ထည့်နေသည်။

'ကျွန်တော် ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ ဖြစ်တာက ဟော ဒီက လွင်ကိုကိုပါ၊ မေမေတို့ လူမှားနေကြတာလေ ဟဲဟဲ'

ကောင်းမြတ်သူက ပြန်လည်၍ ရှင်းပြသည်။

စိုးသိဏ်းသည် လွင်ကိုကို၏မျက်နှာကိုကြည့်လိုက်၊ ကောင်း မြတ်သူ၏မျက်နှာကိုကြည့်လိုက် လုပ်ကာ အံ့ဩမဆုံးဖြစ်နေသည်။

'အမယ်လေးလေး.. မင်းတို့နှစ်ယောက်ကလည်း ရုပ်ချင်း တူလိုက်တာ၊ အမြွှာမွေးညီအစ်ကို ကျနေတာပဲနော်'

'အေးပေါ့ဗျ၊ အဲဒီလို ရုပ်ချင်းက ခွဲမရအောင် တူညီနေလို့ သူက ကျုပ်မိန်းမဆီလာပြီး ပုံမှားရိုက်နေတယ်လေ တောက်'

လွင်ကိုကို မကျေနပ်သေးဟန်ဖြင့် စိုးသိဏ်းဘက်သို့ လှမ်း ပြောသည်။ စိုးသိဏ်း အံ့အားသင့်သွားကာ ကောင်းမြတ်သူကို လှမ်း ကြည့်သည်။

'မဟုတ်ရပါဘူးဗျာ၊ အဲဒီပြဿနာတွေကို နောက်တော့ သေသေချာချာ ရှင်းပြပါ့မယ်၊ အခုလောလောဆယ်မှာတော့ နန်းကြာ ညီ သိချင်တဲ့ကိစ္စကိုသာ ကိုလွင်ကိုကိုက ရှင်းပြလိုက်ပါဗျာ'

'ဟုတ်ပါတယ်ရှင်၊ အစ်ကိုစောခွန်ချို ဘယ်လိုသေရတယ် ဆိုတာကို အရင်ရှင်းပြစမ်းပါ'

နန်းကြာညီကပါ ကောင်းမြတ်သူဘက်မှ ထောက်ခံပြောနေ သည်။ အေးမြင့်သွယ်ကလည်း ဝင်ပြောသည်။

'ဟုတ်သားပဲ ကိုကိုရယ်၊ သူ့အစ်ကိုအကြောင်းကို အရင်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြလိုက်ပါ'

လွင်ကိုကိုကလည်း သူတို့ဆန္ဒကို လိုက်လျောရသည်။

ချစ်ချစ်ချောခမျာ နောက်ထပ်၍ ရောက်လာကြသောလူများ ထိုင်ရန် ကုလားထိုင်တွေကို သွားယူပေးရပြန်သည်။

'မိချော.. အခန်းထဲမှာ ရှိနေကြတဲ့ ဧည့်သည်တွေသောက်ဖို့ အတွက် လက်ဖက်ရည်သွားဖျော်ချေ'

ကုလားထိုင်များချပေးအပြီး၌ လွင်ကိုကိုကလှမ်းပြောသည်။

'ဟုတ်ကဲ့အစ်ကို'

ချစ်ချစ်ချော ပြန်ပြောပြီး နောက်ဖေးခန်းသို့ လက်ဖက်ရည် ဖျော်ရန် ဝင်သွားသည်။

ကျန်လူများကတော့ လွင်ကိုကိုနှုတ်ဖျားမှ ထွက်ပေါ်လာ မည့်စကားများကို စိတ်ဝင်စားစွာဖြင့် လှမ်းနားစိုက်နေကြသည်။

လွင်ကိုကို မပြောမီ ကောင်းမြတ်သူက မိခင်ဖြစ်သူနှင့် နန်းကြာညိုကို မိတ်ဆက်ပေးသည်။

'နန်း.. အဲဒါ အစ်ကို့မေမေလေ'

နန်းကြာညိုရော ဒေါ်လှသူပါ တစ်ဦးကိုတစ်ဦး လှမ်းပြုံး ကာ ကြည့်လိုက်ကြသည်။

စိုးသိဏ်းမှာ ကောင်းမြတ်သူက နန်းကြာညိုအား 'နန်း' ဟု ၍ ပိုင်စိုးပိုင်နင်းခေါ်လိုက်ပုံကို သဘောကျသွားသဖြင့် သူ၏အနီးတွင် ထိုင်နေသော မငွေယုံအား တံတောင်ကလေးဖြင့်တွက်ကာ ကောင်း မြတ်သူဘက်သို့ မေးငေါ့ကာပြသည်။

မငွေယုံမှာ လူတွေရှေ့တွင် သူ၏အသားကို ထိရပါမည်လား ဟူ၍ဒေါပွကာ စိုးသိဏ်း၏ပေါင်တွင်းကြောကို လိမ်ဆွဲတော့သည်။

'အောင်မယ်လေး.. နာလိုက်တာ'

စိုးသိဏ်း အော်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေအားလုံးသူတို့ဆီသို့ဝိုင်းကြည့်ကြကာရယ်နေကြသည်။

'ဘယ်လိုလုပ်လိုက်တာလဲ မိန်းမရယ်၊ တစ်ဆိတ်ရှိ မင်းကတော့ ငါ့ကို ဆွဲဆိတ်ဖို့ပဲ တတ်တယ်'

'ဆိတ်မှာပေါ့၊ ဘာဖြစ်လို့ သူများကို တံတောင်နဲ့လာတွက်ရသလဲ'

'တွက်တာ မဟုတ်ပါဘူး၊ ဟိုအကောင် ကောင်းမြတ်သူ ပြောပုံကို ငါ သဘောကျလို့ မင်းကိုပြတာပါ အဟီး'

စိုးသိဏ်းက သွားကြီးဖြီးကာ ပြန်ပြောသည်။

'ဟော့ကောင် တိတ်တိတ်နေကွာ၊ ဟိုမှာ လွင်ကိုကို ပြောတော့မယ်'

ကောင်းမြတ်သူက လှမ်း၍မာန်သည်။

စိုးသိဏ်းတို့လည်း တိတ်သွားသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ့်ခုနစ်)

## အတိတ်၏ အတိတ်ဇာတ်ကြောင်း

လွင်ကိုကိုသည် ချောင်းတစ်ချက်ကိုဟန့်ပြီး သူ၏အတိတ်မှ ဇာတ်ကြောင်းကို အောက်ပါအတိုင်း ပြောပြရတော့သည်။

'စောခွန်ချိုအကြောင်း ပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ အေးမြင့်သွယ်နဲ့ မင်္ဂလာဆောင်မယ့်ဆဲဆဲအချိန်က စပြောမှပြည့်စုံပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဇာတ်လမ်းက အဲဒီက စတာကိုး'

'ကောင်းတာပေါ့ကွယ်၊ ဦးလေးတို့ကလည်း မင်းဟာ သမီးနဲ့ မင်္ဂလာဆောင်မယ့်နေ့မှာ ဘယ်လိုကြောင့် နှစ်နှစ်ကျော်ကျော် ပျောက်နေရတယ်ဆိုတာ သိချင်နေပါတယ်'

ဦးသိန်းမြင့်က ဝင်ပြောသည်။

'ဟုတ်ကဲ့ခင်ဗျာ·· ဒီလိုပါ၊ ဦးလေးနဲ့ ဒေါ်ဒေါ်ရော၊ ဟောဒီက သွယ်တို့သိကြတဲ့အတိုင်းပဲ၊ သွယ်နဲ့မင်္ဂလာဆောင်မယ့်နေ့ရဲ့ မနက်ပိုင်းမှာ ကျွန်တော့်ဖေဖေ ဦးဘလွင်ဆီက သံကြိုးစာတစ်စောင်ရောက်လာတယ်၊ ဒီ သံကြိုးစာပါအကြောင်းတွေကို ဦးလေးတို့အိမ်သားလုံး သိနေကြပေမယ့် ကျွန်တော့်ပရိတ်သတ်တွေ မသိကြသေးတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြန်ပြောပြပါ့မယ်၊ သံကြိုးစာထဲမှာ ဘယ်လိုဖော်ပြထားသလဲဆိုတော့ *'သား... လွင်ကိုကို.. သေရေးရှင်ရေးတစ်မျှ ကိစ္စပေါ်လာပြီ၊ ဖေဖေနဲ့ အမြန်လာတွေ့ပါ၊ ဖေဖေ သာစည်မြို့က မင်းဘကြီး ဦးသန်းအိမ်မှာ ရောက်နေတယ်၊ ဘလွင်'* လို့၊ ဒါနဲ့ ကျွန်တော်ဟာ ချက်ချင်းပဲ ကျွန်တော့်ကား လင်းရိဗာနဲ့ သာစည်ဘက်ကို ထွက်ခဲ့တယ်၊ ထွက်တုန်းကတော့ မင်္ဂလာဆောင်အမီ ပြန်လာနိုင်မယ် ထင်ပြီး ထွက်လာတာပါ၊ ဝက်ဖူရစ်ရွာနားရောက်တော့ စောခွန်ချို့နဲ့ သွားတွေ့တယ်၊ သူကလည်း ကျွန်တော်နဲ့တွေ့ရအောင် သာစည်က ကားတစ်စီးကို ငှားလာခဲ့တာ၊ ကျွန်တော်နဲ့တွေ့တော့ ငှားလာတဲ့ကားကို ပြန်လွှတ်လိုက်ပြီး ကျွန်တော်နဲ့အတူ သာစည်ဘက်ကို ပြန်လိုက်လာခဲ့တယ်၊ သာစည်က ကျွန်တော့်ဘကြီးဝမ်းကွဲ ဦးသန်းအိမ်လည်း ရောက်ရော သတင်းဆိုးတစ်ခုကို ကြားရတော့တာပဲ၊ ဒီသတင်းက ဘာလဲဆိုတော့ ကျွန်တော့်အဖေဟာ ကျွန်တော့်ဆီကို သံကြိုးရိုက်ဖို့ သံကြိုးရုံးကအပြန်မှာ ဗိုလ်တာနော်တို့လူစုက လမ်းကဆီးဖမ်းသွားတာ ခံခဲ့ရသတဲ့၊ အဖေနဲ့အတူ ကျွန်တော့်ဘကြီး ဦးသန်းလည်း ပါသွားတယ်၊ ဦးသန်းကိုတော့ ဗိုလ်တာနော်တို့အဖွဲ့က မြို့ပြင်အရောက်မှာ ကားပေါ်က ပြန်လွှတ်ပေးလိုက်တယ်၊ လွှတ်ပေးရင်းနဲ့ ဘာမှာလိုက်သလဲဆိုတော့ ဖေဖေ့ကို အသက်ရှင်လျက် ပြန်တွေ့ချင်တယ်ဆိုရင် ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက် အမြတ်တနိုးသိမ်းထားခဲ့ကြတဲ့ ပစ္စည်းကို ပေးရမတဲ့၊ တကယ်လို့ ပေးမယ်ဆိုရင် မိုင်းပန်ဘက်ကို သူတို့လိုချင်တဲ့ ပစ္စည်းနဲ့အတူ လာခဲ့ရမယ်၊ နောက် ရဲဘက်ကိုလည်း တိုင်လားတောလား မပြုရဘူး၊ ပြုခဲ့ရင် ကျွန်တော့်ဖေဖေ့ကိုရော ကျွန်တော်တို့ကိုပါ သတ်ပစ်မယ်တဲ့...'

'နေပါဦး၊ ငါ့တူတို့ ဘိုးစဉ်ဘောင်ဆက် အမြတ်တနိုးသိမ်းထားခဲ့ကြတဲ့ ပစ္စည်းဆိုတာ ဘာကိုဆိုလိုတာလဲကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတင်လှက ဖြတ်၍ မေးနေခြင်းဖြစ်သည်။

'ဟုတ်ကဲ့ တခြားတော့ မဟုတ်ပါဘူး၊ မြဆင်းတုဘုရားပါ ခင်ဗျာ၊ ဒီမြဆင်းတုဘုရားဟာ ကျွန်တော်တို့ရဲ့အဘေးများလက်ထက် ကတည်းက ဆည်းကပ်ကိုးကွယ်ခဲ့ကြတဲ့ ရာဇဝင်သမိုင်းဝင်ဘုရား ဖြစ်ပါတယ်၊ ဘယ်လို သမိုင်းဝင်ခဲ့တယ်ဆိုတာ နောက်ပိုင်းကျတော့ ကျွန်တော် ရှင်းပြပါ့မယ်'

လွင်ကိုကိုက အမေးကို ပြန်လည်ဖြေကြားနေသည်။

နန်းကြာညိုကလည်း ဝင်မေးပြန်သည်။

'အစ်ကိုစောခွန်ချိုကကော ဘယ်လိုကြောင့် ကိုလွင်ကိုကို ဆီကို လိုက်လာရတာလဲ'

'အဲ..ဟုတ်ပါရဲ့၊ ဒီအကြောင်းပြောဖို့ ကျွန်ုပ်ရစ်ခဲ့တယ်၊ ဒီလို ပါ နန်းကြာညို၊ ယူ့အစ်ကိုဟာ ဗိုလ်တာနော့ရဲ့သတင်းကို ကြားရလို့ ငါ့ဆီကို လာသတင်းအပေးမှာ သာစည်ကျတော့ ဖေဖေနဲ့သွားတွေ့ကြ တယ်၊ လာရတဲ့အကြောင်းရင်းကတော့ ခုနင်က ငါပြောခဲ့တဲ့ ငါတို့ရဲ့ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်လာခဲ့ကြတဲ့ မြဆင်းတုဘုရားကို ယူတို့ အစ်ကိုဆီမှာ အပ်ထားခဲ့လို့ပဲ'

'ဟင် ဘာလို့ အစ်ကိုစောခွန်ချိုဆီမှာ အပ်ထားရတာလဲ'

နန်းကြာညို ဆက်၍ မေးပြန်သည်။

'မထားလို့ မဖြစ်ဘူးလေ၊ စောစောက ငါပြောခဲ့သလို ဗိုလ်တာနော့တို့အုပ်စုက အလိုရှိနေကြတယ်၊ ဒီမြဆင်းတုဘုရားကို ငါတို့ရဲ့ အဘေးများကစပြီး ရကတည်းက ရန်မီးပွားဟာ ပွားနေခဲ့ကြ တာ ငါတို့ခေတ်အထိပါပဲ၊ ငါတို့အဘိုးလက်ထက်တုန်းက ဒီမြဆင်း တုဘုရားနဲ့ပတ်သက်ပြီး ဒီဘုရားကို အလိုရှိနေကြတဲ့ တစ်ဖက်သော အုပ်စုတွေနဲ့အပြတ် တိုက်ခိုက်ကြရာမှာ တစ်ဖက်သော အုပ်စုက လူတွေ အရေးနိမ့်သွားကြတာနဲ့ ဒီကိစ္စဟာ ပြီးပြတ်သွားပြီ မှတ်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခုတော့ မဟုတ်ဘူး၊ ဗိုလ်တာနော့ဟာ ဒီမြဆင်းတုဘုရား သတင်းကို သိနေလို့ ငါတို့ကို လိုက်ရန်ရှာတော့တာပဲ၊ ဒါနဲ့ ဖေဖေနဲ့ငါ တိုင်ပင်ပြီးရန်များလှတဲ့ မြဆင်းတုဘုရားကို အိမ်မှာမထားဘဲ ယုံကြည်စိတ်ချရတဲ့ စောခွန်ချိုဆီမှာထားဖို့ သဘောတူလိုက် ကြတယ်၊ စောခွန်ချိုကလည်း သစ္စာရှိရှိနဲ့မြဆင်းတုဘုရားကို လုံလုံခြုံခြုံနဲ့ဝှက် ထားပေးခဲ့တယ်။ အဲ·· လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ ဗိုလ်တာ နော့ဟာ စောခွန်ချိုနဲ့သွားတွေ့ခဲ့တယ်၊ နောက် သူက စောခွန်ချိုဆီမှာ မြဘုရားရောက်နေတယ်ဆိုတာ သူ သတင်းရထားတယ်၊ ဒါကြောင့် ဦးဘလွင်တို့သားအဖကို သွားပြီးအကြောင်းကြားပါ၊ ဒီမြဆင်းတု ဘုရားကို အသာတကြည်နဲ့ပေးမလား၊ မပေးဘူးဆိုရင် မင်းကိုရော ဦးဘလွင်တို့သားအဖကိုပါ သတ်ပစ်မယ်လို့ ကြိမ်းမောင်းသွားသတဲ့··၊ ဒီလို ကြိမ်းမောင်းသွားတဲ့အတွက် စောခွန်ချိုဟာ သူနေထိုင်ရာ ကျောက်မဲမြို့ကနေ တောင်ကြီးမှာရောက်နေတဲ့ ငါ့ဆီကိုလာ အကြောင်းကြားခဲ့ရာမှာ စောစောက ပြောခဲ့တဲ့အတိုင်း သာစည်ဘူတာ မှာ ဖေဖေနဲ့သွားတွေ့ကြတယ်၊ စောခွန်ချိုက ဗိုလ်တာနော့ပြောတာ တွေကို ပြောပြတော့ ဖေဖေက ငါ့ဆီကိုသံကြိုးစာရိုက် အကြောင်း ကြားပြီး စောခွန်ချိုကတော့ ငါ့ဆီကို လူကိုယ်တိုင်အကြောင်းကြား ဖို့အလာ လမ်းမှာငါနဲ့တွေ့ကြတာပါ'

လွင်ကိုကိုကာ နန်းကြာညိုအမေးကို ပြန်လည်ရှင်းလင်းပြ နေသည်။

'ဩော်·· ဒီလိုကိုး၊ အစ်ကို စောခွန်ချိုတို့များ တော်တော် သစ္စာရှိတယ်၊ တခြားလူမပြောနဲ့၊ ဒီအကြောင်းကို တစ်ဦးတည်းသော ညီမဖြစ်တဲ့ နန်းကိုတောင် အသိမပေးခဲ့ဘူး၊ အခု ကိုလွင်ကိုကိုပြော ပြုမှ နန်းသိရပါတယ်၊ ဒါနဲ့တောင် ဗိုလ်တာနော့က ဘယ်လိုလုပ်ပြီး အစ်ကို့ဆီမှာ ကိုလွင်ကိုကိုတို့ ကိုးကွယ်ကြတဲ့ မြဆင်းတုရောက်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ကို သိသွားသလဲ မသိဘူးနော်'

နန်းကြာညို့ အံ့သြသံဖြင့် ပြောနေသည်။

'နေပါဦး မောင်လွင်ကိုကိုရဲ့၊ ဒီမြဆင်းတုဘုရားကို အ
သဲကြီးမဲကြီးလိုက်နေကြတာဟာ ဘယ်လိုအကြောင်းကြောင့်လဲ'

ဒေါက်တာတင်လှက ဝင်မေးပြန်သည်။

ကျန်လူတွေကတော့ စိတ်ဝင်စားကြဟန်ဖြင့် နားစိုက်လျ
ပင် နေကြသည်။

'အကြောင်းတွေကတော့ အများကြီးပဲ၊ တစ် -ဒီမြဆင်း
ဘုရားဟာ သမိုင်းဝင်ဘုရား ဖြစ်ခဲ့တယ်၊ နှစ် -ဒီမြဆင်းတုဘု
ကို အိမ်မှာထားပြီး ကိုးကွယ်ဆည်းကပ်ကြတဲ့လူတိုင်း ဘေးအန္တရာ
အသွယ်သွယ်ကလည်း ကင်းလွတ်မယ်၊ ကြံသမျှ အကြံအစည်
ဟူသမျှလည်း အောင်မြင်တာချည်းပဲ၊ အဲ·· တစ်ခုတော့ ရှိတ
ဒီမြဆင်းတုဘုရားကို ကိုးကွယ်ဆည်းကပ်ကြတဲ့အခါ ကံငါးပါး
တော့ လုံခြုံအောင် စောင့်ရတယ်၊ ကံငါးပါးထဲက တစ်ပါးပါး
ပျက်ပြားသွားမယ်ဆိုရင် မြဆင်းတုဘုရားကိုးကွယ်တဲ့ အိမ်ထောင်
စီးဟာ အန္တရာယ်အသွယ်သွယ်နဲ့ တွေ့ကြုံရတာပဲ၊ နောက် သုံးအ
ကတော့ မြဆင်းတုဘုရားဟာ အခုခေတ်ကာလတန်ဖိုးနဲ့ တွက်
ဆိုရင် ဆယ့်သိန်းကျော်ကျော်လောက် တန်ဖိုးရှိတယ်၊ မြဆင်းတုဘု
ရဲ့ ဉာဏ်တော်ဟာ ရှစ်လက်မသာသာရှိပေမယ့် အင်မတန်ကောင်း
တဲ့ မြအစစ်ဖြစ်နေတာမို့ တန်ဖိုးကြီးသလို ဒီဘုရားရဲ့ ပလ္လင်တေ
အောက်ဘက်မှာ အဖိုးတန် ကျောက်သံပတ္တမြားတွေက ရှိနေတ
ဒါတွေကို ဗိုလ်တာနောကသိလို့ သဲသဲမဲမဲ လိုက်နေတာပဲ အန်က

'သြော်·· သြော် ဘုရားကိုးကွယ်ချင်လို့ မဟုတ်ဘူး ဘုရ
မှာရှိနေတဲ့ ရတနာတွေကို လိုချင်လို့ဆိုပါတော့ကွယ်'

ဒေါက်တာတင်လှ မှတ်ချက်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ် ခင်ဗျာ၊ သာစည်ကျတော့ လူဆိုးတွေက မိုင်းပန်ဘက်ကိုလာဖို့ ချိန်းသွားတာနဲ့ ကျွန်တော်နဲ့ စောခွန်ချိုတို့က တိုင်ပင်ကြတယ်။ ဘယ်လိုလဲ ဖေဖေ့အသက်ကိုကယ်ဖို့ မြဆင်းတုဘုရားကို ပေးလိုက်ကြမလားဆိုတာပဲ၊ ဒီအခါ စောခွန်ချိုက ဘာပြန်ပြောသလဲဆိုတော့ မြဆင်းတုဘုရားကိုပေးတာနဲ့ပဲ မင်းအဖေကို လူဆိုးဓားပြကောင်က အမှန်ပဲပြန်လွှတ်ပေးမယ်လို့ မင်းက ယုံကြည်နေသလား၊ ပြီးတော့ ဒီမြဆင်းတုကို မင်းအဖေက ရွှေတိဂုံစေတီတော်ရဲ့ ဖြတိုက်မှာ လှူဒါန်းဖို့ဆုံးဖြတ်ထားတယ် မဟုတ်လား၊ ဒီတော့ကာ ပြန်ပေးမနေနဲ့၊ ငါနဲ့မင်း နှစ်ယောက်တွဲပြီး ဗိုလ်တာနောတို့စခန်းကို ရှာမယ်၊ ဒီအကောင်တွေဟာ တခြားမှာ မရှိနိုင်ဘူး၊ မိုင်းပန်ကိုချိန်းထားတဲ့အတွက် မိုင်းပန်ဒေသတစ်ဝိုက်မှာပါပဲ ရှိရမယ်။ အဲဒီဒေသကို ငါကျွမ်းကျင်တယ်၊ ပြီးတော့ မင်းရော ငါရော အမဲလိုက်ဖူးကြတဲ့ ကောင်တွေမို့ ဒီလူဆိုးဓားပြတွေနဲ့ ရင်ဆိုင် တိုက်ခိုက်ဖို့ ကြောက်စရာ မရှိပါဘူး၊ ငါတို့မှာ လက်နက်တွေလည်း အပြည့်အစုံရှိထားကြတဲ့ဟာလို့ ကျွန်တော့်ကို အားပေးတယ်။ ကျွန်တော်ကလည်း ဗိုလ်တာနောတို့ကို တိုက်ခိုက်နေချင်တဲ့ကောင်ဆိုတော့ သူပြောတဲ့အတိုင်းလုပ်ဖို့ ချက်ချင်း သဘောတူလိုက်တာပဲ'

လွင်ကိုကို စကားပြောနေရသည်ကို မောသွားဟန်ဖြင့် ခေတ္တ ရပ်နားထားသည်။

အခန်းတွင်းရှိ လူတွေကတော့ စိတ်ဝင်စားနေကြဟန်ဖြင့် ကျောက်ဆစ်ရုပ်ကလေးများပမာ ငြိမ်သက်စွာ အာရုံစိုက်ရင်း နားထောင်နေကြသည်။

လွင်ကိုကို အမောပြေလျှင် စကားကို ပြန်ဆက်သည်။

'ဒါနဲ့ ကျွန်တော်တို့ဟာ မိုင်းပန်ဘက်ကို ခရီးဆက်ခဲ့ကြတယ်၊ အဲဒီလို ခရီးဆက်ခဲ့ကြရတဲ့အတွက် ကျွန်တော်ဟာ အေးမြင့်

www.burmeseclassic.com

www.burmeseclassic.com



သွယ်နဲ့ လက်ထပ်ဖို့ရှိတာကို မေ့နေခဲ့သလို ဦးလေးဦးသိန်းမြင့်တို့ဆီ အကျိုးအကြောင်း စာရေးဖို့လည်း လုံးဝသတိမရတော့ဘူး၊ ဒီတုန်းက ကျွန်တော့်ခေါင်းထဲမှာ စွဲစွဲမြဲမြဲရှိနေတာက ကျွန်တော့်ဖေဖေကို လူဆိုးတွေရဲ့လက်ထဲက အချိန်မီ ပြန်လုယူဖို့နဲ့ ဗိုလ်တာနောတို့အုပ်စုကို အပြတ်တိုက်ဖို့ပဲ သတိရနေတယ်၊ ဒီအတွက်လည်း ဦးလေးတို့ကိုရော သွယ့်ကိုပါ ခွင့်လွှတ်ကြဖို့ကို တောင်းပန်ပါတယ်'

လွင်ကိုကို တောင်းပန်နေသည်။

ဦးသိန်းမြင့်တို့က ခွင့်လွှတ်ဟန်ဖြင့် ခေါင်းကလေးတွေ ကိုယ်စီညိတ်ပြကြသည်။

ယင်းအခိုက်..

ချစ်ချစ်ချောက ညှော်သည်များ စားသောက်ကြရန် လက်ဖက်ရည်နှင့်မုန့်များကို ငွေလင်ပန်းကြီးတစ်ခုတွင်ထည့်ကာ ယူလာသည်။

'အဲဒီ စားပွဲပေါ်မှာ ချထားခဲ့မိချော့'

လွင်ကိုကိုက လှမ်းပြောသည်။

ချစ်ချစ်ချောယူလာသော လက်ဖက်ရည်နှင့်မုန့်များကို စားပွဲပေါ်တွင်ချကာ ပြန်ထွက်သွားသည်။ လွင်ကိုကိုက မဆုံးသေးသော သူ၏ဇာတ်ကြောင်းကို ပြန်ဆက်သည်။

'တိုတိုပဲ ပြောပါတော့မယ်၊ မိုင်းပန်ကိုရောက်တော့ ကျွန်တော်တို့ဟာ အသိအိမ်တစ်အိမ်မှာ တည်းကြတယ်၊ အဲဒီကမှ ဗိုလ်တာနောတို့ အုပ်စုသတင်းကို တစ်လကြာကြာ ထောက်လှမ်းနေခဲ့ကြတယ်၊ ဒီတင် ကျွန်တော်တို့ဟာ ဗိုလ်တာနောတို့ စခန်းချရာနေရာကို သိကြရတယ်၊ ဗိုလ်တာနောတို့က မိုင်းပန်နဲ့မိုင်ပေါင်း သုံးဆယ်ကျော်ကျော် ကွာဝေးတဲ့ မိုင်းနောင်ဘက်မှာ ရှိကြတယ်လို့တာ သတင်းရကြတယ်၊ ကျွန်တော်နဲ့ စောခွန်ချိုတို့ဟာ အဲဒီဘက်ကို ခရီးဆက်ခဲ့ကြတယ်၊ နောက် မိုင်းနောင်မှာရှိတဲ့ စောခွန်ချိုရဲ့ဦးကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အိမ်မှာ တည်းကြပြန် တယ်၊ အဲဒီမှာတည်းပြီးနေတုန်း ဗိုလ်တာနေ့ာတို့ဟာ ကျွန်တော်တို့ ရောက်နေကြတာကို သိသွားကြ တယ်၊ သိတာနဲ့ ကျွန်တော်တို့ဆီကို သူ့ဆီက ဆက်သားတစ်ဦးကို စာရေးစေလွှတ်လိုက်တယ်၊ စာထဲမှာ မြဆင်းတုပါလာရင် အရှေ့ဘက် တောစခန်းကို လာမယ့်လကွယ်နေ့ည ဆယ်နာရီတိတိမှာ လာပေးပါ တဲ့၊ မပေးရင် ကျွန်တော့်အဖေကိုရော၊ ကျွန်တော်တို့ပါ သတ်ပစ်မယ် တဲ့။ ကျွန်တော်တို့က စာလာပေးတဲ့ဆက်သားကို ကောင်းပြီ.. ငါတို့ လာပေးမယ်လို့ ပြီးလွှတ်လိုက်တယ်၊ သူတို့ချိန်းထားကြတဲ့ လကွယ်နေ့ ညကျတော့ ကျွန်တော်နဲ့ စောခွန်ချို ဟာ လက်နက်ကိုယ်စီနဲ့ ဗိုလ်တာ နော့စခန်းဘက်ကို ထွက်လာခဲ့ကြတယ်။ ဗိုလ်တာနော့ချိန်းထားတဲ့ နေရာကျတော့ ကျွန်တော်တို့ကပဲ စတိုက်တာမဲ့၊ သူတို့ကလည်း ပြန်တိုက်ကြတာပေါ့လေ၊ ကျွန်တော်နဲ့ စောခွန်ချိုဟာ ဖေဖေ့ကို ကယ်တင်ဖို့အတွက် သူတို့စခန်းကိုနှစ်ယောက်တည်းနဲ့ မိုက်မိုက်ကန်း ကန်း အတင်းဝင်တိုက်ကြတယ်၊ ကျွန်တော်တို့က စုစုပေါင်းနှစ် ယောက်တည်းဖြစ်ပေမယ့် စိတ်ဓာတ်ကအပြည့် ရှိနေကြတော့ ဗိုလ် တာနော့တို့လူစု အထိနာကုန်ကြတယ်၊ ကျွန်တော့်အထင် သူတို့မှာ လည်း လူကတော့ များများစားစား ရှိပုံမပေါ်ပါဘူး၊ အလွန်ဆုံး ဆယ့်ငါးယောက်လောက်ရှိမယ် ထင်ပါတယ်၊ ပြီးတော့ ကျွန်တော်နဲ့ စောခွန်ချိုတို့ နှစ်ဦးစလုံးမှာ ဗြိတိန်နိုင်ငံလုပ် ဆပ်မရှင်းဂန်းတွေ ရှိကြတယ်၊ ဗိုလ်တာနော့တို့မှာ မရှိကြဘူး၊ ဒီဆပ်မရှင်းဂန်းကို စောခွန်ချိုက ဘယ်လိုကနေ ဘယ်လိုအကြံအဖန်လုပ်ပြီး ရထားတယ် ဆိုတာတော့ ကျွန်တော်လည်း မေးမကြည့်မိလို့ မသိဘူး၊ နောက်ဆုံး ကျွန်တော်တို့ဟာ ဖေဖေ့ကို ချုပ်ထားရာနေရာကို စီးမိကြတယ်၊ ဖေဖေ့ကိုတွေ့ရတော့ ကျွန်တော်တို့သိပ်ဝမ်းသာသွားကြတာပေါ့၊ ဗိုလ် တာနော့တို့ကတော့ အပြင်ကနေ ကျွန်တော်တို့ဘက်ကို သဲသဲမဲမဲ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေတုန်းပဲ၊ ဒီအခါ စောခွန်ချိုက ဘာပြောသလဲဆို
သူငယ်ချင်းတဲ့ မင်းအဖေကို အမြန်ခေါ်ထုတ်ပြီးသွား၊ ငါက
ဗိုလ်တာနောတို့ကို ခံပစ်နေမယ်ပြောတယ်၊ ဒါကို ကျွန်တော်
ခါးခါးသီးသီးပဲ ငြင်းတယ်။ ငြင်းပေမယ့် စောခွန်ချိုကတော့ လက်
ဘူး၊ နောက်ဆုံး သူက ဘာပြောသလဲဆိုတော့ ဒီမှာသူငယ်ချ
ငါ ပြောတာကို မင်း နားမထောင်ရင် မင်းကို ငါကိုယ်တိုင်ပစ်သ
ရလိမ့်မယ်တဲ့၊ ဒီတော့ မင်းအဖေကိုသာ ခေါ်ပြီးလစ်သွား၊ ငါ့အတွ
ဘာမှမပူနဲ့၊ လူဆိုတာ တစ်နေ့သေရမယ့်အတူတူ တိုင်းပြည်နဲ့လူမျိုး
ဒုက္ခပေးနေကြတဲ့ အန္တရာယ်ကောင်တွေကို တိုက်ခိုက်ပြီးသေရတာ
မြတ်သောသေခြင်း ဖြစ်ပါတယ်၊ ငါတို့ ရှမ်းလူမျိုးဆိုတာကလည်
လူတစ်ယောက်ကို ခင်မင်မိပြီဆိုရင် အသက်ပေးပြီးခင်မင်တတ်ကြ
ထုံးတမ်းအစဉ်အလာရှိကြတာမို့ ငါ အင်မတန်ချစ်တဲ့ သူငယ်ချ
အတွက် ငါ အသေခံတာ မဆန်းပါဘူးကွာ။ ဒီတော့ ငါချစ်သ
ငါ့ကိုချစ်တယ်ဆိုရင် မင်းအဖေကိုခေါ်ပြီး ထွက်သွားပါတဲ့၊ သူဘယ်
ပြောပြော ကျွန်တော်ရော၊ ကျွန်တော့်အဖေကပါ လက်မခံဘူး၊ အ
ခံစရာရှိရင် အတူတူအသေခံမယ်လို့ ပြတ်ပြန်ပြောကြတယ်၊ ဒီအချိန်
ပဲ ဗိုလ်တာနောတို့ဘက်က ပစ်လိုက်တဲ့ ကျည်ဆန်တစ်တောင့်
စောခွန်ချိုရဲ့ရင်ဘတ်ကို ထိမှန်သွားတော့တယ်။ ကျွန်တော်တို့လည်
သူ့ကို ဝိုင်းပွေ့ထားခဲ့ကြတယ်၊ သူက အပွေ့မခံဘူး၊ စိတ်ဓာတ်ကအ
တော်တော်ပြင်းတဲ့ကောင်၊ နောက် သူက ဘာပြောသလဲဆိုရင် မင်း
သွားမှာသာ သွားကြ၊ ငါ့ဒဏ်ရာ ငါသိတယ်။ ငါလည်း လူ့ပြည်
နေရတော့မှာ မဟုတ်ဘူး၊ ဒီတော့ ငါတို့မိသားစု အမြဲတမ်းသိမ်း
ခဲ့ကြတဲ့ ပတ္တမြားနဲ့မင်းတို့ကိုးကွယ်ထားကြတဲ့ မြဆင်းတုရုပ်
ဘယ်နေရာမှာ သိမ်းထားခဲ့တယ်ဆိုတာ ရေးသားထားတဲ့စာရွက်
လက်ဆွဲ သားရေအိတ်ထဲမှာရှိတယ်၊ အဲဒါကိုသာ ယူသွားပါ၊ ပတ္တမြ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ငါ့ညီမနန်းကြာညိုကို ပေးလိုက်ပါကွာလို့မှာတယ်။ ဒီအချိန်မှာ ဖေဖေလည်း ဘာဝင်ပြောသလဲဆိုတော့ ကဲ… ငါ့သား မင်းပဲ လွှတ်အောင်ပြေး၊ ဖေဖေကတော့ မောင်စောခွန်ချိုနဲ့အတူ ရန်သူတွေကို တိုက်ပွဲဝင်ခဲ့မယ်၊ မင်းမှာတော့ လက်ထပ်ရတော့မယ့် ဇနီးလောင်းကလည်းရှိနေလို့ ငါတို့မျိုးဆက်ပြန့်ပွားအောင် လုပ်ဆောင်ပေးရလိမ့်မယ်၊ ဖေဖေတို့အပေါ် သံယောဇဉ်ငဲ့မနေနဲ့၊ စောခွန်ချိုရဲ့ ပစ္စည်းတွေကိုသာ ယူပြီးသွားလို့ပြောတယ်၊ နောက်ဆုံးတော့ ကျွန်တော်ဟာ မျက်ရည်စက်လက်နဲ့ သူတို့ကို ခွဲခွာပြီး ထွက်ခဲ့ရတယ်၊ ကျွန်တော်ထွက်ပြီး မကြာမီမှာပဲ သူတို့ရှိရာကို ဗိုလ်တာနောတို့က ဝင်စီးမိတာကို သိရပါတယ်၊ ကျွန်တော်ကတော့ ဖေဖေနဲ့ စောခွန်ချိုတို့ရဲ့စကားအတိုင်း လွှတ်ရာကို ပြေးခဲ့ရပါတယ်၊ ပြေးရင်းနဲ့ ကျွန်တော်စိတ်ကူးမိတာက စောခွန်ချိုပေးလိုက်တဲ့ ပတ္တမြားကြီးနဲ့ ကျွန်တော်တို့ကိုးကွယ်ခဲ့တဲ့ မြဆင်းတုဘုရားရှိရာ ညွှန်ပြထားတဲ့မြေပုံကို ကျွန်တော်နဲ့အတူ ယူမသွားဘဲ တစ်နေရာရာမှာ ထားခဲ့ဖို့ပါပဲ၊ ယူသွားခြင်းအားဖြင့် လမ်းမှာ အန္တရာယ်တွေ့ရလို့ရှိရင် ဒါတွေဟာ ဆုံးရှုံးမှာကိုလည်း ကျွန်တော် စိုးရိမ်မိတယ်လေ၊ ဒါကြောင့် လမ်းမှာတွေ့ရတဲ့ တြိဂံသဏ္ဌာန် ထူးထူးဆန်းဆန်းပေါက်နေတဲ့ ညောင်ပင်သုံးပင့်အနက် အလယ်က အကြီးဆုံး ညောင်ပင်ကြီးရဲ့သစ်ပင်ရင်းမှာ တွင်းတစ်တွင်းတူးပြီးပါလာတဲ့ပစ္စည်းတွေကို မြှုပ်ပစ်ခဲ့တယ်။ နောက် အမှတ်အသားတွေကို ကျွန်တော် လုပ်ထားခဲ့ပြီးဆက်ပြေးလာခဲ့ရာမှာ ကျွန်တော့်စိတ်ထင် ဗိုလ်တာနောတို့စခန်းရဲ့ ရှစ်မိုင်ကွာလောက်အရောက်မှာ ကျွန်တော်ဟာ တောင်ပေါ်ကနေ ချောက်ကမ်းပါးတစ်ခုကို လိမ့်ကျခဲ့တာကိုသာ မှတ်မိပါတော့တယ်၊ ကျန်ဖြစ်ပျက်တာတွေကိုတော့ ကျွန်တော်လည်း အတိအကျကို မေ့ပျောက်နေတာမို့ မမှတ်မိတော့ပါဘူး၊ ကျွန်တော့်အဖြစ်အပျက်ကတော့ ဒါပါပဲခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ ရှင်းလင်းပြောပြနေသည်။

'ဒီလိုပါ အန်ကယ်၊ ဒီမြဆင်းတုဘုရားဟာ သမိုင်းဝင်ဖြစ်တယ်ဆိုတာက အဲဒီမြဆင်းတုဘုရားကို ကျွန်တော်တို့ရဲ့ဘိုးအဘေးများဖြစ်ကြတဲ့ ခေတ်ကစပြီး ကိုးကွယ်ခဲ့ကြလို့ပါ၊ အဲဒီခေတ်ကတော့ တခြားမဟုတ်ဘူး၊ ကုန်းဘောင်မင်းဆက် ဆဋ္ဌမမြောက်ဖြစ်တဲ့ ဘကြီးတော်ဘုရားလို့လည်းခေါ်၊ စစ်ကိုင်းမင်းလို့လည်းခေါ်တွင်ခဲ့တဲ့ မင်းတြားကြီး လက်ထက်ကပါ၊ ဘကြီးတော်ဘုရားလို့ ခေါ်တာကတော့ ပုဂံမင်းနဲ့မင်းတုန်းမင်းတို့ရဲ့ဘကြီးဖြစ်လို့ ဒီမင်း နတ်ရွာစံပြီးမှ ခေါ်တွင်ခဲ့တဲ့အမည်ပါ၊ ဘကြီးတော်ဘုရားဟာ မြန်မာသက္ကရာဇ် တစ်ထောင့်တစ်ရာရှစ်ဆယ့်တစ်ခုမှာ နန်းတက်ပြီး တစ်ထောင့်တစ်ရာရှစ်ဆယ့်သုံးခုနှစ်မှာ ရတနာပူရ အင်းဝနေပြည်တော်ကြီးကို အသစ်တည်ထောင်လို့ ပြောင်းရွှေ့နန်းစံတော်မူခဲ့တယ်။ အဲဒီ နန်းတက်တဲ့နှစ်တစ်ထောင့်တစ်ရာရှစ်ဆယ့်တစ်ခုနှစ်မှာပဲ မဏိပူရ ကသည်းစော်ဘွား မဟာရှိန်ရာဇာ အင်္ဂလိပ်လိုတော့ ဟာရီစင်ဂ်ဟာ လက်ဆောင်ပဏ္ဏာ အဆက်အသ၊ မရောက်လာတဲ့အတွက် ညီတော် ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်ကို ဗိုလ်ချုပ်ခန့်တော်မူပြီး တပ်တော်များနဲ့ ချီတက်တိုက်ခိုက် သိမ်းယူစေရာမှာ မဏိပူရ တစ်မြို့လုံးကိုရခဲ့တယ်၊ အဲဒီမဏိပူရကို ချီတက်ရာမှာ ဒီတုန်းက အလုံမြို့ဝန်မင်းသား ဖြစ်သေးတဲ့ ကမ္ဘာက လေးစားခြင်းခံခဲ့ရသူ စစ်သူကြီးမဟာဗန္ဓုလဟာ လက်ဝဲကြောင်းက လိုက်ပါရပြီး စစ်ကဲမင်းကြီး မင်းခေါင်ကျော်ကတော့ လက်ယာကြောင်းက လိုက်ပါထမ်းရွက်ခဲ့ရသတဲ့'

လွင်ကိုကို စကားကို ခေတ္တရပ်နားကာ နားထောင်နေကြသော လူများကို လှမ်းကြည့်သည်။

လူအားလုံး သူ၏စကားတွင်နားစိုက်နေကြောင်း သိရသည်။

'အဲဒီ စစ်သူကြီးမဟာဗန္ဓုလ ချီတဲ့တပ်မှာ ကျွန်တော်တို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လွင်ကိုကို စကားအဆုံးသတ်သည်။

နန်းကြာညိုမှာတော့ အစ်ကိုဖြစ်သူ၏အကြောင်းကို နားထောင်ရင်း ဝမ်းနည်းစွာဖြင့် ငိုရှိုက်နေသည်။

ကောင်းမြတ်သူမှာ မနေသာတော့ဘဲ နန်းကြာညို၏ပခုံးကလေးတစ်ဖက်ကို ယုယစွာကိုင်ရင်း အားပေးနေသည်။

စိုးသိဏ်းမှာ မည်သည့်အခါကမှ မိန်းမနှင့်ပတ်သက်၍ ရှုပ်ရှုပ်ယှက်ယှက် မရှိခဲ့ဘူးသော သူငယ်ချင်းလူပျိုကြီး၏ အဖြစ်ကို ကြည့်ကာ ပြုံးပြုံးကြီးလုပ်နေသည်။

ကျန်လူများကတော့ သူငယ်ချင်းအတွက် အသက်ကို စွန့်သွားသော စောခွန်ချိုနှင့် လွင်ကိုကို၏ဖခင် ဦးဘလွင်အတွက် စိတ်မကောင်းဖြစ်နေကြသည်။

'ဒါထက် မင်းတို့ ကိုးကွယ်ခဲ့ကြတယ်ဆိုတဲ့ မြဆင်းတုဘုရားအကြောင်းကိုကော ပြောပြပါဦးကွယ်'

ဒေါက်တာတင်လှက မေးမြန်သည်။

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ပြောပြပါ့မယ်၊ အားလုံးလက်ဖက်ရည် သုံးဆောင်ကြပါဦး၊ ကျွန်တော်လည်း သောက်လိုက်ဦးမယ်၊ အာခြောက်နေလို့ပါ'

လွင်ကိုကိုပြောရင်း သူ့ရှေ့ရှိ လက်ဖက်ရည်ပန်းကန်ကို အရင်ယူကာ သောက်သည်။

ကျန်လူများလည်း အသီးသီး မုန့်ယူစားသူစား လက်ဖက်ရည်သောက်သူသောက် လုပ်နေကြသည်။

ကောင်းမြတ်သူနှင့် အေးမြင့်သွယ်တို့ မိသားစုသာလျှင် စောစောက သောက်စားပြီးစီးနေသဖြင့် မသောက်ကြတော့ပေ။

လွင်ကိုကိုသည် လက်ဖက်ရည်သောက်အပြီး၌ ဒေါက်တာတင်လှသိလိုသော မြဆင်းတုဘုရားအကြောင်းကိုအောက်ပါအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အဘေးက ဗိုလ်မှူးကလေးတဲ့၊ သူ့နာမည်ကတော့ ဇေယျာသိခ်ဖြစ်ပါတယ်၊ မဏိပူရတစ်မြို့လုံးကို ရခဲ့တဲ့အခါ ဒွါရာဝတီမင်းသား သတိုးမင်းရဲကျော်ထင်ဟာ မြို့ကို အစောင့်တပ်ထားခဲ့ပြီး နေပြည်တော်ကို ပြန်သွားခဲ့တယ်၊ ထားခဲ့တဲ့ အစောင့်တပ်ထဲမှာ ကျွန်တော်တို့ရဲ့အဘေး ဇေယျာသိခ်ဟာ ဒုတိယတပ်မှူးအဖြစ်နဲ့ မဏိပူရမှာနေခဲ့ရပါတယ်၊ တစ်နေ့တော့ ဗိုလ်မှူးကလေးဇေယျာသိခ်ဟာ အိပ်မက်တစ်ခုကို မြင်မက်တယ်။ အိပ်မက်ထဲမှာ ရဟန္တာတစ်ပါး မဏိပူရမြို့ရဲ့ မြောက်ဘက်က ဂူဟောင်းကြီးတစ်လုံးထဲမယ် မြဆင်းတုဘုရားရှိတယ်၊ ဒီဘုရားကို တကာလေးသွားပင့်ပြီး သားစဉ်မြေးဆက် ဆည်းကပ်ကိုးကွယ်ပါ၊ ဘေးဘယာအပေါင်းက ကင်းဝေးပြီး ရာထူးလည်းတိုးတက်မယ်။ ဥစ္စာပစ္စည်းတွေလည်း ပေါကြွယ်မယ်၊ ဒါပေမဲ့ ကံငါးပါးကိုတော့ လုံခြုံအောင် စောင့်ထိန်းရမယ်၊ ကံငါးပါးထဲက တစ်ပါးပါးဖောက်ဖျက်မိရင် ဘေးဒုက္ခအပေါင်းနဲ့ ကြုံတွေ့ရပြီးသားပဲလို့ မိန့်တော်မူသွားတယ်၊ ဒီလို ရဟန္တာတစ်ပါးက အိပ်မက်ပေးတာကို ဇေယျာသိခ်ဟာ ရိုးရိုးစိတ်ကစွဲလမ်းလို့ အိပ်မက်မက်တယ်မှတ်ပြီး မနက်ကျတော့ မေ့ပျောက်ထားလိုက်တယ်၊ အဲ·· ညကျတော့ တစ်ခါမက်ပြန်ပါရော၊ ဒါလည်း ဇေယျာသိခ်က အရေးမစိုက်ခဲ့ဘူး၊ နောက်ဆုံးညကျတော့ အိပ်မက်ပေးတဲ့ ရဟန္တာကြီးက ဘယ်လိုမိန့်တော်မူသလဲဆိုရင် "တကာလေးတဲ့ ဒီညဆိုရင် ငါအိပ်မက်ပေးတာ သုံးညပြည့်ပြီ၊ ဒါကြောင့် အိပ်မက်အတိုင်းသွားပြီး မြဆင်းတုဘုရားကို ပင့်ရင်ပင့်၊ မပင့်ရင်တော့ တကာလေးမှာ ကြီးမားတဲ့အန္တရာယ်တွေ့ရလိမ့်မယ်" လို့ မှာကြားပြီး ပျောက်ကွယ်သွားသတဲ့၊ ဇေယျာသိခ်လည်း ဒီတစ်ခါမှာ မနေသာတော့ဘူး၊ အိပ်မက်ထဲက ရဟန္တာမိန့်တော်မူသွားတဲ့အတိုင်း မဏိပူရမြို့ရဲ့ မြောက်ဘက်နားမှာရှိတဲ့ ကျောက်ဂူကြီးဆီ သွားခဲ့ရတယ်၊ ကျောက်ဂူကြီးဟာ ချုံနွယ်တွေနဲ့ ပိတ်နေတယ်၊ ဇေယျာသိခ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူကြီးထဲဝင်နိုင်ဖို့ ပိတ်နေတဲ့ချုံနွယ်တွေကို ဓားနဲ့ခုတ်ထွင်ရှင်း
လင်းပစ်ရတယ်၊ နောက်မှ ဂူကြီးထဲကို မီးတုတ်ကိုင် ဝင်သွားခဲ့တယ်၊
ဂူကြီးထဲမှာလည်း ပင့်ကူအိမ်ကြီးတွေနဲ့ ရှုပ်ထွေးနေလို့ ဇေယျာသိခ်
ဟာ လက်ထဲက မီးတုတ်ကြီးနဲ့ ရှို့ပစ်ရသေးသတဲ့၊ နောက်ဆုံးတော့
ဟာန္တာကြီး အိပ်မက်ပေးတဲ့အတိုင်းပဲ ဂူကြီးရဲ့အတွင်းတစ်နေရာမှာ
သပ္ပာယ်စွာ စံစားနေတဲ့ မြဆင်းတုဘုရားကို တွေ့မြင်ရတယ်၊ မြဆင်း
တုဘုရားကို မြင်ရလျှင်မြင်ရခြင်း ဇေယျာသိခ်ဟာ စိတ်ထဲမှာ ကြည်နူး
သွန်းလို့ ဦးသုံးကြိမ်ချပြီး ကန်တော့နေတယ်'

လွင်ကိုကို အနည်းငယ်မောသွားဟန်ဖြင့် စကားကို ရပ်နား
ထားပြန်သည်။

အခန်းတွင်းရှိ လူများမှာတော့ ချောင်းဟန့်ရန်ပင် သတိမရ
နိုင်အောင် လွင်ကိုကို၏စကားထဲတွင် စိတ်ဝင်စားနေကြသည်။

အမောပြေသွားလျှင် လွင်ကိုကို စကားကို ဆက်ပြန်သည်။

'မြဆင်းတုဘုရားရဲ့ ဉာဏ်တော်ဟာ ရှစ်လက်မသာသာ
လောက်ပဲရှိတယ်၊ မျက်နှာတော်နဲ့ ကိုယ်တော်တစ်ခုလုံးကို မြသား
အစစ်နဲ့ပြုလုပ်ထားပြီး နမူးသင်းကျစ်နဲ့ ပလ္လင်တော်ကိုတော့ ဖိတ်ဖိတ်
တောက်နေတဲ့ ရွှေသားအစစ်နဲ့ပြုလုပ်ထားပါတယ်၊ ဇေယျာသိခ်ဟာ
မြဆင်းတုဘုရားကို ကြည်ညိုကာဖူးမြော်ရင်းက သေသေချာချာ
ကြည့်နေမိတယ်၊ ဒီလိုကြည့်တဲ့အခါ မြဆင်းတုကိုယ်တော်ဟာ မျက်
နှာတော် တည်တည်နေရာက ပြုံးလာသလိုဖြစ်သတဲ့၊ နောက် ရောင်
ခြည်တော်ခြောက်သွယ်ကို ကွန့်မြူးပြလိုက်တာ အင်မတန် သတ္တိ
ကောင်းလှပါတယ်ဆိုတဲ့ ဇေယျာသိခ်ဟာ လန့်တောင်သွားမိသတဲ့၊
ပြီးမှ စိတ်ကို ပြန်ထိန်းချုပ်ပြီး မြဆင်းတုဘုရားကိုယ်တော်က လွှတ်
နေတဲ့ ရောင်ခြည်တော်တွေကို တအံ့တသြကြည့်ပြီး လက်အုပ်ချီကာ
ကန်တော့နေပြန်တယ်၊ နောက်ဆုံးမှာတော့ ဇေယျာသိခ်ဟာ မြဆင်းတု

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို ကျောက်ဂူကြီးကနေ ပင့်ဆောင်လာခဲ့တယ်၊ တပ်ကိုပြန် ရောက်တော့ သူ့ခေါင်းရင်းမှာထားပြီး ကိုးကွယ်ထားတယ်။ အဲဒီ ညမှာပဲ ရဟန္တာကြီးက အိပ်မက်ထဲမှာ ပေါ်လာပြန်ပါရော၊ ဘယ်လို မိန့်တော်မူသလဲဆိုရင် 'တကာလေး ဇေယျသိခ်တဲ့၊ သင်ဟာ အင်း တန်ကုသိုလ်ကံကောင်းလွန်းတဲ့အတွက် အသောကမင်းတရားကြီးကိုး ကွယ်တော်မူခဲ့တဲ့ ဒီမြဆင်းတုဘုရားကို ကိုးကွယ်ခွင့်ရခဲ့ပြီတဲ့၊ ဒီဘုရား ကို သင့်ရဲ့သားစဉ်မြေးဆက် ကိုးကွယ်ပါ၊ သင်တို့မိသားစုအားလုံး အတွက် ဘုန်းကျက်သရေတွေ တိုးတက်ဝေဖြိုးလိမ့်မယ်၊ အိန်း-- ကံငါးပါးကိုတော့ အတတ်နိုင်ဆုံး လုံလုံခြုံခြုံ ထိန်းသိမ်းပါ၊ မထိန်း သိမ်းနိုင်ရင်တော့ အသင်ဒုက္ခနဲ့တွေ့ရလိမ့်မယ်လို့ မှာကြားပြီး ပျောက် ကွယ်သွားခဲ့တယ်၊ ဇေယျသိခ်လည်း မြဆင်းတုဘုရားကို ဆည်းကပ် ကိုးကွယ်ခွင့်ရတဲ့အချိန်ကစပြီး ရာထူးနဲ့ဘွဲ့ထူးတွေလည်းတိုး၊ စည်းစိမ် ဥစ္စာတွေလည်း တိုးလာခဲ့တယ်၊ ပြီးတော့ ဇေယျသိခ် ပါဝင်ဆင်နွှဲခဲ့ သမျှ တိုက်ပွဲတိုင်းမှာလည်း အောင်မြင်ခဲ့တာချည့်ပဲ၊ ဒီအချိန်ဟာ ဇေယျသိခ်အတွက် အလွန်စန်းပွင့်နေတဲ့အချိန်မို့ ပုထုဇဉ်လူသားပီပီ ဘဝင်ကမြင့်လာပြီး ကံငါးပါးစောင့်ထိန်းမှုတွေ ပျက်ပြားလာခဲ့တယ်၊ ဒီလို ပျက်ပြားလာခဲ့တဲ့အတွက် ဇေယျသိခ်ဟာ အရင်တုန်းကလို မဟုတ်ဘဲ စစ်ပွဲတွေမှာ အောင်မြင်မှုအရှုံးနည်းလာလိုက်တာ နောက်ဆုံး တော့ အင်္ဂလိပ်နဲ့မြန်မာတို့ စစ်ဖြစ်ခဲ့ကြတဲ့ ပထမစစ်ပွဲမှာ ဇေယျသိခ် ဟာ မင်းကြီးမဟာဗန္ဓုလနဲ့အတူ ဓနုဖြူမြို့မှာ ခံတပ်ကြီးဆောက်လုပ် ပြီး နေကြတယ်၊ ခရစ်သက္ကရာဇ် တစ်ထောင့်ရှစ်ရာနှစ်ဆယ့်ငါးခုနှစ် ဖေဖော်ဝါရီလမှာ ဗိုလ်ချုပ်ဂျင်နရယ်ကမ္ဘယ်က ကြည်းကြောင်း၊ ဂျင်န ရယ်ကော့တွန်းက ရေကြောင်းချီပြီး ဓနုဖြူမြို့က မဟာဗန္ဓုလရဲ့ခံတပ် ကို တိုက်ခိုက်ရာမှာ ဂျင်နရယ်ကော့တွန်းဦးစီးတဲ့တပ်ဟာ စစ်ရေးမလှ လို့ ပြန်ဆုတ်ခွာခဲ့ရတယ်၊ ဒါပေမဲ့ ဒီတိုက်ပွဲမှာ မြန်မာတော်တို့ရဲ့ဘေး

www.burmeseclassic.com

www.burmeseclassic.com



တော်ဖြစ်တဲ့ ဓေယျသိခ်ဟာ ကျဆုံးသွားခဲ့ပါတယ်၊ နိုင်ငံတော်အတွက် စစ်သားကောင်းပီပီ တိုက်ပွဲမှာကျရတာမို့ ဂုဏ်ယူစရာဖြစ်ပေမယ့် လည်း တစ်ဖက်ကကြည့်ရင်တော့ ဓေယျသိခ်ဟာ ကံငါးပါးထိန်းသိမ်း မှု ပျက်ပြားလို့အခုလို ကျဆုံးရတာလို့ပဲ ယူဆရပါတယ်၊ ဒီလိုနဲ့ပဲ ကျွန်တော်တို့ မျိုးရိုးစဉ်ဆက် မြဆင်းတုဘုရားကို ဆက်လက်ပြီး ကိုးကွယ်ခဲ့ရာမှာ သီပေါမင်းလက်ထက်ကျတော့ ကျွန်တော်တို့သွေး ချင်းထဲက ဦးသာဖြောဆိုတဲ့လူဟာ မြဆင်းတုဘုရားကို နိုးယူသွားခဲ့ ဘယ်၊ ကျွန်တော်တို့အဘိုးတွေကလည်း ဘယ်ခံနိုင်ပါ့မလဲ၊ ဦးသာ ဖြောနောက်ကိုလိုက်ပြီး မြဆင်းတုဘုရားကို ပြန်ယူခဲ့ကြတာပေါ့၊ ဦးသာဖြောကိုလည်း သစ္စာဖောက်တို့သွားရာလမ်းအတိုင်း သုတ်သင် ရှင်းလင်းပစ်ခဲ့ကြတယ်၊ အဲဒီအချိန်ကစပြီး ကျွန်တော်တို့မိသားစုဟာ အုပ်စုနှစ်စုကွဲသွားကြတယ်၊ ဦးသာဖြောအုပ်စုနဲ့ ကျွန်တော်တို့အဘိုး အုပ်စုဆိုပါတော့၊ တစ်ဖက်နဲ့တစ်ဖက်ဟာ ဒီမြဆင်းတုဘုရားကို သူ ကိုးကွယ်သင့်တယ်၊ မကွယ်သင့်ဘူးနဲ့ အငြင်းအခုံလုပ်ကြရာက တစ် ဖက်နဲ့တစ်ဖက် သတ်ဖြတ်ပွဲကြီး ပေါ်လာလိုက်ကြတာ ဂျပန်ခေတ်ကျ တော့မှပဲ ဦးသာဖြောတို့မျိုးဆက် ပြတ်သွားပြီး ကျွန်တော်တို့မှာ အေးအေးချမ်းချမ်းနဲ့ ဒီမြဆင်းတုဘုရားကို ကိုးကွယ်ခွင့်ရသွားခဲ့ပါ ဘယ်ခင်ဗျာ'

လွင်ကိုကိုသည် စကားကို နားလိုက်ပြန်သည်။

'ဒါဖြင့် ဗိုလ်တာနောတို့က ဘယ်ကပေါ်လာတာလဲ၊ ဦးသာ ဖြောရဲ့သွေးချင်း မဟုတ်ဘူးလား'

ဒေါက်တာတင်လှက မေးနေသည်။

'မဟုတ်ဘူး အန်ကယ်၊ သူက ဖေဖေရဲ့ငယ်သူငယ်ချင်းပါ၊ သူ့ကို ဖေဖေက သူငယ်ချင်းမို့ အခု ကျွန်တော် ပြောပြခဲ့သလို မြဆင်းတုဘုရားရဲ့ သမိုင်းကြောင်းကို ယုံယုံကြည်ကြည်နဲ့ပြောပြခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကို သူက အကောက်ကြံပြီး အခုလို ဖေဖေ့ဆီက မြဆင်းတုဘုရားကို တောင်းတာပဲ၊ သူဟာ ဓားပြဗိုလ်မဖြစ်ခင်ကတည်းကိုက ရာဇဝတ်မှုအမျိုးမျိုး ကျူးလွန်ခဲ့တဲ့လူဖြစ်တယ်၊ ဒီလို ဒုစရိုက်သမားနဲ့ မြဆင်းတုဘုရားဟာ ဘယ်တန်ပါ့မလဲ၊ နောက်ပြီး ဖေဖေဟာ ဒီမြဆင်းတုဘုရားကို သားစဉ်မြေးဆက် ဆက်ပြီး ကိုးကွယ်နေတာထက် လုပ်သားပြည်သူအများ ကြည်ညိုဖူးမြော်နိုင်အောင် ရွှေတိဂုံဘုရားက ပြတိုက်မှာလှူဖို့ ဆုံးဖြတ်ထားတယ်၊ ဆုံးဖြတ်ထားပေမယ့် ဗိုလ်တာနော်တို့ရန်က ရှိနေလေတော့ ဘုရားကို အိမ်မှာမထားရဲဘဲ စောစောက ကျွန်တော်ပြောခဲ့သလို ကျွန်တော့်သူငယ်ချင်း စောခွန်ချိုဆီမှာဝှက်ထားခဲ့ရတယ်၊ ကျွန်တော်တို့ဆီမှာ ဝှက်ထားလို့ကော မရဘူးလားတဲ့၊ ရတော့ရတာပေါ့၊ ဒါပေမဲ့ ဗိုလ်တာနော်က အမျိုးမျိုးနှောင့်ယှက်မှာကြောက်လို့ မြဆင်းတုဘုရား ပျောက်သွားဟန်မျိုး သတင်းလွှင့်ပြီး စောခွန်ချိုဆီ ဝှက်ထားခိုင်းတာပဲ၊ အဲ·· ဒီနေရာမှာ စကားတစ်ခုပြောဖို့ ကျန်သွားတယ်၊ ဒါကတော့ ဖေဖေ့အကြောင်းပဲ၊ ဖေဖေဟာ ကျွန်တော့်မေမေ မဆုံးခင်အထိ ကံငါးပါးကို လုံခြုံအောင် စောင့်ထိန်းခဲ့ပါတယ်၊ နောက် မေမေလည်းဆုံးရော သုံးလလောက်အကြာမှာ မေမေ့ကို သတိရအောက်မေ့စိတ်ကြောင့် ဖေဖေဟာ အရက်ကို သောက်တယ်၊ ကံငါးပါးထဲမှာ သုရာမေရယဆိုတဲ့ အရက်သောက်တာလည်း ပါတယ်မဟုတ်လား၊ ဒါကြောင့်မို့ ထင်ပါတယ်၊ ဖေဖေဟာ သူတစ်ပါးလက်ချက်နဲ့ အသေဆိုးသေခဲ့ရတာပဲ၊ ကျွန်တော့်အနေကတော့ ဖေဖေနဲ့ ကျွန်တော့်သူငယ်ချင်း စောခွန်ချိုအတွက် ဗိုလ်တာနော်ကို လိုက်ရှာပြီး လက်တုံ့ပြန်ရဦးမယ် ဒေါက်တာ'

လွင်ကိုကိုက အံကြိတ်ကာ ပြောနေသည်။

ဤတွင် ဦးသိန်းမြင့်က ဝင်၍ပြောသည်။

'မလိုတော့ပါဘူး မောင်လွင်ကိုကိုရယ်၊ ဗိုလ်တာနော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ငါးလလောက်က တပ်မတော်တိုက်ကင်းနဲ့ သူတို့စားပြအဖွဲ့ င်းတိုးမိရာက ကျဆုံးသွားခဲ့သတဲ့၊ အဲ.. သူတို့အဖွဲ့က စားပြနှစ် ာက်ကိုတော့ ဒဏ်ရာနဲ့ဖမ်းမိသွားခဲ့သတဲ့'

ဦးသိန်းမြင့်၏စကားကို ကြားရလျှင် လွင်ကိုကို ဝမ်းသာ သည်။

'ဟင်.. ဒီသတင်းကို ဦးလေး ဘယ်ကကြားသလဲ၊ သေချာ ား'

'သိပ်သေချာတာပေါ့၊ ဒီသတင်းဟာ သတင်းစာတွေထဲမှာ ်အလင်းပါခဲ့တယ်လေ။ ငါ့တူဖတ်ချင်ရင် ဦးလေး နောက်တော့ ါ့မယ်၊ ဒီသတင်းပါတဲ့ သတင်းစာကိုဦးလေးသိမ်းထားပါတယ်'

'ဟုတ်ကဲ့၊ ဒီလိုဆိုတော့လည်း ကျွန်တော့်တာဝန်ပြီးဆုံး ာပေါ့၊ အဲ.. မပြီးဆုံးသေးတာကတော့ ဟောဒီက နန်းကြာညို းဖို့ ပတ္တမြားနဲ့ဖေဖေ့ဆန္ဒအတိုင်း မြဆင်းတုဘုရားကို ရွှေတိဂုံ ာ ပြတိုက်မှာလှူဒါန်းဖို့ မိုင်းနောင်ဘက်ကို ပြန်သွားရဦးမယ်'

လွင်ကိုကိုကပြောလျှင် နန်းကြာညိုကလည်း ဝမ်းသာသံဖြင့် ပြာသည်။

'အာ.. ကိုလွင်ကိုကိုသွားရင် နန်းတို့လည်း လိုက်ခဲ့ပါ့မယ်၊ ကောင်းမြတ်သူလည်း လိုက်ခဲ့ရမယ်နော်၊ ဟုတ်လား အစ်ကို'

နန်းကြာညိုက အနီးတွင်ထိုင်နေသော ကောင်းမြတ်သူ၏ ခေါင်းကလေးကို ဆွဲကိုင်ရင်းမေးနေသည်။

'အင်းလေ နန်းတို့ကောင်းတယ်ထင်ရင် လုပ်သာလုပ်ကြ အစ်ကိုကတော့ ဘာမှမပြောချင်ပါဘူးလေ'

ကောင်းမြတ်သူက ပြုံးပြုံးကလေးဖြင့် ပြန်ပြောသည်။

စိုးသိဏ်းကတော့ အဟာမ်း.. အဟာမ်းဖြင့် ချောင်းသံကလေး ကောင်းမြတ်သူကို နောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြောစမ်းပါဦး၊ နန်းကြာညိုတို့က ဘယ်လိုကြောင့် စော
ချိုကို ငါကသတ်တယ်လို့ စွပ်စွဲနေကြရတာလဲ'

လွင်ကိုကိုက သိလိုဟန်ဖြင့် နန်းကြာညိုကို ပြန်မေးသည်

'ဒါက ဒီလိုပါ၊ အစ်ကို စောခွန်ချိုဟာ ကိုလွင်ကိုကိုနဲ့အ
ထွက်သွားခဲ့တယ်ဆိုတာ နန်းတို့သိခဲ့ရတယ်၊ နောက် အစ်ကိုစော
ချို သေဆုံးတဲ့သတင်းကို လူတစ်ယောက်ဆီက သတင်းရတ
ဒီလူဟာ သူ့နာမည်ကို ဖော်ပြမထားဘူး၊ သူက အစ်ကိုစောခွ
ဘယ်မှာ သေတယ်ဆိုတာရယ်၊ ဘယ်သူက သတ်သွားတယ်ဆို
ရယ်၊ သတ်ခဲ့ရတဲ့အကြောင်းရင်းကတော့ အစ်ကိုစောခွန်ချိုရဲ့ပတ္တ
ကြီးကို လိုချင်လို့ သတ်သွားခဲ့တယ်ဆိုတာတွေ စုံစုံစေ့စေ့ ရေး
ပါတယ်၊ ဒီစာအရ နန်းနဲ့ ဟောဒီက ကိုသော်တာတို့လိုက်သွ
တယ်၊ အစ်ကို့အလောင်းကို မိုင်းပန်ဆေးရုံမှာ တွေ့ခဲ့ရတယ်၊ ပတ္တ
ကတော့ ပျောက်နေတယ်၊ ဒါ့အပြင် ကိုလွင်ကိုကိုရဲ့ မှတ်ပုံတင်
ပြားကလေးကလည်း အစ်ကိုစောခွန်ချိုရဲ့ အိတ်ထဲမှာတွေ့ခဲ့
အဲ့ဒွက် နန်းတို့က ယုံကြည်သွားတာပါ၊ အခုတော့ ဒါတွေ
ဗိုလ်တာနောရဲ့ ဉာဏ်တွေဆိုတာ သိရပါပြီ'

နန်းကြာညိုမှာ လွင်ကိုကိုအား ကြည်လင်ရွှင်ပျသော
ကလေးဖြင့် ပြန်ပြောနေသည်။

ဒေါက်တာတင်လှလည်း ထိုင်ရာမှထရပ်သည်။

'ကိုင်း မင်းရဲ့အတိတ်ကဇာတ်ကြောင်းကို နားထောင်
စိတ်ဝင်စားစရာလည်းကောင်း၊ ဗဟုသုတလည်းဖြစ်တာမို့ ကျေ
တင်ပါတယ်ကွာ၊ ငါလည်း သွားလိုက်ဦးမယ်'

'အို·· ဒေါက်တာ နေပါဦးလားဗျာ၊ ကျွန်တော်
ပြန်ရောက်လာတာကို ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ကျွန်တော်
ညစာကျွေးမွေးလိုပါတယ်၊ ဒေါက်တာရော ဟောဒီက နန်းကြ

www.burmeseclassic.com



လူစုရော၊ မောင်ကောင်းမြတ်သူတို့ လူစုအားလုံးကိုပါ၊ဘယ့်နှယ်လဲ'

'အာ.. ဆောရီးပဲ ဦးသိန်းမြင့်၊ ကျွန်တော့်မှာဂျူတီပြန်ဝင်ရောက်ရှိသေးလို့ လက်မခံပါရစေနဲ့၊ နောက်မှပဲ သီးသန့်ကျွေးဗျာ ဟုတ်ပြီလား'

ဒေါက်တာတင်လှ အားနာသံဖြင့် ပြန်ပြောသည်။

နန်းကြာညိုတို့ကလည်း ထိုင်နေရာမှ ထရပ်ကြသည်။

'နန်းတို့လည်း အန်ကယ် ဒေါက်တာတင်လှလိုပါပဲ၊ အချိန်ရေလို့ မစားပါရစေနဲ့'

နန်းကြာညိုကလည်း ငြင်းနေသည်။

သော်တာတို့ကလည်း ဦးသိန်းမြင့်တို့အား နှုတ်ဆက်ကာ ခန်းတွင်းမှ ထွက်သွားကြသည်။

ကောင်းမြတ်သူကတော့နန်းကြာညိုအားငေးကြည့်နေသည်။

ထိုအခိုက်.. လွင်ကိုကိုမှာရောဂါဟောင်းပြန်ထတော့သည်။

'ကောင်းပြီ၊ တခြားလူတွေ ပြန်ချင်ပြန်ပါ၊ ဟိုလူတော့ ပြန်နဲ့ဦး၊ ခင်ဗျားနဲ့စာရင်းရှင်းရဦးမယ်'

လွင်ကိုကို၏စကားကြောင့် ကောင်းမြတ်သူမှာ မျက်လုံး ကဆံ ပြူးသွားသည်။

'အာ.. အာ ဘာစာရင်းမှ ရှင်းမနေနဲ့၊ ခင်ဗျားမိန်းမ အေး င့်သွယ်ကို ကျွန်တော်ဟာ နှမကလေးလိုပဲ သဘောထားပါတယ် ား သူ့အပေါ်မှာ ဘယ်လိုမှလွန်ကျူးခြင်း မရှိခဲ့ပါဘူးဆိုတာ သစ္စာရေ သာက်ပြီး ကျိန်ပြရဲပါတယ်'

'ဟုတ်ပါတယ် ကိုကိုရယ်၊ ကိုကောင်းမြတ်သူဟာ သစ္စာ ရားရှိပါတယ်၊ သွယ်က ကိုကိုမှတ်ပြီး အနားကပ်နေလို့ သူက ာမေသုမိစ္ဆာစာရာကံကို သုံးလတိတိကျင့်ဖို့ ရှုတင်ကျင့်နေတဲ့ ရ ်ပါးကိုကတိပေးခဲ့တယ်ဆိုပြီး သွယ့်ကိုပရိယာယ်နဲ့ နှင်ခဲ့တယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကတော့ တက်ယ်မှတ်နေတာပါ၊ အခုမှပဲ ကိုကောင်းမြတ်ရဲ့ ဉာဏ်တွေမှန်းသိရပါတော့တယ်'

အေးမြင့်သွယ်ကလည်း ကောင်းမြတ်သူဘက်မှ ဝင်ရောထောက်ခံနေသည်။

'နို့ ဘာသဘောနဲ့ ခင်ဗျားက ဒီတိုက်မှာ ကျွန်တော့်ယောဆောင်နေရတာလဲ'

လွင်ကိုကို မကျေနပ်သေးဟန်ဖြင့် ဆက်မေးနေသည်။

'အဲဒါက ကျွန်တော့်ကို နန်းကြာညိုက ခင်ဗျားကို လက်ချေဖို့ရှိလို့ သူတို့ကိစ္စ မပြီးမချင်း အယောင်ဆောင်ရမယ်၊ မဆောရင် ကျွန်တော့်ကို သတ်ပစ်မယ်ဆိုလို့ပါဗျာ'

'ဟုတ်ပါတယ် ကိုလွင်ကိုကို၊ နန်းကခိုင်းလို့ သူ အယောင်ဆောင်နေရတာပါ၊ သူ့မှာ အပြစ်မရှိပါဘူး၊ အပြစ်ပေးရင် နန်းကို အပြစ်ပေးပါ'

နန်းကြာညိုက လွင်ကိုကိုအား ပြောနေသည်။

လွင်ကိုကိုလည်း ကျေနပ်ဟန်ဖြင့် ခေါင်းကိုညိတ်ပြသ

'အေးဗျာ ဒီလိုဆိုရင်လည်း ကျွန်တော် ကျေနပ်ပါတယ် ဘယ်သူ့ကိုမှ အပြစ်မပေးချင်တော့ပါဘူး'

ကောင်းမြတ်သူလည်း ဝမ်းသာသွားသည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ အခုလို ခင်ဗျားက ကျေနေနပ်နဲ့ ပြောတာကို၊ စိတ်ချ ခင်ဗျားမိန်းမ အေးမြင့်သွယ်ဟာ အရာမယွင်းပါဘူး၊ မိမွေးတိုင်း ဖမွေးတိုင်း အခြေအနေမှာပဲ လက် တည်ရှိနေပါတယ်ဆိုတာ ကျွန်တော် ရဲရဲကြီးအာမခံတာ ဟား ဟား ဟား'

ကောင်းမြတ်သူ၏စကားကြောင့် လူအားလုံးမှာ ဝိုင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ.. သားရေ၊ ပြန်ကြစို့လားကွယ်'

ဒေါ်လှသူက ကောင်းမြတ်သူအား ခေါ်နေသည်။

'အို.. ကျောင်းအမကြီး၊ ခင်ဗျားတို့ကပါ ပြန်ကြတော့ မလို့လား၊ နေပါဦးလေ၊ ညစာစားပြီးမှ ပြန်ကြပါ၊ မောင်ကောင်းမြတ် သူကလည်း နေဦးပေါ့ကွယ်'

ဦးသိန်းမြင့်က လှမ်းတားသည်။

ဒေါ်ရီကလည်း ထိုနည်းအတူ ဒေါ်လှသူအား ခင်မင်သံဖြင့် တားနေသည်။

'စိတ်တော့မရှိကြပါနဲ့ရှင်၊ ကျွန်မမှာ တခြားလုပ်စရာ ကိစ္စ ကလေးတွေ ရှိနေလို့ပါ'

ဒေါ်လှသူ ပြန်လည်တောင်းပန်ရင်းထိုင်နေရာမှထရပ်သည်။

နောက် သူတို့အားလုံး အခန်းတွင်းမှ ထွက်လာကြသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ရှစ်)

### လူပျိုပူးစာ သန်းသဏ္ဍာ

သော်တာနှင့် သူ့အဖွဲ့မှ လူများမှာ တိုက်ရှေ့တွင်ရပ်ထား သော သူတို့၏ဂျစ်ကားပေါ်သို့ ရောက်နေကြပြီဖြစ်သည်။

နန်းကြာညိုသာလျှင် ကောင်းမြတ်သူနှင့် မနီးမဝေးတွင် ရပ်ကာနေသည်။

'နေပါဦး မေမေ၊ တခြားလုပ်စရာ ကိစ္စဆိုတာ ဘာလဲ မေမေ့မှာ ဘာအလုပ်တွေ ရှိနေလို့လဲ'

ကောင်းမြတ်သူက မိခင်ဖြစ်သူကို မေးနေသည်။

'ဘာလုပ်စရာရှိရမှာလဲ၊ မင်းကို မိုးညှင်းပြန်ခေါ်ဖို့ကိစ္စပေါ့'

'အမယ်လေး ဒါများ မေမေရယ်၊ ဖြည်းဖြည်းမှလုပ်လည်း ဖြစ်တဲ့ဟာ'

'မလုပ်နိုင်ပါဘူး၊ မင်းကို ဒီကနေ့ညပဲ အမြန်ရထား ငါ ပြန်ခေါ်သွားမယ်၊ ကတဲတော်... ရန်ကုန်ကို အလုပ်ရှာခွင့်လိုက် တာ ကံကောင်းလို့ မသေခဲ့တယ်၊ ဒီတော့ ရန်ကုန်မှာ မင်းကိုကြာ ကြာ မထားနိုင်ဘူး၊ မိုးညှင်းပဲ ပြန်ခေါ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ..ဒါတော့ မေမေ ကောင်းတယ်ထင်ရင် လုပ်သာ လုပ်ပေါ့၊ ဒါပေမဲ့ မေမေ့ကို တစ်ခုတော့ သားအသိပေးချင်တယ်'

ကောင်းမြတ်သူသည် နန်းကြာညိုဘက်သို့ လှမ်းကြည့်ရင်း မိခင်ဖြစ်သူကို ပြောနေသည်။

နန်းကြာညိုကလည်း သူ့ကို ပြန်ကြည့်နေသည်။

စိုးသိဏ်းမှာ ဇနီးဖြစ်သူ မငွေယုံနှင့်အတူ ယှဉ်ရပ်ရင်း ကောင်းမြတ်သူအား စပ်ဖြီးဖြီးနှင့် လှမ်းကြည့်နေသည်။

သူတို့နည်းတူပင် လွင်ကိုကိုတို့ အိမ်သားတစ်စုမှာလည်း အနီးတွင်ရပ်ကာ ကြည့်နေကြသည်။

'ဘာလဲ.. ဘာကို အသိပေးမှာလဲ သား'

ဒေါ်လှသူ ပြန်မေးသည်။

'သားကို မေမေ မိုးညှင်းပြန်ခေါ်မယ်ဆိုရင် သားတစ်ယောက်တည်းကို ခေါ်လို့မဖြစ်ဘူး၊ နှစ်ယောက်ခေါ်မှ ဖြစ်မယ်'

'အလို.. နှစ်ယောက်ခေါ်ရအောင် တစ်ယောက်ကဘယ်မှာ မို့လို့လဲ'

'ဟောဒီမှာလေ.. မေမေ့ချွေးမလောင်း မိန်းမချောကလေး ဟာ အဟီး'

ကောင်းမြတ်သူသည် ပြောရင်း နန်းကြာညို၏လက်ကလေး ကို ဆွဲကိုင်ကာပြသည်။

နန်းကြာညိုရှက်နေဟန်ဖြင့် မျက်နှာကလေးကို ငုံ့ကာထားသည်။ ဒေါ်လှသူမှာမူ အံ့သြဟန်ဖြင့် သားမျက်နှာကို ငေးကြည့်နေမိ သည်။

ကျန်လူများကတော့ တပြုံးပြုံးလုပ်နေကြသည်။

'ဟောတော့.. ဘယ်တုန်းကများ ငါ့သားနဲ့ ဒီကလေးမ ကြိုက်လိုက်ကြတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဟဲ ကျွန် ကျွန်တော့်ကို သူက ကိုလွင်ကိုကို အမှတ်နဲ့ ဖမ်းချုပ်ထားတုန်းကပေါ့'

ကောင်းမြတ်သူစကားကြောင့်အနီးရှိလူတွေဝိုင်းရယ်ကြသည်။

'ဟော ငါဖြင့် ကြား ကြားဖူးပေါင်တော်၊ ကိုယ့်ကို ဖမ်းထားတဲ့သူနဲ့ ပြန်ကြိုက်ကြတယ်ဆိုတာ ဟဲ့.. သမီး သူပြောတာ ဟုတ်သလား'

ဒေါ်လှသူ မယုံကြည်ဟန်ဖြင့် နန်းကြာညိုကိုလှမ်းမေးသည်။

'ဟုတ် ဟုတ်ပါတယ် မေမေ'

နန်းကြာညိုက ကောင်းမြတ်သူခေါ်သလို ဒေါ်လှသူအား ခေါ်ကာ ရှက်ပြုံးကလေးဖြင့် မပွင့်တပွင့် ပြန်ဖြေသည်။

နန်းကြာညို၏စကားအဆုံး အဖြေအဆုံးတွင် အနီးရှိလူများထံမှ လက်ခုပ်သြဘာသံတွေမှာ ဆူညံစွာ ထွက်ပေါ်လာသည်။

ကောင်းမြတ်သူ ကျေနပ်ဝမ်းမြောက်ဟန်ဖြင့် ပြုံးပြုံးကြီးလုပ်နေသည်။

စိုးသိဏ်းသည် ကောင်းမြတ်သူ၏လက်ကို ဆွဲ၍ကိုင်ရင်း စပ်ဖြဲဖြဲဖြင့်ပြောသည်။

'ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်း၊ အဲဒါပေါ့ကွ၊ အချုပ်တွင်းဖူးစာဆိုတာ ဟားဟားဟား'

စိုးသိဏ်း၏စကားကြောင့် အနီးရှိလူတွေမှာ ဝိုင်းရယ်နေကြသည်။

'ငါ့တူပြောတာ မှားနေတယ်ကွဲ့၊ အချုပ်တွင်းဖူးစာဆိုတာ မမှန်ဘူး ဟဲဟဲ'

ဦးသိန်းမြင့်က ရယ်ရင်း ဝင်ပြောသည်။

'နို့.. ဘယ်လိုဖူးစာလို့ ပြောရမလဲ ဦးလေး'

စိုးသိဏ်းက ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း သူငယ်ချင်းက လူပျိုလည်းဖြစ်နေ၊ သူ့ချစ်သူနဲ့တွေ့ကြပုံကလည်း အများနဲ့မတူဘဲ ဆန်းပြားနေတဲ့အတွက် ဦးလေးကတော့ 'လူပျို့ဖူးစာ ဆန်းသဗျာ' လို့ အမည်ပေးလိုက်ချင်တာပဲကွယ်.. ဟား ဟား ဟား'

ဦးသိန်းမြင့်ပြောပြီး ရယ်နေသည်။

ကျန်လူတွေကလည်း သဘောကျသွားကြဟန်ဖြင့် ဝိုင်းရယ်ကြသည်။

'ဟုတ်တယ်၊ ဟုတ်တယ် ဦးလေးပြောတာ မှန်တယ်၊ လူပျိုတွေ တွေ့ကြရတဲ့ ဖူးစာတွေထဲမယ် ဒီကောင့်ဖူးစာဟာ အဆန်းဆုံးပဲ၊ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမဖူးစာဆုံကြတာတောင် ဒီကောင့်လို မဆန်းဘူး၊ ကျွန်တော်တို့ကတော့ ဖြစ်ရိုးဖြစ်စဉ် သူကလည်း ကျွန်တော့်ကို မြင်မြင်ချင်းကြိုက်၊ ကျွန်တော်ကလည်း သူ့ကိုကြိုက်၊ နောက်တော့ ရက်စ်အောရိုက် ဘဲရိုးနိုက်စ်နဲ့ ခိုးရာလိုက်ပြေးကြရာက ညားလိုက်ကြတာပါပဲဗျာ ဟီး ဟီး ဟီး'

စိုးသိဏ်း တဟီးဟီးဖြင့် ပြောကာ သဘောကျနေသည်။

သဘောမကျသူမှာ သူ့မိန်းမ။ သူ့ကို မျက်စောင်းကြီး တထိုးထိုးဖြင့် မကျေမနပ် ကြည့်နေသည်။

ဒါကို စိုးသိဏ်း သတိမပြုမိပေ။

ဦးသိန်းမြင့်သည် ကောင်းမြတ်သူမိခင်ဘက်သို့ လှည့်ကာ မေးပြန်သည်။

'ကဲ.. ကျောင်းအမကြီး၊ ကလေးတွေရဲ့ကိစ္စကို ဘယ်လိုဆုံးဖြတ်မှာလဲဗျ၊ ဟဲဟဲ'

'သြော်.. ကလေးတွေချင်း ချစ်နေကြမှတော့ ကျွန်မက ကန့်ကွက်စရာ မလိုဘူးပါလေ၊ ဟဲ့သား.. မင်းချစ်သူကို မေးကြည့်ပါဦး၊ မေမေတို့နဲ့ မိုးညှင်းမြို့မှာ လိုက်နေနိုင်မလားဆိုတာ ဟဲဟဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှသူက ပြုံးရယ်ရင်း ကောင်းမြတ်သူအား လှမ်းပြောသည်။

ကောင်းမြတ်သူသည် နန်းကြာညို၏ လက်ကလေးကိုယုယစွာ ဆုပ်ကိုင်ရင်း မေးသည်။

'ကဲ.. နန်း၊ မေမေက မေးနေပြီ၊ နန်းဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ ဖြေလိုက်လေ'

နန်းကြာညို ရုတ်တရက် မဖြေသေးပေ။

ဒေါ်လှသူရှိရာဘက်သို့ မျက်စိကလေးဝင့်ခနဲ လုပ်နေသေးသည်။ ပြီးမှ အဖြေပေါ်လာသည်။

'နန်းကတော့ ဘာမှ မပြောလိုပါဘူး၊ နန်းမေတ္တာဟာ အစ်ကို့အတွက် ရည်ရွယ်ပြီးသားမို့ အစ်ကိုတို့ ကောင်းတယ်ထင်ရင် လုပ်သာလုပ်ကြပေါ့'

ကောင်းမြတ်သူ သုံးလေ့ရှိသော စကားလုံးများဖြင့် နန်းကြာညိုက ပြန်ပြောသည်။ နန်းကြာညိုအပြောကြောင့် သူတို့ကိုကြည့်နေကြသော လူတွေမှာ ဝိုင်းရယ်ကြရပြန်သည်။

'ကြည့်စမ်း.. ကြည့်စမ်း သူများအလုံးတွေကို သူက ပြန်သုံးပြီး လက်စားချေတာပေါ့လေ ဟန်း'

ကောင်းမြတ်သူက နန်းကြာညို၏ လက်ကလေးကို အသာညှစ်ကာ ပြန်မေးသည်။

ဤတွင် စိုးသိဏ်းက ကြားမှဖောက်ကာ ဝင်ပြောသည်။

'ဒါပေါ့ကွာ မင်းအလုံးတွေနဲ့ မင်းကိုပြန်ပြီး နန်းကြာညိုက ကျွေးနေတာ၊ ဒီတော့ မင်းကလည်း မြိန်ရည်ယှက်ရည်နဲ့ စားပေါ့ကွာ ဟား ဟား ဟား'

ကောင်းမြတ်သူမှာ မျက်နှာကြီး မဲ့ရှုံ့ကာ သွားသည်။

မငွေယုံမှာမူ ကောင်းမြတ်သူကို အားနာသွားဟန်ဖြင့် စိုး

www.burmeseclassic.com

www.burmeseclassic.com



သိဏ်းကို လှမ်းဆွဲသည်။

'အို.. အားနာစရာကြီး ကိုစိုးသိဏ်းရယ်၊ ရှင်က ဘာဖြစ်လို့ သူများ သမီးရည်းစားကြားထဲ ဝင်ရှုပ်ရတာလဲဟင်၊ ကဲ.. ရှုပ်ဦး၊ ရှုပ်ဦး'

မငွေယုံပြောရင်း ကိုစိုးသိဏ်း၏ ဝမ်းဗိုက်ကြောကို ဆွဲလိမ်နေသည်။

'အောင်မယ်လေးလေး မိန်းမရဲ့ လွှတ်စမ်းပါဟ၊ နာလွန်းလို့ပါ'

စိုးသိဏ်း နာကျင်သံဖြင့်အော်သည်။

'မနာချင်ရင် နောက်ကို ဒါမျိုး ဝင်မပြောနဲ့၊ ကျုပ် မကြိုက်ဘူးသိလား'

'အေးပါ မင်းမပြောနဲ့ဆို မပြောတော့ပါဘူး၊ တောက်.. မိန်းမများဟာ လူရှေ့သူရှေ့ဆိုရင် ကိုယ့်ယောကျ်ားကို နိုင်ကြောင်းပြချင်ကြသကိုး ဟီးဟီး'

စိုးသိဏ်း သွားဖြီးကြီးဖြင့် ပြန်ပြောသည်။

ကောင်းမြတ်သူက ရယ်ရင်း ပြန်ပြောသည်။

'ကြွားမှာပေါ့၊ မင်းကလည်း မိန်းမဆို တယ်ကြောက်တာကိုးကွ ဟဲ ဟဲ'

'ဟကောင်ရ ငါက ကြောက်ချင်လို့ ကြောက်တာ မဟုတ်ပါဘူးကွ'

စိုးသိဏ်းက မခံချင်သံကလေးဖြင့် ပြန်ပြောသည်။

'နို့.. ဘာကြောင့် ကြောက်တာလဲကွ၊ မနိုင်လို့လား ဟဲဟဲ'

'မနိုင်လို့ မဟုတ်ဘူးဟေ့၊ ငါ့မိန်းမက ကြောက်ဖို့ကောင်းလို့ကွ၊ ကြောက်ဖို့ကောင်းလို့ သိလား'

စိုးသိဏ်း၏စကားကို ကြားလိုက်ရသော အနီးရှိလူတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝါးခနဲ ပွဲကျသွားကြသည်။

မငွေယုံက နှုတ်ခမ်းကလေးကို ကိုက်ရင်း စိုးသိဏ်းအား မျက်စောင်းထိုးကာ ကြည့်နေသည်။

စိုးသိဏ်းက စကားကို ပြန်ဆက်နေပြန်သည်။

'မရယ်ကြနဲ့ဗျ၊ ကျွန်တော်က အဟုတ်ပြောနေတာ၊ မိန်းမ တွေဟာ ယောကျ်ားတွေလို မဟုတ်ဘူး၊ ကြောက်ဖို့သိပ်ကောင်းတာ အထူးသဖြင့် ကျွန်တော့်မိန်းမကသာပြီး ကြောက်ဖို့ကောင်းသဗျ ဟီး ... ဟီး'

'ကိုစိုးသိဏ်း ရှင်ဘာတွေ လျှောက်ပြောနေတာလဲ ဟင်' မငွေယုံ ဒေါသသံဖြင့် လှမ်းမေးသည်။

'မင်းတို့မိန်းမ ကြောက်ဖို့ကောင်းတဲ့အကြောင်းလေ'

'လာပြန်ပြီလား ဒီစကား၊ တော့်ကိုတော့ ကျုပ် စိတ်ရှိတိုင်း လုပ်ရရင်သေတော့မယ် ဟင်း'

'အာ.. မိန်းမကလည်းကွာ၊ ဘောက်နယ်ကြောင့် ဒေါသ တွေ ဒီဂရီတက်နေရတာလဲ၊ မင်းတို့မိန်းမတွေဟာ ဒေါသဖြစ်လာရင် ကြောက်စရာ လန့်စရာကောင်းလို့ ငါက ပြောနေတဲ့ဟာ'

'ကြောက်စရာ လန့်စရာကောင်းရင်လည်း မိန်းမမယူနဲ့ပေါ့ တော့၊ ဘာလို့ ယူသေးသလဲ'

'ယူဆို မိန်းမဆိုတာ ယောကျ်ားတွေအတွက် အာယုဝဍ္ဍန ဆေးလည်း မည်တယ်၊ နောက် မရှိရင် မဖြစ်တဲ့ကုန်ကြမ်းပစ္စည်း ကလေးပါ၊ အဲဒီ ကုန်ကြမ်းပစ္စည်းရှိမှ ငါတို့ရဲ့ပြည်ထောင်စုဆိုရှယ် လစ်သမ္မတ မြန်မာနိုင်ငံတော်အတွက် လူတော်လူကောင်းတွေ တွေ မွေးလာနိုင်မှာပေါ့ မဟုတ်ဘူးလား မိန်းမရယ် ဟီး ဟီး'

စိုးသိဏ်း ဟန်တစ်လုံး ပန်တစ်လုံးဖြင့် ပြန်ပြောပြနေသည်။

'တော်စမ်းပါ၊ ကျုပ်မွေးမယ့်ကလေးဟာ ရှင်နဲ့သာတူ

www.burmeseclassic.com

www.burmeseclassic.com



တော့ လူတော်လူကောင်းကလေးတွေ ဖြစ်လာမှာမဟုတ်ဘူး၊ လူရှုပ် လူနောက်ကလေးတွေပဲ ဖြစ်လာတော့မှာတော့ သိလား'

မငွေယုံ မဲ့ကာရွဲ့ကာဖြင့် ပြောနေသည်။

သူတို့ပြောဆိုနေကြခိုက် ဂျစ်ကားပေါ်တွင် နန်းကြာညို အလာကိုထိုင်စောင့်နေကြသော သော်တာက လှမ်းအော်ကာမေးသည်။

'မမလေး ဘာလုပ်နေတာလဲဗျ၊ ပြန်ကြစို့လေ'

အမှန်တော့ သော်တာတို့ရောက်နေကြသော နေရာမှာ နန်းကြာညိုတို့နေရာနှင့် အတန်ဝေးနေသောကြောင့် သူတို့ပြောဆိုနေကြသော စကားများကို မကြားကြပေ။ မကြားကြ၍လည်း နန်းကြာညိုအားခေါ်နေကြခြင်းဖြစ်သည်။

'ဟေး-- နန်း သူတို့ကခေါ်နေပြီ၊ နန်းက ပြန်ပြောလိုက်လေ'

ကောင်းမြတ်သူက နန်းကြာညိုအား လှမ်းပြောသည်။

နန်းကြာညိုမှာလည်း မနေသာတော့ပေ။

'ကိုသော်တာတို့ရေ သွားနှင့်ကြပေတော့၊ နန်းလေ ဟောဒီက အစ်ကိုကောင်းမြတ်သူနဲ့ နေခဲ့မယ်၊ နောက်မှ ကိုသော်တာတို့ဆီ အကျိုးအကြောင်း လာပြောပြမယ် ဟုတ်လား'

နန်းကြာညိုစကားအဆုံးတွင် သော်တာထံမှ ပြန်ကြားချက်မှာ အောက်ပါအတိုင်း ပေါ်ထွက်လာတော့သည်။

'ပြောမနေနဲ့တော့ မမလေးရေ၊ ဒီလောက်ဆို ကျွန်တော်တို့လည်း ရိပ်မိနေပါပြီ၊ မမလေးသာ ပျော်သလိုနေခဲ့ပေတော့၊ ကျွန်တော်တို့တော့ သွားတော့မယ်ဗျို့'

သော်တာ၏စကားအဆုံးတွင် ဂျစ်ကားကလေးမှာ ထွက်သွားတော့သည်။ သော်တာတို့၏ဂျစ်ကားကလေး ထွက်သွားအပြီးတွင် ဦးသိန်းမြင့်၏အသံမှာ ပေါ်လာသည်။

'ကျောင်းအမကြီးရေ၊ သားနဲ့သမီးကိစ္စလည်း သိမ်နေမှတော့

www.burmeseclassic.com



မိုးညှင်းကို အလျှင်စလို ပြန်မနေပါနဲ့တော့ဗျာ၊ ကျွန်တော်တို့ကလည်း မောင်ကောင်းမြတ်သူနဲ့ နန်းကြာညိုတို့ရဲ့ မင်္ဂလာပွဲကို ကြိုတင်ဂုဏ် တဲ့အနေနဲ့ ညစာကျွေးမွေးချင်ပါတယ် ဟုတ်ပြီလား'

ဦးသိန်းမြင့်က ပြောလျှင် ယခုတစ်ကြိမ်တွင်တော့ ဒေါ် သူက ငြင်းမနေတော့ပေ။ ပြုံးချိုသော မျက်နှာဖြင့် ခေါင်းက ညိတ်ပြသည်။

'ကျွန်တော်ပြောတာ လက်ခံရင် ကလေးတွေ ခြံထဲ လွတ်လွတ်လပ်လပ် နေကြပါစေဗျာ၊ ကဲလာ·· ကျောင်းအမကြီး ကျုပ်တို့တစ်တွေ အာလာပ၊ သလ္လာပစကားတွေ ပြောဆိုကြရအောင်

ဦးသိန်းမြင့်က ပြောရင်း ဒေါ်လှသူအား ဧည့်ခန်းတွင်း ခေါ်သွားသည်။ ဒေါ်ရီလည်း ဒေါ်လှသူ၏လက်ကိုဆွဲကာ လိုက်သွ သည်။ အပြင်ဘက်တွင် စိုးသီဟ်တို့လင်မယား၊ လွင်ကိုကိုတို့ တွဲနှင့် ကောင်းမြတ်သူတို့အတွဲသာလျှင် ကျန်ရစ်တော့သည်။

'ကဲ··· ကိုကောင်းမြတ်သူ၊ ခင်ဗျားတို့လည်း ချစ်သူချ ရင်ဖွင့်ချင်တာတွေ ရှိကြသလို ကျွန်တော်တို့ကလည်း ကွဲကွာခဲ့သ ရက်တွေကို အတိုးချပြီး နှစ်ကိုယ်ချင်း ဆွေးနွေးစရာရှိလို့ သွားခွင့် ပါနော် ဟဲ ဟဲ'

လွင်ကိုကိုသည် ကောင်းမြတ်သူအားပြောရင်း အေး သွယ်၏ လက်ကလေးကိုဆွဲကာအိမ်ပေါ်ထပ်သို့တက်သွားတော့သ

ကောင်းမြတ်သူသည် လွင်ကိုကိုတို့အား နောက်မှ ပြုံးကြ နေပြီးနောက် နန်းကြာညိုအား လှမ်းပြောသည်။

'နန်းရေ၊ ကိုယ်တို့လည်း နှစ်တိုနှစ်ရှည် အိမ်ထော စီမံကိန်းတွေကို ရေးဆွဲဖို့အတွက် ပန်းခြံထဲကို သွားကြရအောင်

နန်းကြာညိုက ပြုံးချိုသောမျက်နှာကလေးဖြင့် ခေါင်း လေးကို ညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးသိဏ်းကတော့ သူတို့စုံတွဲအား အားကျဟန်ဖြင့် ငေး ကြည့်နေရာမှ ဇနီးဖြစ်သူ မငွေယုံဘက်သို့ပြုံးဖြီးဖြီးဖြင့်လှမ်းပြောသည်။

'ကြည့်စမ်း.. မိန်းမ၊ မင်္ဂလာမဆောင်ကြရသေးတဲ့ စုံတွဲ တောင်မှ နှစ်တိုနှစ်ရှည်စီမံကိန်းတွေ ဘာတွေရေးဆွဲကြတော့မယ်၊ တို့ကတော့ ဘာမှ မဆွဲရသေးပါလား၊ ဒီတော့ ငါတို့ကလည်း အားကျမခံ ရေးဆွဲနိုင်ကြရအောင်၊ လာကွာ အိမ်ကို မြန်မြန်ပြန်ကြစို့'

စိုးသိဏ်းပြောရင်း မငွေယုံ၏လက်ကို ဆွဲခေါ်သည်။

မငွေယုံက လက်ကိုပြန်ဆောင့်ရုန်းရင်း ပြန်မေးသည်။

'တော်စမ်းပါ၊ ဘာမှ ဆွဲစရာမလိုပါဘူး၊ ကျုပ်မှာလည်း ကပ်နေပြီမို့ ရေရှားတဲ့သာကေတမှာ ကလေးအနှီးတွေ လျှော်ပေးဖို့ ကတည်းက ရေဆွဲနိုင်အောင်ကျင့်သာထားပေတော့..ကိုရဲဆွေရေ့'

မငွေယုံ၏စကားကို ကြားရလျှင် ကောင်းမြတ်သူနှင့် နန်း သီရိတို့က ရယ်နေကြသည်။

စိုးသိဏ်းမှာတော့ မျက်နှာကြီးကိုရှုံ့မဲ့ကာညည်းညူနေသည်။

'တောက်.. မိန်းမများ တယ်ခွကျသကိုး၊ ဘယ့်နှယ်ဗျာ ငမယားအရသာကို ဝ,အောင်မှ မခံစားရသေးဘူး၊ ဒင်းတို့က ကပ်ဖို့ ပြင်ကြပြီ'

စိုးသိဏ်း ညည်းညူနေသည်။

'အံမာ၊ ဓီးကပ်တယ်ဆိုတာနဲ့ သူ့မျက်နှာကြီးက ဟီးနိုးကား ဘက်နင်းသွားတာခံရတဲ့နို့ဆီခွက်လို ပိန်ကပ်သွားလိုက်တာ၊ ဟွင်း'

မငွေယုံ နှုတ်ခမ်းကြီးစူကာ သဘောမကျသံဖြင့် ပြန်ပြော သည်။

'ဖြစ်မှာပေါ့၊ မင့်ဗိုက်က ဓီးကပ်မြန်တာကိုးကွ'

'အဲဒါ ဘာဖြစ်လဲ၊ သဘာဝရှင့် သဘာဝ'

'ဟာမာလေး၊ ဝပဲဝနိုင်ပါပေ့ဗျာ၊ နည်းနည်းပါးပါးလည်း

www.burmeseclassic.com

www.burmeseclassic.com



အောင့်ထားဦးမှပေါ့၊ အခုတော့ လင်ရတာနဲ့ ချက်ချင်း ဇီးကပ်ပစ် လိုက်တော့ ငါတို့ယောကျ်ားတွေမှာ ဟီးချပြီး ညည်းကြရမယ့်ကိန်း ဆိုက်နေရတာပေါ့၊ အဲဒီတော့ ဇီးကပ်တဲ့ မင်းဗိုက်ကို ဘီးတပ်ပြီး ရန်ကုန်မြစ်ထဲကို သွားလွှတ်ပစ်လိုက်ပါလား မိန်းမရယ်၊ ဟီးဟီးဟီး'

စိုးသိဏ်း၏စကားအဆုံးတွင်မငွေယုံမှာဒေါပွသွားတော့သည်။

'ဟင် သေချင်းဆိုး၊ ကာလနာ၊ ဘာစကားပြောတာလဲ၊ မိန်းမယူရင် သားသမီးရမယ်ဆိုတာ နင်မသိဘူးလား၊ အဲဒီလို မရချင် ရင် မိန်းမကိုလည်းမယူနဲ့ပေါ့၊ အခုတော့ နင့်စကားက တာဝန်မဲ့လွန်း လှလို့ ငါ့ဗိုက်ကိုတော့ ဘီးတပ်ပြီးရန်ကုန်မြစ်ထဲ မလွှတ်ဘူး၊ နင့်ခေါင်း ကိုသာ အသီးထပ်အောင် အနီးကပ်ရိုက်ပြီး ရန်ကုန်မြစ်ထဲ ဘီးတပ် လွှတ်လိုက်မယ်ဟေ့၊ ဘီးတပ်လွှတ်လိုက်မယ်၊ သိလား သေနာကျရဲ့'

မငွေယုံပြောရင်း တိုက်ဝတွင်အသင့်တွေ့ရသော သစ်သား တုတ်ကြီးကိုကိုင်ကာ စိုးသိဏ်းအားလိုက်ရိုက်တော့သည်။

စိုးသိဏ်းခမျာ အကြောင်းပြန်၍ တောင်းပန်ရန်ပင်အချိန်မရ တော့ဘဲ သူ့ခေါင်းကိုတုတ်ဖြင့် အဆော်မခံရစေရန် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်ခြိမ့်ပြင်သို့အရောက်ထွက်ပြေးသွားရတော့သည်။

မငွေယုံကလည်း နောက်မှ ဇွဲကောင်းကောင်းဖြင့် တုတ်ကိုင် ကာ လိုက်နေသည်ကို ကောင်းမြတ်သူနှင့် နန်းကြာညိုတို့က ကြည့် ရင်း တဟားဟားတဝါးဝါးဖြင့် ရယ်မောမဆုံး တပြုံးပြုံးဖြစ်နေကြ ခိုက်... ကျွန်တော်ကလည်း ဤ'လူပျို့ဖူးစာ ဆန်းသဗျာ'ဝတ္ထုကို နိဂုံးတမ်းလိုက်ရပါသည် ခင်ဗျား။

'ချစ်စွာသော စာဖတ်သူများအားလုံး ကမ္ဘာနှစ်သစ် မင်္ဂလာ ဦးမှာ စိတ်ရောကိုယ်ပါ ရွှင်ပျော်မြူးနိုင်ကြပါစေသော်'

အစဉ်လေးစားစွာဖြင့်

ကြူးမွေး

www.burmeseclassic.com